
မင်းသုဝဏ်
ဝတ္ထုတိုများ

တစ်ကြိမ် တစ်ခါမှ စုစည်း ပုံနှိပ်ခြင်း မပြုခဲ့သည့်
ထွေးနှစ်ဖော်၊ ရှေးခေတ်ပဟောင်း၊ ဘကြီးအောင် ညာတယ်၊
သကြန်တုန်းက၊ ရန်ရှင်း၊ မောင်ချို့နှင့် မောင်ညို၊ မောင်နှမ၊
ခင်ဖြူလို မပူပါရစေနဲ့၊ သားသက်ဝေ၊ ကွန်ဂဒူး၊ ဥညြ၊
ဝံပုလွေနှင့် သိုးငယ်၊ ပေါ်တော်မူ၊ နားသ မင်္ဂလာ၊ သောဒေဝ ပုဏ္ဏာ၊
ဝါသနာ၊ ဗေဒင်ဆရာ လက္ခဏာဆရာ၊ ကိုရင်ဒုံးဗေ သရဲပူးတုန်းက၊
အမှောင့် ပယောဂ၊ သူ့နိဗ္ဗာန် .... စသည့်
ပင်ကိုရေး ဝတ္ထုတို (၂၀) နှင့်
ယေလဂေယ၊ ကုလားထိုင် ပြင်သူ၊ အယ်ဒီတာ၊ နောက်ဆုံး သင်ခန်းစာ၊
လွတ်မြောက်ခြင်း၊ ဂျပန် ခင်ကြီးနှစ်ပါး ပုံပြင်၊
တစ်ကိုယ်ကောင်းနိုင်သော ဘီလူးကြီး .... စသည့်
ဘာသာပြန် ဝတ္ထုတို (၇) ပုဒ် တို့ကို
— ပထမအကြိမ် ထုတ်ဝေခြင်း —

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းသုဝဏ် [ ၁၉၀၉- ]

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့တွင် အဖ ဦးလွမ်းပင်၊ အမိ ဒေါ်မိတို့က ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးဝန် ဖြစ်သည်။

ကွမ်းခြံကုန်းမြို့ ဆရာ ဦးဖိုးလှိုင်ကျောင်း(၁၉၁၆ ခန့်)၊ အမျိုးသားကျောင်း(၁၉၂၁)၊ ရန်ကုန်မြို့ စိန့်ဂျွန်းကျောင်း(၁၉၂၃)၊ ဆယ်တန်းကို ပထဝီဝင် ဂုဏ်ထူးနှင့် အောင်၍ ယူနီဗာစီတီ ကောလိပ်သို့ တက်ရောက်(၁၉၂၉-၃၁)၊ ဝိဇ္ဇာ ဂုဏ်ထူးတန်းကို မြန်မာစာ ပထမအဆင့်ဖြင့် အောင်(၁၉၃၃)၊ မဟာဝိဇ္ဇာ မြန်မာစာ ဂုဏ်ထူးတန်းကို ဒုတိယအဆင့်ဖြင့် အောင်(၁၉၃၅)၊ အင်္ဂလန်နိုင်ငံ အောက်စဖို့ တက္ကသိုလ်တွင် ပညာတော်သင်(၁၉၃၆)၊ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေးကျောင်းတွင် ပညာသင်(၁၉၃၈)၊ အောက်စဖို့ တက္ကသိုလ်မှ စာပေဝိဇ္ဇာဘွဲ့ ရရှိ(၁၉၃၉)၊ အမေရိကန် ပြည်ထောင်စု ယေးလ်တက္ကသိုလ်(၁၉၅၂)တွင် ပညာဆည်းပူးခဲ့သည်။

မြန်မာစာဌာန အချိန်ပိုင်းနည်းပြ(၁၉၃၃-၃၅)၊ အချိန်ပြည့် နည်းပြဆရာ(၁၉၃၅)၊ လက်ထောက်ကထိက(၁၉၃၉)၊ ဒုတိယကမ္ဘာစစ်အတွင်း ပညာ့တံခွန်အသင်း အဘိဓာန် လုပ်ငန်းကို ဦးဆောင်၊ ရန်ကုန် ရွှေဘုံသာလမ်း အရေးပေါ်တက္ကသိုလ် မြန်မာစာ လက်ထောက်ကထိက(၁၉၄၅)၊ ကထိက(၁၉၄၆)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန ဌာနမှူး(၁၉၄၈)၊ စာတည်းမှူး(၁၉၅၃)၊ မြန်မာစာဌာန ပါမောက္ခ(၁ မတ် ၁၉၆၁ မှ ၁၂ မေ ၁၉၆၂ ထိ)၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူး အဖြစ် ပြန်လည်တာဝန်ယူ(၁၉၆၂)၊ စာတည်းမှူး အဖြစ်မှ အငြိမ်းစားယူ၍ ပညာရေးဌာန အထူးအရာရှိ(၁၉၆၈)၊ မြန်မာနိုင်ငံ သုတေသနအသင်း ဥက္ကဋ္ဌ(၁၉၇၀)၊ ၃၁ မေ ၁၉၇၁ ခုတွင် ပညာရေး အထူးအရာရှိ အဖြစ်မှ အနားယူခဲ့သည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့ နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခ အဖြစ်(၁၉၇၅-၇၉) ဆောင်ရွက်ခဲ့သည်။

၁၉၂၆ ခုနှစ်ထုတ် ဒဂုန်မဂ္ဂဇင်းတွင် ပထမဆုံး ကဗျာ ဖော်ပြခြင်း ခံရသည်။ ထင်ရှားသော စာအုပ်အချို့မှာ **မောင်ချွေးဖို့** ကလေးကဗျာများ(၁၉၄၀)၊ **သပြေညိုနှင့်** အခြားကဗျာများ(၁၉၄၁)၊ **စာပေလောက**(၁၉၄၈)[ဇော်ဂျီနှင့် တွဲ၍]၊ **တက္ကသိုလ် မြန်မာအဘိဓာန်** [ငါးပိုင်း] (၁၉၅၂-၆၄)၊ **သုံးပွင့်ဆိုင် ခေတ်စမ်းစာပေ**(၁၉၅၅)[သိပ္ပံမောင်ဝ၊ ဇော်ဂျီတို့နှင့် တွဲ၍]၊ **ကဗျာ့ပရိယာယ်**(၁၉၆၃)[မင်းယုဝေနှင့်တွဲ၍]၊ **ခရီးသည်**(၁၉၆၅)[ဇော်ဂျီနှင့်တွဲ၍]၊ **ပန်းနှင့်ပင်စည်**(၁၉၆၅)၊ **မြန်မာစာ မြန်မာမှု**(၁၉၆၅)၊ **ဗျူးမငုတ်တို**(၁၉၆၈)၊ **ရေချမ်းစင်**(၁၉၇၀)၊ **အင်းလျားကန်သို့ အို ကူးတို့**၊ **လီယာမင်းကြီး**၊ **ကဗျာပေါင်းချုပ်**တို့ ဖြစ်ကြသည်။ **လီယာမင်းကြီး** စာအုပ်ဖြင့် အမျိုးသားစာပေဆု(ဘာသာပြန်၊ ရသ) ချီးမြှင့်ခံရသည်။

**၂၀၀၁ နှင့် ၂၀၀၂ ထုတ်**
**ဂျာပြည့်စာအုပ်များ**

၁၄၈။ ဦးရွှေအောင်၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း
၁၄၉။ မြင့်သန်း၏ ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ [ ဘဝ၊ ဝတ္ထုတိုနှင့် အပိုင်းအစများ ]
၁၅၀။ ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်
၁၅၁။ မြသန်းတင့်၏ လွမ်းမောဖွယ် ကမ္ဘာ
၁၅၂။ မောင်သိန်းအောင်(နိုင်ငံခြားငွေ)၏ ဟစ်တလာ၏ အမာခံလက်ရုံး ဒေါက်တာဂိုးဘဲလ်
၁၅၃။ မောင်ရဲခိုင်၏ ဆည်းဆာ (The Age of Discretion by Simone de Beauvoir)
၁၅၄။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၁၅၅။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း
၁၅၆။ မောင်ထင်၏ ဂါလီဗာ၏ ခရီးစဉ်
၁၅၇။ ရွှေဥဒေါင်း၏ ကိုယ်ရံတော်
၁၅၈။ ကြည်အေး၏ အိပ်မက်နှင်းမြူ ဝတ္ထုတိုစု
၁၅၉။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ
၁၆၀။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်
၁၆၁။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်
၁၆၂။ မောင်ခင်မင်(ဓနုဖြူ) ၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၆၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ
၁၆၄။ ဂါဘရီယာယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ
၁၆၅။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၆။ တက်တိုး၏ ကျွန်တော့်အတွေးအခေါ် မှတ်စုများ
၁၆၇။ ကိုကို၏ ခေါင်းလောင်းသံ (For Whom The Bell Tolls by Hemingway)
၁၆၈။ ဇော်ဂျီ၊ မင်းသုဝဏ်၏ ခရီးသည်
၁၆၉။ စိုးမြင့်၏ မရဏတောင်ကြား (The Valley of Fear by Sir Arthur Conan Doyle)
၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လနှင့် နိဗ္ဗဆုရ ဝတ္ထုတိုများ

**၂၀၀၂ ခုနှစ် ဩဂုတ်နှင့် စက်တင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ**

၁၇၃။ မောင်ရဲခိုင်၏ မဟာ ပရဟိတလူသား အဲလ်ဘတ်ရှိုက်ဇာ
၁၇၄။ ပါရဂူ၏ ဓမ္မစကား
၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်–တည်းဖြတ်)
၁၇၆။ ဒဂုန်တာရာ၏ မှူးယစ်ဝေသော နှေဦးညများ
၁၇၇။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်

ရာပြည့်စာအုပ် ၁၇၁

# မင်းသုဝဏ်
# ဝတ္ထုတိုများ

( ပင်ကိုရေးနှင့် ဘာသာပြန် ဝတ္ထုတိုများ )


**ရာပြည့်စာအုပ်တိုက်**

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

စာမူခွင့်ပြုချက်အမှတ် [ ၁၉၂/၂၀၀၂ (၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၉၅/၂၀၀၂ (၅) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃၂]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
ပန်းချီဆရာကြီး ဦးအုန်းလွင်၏ သိင်္ဂါရ ရသ ပန်းချီကား(ရှေ့ဖုံး)နှင့်
Anything Considered by John Harris (ကျောဖုံး)တို့ကို
Graphic Mg Thein Win and Y.P. Group ဒီဇိုင်းဖွဲ့စည်းသည်။

❑

တန်ဖိုး
၁၀၀၀ ကျပ်

## မာတိကာ

### အပိုင်း [ က ] ပင်ကိုရေး ဝတ္ထုတိုများ


၁။ ထွေးနှစ်ဖော် ၁၀
၂။ ရှေးခေတ်ဟောင်း ၃၄
၃။ မောင်နှမ ၃၈
၄။ ကွန်ဂဒူး ၄၂
၅။ ဥညြ ၄၇
၆။ ဘကြီးအောင် ညာတယ် ၅၄
၇။ သကြိန်တုန်းက ၆၀
၈။ မောင်ချိုနှင့် မောင်ညို ၆၄
၉။ ရန်ရှင်း ၆၉
၁၀။ သားသက်ဝေ ၇၅
၁၁။ ခင်ဖြူလို မပူပါရစေနဲ့ ၈၃
၁၂။ ဝံပုလွေနှင့် သိုးငယ် ၈၈
၁၃။ ပေါ်တော်မူ ၉၃
၁၄။ ဗေဒင်ဆရာ၊ လက္ခဏာဆရာ ၉၉
၁၅။ ဘောဒေဝ ပုတ္တာ ၁၀၆

၁၆။ နားသ မင်္ဂလာ ၁၁၇
၁၇။ ဝါသနာ ၁၂၃
၁၈။ သူ့နိဗ္ဗာန် ၁၂၉
၁၉။ အမှောင့် ပယောဂ ၁၃၉
၂၀။ ကိုရင်ဒုံးဗေ သရဲပူးတုန်းက ၁၄၄

## အပိုင်း [ ခ ] ဘာသာပြန် ဝတ္ထုတိုများ

၁။ ဟေလဂေယ ၁၅၂
၂။ အယ်ဒီတာ ၁၅၇
၃။ လွတ်မြောက်ခြင်း ၁၆၅
၄။ ဂျပန် ခင်ကြီးနှစ်ပါး၏ ပုံပြင် ၁၇၃
၅။ ကုလားထိုင် ပြင်သူ ၁၈၅
၆။ တစ်ကိုယ်ကောင်းနိုင်သော ဘီလူးကြီး ၁၉၇
၇။ နောက်ဆုံး သင်ခန်းစာ ၂၀၄


မင်းသုဝဏ်
ပင်ကိုရေး ဝတ္ထုတိုများ

## ထွေးနှစ်ဖော်

လက်ခုပ်ကုန်း ရွာကလေးသည် ပူလောင်သော နွေရာသီအခါတွင် အလွန်နှစ်လို့ပျော်ရွှင်ဖွယ် သာယာလှပေ၏။ ပင်လယ်မှ အမြဲမှု တိုက်ခတ်လျက်ရှိသော ဆားငန်ဓာတ်လေတွင် ဘယ်ညာ ယိမ်းလျက်ရှိသော ကွမ်းသီးပင်၊ အုန်းပင်တို့သည်ကား ၎င်းရွာကလေး၏ တောလိုက်အုံပါ တင့်တယ်စွာသော ဆင်ယင်စရာ မြတန်ဆာတို့ပေတည်း။ နံနက်ခင်း၏ သာယာအေးချမ်းခြင်း၊ နေ့လယ်ခင်း၏ သာယာအေးချမ်းခြင်း၊ ညနေခင်း၏ သာယာအေးချမ်းခြင်း၊ ညဥ့်သုံးယံ၏ သာယာအေးချမ်းခြင်းတို့နှင့် ပြည့်စုံပေ၏။ ထို့ကြောင့်ပင်လျှင် ၎င်းရွာကလေးသည် နွေလအခါ၌ မြို့ကြီးပျော်တို့၏ အပူရှောင်ရာ နွေရာသီစံ လောကနိဗ္ဗာန်ကလေး ဘဝသို့ ပြောင်းလာရပေသည်။

ပင်လယ်ကမ်းပါး သဲတာရိုး မို့မို့မှိုင်းမှိုင်းကြီးမှ နွားစားကျက်ကုန်းတန်းတစ်ခုနှင့် မိုးအခါတွင် ရေအိုင်သော ချိုင့်တန်းကြီးတစ်ခုသာ ခြားလျက်တည်သော ခြံညို့မှိုင်းကြီး၏ ပိုင်ရှင်များမှာ မောင်ထွေး၏ အဖ ဦးရွှေချို့နှင့် အမိ ဒေါ်လှဦးတို့ ပေတည်း။ ခြံတွင်း၌ ဓနိမိုး ပျဥ်ထောင်အိမ်ညီနောင်တို့မှာ သပ်ရပ်စင်ကြယ်စွာ ရှိပေ၏။ ခေါင်းရင်းအိမ်တွင် မောင်ထွေးတို့ သားအမိ သားအဖတစ်စု နေ၍၊ အနောက်အိမ်ကြီးဟု ခေါ်သော ခြေရင်းအိမ်မှာ မောင်ထွေးအစ်ကို မောင်လေးတို့ မိသားတစ်စု မြို့သို့ ပြောင်းရွှေ့နေထိုင်သောကြောင့် ဟင်းလင်းရှိလေသည်။

ဦးရွှေချို့သည် ငယ်ငယ်က ဗဟန်းရပ်တွင် စာသင်နေစဥ် အင်္ဂလိပ်စာကို အနည်းငယ် သင်ကြားခဲ့ဖူး၍ ခေတ်အကြောင်းကို နားလည်သူပင်ဖြစ်သော်လည်း၊ မိရိုးဖလာ ရိုးရာမပျက် မိမိပိုင် လယ်မြေမှ ကိုးတုံးထွန်

လောက်ကို တူသားနောင်မယ်များ၏ အကူအညီဖြင့် ဦးစီးလုပ်ကိုင်လျက် အေးချမ်းစွာ နေပေ၏။ တည်ကြည်တော်ဖြောင့် သနားကြင်နာတတ်သော သဘောရှိသော ဦးရွှေချိုမှာ လူသမာကြီးဟူသော ဘွဲ့ကို ခံယူ၍ ရွာမိရွာဖ စာရင်းတွင် ခေါင်ကစွဲသူ ဖြစ်ပေ၏။ မောင်ထွေးကို ဆွေမျိုးများရှိရာ ကွမ်းခြံကုန်းမြို့ရှိ အမျိုးသားကျောင်းတွင် စာပေ သင်ကြားစေ၏။ မောင်ထွေးသည် အဖေတူသားကလေးဖြစ်၍ ကျောင်းပိတ်ရက်အားများ၌ ကျွဲနွား ကြည့်ရှုခြင်း၊ ခြံပြုစုခြင်း စသော လုပ်မှုဆောင်တာ အိမ်ရေးရာတို့တွင် အစ်ကိုဝမ်းကွဲများနှင့် အတူ အဖအား ကူညီပေ၏။

ပင်လယ်လေသန့်ကို ခံ၍ အလုပ်ကြမ်းဖြင့် ကြီးပြင်းလာရသောကြောင့် မောင်ထွေးမှာ ရင်အုပ်ကျယ်မောက်ခြင်း၊ မောင်းသန်ခြင်း၊ ခြေမြဲခြင်း၊ ခံ့ညားခြင်း စသော ယောကျာ်းတို့၏ ကြန်အင်တို့နှင့် ပြည့်စုံပေ၏။ လူချစ်လူခင် ပေါ၏။ မျက်နှာပွင့်လန်း၏။ ရွာနေ ကာလသားတို့တွင် အငယ်ဆုံးပင် ဖြစ်သော်လည်း အကြံကောင်း အစည်ကောင်းတို့ကို ပေးနိုင်လောက်အောင် ဉာဏ်ထက်မြက် လိမ္မာပေ၏။ ပညာသင်ယူရာ၌လည်း မညံ့ပေ။ ခြောက်ဆင့် စာမေးပွဲကို ဖြေဆိုပြီး၍ ပြန်လာသည်မှာ မကြာလှသေး။ နေ့လယ်အားလပ်ချိန်များ၌ သူငယ်ချင်းများနှင့် တသောသော တရှန်းရှန်း ပျော်ပါးစွာ အချစ်နာလန်ထလျက် ရှိကြလေ၏။

ဒေါ်လှဦးသည် နွားတင်းကုပ်၌ ကောက်ရိုးစဥ်းနေသော မောင်ထွေးအား အနားသို့ ခေါ်၍ 'မောင်ထွေးရေ၊ အနောက်အိမ်ကြီးကို ရှင်းလိုက်စမ်းပါ။ ကိုရင်ထူးရဲ့ မိတ်ဆွေ ပွဲစားကြီးတစ်ယောက် လေညင်းခံလာလိမ့်မယ်၊ ဘိုတဲ မအားလို့ တို့အိမ်မှာ ခဏနေမယ်တဲ့။ ညနေသင်္ဘောနဲ့ ရောက်ကြမလား မသိဘူး။ အိပ်ရာနားက တိုင်မှာ သော့တွဲရှိလေရဲ့' ဟု ခိုင်းစေလိုက်သဖြင့် အိမ်ကြီးမှာ မကြာမီပင် ပင့်ကူမျှင်၊ ပိုးအိမ်၊ ဖုန်မှုန့်တို့မှ ကင်းစင်လက်သန့်ရှင်းသွားလေ၏။ ထိုနေ့တွင် ကူးတို့လှေမှာ ရေကျမိနေ၍ ပွဲစားကြီးတို့ လူစုသည် မိုးချုပ်မှ ရွာသို့ ရောက်လေ၏။

နံနက်ခင်းသည် ကြည်လင်လှပေ၏။ သပိတ်လွယ် ငှက်ကလေးတစ်ကောင်သည် ခြံစည်းရိုးထက်တွင် နားလျက် နွားနို့ညှစ်နေသော မောင်ထွေးအား အပျင်းဖြေသည့်အလား အမြီးတခါခါ၊ လည်တညိတ်ညိတ်နှင့် တွန်မြည် သီဆိုလျက် ရှိလေ၏။ အနောက်အိမ်ကြီးတွင်ကား ကွမ်းသီးပန်း၏ ကြည်ချို သင်းကြူသော ရနံ့ဖြင့် ထုံသော လေပြည်ကို ရှူရှိုက်ရ၍ မည်သည့်ပန်းမှ ထွက်သောရနံ့ဟု သိလိုသောကြောင့် ပွဲစားကြီးသမီး ခင်ထွေးသည် နွဲ့လျ သွယ်ပျောင်းသော ကိုယ်ကလေးကို မနိုင့်တနိုင် ချီမလျက် ခြံတွင်းသို့ ဆင်းလာလေ၏။ တောင်မြောက်လေးပါး လှည့်လည်ကြည့်ရှုပြီးနောက် နွားတင်းကုပ်နားသို့ ရောက်သောအခါ 'မောင်ချစ်ရေ၊ နွားကြီးတွေကြည့်ရအောင်ဟေ့' ဟု ခေါ်လိုက်သော ကြည်လင်အေးမြသော အသံကလေးကို ကြားရသောခဏ၌ မျက်နှာသုတ်ပဝါဖြင့် ပတ်ရစ်ထားသော မောင်ထွေး၏ ဦးခေါင်းသည် စိတ်စူးစိုက်နေရာ နို့ပုံးမှ အလိုအလျောက် လှည့်ခွာ၍ ခြသေ့လည်ပြန် ကြည့်လိုက်လေ၏။ ခင်ထွေးနှင့် အကြည့်ချင်း ဆုံမိ၍ နှစ်ယောက်သားတို့၏ ရင်တွင်းဝယ် တစ်ပြိုင်နက်သော သွေးတိုးခြင်းဖြင့် ဒိတ်ခနဲ ဖြစ်သွားသည်ကို ၎င်းတို့၏ သွေးရောင်လျှမ်းသော မျက်နှာများက သက်သေခံလျက် ရှိလေ၏။ ပြုံးချိုသော မောင်ထွေး၏ အသွင်သည် ခင်ထွေး၏ နှလုံးသားကို လှုပ်ရှားစေသလောက် ကြည်လင်သော ခင်ထွေး၏အသရေသည် မောင်ထွေး၏ နှလုံးသားကို လှုပ်ရှားစေလေတော့၏။ ထိုနံနက်သည်ကား မြို့ကြီးသူ ခင်ထွေးနှင့် တောသားငယ် မောင်ထွေးတို့ ပထမဆုံးဆုံမိ၍ အချစ်စေ့ ပျိုးထောင်သော အမှတ်တရ အချိန်ဖြစ်ပေ၏။ ထိုကာလမှစ၍ မောင်ထွေးသည် ခါတိုင်းကဲ့သို့ လန်းလှသည် မရှိ။ ပျော်သလိုလို၊ ပျင်းသလိုလို၊ ဝမ်းနည်းသလိုလိုနှင့် စိတ်နှလုံး ကြောင်တက်လျက် ရှိပေ၏။ အကြောင်းရင်း တိတိကျကျကိုကား ရှာဖွေ၍ မတွေ့ချေ။ ပြုံးချိုသော အသွင်၊ ညှိုးငယ်သော အဖြစ်သို့ တစ်စတစ်စ ပြောင်းသွားလေတော့၏။

ခင်ထွေးသည်လည်း မောင်ထွေး၏ ပြုံးချိုသော မျက်နှာကို အစဉ်

မပြတ် မြင်ယောင်လျက် ရှိပေ၏။ ကွမ်းသီးပန်းရနံ့ကြိုင်သော အခါများတွင် အထူးသတိရ၏။ မောင်ထွေးအား မြင်တွေ့လို၏။ အသိဖွဲ့လို၏။ မိမိ မောင်ကြီးပင် ဖြစ်ပါတော့ဟု တောင့်တမိ၏။ သို့နှင့်လည်း ၎င်းတို့ နှစ်ယောက်သည် အထက်ပါ နံနက်မှစ၍ တွေ့ဆုံရမှာ ရှန့်တန့်တန့် ရှိကြလေသောကြောင့် တစ်ယောက် အလစ်တွင်မှ တစ်ယောက် အပြင်သို့ ထွက်သည်သာ များလေ၏။ ဤအခြင်းအရာတို့ကား မည်သို့သော သဘော၏ အရိပ်အယောင်တို့ပေနည်း။

ပွဲကတော်ကြီးထံတွင် ခေတ္တ အစေခံ တောင်ပိုင်းသူ ဒေါ်ဖွေးတုတ်သည် တစ်ခုသော နေ့လယ်၌ ခင်ထွေး၏မောင်ငယ် မောင်ချစ်အား ခေါ်ခဲ့၍ မောင်ထွေးနှင့် မိတ်ဆွေဖွဲ့ပေး၏။ အိမ်ခလောက်ဆွဲတွင် ချိတ်ထားသော လှောင်အိမ်တွင်းက ချိုးလည်ပြောက်ကလေးသည် မောင်ချစ်အား နေ့တိုင်း အလည်လာစေရန် သွေးဆောင်လျက် ရှိလေ၏။ မောင်ထွေးသည် မောင်ချစ်အား အထူးဂရုစိုက်လေ၏။ ရွှံ့နွားရုပ်ငယ် တစ်ရှဉ်းနှင့် နွားလှည်းငယ် တစ်စီးကို လုပ်၍ လက်ဆောင်ပေး၏။ မောင်ချစ်က 'ကိုမောင်ထွေး... ကိုမောင်ထွေး'ဟု ခေါ်သည်ကိုပင် အလွန် အရသာရှိ၍ နားဝင်ချိုသည်ဟု ထင်၏။ ညနေချိန် နွားလိုက်သွားသောအခါ သောင်ပြင်မှ ရှင်မွေ့နွန်းဆံထုံးစသော ခရုခွံ ဖြူညိုဝါတို့ကို မောင်ချစ် ကစားဖို့ ကောက်ယူ၍ လာလေ့ရှိ၏။ သို့ဖြင့် မောင်ထွေးနှင့် မောင်ချစ်တို့သည် အရွယ်ပင် မမျှသော်လည်း အကျွမ်းဝင်သော မိတ်ဆွေများ ဖြစ်လာကြလေ၏။ ခင်ထွေးတို့သည် ဘိုတဲ မအားမိ ၁၁ ရက်မျှလောက် အနောက်အိမ်ကြီးတွင် စခန်းထောက် တည်းခိုခဲ့ကြလေ၏။ ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့သည် ညှိဝတ်ကျေပွန်သော မောင်ထွေးတို့ အိမ်သားများအား ကျေးဇူးတင်ကြောင်း မကြာခဏ ပြော၏။ စာပေဝါသနာပါသော ပွဲစားကြီးနှင့် ဦးရွှေချိုတို့သည် တစ်ခါတစ်ခါ ဆုံ၍ စာပေကို ဆွေးနွေးမေးမြန်းလေ့ရှိ၏။

ဖော်ရွှေဖျတ်လတ်၍ သူတစ်ပါးအကျိုးကို သည်ပိုးလေ့ရှိသော

မောင်ထွေး၏ ပင်ကိုသဘောသည် ရှန့်တန့်တန့်ဖြစ်သော ယာယီ စိတ်တို့ကို မကြာမီပင် နိုင်နင်း အောင်မြင်သွားလေ၏။ ဖခင် ခိုင်းစေသောကြောင့် နံနက်တိုင်းပင် ဘိုတဲသို့ နွားနို့ပို့ သွားရ၏။ တစ်ခါတစ်ရံ ရွာထဲတွင် လျှောက်ရောင်းသော ဒီလုံးငှက်၊ ဗိုလ်စားငှက် စသော ပင်လယ် ငှက်သေကလေးများကို ဟင်းလျာအဖို့ မိမိက စိုက်ထုတ် ဝယ်ယူသွားပို့သောအခါ ခင်ထွေး၏မျက်နှာတွင် ကျေးဇူးအထူးတင်ကြောင်း လက္ခဏာကို ထင်ရှားစွာ တွေ့ရလေ၏။ တစ်ခါတစ်ရံ မိမိအား နှုတ်ဆက်လိုသောဟန်ဖြင့် ခင်ထွေးက ပြုံးစိစိ ကြည့်နေသည်ကို တွေ့ရသော်လည်း မျက်နှာချင်း မဆိုင်ဝံ့သော စိတ်ကြောင့် အခါခါ ရှုံးနိမ့်ခဲ့ရလေ၏။ ခင်ထွေးသည် ရန်ကုန်ကျောင်းကြီး တစ်ခုတွင် ၉ တန်း စာမေးပွဲကို ဖြေဆိုခဲ့သူ ဖြစ်သည်ဟု ဒေါ်ဗွေးတုတ် ပြောသံကို ကြားဖူး၏။ ၉ တန်း ပညာကို မိမိတို့ရွာတွင် မကြားဖူးသောကြောင့် အံ့သြမိ၏။ လှပ ယဉ်ကျေး၍ ပညာရှိသော မြို့ကြီးသူ ခင်ထွေးသည် ငါသို့သော တောသား နံ့ချာချာကို စိတ်ကူးတွင်မျှ ထည့်မည်မဟုတ်၊ မြို့ကြီးသား လူရည်လည်တို့နှင့် များစွာ တွေ့ကြုံဖူးသော မခင်ထွေးသည် ငါ့အား အသို့လျှင် သတိပြုနိုင်အံ့နည်း စသည်ဖြင့် တောင်စဉ်ရေမရ တွေးမိတွေးရာ တွေးတောသော မောင်ထွေးသည် မိမိ၏ တည်ကြည်ခဲ့ဖူးသော စိတ်ထားကိုမျှ မထောက်ထား မလေးစားနိုင်တော့ဘဲ အချစ်လေပွေတွင် လှည့်ပတ်လွင့်ပါးလျက် နေလေတော့သတည်း။

ခင်ထွေးဘက်ကို ကြည့်ပြန်ကလည်း ခင်ထွေး၏ ကြည်လင်သော စိတ်သည် ထိုနေ့နံနက်ကစ၍ ရီဝေသို့မှိုင်း မင်းလွင်ဆိုင်းလျက် ထုံထိုင်းခဲ့လေ၏။ မောင်ထွေးကို ချစ်သည်ဟု တိုက်ရိုက်ကြီး တွေးရမှာလည်း ရှက်သလိုလို ဖြစ်၏။ မောင်ထွေးကိုလည်း နေ့စဉ်တွေ့လို၏။ နံနက်ခင်း အခါများတွင် ခင်ထွေးသည် ပြေစင်စ ပရစ်ပွင့်ကလေးကဲ့သို့ ရှင်မြူးသောအသွင်ကို ဆောင်တတ်၏။ အကြောင်းသော်ကား နွားနို့ပို့[redacted]သော မောင်ထွေးနှင့် တွေ့ရ ဆုံရ ကြုံရသောကြောင့် ပေတည်း။ နေ့စဉ်နှင့်အမျှ တွေ့နေရသော

သူနှစ်ဦးတို့သည် တစ်ခွန်းစ နှစ်ခွန်းစ ပြောဆိုနေရာမှ အကျွမ်းဝင်၍ လာကြလေ၏။ တစ်နေ့နံနက်တွင် မောင်ထွေးသည် ခြံထောင့်ရှိ ပိတောက်ပင်ကြီးမှ ပွင့်သစ်စ ပိတောက်ပန်းများကို ဆွတ်ခူး၍ နွားနို့နှင့်အတူ ဘိုတဲသို့ ယူခဲ့လေ၏။ လမ်းတွင် မိမိ၏ လျှင်မြန်သောခြေလှမ်းကို နှေးလှသည်ဟု အထင်ရောက်၍ အော်ငေါက်မိသေး၏။ ဝင်းဝတွင် စောင့်နေသော ခင်ထွေးနှင့် မောင်ချစ်တို့ကို တွေ့ရှိ၍ ပန်းများကို ပေးခဲ့ပြီးလျှင် နွားနို့ကို မီးဖိုခန်းသို့ သွားပို့မည် အပြုတွင်–

'ကိုထွေးမောင်.... ဘွာ ဘွာ ယောင်လို့၊ ကိုမောင်ထွေး.... ဒီပန်းတွေ ဘယ်က ယူလာသလဲ၊ အပင်ပန်းရှာလို့ရှင်.... အားနာစရာကြီး၊ ကျွန်မတို့ကို ပြောရင် လာယူမှာပေါ့၊ မွှေးလိုက်တာကလည်း ကြိုင်လို့ပါကလား၊ မောင်ချစ်ရေ .... ဟောဒီ အခိုင်ကြီးကို ဘုရားတင်ဖို့ မေမေ့ဆီကို ယူသွားပါ'

'ကိစ္စမရှိပါဘူးဗျာ၊ လမ်းကြုံတာနဲ့ ခူးလာတာပါ၊ တောပန်း မြိုင်ပန်းတွေမို့ မထွေးတို့ ကြိုက်မှ ကြိုက်ပါ့မလားလို့ တွေးပြီး ပူမိပါသေးတယ်'

'ကိုထွေးရယ်၊ တောပန်း မြိုင်ပန်းပေမဲ့ အဆင်းရနံ့နဲ့ ပြည့်စုံလေတော့ သဇင်ပန်းများဟာ နန်းတွင်းသူတို့ရဲ့ ပန်တော်ဝင်ပန်းမြတ် ဖြစ်ရသေးတယ် မဟုတ်ပါလား။ မြို့ကြီးများဟာ နာမည်ကြီးသလောက် ကောင်းတာ မဟုတ်ဘူးရှင့်၊ မလွှဲသာလို့သာ နေရတာ၊ အခုလို နွေအခါများမှာဆိုရင် အဝိစိငရဲမီးမက ပူပြင်းတယ် ထင်မိတယ်။ ကိုထွေးတို့ ရွာကလေးကတော့ အေးအေးချမ်းချမ်းရှိလို့ မထွေးဖြင့် သိပ်ပျော်တာပဲ။ အုန်းရည် ချိုချိုအေးအေးကို ဗင်တိုရေခဲစိမ်ထက် ပိုပြီး ကြိုက်တယ်။ ပင်လယ်လေနဲ့ ပန်ကာလေဟာလေ ခြစည်းရိုးက ကျီးအာသီးမှည့်နဲ့ ပတ္တမြားလုံးလောက် ကွာခြားပါတယ်။ နေရမယ်ဆိုရင် ဟောဒီမှာ တစ်သက်လုံး နေနိုင်ပါတယ်'ဟု စကားအစဥ်မပျက်၊ စိတ်တွင် ကာလရှည်စွာ ပြုစုပျိုးထောင်ခဲ့သော ဆန္ဒတို့ကို ထုတ်ဖော်ပြောဆိုမိလေ၏။

သို့ဖြင့် မောင်ထွေးနှင့် ခင်ထွေးတို့သည် အကျွမ်းဝင်သည်ထက်

ဝင်လာ၍ အလွမ်းဇာတ် ဖွင့်မည့်အရိပ်အယောင်ကို ပြလျက် ရှိကြကုန်၏။ ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့မှာမူကား မောင်ထွေးကို သာမန် တောသား ကလေးပင်ဟု အရေးမပြု ဂရုမစိုက်၊ အထွေအထူးကို မစဉ်းစားဘဲ တွေ့သော အခါများတွင် မောင်ချစ်တို့ မောင်နှမကို ကြည့်ရှုစောင့်ရှောက်ရန် ပြောလေ ၏။ မိမိအား ယုံကြည်စိတ်ချ အပ်နှင်းသည်ကို သိရသောအခါ မောင်ထွေး သည် ဝမ်းသာမိ၏။ စိတ်လည်း အားတက်မိ၏။ ပြုံးချိုသော အသွင်ကို ဆောင်မြဲ ဆောင်ပြန်လေ၏။

*

ညနေခင်းသည် သာယာတောက်ပလှပေ၏။ အနောက်ဘက် ကောင်းကင် ပြင်သည် ရှင်မထီး အဇ္ဈဂေါဏ၏ ဆေးတောင်ဝှေး အဖျားခတ် ခံရ၍လား မသိ၊ ရွှေအတိ ပြီးသကဲ့သို့ ဝါဝင်းလျက် ရှိပေ၏။ ပင်လယ်ဘက်မှ တဟူးဟူး တိုက်ခတ်နေသော လေသည် သောင်ထိပ် ရေစပ်တွင် ရပ်နေသော ခင်ထွေး အား တစ်ခဏထက် တစ်ခဏ ပိုမိုရွှင်လန်း ကျန်းမာစေသကဲ့သို့ ရှိ၏။ မောင်ချစ်ကလေးသည်ကား လှည်းကလေးကို ကြိုးဖြင့် ဆွဲလျက် သောင်ပြင် တွင် ဟိုဟိုဒီဒီ ပြေးလွှားကာ ခရုများကို ကောက်၍ နေလေ၏။ ဝင်လုနီးဆဲဆဲ နေမင်းကြီးဆီသို့ မျှော်ရှု၍ လေထဲတွင် ကစဉ့်ကလျား လွင့်ပါးနေသော ဆံတိုကလေးများကို သိမ်းမ ရင်း ခင်ထွေးသည် အောက်ပါ လေးဆစ် ကလေးကို တိုးတိုးကလေး သီဆို၍ နေလေ၏။

'ကြုံစဖူးပါဘု၊ မြင်ဖူးမှ ယုံစဖွယ်။ ။ဖြူနီဝါပြာတစ်စုရယ်နှင့်၊ ခရုတွေ ထွေလာဆန်းပါဘိ၊ ကမ်းကွေ့ပတ်လည်။ ။ရွှေမင်တံ သံပရိုပ်ရယ်နှင့်၊ ဟန်ရုပ်ပြအသွယ်သွယ်၊ နတ်မယ်လျှဆံထိုး။ ။ ဝင်ကစွပ် မြင်ဆွတ်ကကြည်ဖို့ရာ၊ ဟိုသို့လာ သည်သို့သွားသည်နှင့်၊ အငှားခန္ဓာမြောင်ရတယ်၊ ကွယ် ... ဆန်းခေါင်ထိမျိုး။'

(ဦးကြင်ဥ ရေး။)

ထိုခဏ၌ 'စွဲမိတဲ့စိတ်ကယ်၊ ဖြတ်ကတဲ ပြတ်ပဲ ပိုသာပိုတော့၊ သည်

ချစ်ကို ဘယ်လိုနည်းရယ်နဲ့ လှီးဖြတ်ရမယ်... ဟဲ့ ပြာကြီး ဘယ်တာဘက်ကို ကျွံသွားရပြန်သလဲ။ ကိုရင်ရွှေရေ... ဟိုဘက်က ပန်းလိုက်ပြီး၊ စိန်အုပ်နဲ့ ကြန့်စုံကို မောင်းသွင်းလိုက်စမ်းပါ' ဟူသော မောင်ထွေး၏ နွားငေါက်သံကို လေထဲတွင် သဲ့သဲ့ကြားလိုက်ရသောအခါ မောင်ချစ်သည် ခင်ထွေးအား 'အစ်မရေ.... ကိုထွေးအဲ့သံ ကြားတယ်.... ကျွန်တော် ပြေးသွားပြီး ခေါ်လိုက်မယ်' ဟု ပြောပြောဆိုဆိုနှင့်ပင် တာရိုးထိပ်သို့ ရောက်သွားလေ၏။ ခင်ထွေးလည်း သဲထက်တွင်ထိုင်၍ ပင်လယ်လေကို အားရပါးရ ရှူရှိုက်ရင်း "ကိုထွေး .... ကိုထွေး၊ ချစ်ဖွယ်သော ကိုမောင်ထွေး" ဟူသော အင်္ဂလိပ်စာတို့ကို လက်ညှိုးဖြင့် ရေးခြစ်လျက် ကျန်ရစ်ခဲ့လေ၏။ "ကိုထွေးသည် ခေတ်ပညာကို မတတ်သော တောသားဖြစ်၏။ ငါ ဘာကြောင့် သူ့ကို ခင်မိပါလိမ့်။ ပဟိုရ်သံနှင့် ကြက်သံလောက် အခြေအနေချင်း ကွာခြားလှ၏တကား။ ဖေဖေနှင့် မေမေတို့က သဘောတူကြမည် မဟုတ်။ မကြိုင်နှင့် မမြိုင်တို့ ညီအစ်မက ကဲ့ရဲ့ကြလေတော့မည်။ သို့ပေမဲ့ ကိုထွေးနှင့် အတူမနေရရင် ဘယ်သူတစ်မီးနှင့်မှ မနေဘူး၊ ဒေါ်ဒေါ်တောင် အပျိုကြီးဘဝနှင့် နေနိုင်သေးတာပဲ" စသည်ဖြင့် တောင်တောင်မြောက်မြောက် ရောက်တတ် လေးဆယ်တို့ကို တွေး၍ ပြန့်ကျယ်သော ပင်လယ်ပြင် တစ်ခေါ်တစ်မျှော်ကြီးကို စူးစိုက်စွာ ကြည့်လျက်နေစဉ် မောင်ထွေးတို့ အနားသို့ ရောက်လာလေ၏။

'မထွေး.... မြို့ကို လွမ်းတယ်ထင်ပါရဲ့၊ တောရွာကလေးများဟာ မြို့ထက် ကောင်းတယ်ဆို။ (လက်ညှိုးညွှန်၍) ဟောဟိုက ပျပျကလေး မြင်ရတဲ့ တလူလူနဲ့ မီးခိုးဟာ ရန်ကုန်မြစ်ဝကို ဝင်နေတဲ့ ပင်လယ်ကူးသင်္ဘောက မီးခိုးပဲ၊ မှာစရာရှိရင် လှမ်းပြီး မှာလိုက်ပါလား' ဟု ပြောလျက် ခင်ထွေးကို ငုံ့ကြည့်လိုက်လေ၏။ သဲပြင်က စာကို မြင်ရ၍ ဝမ်းသာလုံးဆို့မိ၏။ သို့သော် အင်္ဂလိပ်စာကို မသိကျိုးကျွန်ပြု၍ 'ဒါ ဘာတွေလဲ မထွေး၊ အင်္ဂလိပ်စာ ဆိုတာနဲ့ တူသလိုလိုပဲ၊ ဟောဒီအလုံးက ရန်ကုန်ဆို မဟုတ်လား။ စာပို့ ပြာတာကြီးက ရေးပြလို့ တွေ့ဖူးပါတယ်' ဟု ပြောသောအခါတွင်

ခင်ထွေးမှာ ပို၍ပင် စိတ်ပျက်မိလေ၏။ အကြောင်းသော်ကား ထိုမျှလောက် မသိသား ဆိုးဝါးသော တောသားနှင့် မိမိအား အဖေနှင့် အမေတို့သည် မည်သို့သောနည်းဖြင့် သဘောတူနိုင်အံ့နည်းဟု တွေးမိသောကြောင့် ပေတည်း။ ထို့နောက် ညှိုးနွမ်းသော မျက်နှာနှင့် မော်၍ မောင်ထွေးအား ကြည့်ပြီးလျှင် 'ဟုတ်တယ်၊ အဲဒါက ရန်ကုန်။ အဲဒါက ကျွန်မရဲ့ ခင်တဲ့ သူငယ်ချင်း နာမည်။ ဟောဒါက ကျွန်မ နာမည်' ဟု ပြောရင်း ဖျက်ပစ်လိုက်လေ၏။

'မထွေးရဲ့ သူငယ်ချင်းက ယောကျ်ားလား၊ မိန်းမလား' ဟု ဖြတ်၍ ရုတ်တရက် မေးလိုက်ရာ 'ယောကျ်ား' ဟု မထွေး၏ နှုတ်မှ လွတ်ခနဲ အဖြေထွက်သွားလေ၏။

'ဪ ဒါကြောင့် မထွေး မှိုင်မှိုင်နေတာကို၊ ဟိုလူကလည်း လွမ်းမှာပဲနော်။ သနားပါတယ်ဗျာ၊ မြန်မြန်ပြန်သွားလိုက်ပါ။ တောရွာဆိုတာ ခဏတွက်ပဲ ပျော်စရာ ကောင်းတာပဲ။ တစ်နေ့လာ ဒီလှည်း၊ တစ်နေ့လာ ဒီကျွဲနွားနဲ့ ကြာတော့ ပျင်းလာတာပေါ့နော်။ ရိုးတိုးအတကြီးကိုး။ မြို့မှာတော့ ဒီလိုမဟုတ်ဘူး ထင်ပါရဲ့။ ပိတောက်ပင်နားက ပုတ်သင်ညိုကလေးလို တစ်နေ့တစ်မျိုး အရောင်လဲနေမှာပဲနော်'

'ဒါကြောင့်လည်း မဟုတ်ပါဘူး ကိုထွေးရယ်။ ကိုထွေးတို့ရွာက တစ်ဖဝါးမှ ခွာမသွားချင်ပါဘူး။ မိုးတို့ ဆောင်းတို့မှာ ကိုထွေးတို့ ခြံထဲ ပြောင်းနေလိုက်၊ နွေလကျရင် ဒီဘိုတဲကို ပြောင်းနေလိုက်၊ အဲဒီလို နေချင်ပါတယ်။ ဒီရွာကလေးဟာ ကျောင်းမှာ သင်ရတဲ့ ကျန်းမာရေးလမ်းညွှန်နဲ့ ညီညွှတ်ပါတယ်။ လေကောင်းလေသန့် ရတယ်၊ ဟင်းသီးဟင်းရွက် ငါးသား ပုစွန်တို့ကိုလည်း လတ်လတ်ဆတ်ဆတ် စားရတယ်။ မြို့မှာလို ရေခဲစိမ်တွေ မဟုတ်ဘူး။ အညောင်းပြေ လမ်းလျှောက်ဖို့ ဟောဒီသောင်တန်းကြီးကလည်း အင်မတန် ကောင်းပါတယ်။ နို့ပေမဲ့ [illegible]ဖေတို့ ထားရာမှာ နေရမှာပဲ'

မောင်ထွေးလည်း ပြောသမျှ စကားတို့ကို မလစ် မကျန်ရအောင် လုံးစေ့ပတ်စေ့ နားစိုက်ထောင်လျက် ရှိ၏။ တောရွာ၏ ကောင်းမြတ်သော အခြင်းအရာ လက္ခဏာတို့ အကြောင်းကို ချီးကျူးပြောဆိုနေသောကြောင့် ဝမ်းသာလုံးကြီးများမှာ ပင်လယ်လှိုင်းလုံးကြီးများပမာ ဆင့်ကာဆင့်ကာ တက်လာနေစဉ် "ဖေဖေတို့ ထားရာမှာ နေရမှာပဲ" ဟု ပြောသည်ကို ကြားရသည်နှင့် တစ်ပြိုင်နက် ဝမ်းသာလုံးတို့သည် ဝမ်းနည်းလုံး ဘဝသို့ ပြောင်းသွားကြလေ၏။

"ငါက တောသား၊ ခင်ထွေးက မြို့သူ။ ငါက ဆင်းရဲသား၊ ခင်ထွေးက ကြွယ်ဝသူ။ ငါက ခြောက်ဆင့်၊ ခင်ထွေးက ကိုးတန်း။ အလှမ်းချင်းကွာ၊ အရာချင်း မမျှပါတကား။ 'ဖြုန်းစပ်ကျိုဆွမ်းကလေးနှင့်၊ သူဌေးကို တက်၍ တည်သည်၊ ကြွယ်ပါပေ့တကား' ဆိုတဲ့ စာအုပ်ထဲက မောင်ကာကလို ကံကောင်းရင် တော်လေစွ။ အချစ်မညီရင် ကာသီလင်တ ဖြစ်ရတော့မှာပါတကား"ဟု တွေး၍ စိတ်အပျက်ကြီး ပျက်မိ၏။ မျှော်လင့်ချက် မမြင်၊ အားကိုးဖွယ် မဲ့လေတော့၏။ တွေးတိုင်း ဆွေးမိလေ၏။

'မထွေး ရန်ကုန်ကို ရောက်လို့ အခုနပြောတဲ့ သူငယ်ချင်းနဲ့ တွေ့ရင် ကျွန်တော်တို့ .... ကျွန်တော်တို့ရွာကို မေ့သွားမှာပဲနော်'

'မမေ့ပါဘူး ကိုထွေးရယ်၊ ခဏခဏ မထွေး စာရေးမှာပေါ့။ စာမပြန်ဘဲသာ မနေပါနဲ့' ဟု ပြောပြီးနောက် စကားပြတ်၍ ဘာကို ဆက်ပြောရမည်နည်းဟု စဉ်းစားကာ နေကြသောဟန်ဖြင့် ပင်လယ်ပြင်ကို ငေးကြည့်နေကြစဉ် အနောက်ဘက်၌ နေလုံးလည်း ပျောက်ခဲ့လေ၏။ ရေလည်းစစ်လေပြီ။ လေလည်း ငြိမ်စ ပြုလေ၏။ လဆန်း ၁၃ ရက် လမင်းကြီးသည်လည်း ထွက်ပြူစ ပြုလေပြီ။ ထိုခဏ၌ မောင်ချစ်ကလေးသည် ဘိုတဲဆီမှ ပြေးလာ၍ 'အစ်မရေ.... ဖေဖေ ခေါ်နေတယ်'ဟု ပြောသဖြင့် ချစ်သူလောင်းနှစ်ဦးတို့သည် စခန်းစဲ၍ လမ်းခွဲကြလေတော့၏။

*

လမင်းကြီးသည် အေးမြသော ရောင်ခြည်ဖြင့် ဩကာသ လောကကြီးအား လွှမ်းခြုံထွန်းလင်းလျက် ရှိ၏။ ပင်လယ်လေသည် မကြမ်းလွန်း မနုလွန်း တသုန်သုန် တညင်းညင်း တိုက်သွင်းလျက် ရှိ၏။ ပင်လယ်မီးပြတို့ကို အဝေးတွင် တလက်လက် မြင်ရလေ၏။ လှိုင်းအိကြီးများသည် လေငြိမ်မိသော ရွက်ထည်ကြီးပမာ ပင်လယ်ပြင်ကျယ်ထဲ၌ တအိအိ လှုပ်ရှားလျက်ရှိပေ၏။ ဂယက်ငယ် တဖျတ်ဖျတ် ရိုက်သံနှင့် ပင်လယ်ငှက်ကလေးများ၏ အော်မြည်သံမှတစ်ပါး ရွာဘက်မှ ကြေးစည်သံနှင့် တစ်ချက် တစ်ချက်မှ ဟောင်လိုက်သော ခွေးသံတို့ကိုသာ ကြားရ၏။

ခင်ထွေးသည် ဘိုတဲ ဝရန်တာတွင် ထိုင်လျက် ပင်လယ်ဘက်သို့ မျှော်ရှုနေသော်လည်း မည်သည့်အရာကိုမျှ မြင်ဟန်မရှိ၊ မည်သည့်အသံကိုမျှ ကြားဟန်မပေါ်၊ ငြိမ်သက်ခြင်းကို အဖော်ပြု၍ နက်နက်နဲနဲ တွေးတောနေသကဲ့သို့ မျက်မှောင်ကုပ်လိုက်၊ အကြံအိုက်သော လက္ခဏာဖြင့် ခေါင်းကို ကုတ်လိုက်၊ အကြံကုန်သော အသွင်ဖြင့် သက်မကြီးချလိုက်နှင့် တစ်ယောက်ထီးတည်း ချည်တုံချတုံ ဖြစ်နေလေ၏။ တခြားလူ တစ်ဦးတစ်ယောက်သည် ခင်ထွေးအား ထိုကာလ၌ ရုတ်တရက် တွေ့မြင်ရပါက ကျောက်ရုပ်ကလေး ပေလားဟု အတွေးပင် မှားပေရာ၏။

“ငါသည် ဤပင်လယ်ပြင်က လှိုင်းကြီးများကို အစိုးရသော ရေငန်ပိုင် ဦးရှင်ကြီး၏ သမီးကလေး ဖြစ်ပါက ကိုထွေးနှင့် နေ့တိုင်း တွေ့ရပေလိမ့်မည်။ ကိုထွေးသည် ငါ့ကို အလွန်ဂရုစိုက်၏။ သဘောချင်းလည်း တိုက်ဆိုင်၏။ ကိုထွေးနှင့် အတူနေရလျှင် စိတ်ချမ်းသာ၍ နိဗ္ဗာန်သို့ အဆောလျင်စွာ ရောက်နိုင်ရာ၏။ အို .... ကိုထွေးကလည်း ဘာမှမပြောဘဲနဲ့ ကဲလှချည်လား ခင်ထွေးရယ်၊ စောင့်ထိန်းခဲ့သမျှ ဣန္ဒြေတွေကို ကိုထွေးနဲ့ကျမှ လက်လွှတ်ရတော့မယ် ထင်ပါရဲ့။ ကိုထွေးဟာ ချောသည်၊ လှသည်လည်း မဟုတ်ပါဘူး။ ယောကျ်ားပီသ၍ ဖော်ရွေရိုးသားတာပါပဲ။ ဦးမောင်ကြီး... ကိုမောင်လှဟာ ရိုးသားပုံ ပေါ်သားပဲ။ ပညာဆိုရင်လည်း ပြောစရာမရှိဘူး။ နို့ပေမဲ့ ပေါင်ဒါ

ရိုက်တာက ခက်တယ်။ ဟာ .... ကိုထွေးကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး၊ ကိုထွေးနဲ့လည်း ဖေဖေတို့က သဘောတူမည် မဟုတ်။ မတူရင်ကော ဘာဖြစ်သလဲ၊ တစ်ကိုယ်တည်း နေမှာပေါ့။ သူ မနေနိုင်လို့ တခြားမိန်းမ ယူချင်ယူပစေ။ နွေပေါက်တိုင်း ပင်လယ်ကို လာလည်ရင်း ကိုထွေးနဲ့ ခွေ့လို မျိုးလို တွေ့ရရင် တော်ပါပြီ" စသည်ဖြင့် ထွေရာလေးပါး တွေးတောလျက် ရှိလေ၏။

မောင်ထွေးမှာလည်း သောင်ပြင်မှ ပြန်သွားကတည်းက အငြိမ်မနေနိုင်။ တောင်ဟာ ကိုင်ရတော့မလို၊ မြောက်ဟာ ကိုင်ရတော့မလို ဖြစ်၍ နေလေ၏။ အလည်လာကြသော သူငယ်ချင်းများလည်း မောင်ထွေးက စကားမပြော၊ တုဏှိဘောနေသောကြောင့် ပြန်၍ သွားကြလေ၏။ ရွာဖျားက မောင်ထွန်းသည် ပလွေတိုကလေးကို ကျူ၍ ဝင်လာသောအခါမှ သတိရသော ဟန်ဖြင့် ထရံတွင် ချိတ်ထားသော တယောကို ဖြုတ်ယူပြီးလျှင် နှစ်ယောက်သား ပင်လယ်ဘက်သို့ သွားကြလေ၏။ သောင်ပြင်ဘက်မှ သာယာကြည်နူးဖွယ် ထွက်ပေါ်လာသော ပလွေသံနှင့် တယောသံတို့မှာလည်း ခင်ထွေးအား သတိရအောင် ရုတ်တရက် မပြုနိုင်။ မောင်ထွေးသည် တစ်ဦးတည်း "ဂန္ဓမာတောင်" သီချင်းကိုဆို၍ တယောနှင့် ညှိလိုက်သော အခါမှပင် ဝရန်တာဘက်က ကျောက်ရုပ်ကလေးသည် လှုပ်ရှားစ ပြုလာလေ၏။ သီချင်းအချတွင် ကြွက်မြီးဖျားသံဖြင့် တွန့်ချည်ဆွဲချည်ပြု၍ တယောကို ညုလျက် ချွဲလိုက်သောအခါ ခင်ထွေးသည် လက်ရန်းထက်၌ ထပ်ထားသော လက်နှစ်ဖက်ပေါ်သို့ ခေါင်းကို ပစ်ချလိုက်ပြီးလျှင် "အို ကိုထွေးရဲ့၊ ခင်ထွေး အနေခက်အောင် ဘာကြောင့် ချွဲနေပါသလဲရှင့်၊ တယောနဲ့ နှိပ်စက်မဲ့အစား ကိုယ်တိုင်ပဲ လာပြီး သတ်လှည့်ပါတော့လား" ဟု စိတ်တွင်းတွင် ရွတ်ဆိုမိလေ၏။ ပေါ်လွင်သော စီးသံကလေးသည် ခင်ထွေး၏ နှလုံးသားကို ပို၍ လှုပ်ရှားစေလေ၏။ 'ခင်ထွေးရေ.... ညဥ့်နက်လှပြီ၊ အိပ်ပါဦးတော့လား' ဟု မိခင်၏ခေါ်သံကို ကြားမှ သောင်ဘက်သို့ နားတစွင့်စွင့်နှင့် လေးကန်စွာ

ထ သွားလေ၏။ ဖွင့်ထားသော ပြတင်းမှ ဝင်လာသော တယောသံသည် ဆက်လက်၍ ခင်ထွေးအား ဒုက္ခပေးလျက်ပင် ရှိလေ၏။ ပျိုလွင်လစ်ဆိတ်သော နှလုံးအိမ်နုကလေး အတွင်းသို့ ချင်းနင်းဝင်ရောက်လာသော အချစ်ဓာတ်သည် မိမိ၏ အပေါင်းအဖော်ဖြစ်သော အလွမ်းဓာတ်၊ အဆွေးဓာတ်တို့ကို တစ်ပါတည်း ဆောင်ကြဉ်းခေါ်ယူခဲ့၏။ အမိုးပေါက်မှ ခေါင်းအုံးထက်သို့ ထိုးဝင် ဆင်းကျလာသော လရောင်ပြောက်ကလေးသည် တယောသံနှင့် ရောပေါင်း၍ ခင်ထွေး၏ အလွမ်း အဆွေးဓာတ်ကို ပွသထက်ပွအောင် ဆွ လျက် ရှိလေ၏။

'လွမ်းခဲ့ရင်၊ ညွန်းဆင်ယုန်စက်မှာတဲ့၊ ရွှေမျက်နှာဖူး။ ။
မတွေ့ကြာ၊ မေ့ရှာတော်မမူ ဖြစ်ပါနှင့်၊ အချစ်ကို နောင်လို ညီက၊
ဘောင်မဟီ သပြေတိုက်မှာ၊ စိုးလိုက်ပါဘူး' **(မောင်စံသူ)**

မောင်ထွေး၏ ရင်တွင်းမှ ဝမ်းနည်းစိတ် အစွန်းအစနှင့်တကွ လှိုက်လှိုက်လှဲလှဲ ထွက်လာသော သဖြန်သံကို ကြားရသောအခါ ခင်ထွေး၏ ဦးခေါင်းကလေးသည် ခေါင်းအုံးထက်မှ လူမထူ နတ်မမဘဲ အလိုလိုကြွလာ၍ ပြတင်းပေါက်ဆီသို့ ညွတ်တွားလေ၏။ နှုတ်ခမ်းကလေးနှစ်ခုမှာ အတန်ငယ် ကွာ၍ တည်လေ၏။ သီချင်းသံ ရပ်၍ တယောသံ ပြတ်သွားသော ခဏ၌ သက်မကြီး ပြင်းစွာရှူလျက် ခေါင်းချလိုက်ပြီးလျှင် မအောင့်နိုင် မအင်းနိုင် ရှိုက်ကြီးတငင် ငိုလေ၏။ အနီးတွင် အိပ်နေသော မောင်ချစ်ကလေး လွန့်ကာမှ သတိရ၍ စိတ်ကို အတန်တန် ကြိုးစားဖြေဖျော် ရလေတော့၏။

သို့ဖြင့် နာရီကို ရက်စား၊ ရက်ကို လစားလျက် နွေရာသီကုန်ကျွမ်း၍ မိုးဘက်သို့ ယွမ်းစပြုလေ၏။ ပြန်ဖို့ရက်လည်း တစ်နေ့ထက်တစ်နေ့ နီးကပ်လာလေ၏။ ပင်လယ်တွင် မိုးသားများ တက်၍ ညို့မှိုင်းလာသောအခါ ခင်ထွေး၏ စိတ်သည်လည်း ညို့မှိုင်းလာတော့၏။ "တိမ်ခိုးငယ်ဆင်၊ မင်းလွင်နွေသစ်မို့၊ ရွှေနှစ်ကယ်ကြိုင်လှိုင်ထုံတဲ့၊ ရဂုံကြော့ဦး။ ။ရွာပဲခုအုံ၊

ရေအမှုန်ဆော်တင့်ရဲနှင့်၊ သည့်သဲမှာ ကြွေးစရည်ထင့်၊ မိုးစည်ခြိမ့်ကြူး" ဟူသော မြဝတီမင်းကြီး၏ သံထောက်ကို မကြာခဏ သီဆိုမိ၏။ ပွဲစားကြီးတို့ ပြန်သောနေ့၌ မောင်ထွေးကိုယ်တိုင် ကူးတို့ဆိပ်အရောက် လှည်းဖြင့်လိုက်ပို့၏။ နောက်ဆုံး နှုတ်ဆက်ရာတွင် ညှိုးငယ်စွာ ခင်ထွေးကို မြင်ရသော မောင်ထွေး၏ရင်တွင်း၌ အလုံးဆို့သကဲ့သို့ ဖြစ်ရ၏။ ခင်ထွေးတို့ လှေပဲ့ကို တွယ်၍ လိုက်သွားလိုသောစိတ် ဖြစ်၏။ ပြန်ပါတော့မည်ဟု အားယူစိတ်တင်းလျက် လှည်းပေါ်သို့ တက်စဉ် ရုံတိုင်၌ လွယ်အိတ်ငယ်တစ်ခုကို တွေ့ရ၍ 'မထွေးရေ.... ဟောဒီဟာ မထွေးအိတ်ကလေး ထင်ပါရဲ့'ဟု အော်ပြောရင်း ဆင်းလာလေ၏။ ခင်ထွေးသည်လည်း ကမ်းပေါ်သို့ တက်လာပြန်သည်။ နှစ်ယောက်သား ဆုံမိကြသောအခါ 'စာပေးဖို့ မမေ့နဲ့နော် မထွေး၊ မျှော်နေမယ်'ဟု အသံတုန်တုန်ဖြင့် ပြောလိုက်ရာ 'ဟုတ်ကဲ့.... ကိုထွေး'ဟု ပြန်ပြောလိုက်လေ၏။ မောင်ထွေးလည်း "ဟုတ်ကဲ့ ကိုထွေး" ဟူသော ခင်ထွေး၏ ပဋ္ဌမစကား လေးလုံးကို ရွတ်ဖတ် သရဇ္ဈာယ်၍ ပြန်လာခဲ့လေ၏။

မိုးဖြိုင်ဖြိုင်ကျသောအခါ စာသင်ကျောင်းများ ဖွင့်လေ၏။ မောင်ထွေးသည် ကျောင်းဟောင်းတွင် ၇ တန်း ပညာကို ဆက်လက် သင်ယူလျက်ရှိ၏။ ပထမ သုံးလလောက်တွင် ခင်ထွေးထံမှ စာခြောက်စောင်တို့ကို ဖခင်ထံမှ တစ်ဆင့် ရလေ၏။ ရသောစာတို့ကို အမြတ်တနိုး တရိုတသေ သိမ်းဆည်းထားလေ၏။ ရှိမှ ရှိသေးရဲ့လား ဟူသော စိုးရိမ်ခြင်းကြီးစွာဖြင့် ခိုးကြောင်ခိုးဝှက် သေတ္တာကို ဖွင့်ပြီး ကြည့်လေ့ ဖတ်လေ့ရှိ၏။ မိမိကလည်း စာပြန်၏။ မိမိနှင့်တကွ လက်ခုပ်ကုန်းရွာကလေးကို အမြဲသတိရကြောင်း၊ နွေလရောက်၍ အပူထန်ချိန်တွင် ပိတောက်ပန်းများကို ပန်ဆင်လျက် လေညင်းခံရန် တစ်ခေါက် လာရောက်ဦးမည့် အကြောင်းတို့ကို ဖတ်ကြည့်သိရှိရသောအခါ လွမ်းရာမှ အတိုင်းမသိ ဝမ်းသာ၏။ ထိုကဲ့သို့ နားဝင်ချိုသော စာပိုဒ်များကို ခဲတံအနီနှင့် အောက်ခြေက မျဉ်းကြောင်းသား၍ မှတ်

ထား လိုပါသော်လည်း လှပဝိုင်းစက်သော ခင်ထွေး၏ လက်ရေးစာလုံးများကို ဂုဏ်သရေ ထိခိုက်စွန်းငြိမည်စိုး၍ မရေးရက်ပေ။ သို့သော် "ကိုထွေး စာမရေးနဲ့တော့၊ ဖေဖေတို့က မကြိုက်ဘူး တဲ့" ဟူသော နှစ်ဝါကျမျှသာ ပါရှိသော နောက်ဆုံးရောက် စာသည် မောင်ထွေး၏ ရင်တွင်းမှ အူအသည်းတို့ကို ရက်စက်စွာ ဆွဲထုတ် ယူငင်သွားသကဲ့သို့ ရှိလေ၏။ လွမ်းရာတွင် အဆွေးဆင့်၍ ဘေးသင့်ရလေတော့၏။ "တော်ပါပေရဲ့ မထွေးရယ်.... ကောင်းပါပေရဲ့ မကြီးထွေးရယ်" ဟု ဆိုစဉ် တဖွဲဖွဲကျနေသော မိုးနှင့်အတူ ရော၍ မျက်ရည်ပေါက်များ ကျလာလေ၏။ "ငါ တောသားမို့ သူ့အဖေကြီးက အဖက်မတန်ဘူး ထင်တာပဲ၊ ခင်ထွေးကလည်း သူ့အဖေဘက် ခပ်ပါပါပဲ ထင်ပါရဲ့။ ငါ ပညာကြိုးစားသင်ပြီး ဘီအေ အောင်တဲ့နေ့ကျမှ ငါ့အစွမ်းကို ပြရမှာပဲ။ ဒီကြားထဲမှာ မထွေး ယောကျ်ားယူသွားရင် ငါတော့ သေရလိမ့်မယ်" ဟု စိတ်ဆိုးရမလို ဝမ်းနည်းရမလို ဖြစ်၏။

ခင်ထွေးမှာလည်း အေးသည် မဟုတ်၊ ဆွေးလျက်ပင် ဖြစ်၏။ မောင်ထွေးထံမှ စာကို တွေ့သွားသော ပွဲကတော်ကြီးက 'ခင်ထွေး.... တောသားကို ဘာ့ကြောင့် ဒါလောက် ဂရုစိုက်ရသလဲ။ စာမတတ် ပေမတတ်နဲ့။ ထွန်တုံးပေါ် ကြီးလာတဲ့လူကို ယူရင် သမီး ဆင်းရဲနေတော့မပေါ့။ သမီး ဆင်းရဲရင် အမေတို့ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မလဲ။ သမီး အလိမ္မာသားပဲ၊ သတိထားမှပေါ့' ဟု အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျ ပြောဆိုသောကြောင့် ခင်ထွေးမှာ ငြင်းဆန်ရန်ခက်လျက် ရှိ၏။ အမိ အဖတို့ စိတ်မချမ်းသာ ဖြစ်မည်စိုး၍ 'ဂရုမစိုက်တော့ပါဘူး' ဟု မျက်စိမှိတ်လျက် ဝန်ခံလိုက်လေ၏။ မိဘ၏ ကျေးဇူးနှင့် မောင်ထွေး၏ အချစ်ကို စိတ်ချိန်ခွင် ထိုးမိ၏။ တစ်ခါ တစ်ခါ မိဘဘက်က သာ၍၊ တစ်ခါ တစ်ခါ မောင်ထွေးဘက်က သာ၏။ ရင်လေးမိ၏။ တအုံ့နွေးနွေးနှင့် ဆွေးမိ၏။ ကံကိုသာ ယိုးမယ်ဖွဲ့ရလေတော့၏။

*

သီတင်းကျွတ်လတွင် ကျင်းပသော ခြောက်လစစ် ၇ ဆင့် စာမေးပွဲ၌ အောင်မြင်သော မောင်ထွေးသည် ရန်ကုန်မြို့ မြို့မတိုင်းရင်းသားကျောင်းသို့ ပြောင်းသွားရလေ၏။ ခင်ထွေးဆီသို့ သွားရောက်လည်ပတ်လိုသော်လည်း ရှက်သည်ကတစ်ကြောင်း၊ စိတ်နာသလိုလို ဖြစ်တာက တစ်ဖုံကြောင့် မသွား ဖြစ်လေ။ "မထွေး ငါ့ကိုမှ သတိရပါဦးမလား။ မြို့သူများဟာ စကားမတည် ပါဘူး၊ ကြောက်ပါပြီဗျာ။ ခင်ဗျားတို့ကိုတော့ နှစ်ထပ်ဆလံ သ ပါရဲ့" ဟု ဆွေးရာတွင် စကားနာကလေးများကို ညှပ်၍ စိတ်ပြေရာပြေကြောင်း ကြံဆောင်ပါသော်လည်း ခဏမျှသာ ပြေသလိုလိုရှိ၍ အတန်ကြာလျှင် ဆွေးမြဲ ဆွေးပြန်တော့၏။ လွမ်းမြဲ လွမ်းပြန်တော့၏။ နွေကျောင်းပိတ်၍ ရွာသို့ ပြန်ရောက်သောအခါ ခင်ထွေးကို ပိုမို သတိရလေ၏။ လာလေဦးမည် လား ဟူသော မျှော်လင့်ချက်ဖြင့် လှေဆိပ်သို့ မယောင်မလည် ဆင်းရသည် မှာ ခဏခဏ။ မြင်ရနိုးနိုးနှင့် ဘိုတဲဆီသို့ သွားရသည်မှာလည်း မအားဖြစ်လေ ၏။ နံနက်ချိန် နွားနို့ညှစ်စဉ် ယခင်က မထွေးအား ဦးစွာ တွေ့ရသော နေရာကို ကသိုဏ်းဝန်းရှုသကဲ့သို့ စူးစိုက်ကြည့်မိ၏။ (ထိုနေရာတွင် ခေါင်း ရင်းက သပြေပင်ကလေးကို တူးရွှေ့ စိုက်ထား၏။ အောင်မြင် ပြီးမြောက်ခြင်း အတိတ်ကို ယူလို၍လား မသိရ။) ဥစ္စာစောင့်မများကဲ့သို့ ဘွားခနဲ ပေါ်လာ ပါတော့ဟု တောင့်တမိ၏။ တစ်လမျှ ကုန်လွန်သွားသော်လည်း ခင်ထွေးတို့ ပေါ်မလာ။ သတင်းစကားကလေးမျှ မကြားရတော့ချေ။ အကြောင်းသော် ကား ပွဲစားကြီးသည် ခင်ထွေးနှင့် မောင်ထွေးတို့ ပြန်ငြိမည်ကို စိုးသောကြောင့် ပေတည်း။

ပိတောက်ပန်းများလည်း သင်္ကြန်မီ ဝေဝေဆာဆာ ပွင့်ကြကုန်၏။ "အို အမောင် ပိတောက်ပန်းတို့ရဲ့၊ သင်တို့၏ သခင်မကလေးဟာ နှင်းဆီကို ချစ်၍ ပိတောက်ကို ပစ်သွားပြီကွယ့်၊ ငါနှင့်သင်တို့မှာ ကံတူအကျိုးပေးချင်းမို့ ဆွေမျိုးတော်တာပေါ့နော်။ ယောကျ်ားကပဲ .... အားခဲရတာပေါ့ကွာ" ဟု အရှုးပမာ ထွေရာလေးပါး ပြောဆိုလျက် ခင်ထွေးအား တမ်းတ လွမ်းဆွတ်

မိလေ၏။ အနောက်အိမ်ကြီးရှိ မှန်တင်ခုံ အံဆွဲထဲတွင် မေ့ကျန်ရစ်ခဲ့သော ခင်ထွေးကိုယ်စား ရင်ထိုးမာတ်ပုံကလေးကို ကြည့်၍သာ တတ်နိုင်သမျှ ဖြေဖျော်ရရှာလေ၏။

ခင်ထွေးမှာလည်း တလွမ်းလွမ်း တဆွေးဆွေး တတမ်းတမ်း တတွေးတွေးကြောင့် ဆယ်တန်းစာမေးပွဲတွင် ကျရှုံးလေ၏။ အားနည်းညှိုးငယ်ပြီးရင်း စိတ်သည် များစွာ ပိုမို၍ မညှိုးငယ်နိုင်တော့ချေ။ ပညာကို ဆက်လက်သင်ရန် စိတ်မရှိသော်လည်း ကျောင်းထွက်နေပါက မိဘတို့၏ နောက်ဆုံးဝတ္တရားကို ဆောင်ရွက်ကြလေမည်လားဟု တွေး၍ ကြောက်မိသောကြောင့် အောင့်သက်သက်နှင့် ဆက်လက်၍ သင်ကြားရပြန်လေ၏။ "သန္ဒေပိုးသည် ပန်းငုံတွင်းဝယ် လှည့်၍ စားလေသကဲ့သို့" အလွမ်းမာတ်တို့သည်လည်း ခင်ထွေး၏ ရင်တွင်း နှလုံးသားကို လှည့်၍ စားလေတော့၏။ လူရှေ့တွင် မပူရပ်ဆင်နေရသော်လည်း မျက်ကွယ်၌ကား မှိုင်တွေငေးမောခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေလေ၏။

နောက်နှစ်တွင် ကံကောင်း ထောက်မသဖြင့် ခင်ထွေးမှာ ဆယ်တန်းစာမေးပွဲကို အောင်မြင်၍ ယခုအခါ တက္ကသိုလ်ကျောင်းတိုက်ဟု ခေါ်သော ယူနီဘာစီတီ ကောလိပ်ကျောင်းကြီးသို့ ပြောင်းရွှေ့လျက် ပညာရင်နို့ သောက်စို့ရ ပြန်လေ၏။ ခင်ထွေး စာမေးပွဲအောင်ကြောင်းကို သတင်းစာထဲတွင် ဖတ်ရ၍ မောင်ထွေးလည်း အလွန်အမင်း ဝမ်းသာ၏။ မိမိမှာကား ထိုအခါတွင် ၁၀ တန်းမျှသာ ရှိသေးပေ၏။ ဤ ၁၀ တန်းကိုပင်လည်း ၆ လစစ် အမျိုးသား ပညာရေးအဖွဲ့ စာမေးပွဲ၏ ကျေးဇူးကြောင့်သာ ရလေသည်။ "ငါ ဘီအေအောင်၍ တင့်တောင့်တင့်တယ်ရှိမှ ခင်ထွေးနဲ့ နီးရလိမ့်မယ်" ဟု နှလုံးပိုက်လျက် ကြိုးစား၍ သင်လေရာ၊ ၁၀ တန်းစာမေးပွဲကို မြို့မကျောင်းမှပင် ချောမောစွာ အောင်မြင်ပြန်လေ၏။ မိုးကျသောအခါ၌ တက္ကသိုလ်ကျောင်းသို့သွားရန် ကြံစည်မိသော်လည်း ခင်ထွေးနှင့် မတွေ့လိုသေး၍ မန္တလေးမြို့ ဥပစာကျောင်းတိုက်တွင် ပညာသင်ကြားနေပြန်၏။

ရန်ကုန်တက္ကသိုလ်ကျောင်းတွင် နေသော မိမိ၏သူငယ်ချင်း လူယုံတော် မောင်မြအား ခင်ထွေးကို ဂရုစိုက် ကြည့်ရှုစုံစမ်း၍ မကြာမကြာ သတင်း ထောက်ရန် မှာထားလေ၏။ ခင်ထွေးသည် ဘီအေ အခေါ် ဝိဇ္ဇာ အကြီးတန်း သား ကိုမောင်လှနှင့် အတော်အကျွမ်းဝင် လက်ခံ စကားပြောလေ့ရှိကြောင်း ကို သိရသောအခါ ဝမ်းတွင်း၌ ဟာ၍ သွားလေ၏။ နေရောင်ကြောင့် နှင်းဖြူများ တဖြည်းဖြည်း ပပျောက်သွားလေသကဲ့သို့ မျှော်လင့်ချက်လည်း ပပျောက်လုမတတ် ဖြစ်သွားလေ၏။

စနေနေ့ ညတစ်ညတွင် တက္ကသိုလ်ကျောင်းတိုက် ပြည်နှင့် တကောင်း ကျောင်းဆောင် သဟာယအဖွဲ့မှ စီစဉ်ခင်းကျင်း ပြသသော အထွေထွေ ပွဲသည်ကား အလွန်စည်ကားလေ၏။ အရှေ့ဆီက ယုဝတီ တစ်သိုက်၊ အနောက်ဆီက ယုဝတီ တစ်သိုက်တို့မှာ ရယ်ကာ ပြုံးကာနှင့် သဘင်၏ အရသာကို ခံစားလျက် ရှိကြ၏။ ဒုတိယ ကုလားထိုင်တန်းတွင် ထိုင်နေသော ကျောင်းတော်သူများ အကြားမှ ခင်ထွေးသည်လည်း ပွဲကြည့် နေလေ၏။ ပဏာမပွဲဦးထွက်နှင့် တကွ နှစ်စခန်းမျှ သိမ်းပြီးနောက် ကြိုးကြပ် သင်ကြားပြသ၍ ကိုယ်တိုင်လည်း အသုံးခံသော ဝိဇ္ဇာ အကြီးတန်းသား ကိုကိုကြီးသည် ပြည်ဖုံးကား ရင်ကွဲကို လှပ်၍ ‘မန္တလေးမြို့ ဥပစာ ကျောင်း တော်သား ကိုမောင်ထွေးက “ဖော်ကွာဝေး” သီချင်းကို ကိုယ်တိုင်ဆို၍ တယောနှင့် အသုံးတော် ခံပါလိမ့်မည်။ ကိုမောင်ထွေးမှာ တယောထိုး ကျွမ်းကျင်လှပါ၍ မန္တလေးမှ အထူး ဖိတ်ကြားခဲ့ရပါသည်’ဟု ပြောလိုက် သောအခါ ကျောင်းတော်သားများက လက်ခုပ်တဖြောင်းဖြောင်း တီး၊ လက်ခေါက်တည်ည် မှုတ်၍ ဩဘာပေးကြလေ၏။ ပြည်ဖုံးကားကြီးသည် ထက်ခြမ်းကွဲ၍ မျက်နှာကြက်ဆီသို့ တက်သွားလေ၏။ ခံ့ညားသော မောင်ထွေးကို မြင်ရသော ပရိသတ်တို့တွင် ချစ်ခင်စိတ်များ အလိုလို ယိုဖိတ် လာလေတော့၏။ ခံ့ညားသော ငွေလက်ပတ်နာရီကြီးသည် သန်မာ ထွား ကျိုင်းသော မောင်ထွေး၏လက်နှင့် အလွန်ပနံရလေ၏။ မန္တလေး ပိုးအင်္ကျီနှင့်

ထားဝယ် ကျူထရံလုံချည်တို့သည် မောင်ထွေး၏ ယောကျ်ားပီသသော အသရေကို အားပေးလျက် ရှိလေ၏။ ခင်ထွေးသည် မောင်ထွေးကို မြင်ရသောအခါ အံ့ဩမိ၏။ သူမှ ဟုတ်ပါလေစဟု ယုံမှားမိ၏။ မျက်နှာသုတ်ပဝါကို ဖိုသီဖတ်သီ ပေါင်း၍ ချည်လုံချည် တိုကောင်းနှင့် ကိုထွေးဟာ ဒီကိုထွေးနှင့် ကွာလှ၏တကားဟု တွေးတော၍ ဝမ်းနည်းရမလို၊ ဝမ်းသာရမလိုနှင့် ခင်ထွေး၏ မျက်နှာမှာ ညှိုးချည်တစ်ခါ၊ လင်းချည်တစ်ချက်ဖြင့် ဖြစ်နေလေ၏။ စူးစူးစိုက်၍ ကြည့်လေ၏။ ခတ်မီးရောင် လင်းလှသောကြောင့် အောက်သို့ ငုံ့လိုက်သော မောင်ထွေး၏မျက်နှာမှာ ခင်ထွေး၏ မျက်နှာနှင့် ဆုံမိလေ၏။ မောင်ထွေးသည် တစ်ဖက်သို့ ချာခနဲ လှည့်သွား၍ တယောကို စမ်းစပြုလေ၏။ တေးခံပြီး၍ သီချင်းကို စတင် သီဆိုလိုက်သည်နှင့် တစ်ပြိုင်နက် နားဆင်ပွဲရှုသူ ပရိသတ်တို့သည် တုတ်တုတ်မျှ မလှုပ်၊ ငြိမ်သက်သွားလေ၏။ မောင်ထွေး၏ ညာဘက်ခြေဖဝါးမှ ချက်မှန်မှန် စီးလိုက်နေသော အသံကိုပင် ကြားရလေ၏။ ခင်ထွေး တစ်ဦးတည်းသာလျှင် မရပ်မတည်နိုင်၊ လှုပ်လှုပ်ရှားရှား ဖြစ်နေလေ၏။ ဝမ်းတွင်း၌ လှိုက်လှိုက်လှဲလှဲ ဖြစ်လာ၏။ လည်လာသော မျက်ရည်ကို လူမြင်မည် စိုးသဖြင့် ငုံ့နေရာမှ ကြည့်လည်း ကြည့်လို၍ ခေါင်းကို ထောင်လိုက်ရာ၊ နှုတ်ခမ်းကလေး တတုန်တုန်နှင့် လေလပဟာကို အမှတ်မဲ့ကြောင်ကြောင်ကြီး ကြည့်နေသော မောင်ထွေး၏ မျက်နှာငယ်ကလေးကို တွေ့ရလေ၏။ မောင်ထွေး၏ စိတ်သည် သီချင်းသံတွင် အတူပါ၍ လေထဲတွင် လွင့်ပါလျက် နေလေရော့သလားဟု တွေးထင်လောက်အောင်ပင် ဖြစ်လေ၏။ သီချင်းဆုံး၍ ပြည်ဖုံးကား ချလိုက်သောအခါ "အင်းကိုး အင်းကိုး" ဟူသော အော်ဟစ်တောင်းပန်သံတို့မှာ အခန်းကြီး ပွင့်သွားမတတ် ဆူညံမြည်ဟည်း သွားလေ၏။ မောင်ထွေးသည် ထွက်လာရပြန်လေ၏။

"ပူပုံတော်ကွက်ကျပ်၊ ရက်သတ်မှု[illegible]းချင်၊ သက်ပြတ်လှဆွေးသည့်အင်ကို၊ တွေးမိလျှင်မချို၊ သိဖူးတဲ့အဖော်လာလျှင်၊ ခေါ်မှာ

တောင် စိုးလို့ ငိုမိ။ ။ နောက် ဆုံးမည့် စခန်းစဉ်ကို၊ လမ်းပြင်
ပြင် မသိ၊ ပန်းသဇင် နေထိသို့၊ ကြွေရိုတဲ့ခေတ်ဝယ်၊ မော်သံဆိုကြား
လျှင် ထိတ်ပါငဲ့၊ ကြားချင်စိတ် ကင်းလှပါတော့တယ်။ ။လူဖြစ်
ရ ဘဝနယ်မှာ၊ ခဏကွယ် မကြည်ရတာမို့၊ သည်ဘဝ သိမ်းခဲ့လျှင်၊
ငြိမ်းမယ်လို့ ထင်။ ။ သွားပါတော့ အသက်ကို နှင်လျှင်၊
မထွက်ချင် ခင်လွန်းလို့လေး။”

ဟူသော တေးထပ်ကို သာယာကြည်နူးဖွယ် ဆို၍ တယောဖြင့် လိုက်တီးလေ၏။ တိုင်တစ်တိုင်နားတွင် ထိုင်နေသော ကျောင်းသား တစ်ယောက်က မိမိသူငယ်ချင်းအား ‘ကိုထွေးက မင့်ကို စောင်းဆိုနေပါကလား ကွ’ ဟု နောက်တောက်တောက် ပြောလေ၏။ ခင်ထွေး၏ ရင်တွင်း စားဖို ခွင်တွင် မေ့ပျောက်ခြင်း ပြာဖုံးလျက်ရှိသော အချစ်မီးကျိုးစုကို မောင်ထွေး၏ သီချင်းသံလေညင်းက ဖွေ့ခတ်တိုက်ခိုက်လေသောကြောင့် တရဲရဲ တောက်လာပြန်လေ၏။ “ကိုထွေးဟာ အကဲနံ့သလောက် မထုံပါကလား၊ လူပုံ ထိုင်းသလောက်လည်း မရိုင်းပါကလား။ ဖေဖေတော့ ဒီတစ်ခါ လူကဲခတ် လွဲပြီ။ ဆိုလိုက်တဲ့ တေးသွားကိုထောက်တော့ ကိုထွေးဟာ ငါတို့ကို စိတ်ဆိုး ဟန် မရ။ ဩော် ကိုထွေး ကိုထွေး” ဟု စိတ်တွင် တွေးတောရွတ်ဆို နေစဉ် အနီးရှိ သူငယ်ချင်းတစ်ယောက်က လက်တို့လိုက်၍ ‘ကိုထွေး’ ဟု ရောယောင် ဆိုမိလေ၏။ ထိုနေ့မှစ၍ သူငယ်ချင်းများသည် ခင်ထွေးအား “ထွေးနှစ်ဖော်” ဟု အမည်ပေး၍ ကျီစားကြလေ၏။ ခင်ထွေး၏ စာအုပ်များ တွင် “ထွေးနှစ်ဖော်” ဟူသော စာလုံးကို တီတ်တီတ်ခိုး ရေးထားကြလေ၏။ ထိုအမည်ကို ကြားရ မြင်ရတိုင်း အချစ်မီး အလွှမ်းမီးများ တောက်လောင်၍ စာမကြည့်နိုင်သောကြောင့် ဥပစာ အကြီးတန်းတွင် ကျရှုံးပြန်လေ၏။ သို့ဖြစ်၍ နွေသစ်ဆန်းလိုက်၊ မိုးဦးကျလိုက်၊ ဆောင်းဦးပေါက်လိုက်နှင့် တစ်နှစ် ကုန်သွားလေ၏။

နယုန်လ မိုးသားတို့သည် ရှစ်ခွင်တွင် မှိုင်းအုံလျက် ရှိလေ၏။ တက္ကသိုလ်ကျောင်းကြီးလည်း အိပ်ရာမှ နိုးလာသောအလား ကျောင်းသား

ကျောင်းသူများ စည်ကား၍ လာပြန်လေ၏။ ခင်ထွေးသည် အဖော်များနှင့် အတူ အတန်းသစ်တက်ရန် စင်္ကြံလမ်းတွင် လျှောက်သွားရာ ပိဋကတ်တိုက်နား၌ မယောင်မလည် ဟိုဒီကြည့်နေသော မောင်ထွေးအား တွေ့လေ၏။ အဖော်များက 'ထွေးနှစ်ဖော် .... ထွေးနှစ်ဖော်' ဟု ခေါ်၍ သရော်ကြပြန်သောကြောင့် နှုတ်ဆက်မည် ပြင်နေသော နှုတ်ခမ်းကလေးကို ပြန်၍ စေ့လိုက်ရလေ၏။ နှုတ်ဆက်ရန် အားယူနေသော မောင်ထွေးသည် ဤအခြင်းအရာကို တွေ့၍ မျက်နှာညှိုးသွားပြီးလျှင် ရှက်ကိုးရှက်ကန်းနှင့် ပိဋကတ်တိုက်ထဲသို့ ဝင်သွားလေ၏။ ခင်ထွေးတို့လူစု လွန်သွားသောအခါမှ ထွက်လာ၍ တစေ့တစောင်း ကြည့်လိုက်ရာ ထောင့်တစ်ခုတွင် ဥပဒေကျောင်းသားသစ်ကိုလှဆိုသူ လူရည်ချောချော တစ်ယောက်နှင့် ရပ်၍ စကားပြောနေသော ခင်ထွေးကို မြင်ရလေ၏။ စိတ်ပျက်မိ၏။ အားငယ်မိ၏။ ဝမ်းနည်းမိ၏။ မြို့သူကို အကြိုက်မှား၍ ပူပင်သောက များရပြီ တကားဟု တွေးမိ၏။ ထိုအချိန်မှစ၍ ခင်ထွေးအား တစ်တန်းတည်း နေခြင်းပင် ဖြစ်သော်လည်း မတွေ့ဆုံရအောင် ရှောင်ခဲ့လေ၏။ သို့နှင့် တစ်နှစ် ကုန်ပြန်လေ၏။ အပူမီးမှုကား မပျောက်ရုံမက တိုး၍ တောက်လောင်လေ၏။

ခင်ထွေးသည် မောင်ထွေး၏ အမူအရာကို ရိပ်မိ၍ "ဘယ်သူက ဘာပြောပြော ဒီတစ်ခါ ကိုထွေးနှင့်တွေ့လျှင် နှုတ်ဆက်ပါတော့မည်" ဟု စိတ်သန္နိဋ္ဌာန် ချသည့် နေ့မှစလျက် ဝိဇ္ဇာ အကြီးတန်းသို့ ရောက်သည့်တိုင်အောင် တစ်ခါမျှ မတွေ့ရတော့ချေ။

တန်ဆောင်မုန်းလ၏ တစ်ခုသော နံနက်သည်ကား သာယာလှပေ၏။ ကျောင်းသို့လာရာ ကုက္ကိုင်းလမ်းတွင် ရာသီမဟုတ် ဖူးပွင့်နေသော ကွမ်းသီးပန်း၏ ရနံ့ကို ခံယူခဲ့ရသော ခင်ထွေးမှာ ခါတိုင်းနှင့်မတူ၊ အမူကွဲပြား၍ အလိုအလျောက် ကြည်လင်ရွှင်ပျလျက် ရှိလေ၏။

ပင်လယ်ကမ်းက လှိုင်းရိုက်သံကို ကြားယောင်မိလျက် ရှိ၏။ နေ့လယ်ခင်းတွင် အတန်းမရှိတော့၍ စာအုပ်ငှားရန် ပိဋကတ်တိုက်သို့ သွားလေ၏။

ဗီရိုနှစ်ခုအကြား ထွက်ပေါက်တစ်ခုသာ ရှိသော ချောင်တစ်ခုတွင် စာအုပ် အမည်များကို ဖတ်နေသော မောင်ထွေးအား ရုတ်တရက် တွေ့လေ၏။ ကံကောင်းလေခြင်းဟု အံ့သြမိ၏။ အကြံအောင်တော့မည်ဟု ဝမ်းသာမိ၏။ မောင်ထွေးသည် ကြောင်တက်တက်ကြီးဖြစ်၍ နေလေ၏။ ညက မက်သော အိပ်မက်ကို ယခုထက်တိုင် မက်နေလေရော့သလားဟု တွေးတောမိလေ၏။ အခွင့်ကောင်းကို ရသော ခင်ထွေးသည် အပိုအဖျင်း မနေဘဲ လိုရင်းသဘော ကို တိုတိုနှင့် ပြောလိုက်သည်မှာ–

'ကိုထွေး၊ ဘာဖြစ်လို့ ရှောင်ရှောင်နေသလဲ'

'ကိုထွေးနဲ့ စကားပြောရင် မထွေးမှာ ဂုဏ်ပျက်သွားမည်ကို စိုးရိမ်လို့ ပါ။ မထွေး ချမ်းသာမှာကို ကိုထွေး မပိတ်ပင်ချင်လို့ပါ'ဟု အထက် မျက်နှာ ကြက်ကို ကြည့်၍ ပြောလေ၏။

'ဘာဖြစ်လို့ မထွေးမှာ ဂုဏ်ပျက်ရမှာလဲ၊ ကိုထွေးနဲ့ သိတယ်ဆိုရင် မထွေးမှာ ဂုဏ်တက်စရာတောင် ရှိပါသေးတယ်'

'ဩော်.... ကိုထွေးက ဒီကျောင်းမှာ လူသစ်ပါ။ မထွေးနဲ့ စကားပြော တာကို မလိုတဲ့ မြို့သားတွေက နှိပ်စက်မှုဖြင့် ယောင်ပေပေ တောသားမှာ ဒုက္ခများသထက် များမည်ကိုလည်း ကြောက်ရပါသေးတယ်။ အသိမလုပ်ချင် လုပ်ချင်နဲ့ အသိလုပ်နေရတဲ့ မထွေးကိုလည်း စိတ်မကောင်း မဖြစ်စေချင် ပါဘူး။ ခုတောင်မှ မရှောင်သာလို့ စကားပြောနေရတာ ထင်ပါရဲ့.... ဖယ် မထွေး၊ ကျုပ် သွားပါရစေတော့။ ကိုလှတို့ အသံကြားတယ်'ဟု ပြော၍ ထွက်ပေါက်ကို ရှာလေ၏။ မထွေးက လမ်းမပေးဘဲ ငိုမဲ့မဲ့ မျက်နှာနှင့် ပြောပြန်သည်မှာ–

'ကိုထွေး ဒါတွေကို ပြောမယ်ဆိုတာ သိပါတယ်။ ဒါတွေကို ရှင်းလင်းပြချင်လွန်းလို့ ကိုထွေးကို မရမက လိုက်ရှာနေတာပဲ။ ဒီနေ့မှ ဘုရားသိကြား မလို့ တွေ့ရတော့တယ်။ ကိုထွေး အထင်များကွန်ပြီ၊ အလိုက် သင့် ပေါင်းသင်းနေပေမဲ့ ခင်ထွေးဟာ ဘယ်သူနဲ့မှ ဘာမှ မဖြစ်ပါဘူး။ ကိုထွေးကိုသာ သတိရပြီး တမ်းတနေပါတယ်။ ကိုထွေး အကြောင်းတွေ

ဖေဖေတို့ကို ပြောပြလို့ အားလုံးကပဲ သဘောမျှကြပါပြီ။ ကိုထွေးကို အိမ်ခေါ်လာဖို့တောင် ခဏခဏ မှာနေပါသေးတယ်။ အခုလည်း မထွေး အိမ်ပြန်တော့ မလို့ပဲ။ ကိုထွေး လိုက်ခဲ့ရမယ်'ဟု ခေါ်လေ၏။ လက်နှင့် အတင်းအဓမ္မ ဆွဲငင်၍ မခေါ်သော်လည်း မျက်ရည်ဝဲသော မျက်လုံးအစုံက ဆွဲငင်လေသောကြောင့် မောင်ထွေးသည် ခင်ထွေးနှင့်အတူ ကားပေါ်သို့ တက်၍ လိုက်ပါသွားလေ၏။

ယခုမူကား ဝိဇ္ဇာဘွဲ့ ရပြီးဖြစ်သော ဝိဇ္ဇာမရေ ထွေးနှစ်ဖော်တို့သည် ရန်ကုန်မြို့တွင် စပါးပွဲစား အလုပ်ဖြင့် ပျော်ရွှင်စွာ နေထိုင်ကြလေသတည်း။

ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့မှာကား ဦးရွှေချို၊ ဒေါ်လှဦးတို့နှင့်အတူ ပင်လယ်တွင် အေးချမ်းစွာ နေကြလေသတည်း။

*

## သာ ဒွေ ပြန့်

မြဖူးရွှေပွင့်၊ မြရွက်ရွှေခက်တို့ဖြင့် စိမ်းလန်းစိုပြည် သာယာသော ပိတောက်ပင်ကြီး၏ အေးချမ်းသော အရိပ်အောက် မြက်ခင်းထက်တွင် "ထွေးနှစ်ဖော်" တို့သည် ပင်လယ်လေကို အားပါးတရ ရှူရှိုက်လျက် ထိုင်နေကြလေ၏။

'ကိုထွေး၊ ပိတောက်ပန်းကလေးတွေ ခူးပေးစမ်းပါ'

'မလိုချင်ပါနဲ့ကွယ်.... မထွေးက ခူးခိုင်းတော့ ကျုပ်တို့ သူငယ်ချင်း တစ်ယောက် ကျောင်းမဂ္ဂဇင်းထဲမှာ ရေးတဲ့ ကဗျာကို သွားသတိရတယ်'

'ဩော်.... အဟုတ်သားပဲ၊ ကျွန်မလည်း ဖတ်လိုက်ရပါတယ်။ **ကျောင်းချစ်** ဆိုတဲ့လူ ရေးတာ မဟုတ်လား။ တယ်ကောင်းတဲ့ နှောက်တိုး ကဗျာကလေးပဲ။ ကိုထွေး ရရင် ဆိုပြစမ်းပါ'

မောင်ထွေးသည် အသံနေ အသံထားနှင့် အောက်ပါအတိုင်း ဆို၍ ပြလေ၏။

### ပိတောက်ပန်းဘွဲ့ လေးချိုး

မခူးချင်စမ်းပါနဲ့ကွယ်။ ဩော်.... မခူးချင်စမ်းပါနဲ့၊ နှစ်ဆန်း
ခါတော်မီမို့၊ ဇမ္ဗော်ရည် ပြေပြေလိမ်းကာပါ၊ ခပ်သိမ်း နယ်စုံစုံသို့၊

ပွင့်ငုံကို လင့်ကုန်ကြတော့လို့၊ ခေါင်းကြွကာ ဆာဝေဝေနဲ့၊ သူ့လဲလေ လောကီသားလိုပ်၊ ကြွားချင်လှ ပေလိမ့်မယ်။ ။ တသိန်တင့်ပါဘိ၊ တိမ်မြင့် ရိုပြာပြာက၊ ကြည်သာသာ ပင့်လေအဖြူးတွင်ဖြင့်၊ တီတာတာ ပွင့်ရွှေဖူးငယ်တို့၊ လည်ယှက်ကာ ဘယ်ညာလူးလေတော့၊ သူတို့လို ဘယ်သူမြူးနိုင်ပ့ါ၊ ထူးပါဘိတယ်။ ။ တဝါဝါ ဆင်သက်န်းရယ်က၊ ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့၊ သာသနာ ရှင်ရှင်လန်းအောင်လို့၊ တမင်မှန်းကာပ့ါ သတိဆွယ်၊ ရည်ရွယ်တော့သလား။ ။ ခူးပါ နဲ့ကွယ်.... ပွင့်ဖူးမှာ အဝါခြယ်၍၊ မာလာ အလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်၊ နှစ်ဆုံးကုန် အတာဝင်သို့၊ မာန်အင်ကို ဉာဏ်ဆင်မွေးကာပ့ါ၊ အရေး အခါသာမှ၊ ခမျာမှာ တစ်ဂုဏ်ဆန်းရတယ်၊ ပန်းပိတောက်များ။

ကျော်ချစ်

'စကားကောင်းနေလိုက်ကြတာ၊ နေတောင် အတော်စောင်းသွားပါပကော။ နက်ဖြန် မောင်ချစ်တို့၊ မောင်မြတို့၊ မကြည်အုံးတို့ ရောက်ကြလိမ့်မယ်။ အနောက်အိမ်ကြီးကို ရှင်းလင်းထားရမှာပဲ။ ဟိုအရင် မခင်ထွေးဆိုတဲ့ မြို့သူကြီးတို့ လာတုန်းကတော့ ကျုပ်ကိုယ်တိုင်ပဲ ရှင်းပေးရတယ်'

'ဩော်.... ဟုတ်လား၊ ဒေါ်ဖွေးတုတ် ပြောပြလို့ ကြားဖူးပါတယ်။ အဲဒီတုန်းက တောသားကလေး တစ်ယောက်ဟာ မခင်ထွေးကို နောက်ပိုးကြိုက်လို့ ရူးသွားတယ် ဆိုပါကလား'

'ဟုတ်တယ် ထင်ပါရဲ့'

ဟု မောင်ထွေးက အီလယ်လယ် စပ်ဖြဲဖြဲ မျက်နှာကြီးနှင့် ပြောနေသည်ကို ပိတောက်ပင် ခွကြားက ပုတ်သင်ညိုကလေးသည် ဦးခေါင်းကို ညိတ်ကာ ညိတ်ကာနှင့် နားစိုက်ထောင်နေလေသတည်း။

[ ကဝိမျက်မှန် မဂ္ဂဇင်း၊ အတွဲ(၅)၊ အမှတ်(၅)၊ ဩဂုတ်လ ၁၉၃၁ ]

## ရှေးခေတ်ပဟောင်း

စိပ်ပုတီးနှင့် ပျော်နေသော မိအို ဖအိုကြီးတို့အား အဖော်အလျော် မရှိ၊ တစ်ကိုယ်ထီးတည်း ခြေဆုပ် လက်နယ် ဆေးပေးမီးယူ ရေပူ ရေချမ်း ကမ်းလှမ်းနေရသော မြဝတ်ရည်မှာ တစ်ခါ တစ်ခါ အလွန်ပင် ပျင်းမိ၏။

နံနက်ခင်းတစ်ခုတွင် ဆွမ်းကွမ်းကိစ္စ ဆောင်ရွက်ပြီးပြီဖြစ်၍ ခပ်ပျင်းပျင်း ရှိသည်နှင့် အိမ်အနောက်ဘက် စပါးကျီကို ဆွယ်လျက် ဆောက်လုပ်ထားသော အခန်းငယ်တစ်ခု အတွင်းသို့ ဝင်သွားပါသည်။ တံခါးကျင်ကို ဖြုတ်၍ တံခါးတစ်ခုကို ဖွင့်လိုက်မှ အလင်းရောင် အနည်းငယ် ရပါသည်။

တံခါးရွက်အနီးတွင် နီးအုပ်ဆောင်းနှင့် ဖုံးထားသော ပုဆိုးတစ်ပတ်လောက်ရှိ ဒေါင်းလန်းကြီးတစ်ခုကို တွေ့ရပါသည်။ မြဝတ်ရည်မှာ ကတ်သီးကတ်သတ် သိမြင်လိုသော သတ္တိရှိသည့်အတိုင်း အုပ်ဆောင်းကို ဖွင့်မိ၏။ သစ်လွင်စဉ် ကာလက အလွန်လှခဲ့ဟန်ရှိသော ကြွေလက်ဖက်ရည် ကရားဖြူလည်ပင်းရှည်ကြီး တစ်အိုး၊ ဆန်ချည်တန်း အက်၍ အက်၍နေသော ကျေးဥရောင် ကြွေပန်းကန်လုံး ငါးလုံး၊ ကန်စွန်းပွင့် ကန်စွန်းနွယ်တို့ဖြင့် တင့်တယ်သော ကြွေဇလုံကြီး တစ်၊ ကြွေဖွန်းပဲ့ တစ်တို့ကို တွေ့ရပါ၏။ မြဝတ်ရည်ဘိုးအေ ဘွားအေတို့၏ ပစ္စည်းများဖြစ်၍ ကျေးလက် ရွာငယ်တို့တွင် ထိုစဉ်အခါက အလွန်မျက်နှာကြီးသော အိမ်ထောင် ပရိဘောဂများ ဖြစ်ပေရာ၏။ ။ ယခုအခါတွင်ကား ငါးပိနှင့်ဝေး ဆားနှမ်းရော၍ ရွှေရေးလည်းပျက် ကြွေဆေး အက်လေပြီ။

ထောင့်တစ်ထောင့်တွင်ကား ဖုန်မှုန့် ပိုးအိမ်တို့နှင့် မိတ်ဆွေဖွဲ့နေသော ရုပ်စုံ ကျွန်းသေတ္တာကြီး တစ်လုံးကို တွေ့ရ၏။ ဖွင့်ကြည့်လိုက် အထက်တွင် ရှိသော ကျောက်ကာအုပ်ကြီးကို ယူလိုက်ရာ အသိုက်တွင်းမှ ကြွက်ဝမ်းဖြူ တစ်ကောင်သည် မြဝတ်ရည်လက်ကို တိုးဖွေ့ ထွက်ပြေးသောကြောင့် လန့်ဖျပ် ယောင်ယမ်း အုပ်မကြီးကို ပစ်ချလိုက်မိ၏။ မိခင်သာ ထိုအခါက မြင်ရပါမူ အဘွား၏ ပစ္စည်းကို မရိုသေရကောင်းလားဟု မြဝတ်ရည်အား အပြစ်တင်မည်မှာ မုချပင်။ ထိုနောက်မှ တစ်ကိုယ်တည်း ပြုံးမိ၏။ "ကျပ်ခိုး စင် ငါးကင်ချောင်းတဲ့ ကြွက်ကယ်။ ။ ဝိမလုပ်ပါနဲ့၊ ကြောင်ခုတ်လို့ သေလိမ့်မယ်"ဟု တိုးတိုးဆိုမိ၏။ မနိုင့်တနိုင်နှင့် သေတ္တာကြီးကို ဖွင့်ကြည့် ရာ ဘေးတစ်ဖက်တွင် အလျားလိုက် စောင်း၍ထားသော ငှက်ကြီးတောင် ဓားတစ်စင်းကို တွေ့ရ၏။ ဓားအိမ်တွင် ကွပ်ထားသော ငွေပတ်တစ်ခုတွင် "သို့င်"ဟူသော အမည်ကို တွေ့ရ၍ ဖခင် မကြာခဏ ပြောဖူးသော ဖခင်၏ ဘိုးအေ တဝင့်ဝင့်နှင့် လက်မှ မချသော ဓားဟု သိရ၏။ ။ ယခုအခါတွင် ကား သံချေးကတက် ဓားခွေးပျက်၍ ယှဉ်ဖက်နှင့်ဝေး သခင်လည်း ဆွေးလေ ပြီ။

အလွန်ဆွေးမြည့်နေသော ပိုးပဝါတို့ဖြင့် ထုပ်စည်းထားသော အထုပ် လျားလျားတို့ကို တွေ့ရ၍ တစ်ခုကို ဖြေကြည့်ရာ ပေစာများကို တွေ့ရပါ သည်။ ရွှေရောင် အစအနများကိုလည်း ဟသ်ပဒါးရောင်နှင့် ရော၍ မြင်ရပါ ၏။ ရှေးအခါက ရွှေတဝင်းဝင်းနှင့် ဖြစ်ပေလိမ့်မည်။ စာထုပ်ကို ပတ်ထား သော ကြိုးပြားတွင် ချည်နက်ဖြင့် အကွက်ဖော်ထားသော စာတမ်းတစ်ခုကို တွေ့ရ၏။ "၁၂ ရွာအုပ် ဘိုးထော်ပံ၏ စာ"ဟု ဖတ်ရ၍ အဘိုး၏ စာမှန်း သိရ၏။ စာမှာ အခြားမဟုတ်။ ပါရမီတော်ခန်းပျို့ ဖြစ်ပါသည်။ ။ ယခု အခါတွင်ကား ကမ္ဘလွှေကျိုး သရေညှိုး၍ နှောင်ကြိုးလည်းမွဲ ပိုးလည်း ခဲလေပြီ။

သေတ္တာဘေးတွင် မြှောင်၍ထားသော အံငယ်တစ်ခုကိုလည်း ဖွင့်

ကြည့်မိ၏။ ပယင်းနားတောင်း နှစ်စုံ၊ မင်ကြောင်ထိုးသော စုတ်တစ်ချောင်း၊ ကုံ့ကူဆံ အတိုအစ လေး ငါး ခု၊ အလွန်ဟောင်းသော ပေရွက် ဇာတာ သုံးစောင်တို့ကို တွေ့ရ၏။ ။ ယခုအခါတွင်ကား သခင်မဆုံး မင်မသုံး ဘဲ သင်ပုန်းမကြဲ ပုဏ္ဏား သုန်လေပြီ။

ထိုကျွန်းသေတ္တာကြီးကို မှီ၍ ညှိုးငယ် တိတ်ဆိတ်စွာရှိသော စောင်း ကောက်အိုကြီး တစ်ခုကိုလည်း တွေ့ရ၏။ ရှေးအခါက လရောင်အောက်တွင် သခင်နှင့်အတူ ချစ်သူကို ရည်မှန်း၍ လွမ်းချင်း တမ်းချင်းတို့ဖြင့် ပျော်ခဲ့ သော ရက်တို့ကို တွေးတော၍ ဆွေးမော ဖိုလှိုက်နေဟန် ရှိ၏။ ။ ယခု အခါတွင်ကား ပတ်ပျိုးနှင့်လွဲ ကြိုးနှင့်ကွဲ၍ မှောင်ထဲတွင်သာ စံရှာလေပြီ။

အရှေ့ ထရံဘက်သို့ ကြည့်လိုက်ပြန်ရာတွင် ရက်ကန်းစင်ဟောင်း တစ်ခုကို မြင်ရ၏။ ကိန္နရာရုပ် စက်သီးမောင်နှံတို့ မသိရ မကရသည်မှာ မည်မျှ ကြာလေပြီ မသိ။ ပင့်ကူမျှင်တို့နှင့် အထွေးသား။ တန်းတစ်ခုမှာ တွဲလျားကျလျက် ရှိ၏။ ထိုကိန္နရာ မောင်နှံတို့ကို ဗာရာဏ ပြည်သနင်းက ပင့်ကူမင်း အဆွေတော်ကို ဖမ်းတော်မူ ခိုင်းရှာသလားဟု အတွေးများပင် ချွတ်မိပါ၏။ လှေငယ်သဏ္ဍာန် လွန်းနှစ်ခု၊ ကြေးရင်သွားအို တစ်ခု၊ ကျိုးပဲ့ နေသော ရစ်တစ်ခုတို့မှာ ရက်ကန်းစင် ပေါင်အတွင်းတွင် စုပုံရှုပ်ထွေးလျက် ရှိ၏။ လက်ပုတ်ချားကြီးမှာလည်း ထူမည့်သူ မရှိ။ ကြမ်းထက်တွင် လဲပြို လျက် ရှိ၏။ ။ ယခုအခါတွင်ကား ရှယ်မည့်သူဝေး ရက်သူဝေး၍ တေးသံ လည်း ငြိမ် ခေတ်လည်း တိမ်လေပြီ။

ထိုအခါ၌ မြဝတ်ရည်သည် ရက်ကန်းခုံတိုင်ကို မှီ၍ ထွေရာလေးပါး စဉ်းစားတွေးတောမိ၏။ အဘိုး ဘိုးထော်ပံသည် အိမ်ဦးခန်း ကျွန်းတိုင်ကြီး ကို မှီ၍ ကွမ်းဝါးရင်း ပေစာထုပ်ကို ဖွင့်နေသည်ကို လည်းကောင်း၊ မိခင် ဒေါ်သာလိမှာ ရက်ကန်းစင်တွင် ထိုင်၍ "ကျောင်းကြီးပေါ်မှာ မပျော်ရင် ထွက်ခဲ့ မောင်ရယ်။ ။ ရွှေရစ်တံ ထိုးပါလို့ တိမ်မှိုင်းဆင် ရက်လှည့်မယ်" ဟု အဘိုးမကြားအောင် တအေးအေးဆို၍ လက်ခတ်သံ တချွင်ချွင်၊ ချစ်ခင်

သူ ပေါ်လာနိုးနှင့် မျှော်ကိုးရင်း ရက်ကန်းရက်နေသည်ကို လည်းကောင်း၊ ဦးကြီး ဦးရွှေကြုတ်မှာ အိမ်ရှေ့ ခရေပင်အောက် ကွပ်ပျစ်ထက်တွင် ဆောင်းကြိုးညှိရင်း သီချင်းစ ပျိုးနေရာမှ ကြက်ပိုက်၍ လာသော သူငယ်ချင်းနောက်သို့ ဆောင်းကြိုးကို ပစ်ခဲ့၍ ကောက်ကောက်ပါအောင် လိုက်သွားသည်ကို လည်းကောင်း၊ ဘွားအေ ဘွားသာအေးမှာ သင်ပုတ်ပလ္လင်တွင် ဆွမ်းတော်စွန့်ရင်း အမျှဝေနေသည်ကို လည်းကောင်း အကြောင်း အားလျော်စွာ သာယာနှစ်လိုဖွယ်သော အချက်တို့ကို တွေးမိ တောမိ ထင်မြင်ကြားယောင်မိပါ၏။ လွမ်းမိ တမ်းမိ နွမ်းလျမိပါတော့၏။

[ တက္ကသိုလ်ကျောင်းသားများအသင်း မဂ္ဂဇင်း၊ ဇန်နဝါရီ ၁၉၃၂ ]

# မောင်နှမ

'အောက်အိအီးအွတ်' ....ဟူသော လင်းကြက်တွန်သံနှင့်အတူ မောင်လှထူးနှင့် မမြဦးတို့ မောင်နှင့်နှမသည် အိပ်ရာမှ ထကြ၍၊ ကဲလားကို အသာလှပ်ပြီးလျှင် အိမ်ရှေ့ရှိ မုန့်ဖိုကလေးအတွင်း၌ မီးမွှေးသူက မွှေး၊ မုန့်ဖျော်သူက ဖျော်ကြလေ၏။ မုန့်လုပ်ဖို့ရန် အသင့် စီစဉ်ပြီးစီးသော အခါတွင် မောင်လှထူးသည် လယ်တွန်အကျီနှင့် ခမောက်ကို ယူ၍ နှမငယ်အား မှာထားဖွယ်တို့ကို မှာထား နှုတ်ဆက်ပြီးလျှင် လယ်ကွင်းဘက်သို့ ထွက်သွားခြင်းကား မိုးရာသီတွင် နေ့စဉ်အလုပ် ဖြစ်ပေ၏။

မောင်လှထူး၏ မိဘနှစ်ပါးမှာ တုပ်ကွေးကြီး ထ သောနှစ်က ကွယ်လွန်ခဲ့၏။ နှမကလေး အိမ်ထောင်ရက်သားကျ၍ စိတ်ချရသောအခါမှ မိမိလည်း အိုးအိမ်တည်ထောင်ပါတော့မည်ဟု မောင်လှထူးသည် လူပျိုကြီးဘဝနှင့်ပင် နေခဲ့၏။ ကမ္ဘာစောင့် လူပျိုသိုးကြီးဟု အရပ်က သရော်သော်လည်း ဂရုမစိုက်။ လောကတွင် မိမိ ပြုစုလုပ်ကျွေးစရာ ဤနှမကလေးတစ်ယောက်သာ ရှိသကဲ့သို့ လုပ်ကိုင်၍ ရသမျှငွေကို နှမကလေးအားသာ အပ်၏။ မမြဦး စိတ်ပျော်ဖို့ကိုသာလျှင် နှလုံးသွင်း၏။ မိမိအတွက်ကား တော်သင့်ရုံနှင့်ပင် မျှတ တင်းတိမ်လေ၏။

မမြဦးမှာလည်း မောင်ကြီး ကိုလှထူးကို အဖသဖွယ် ချစ်ကြောက်ရှိသေ၏။ မိမိဘက်က တာဝန်မလစ်ဟင်းရလေအောင် အိမ်တွင်းမှုတို့ကို တစ်ခုမလပ် ပိပိပြားပြား လုပ်ကိုင်ဆောင်ရွက် ထိန်းသိမ်း၏။ အချိန်အားများတွင် ရွာရှိကလေးများ နှစ်သက်တတ်သော ရာသီအလိုက် မုန့်များကို လုပ်၍ရောင်း၏။ လုပ်ကိုင်ရာမှ အမြတ်အစွန်းကလေးများကို မောင်ကြီး အိမ်ထောင် ပြုသောအခါ လက်ဖွဲ့ဖို့ရန်ဟု ကျစ်ကျစ်ပါအောင် ထုပ်၍ထား၏။

တစ်နှစ်သော် အိမ်ထောင်ပြုနိုးနှင့် စောင့်မျှော်၍ နေပါသော်လည်း မောင်လှထူးမှာ လူပျိုကြီးဘဝတွင်ပင် ရှိသေး၏။ အရှေ့ဖျားက အပျိုကြီး မဒွေးလှ ယောကျ်ားရ၍ ကလေးအမေ အခေါ်ခံရသော အနေသို့ ရောက်သောကာလ တိုင်အောင်လည်း မောင်လှထူးမှာ တစ်ကိုယ်ရေ တစ်ကာယပင် ရှိသေး၏။ ထိုမျှလောက် တစ်ဦးကို တစ်ဦးက ချစ်ခင်ကြင်နာသော နှမမျိုးကို အရပ်လေးမျက်နှာတွင် မတွေ့ဖူးသေးပါဘူးဟု မန္တလေးမြို့သို့ ဘုရားဖူးတစ်ခေါက် ရောက်ဖူးသော ဥပသကာကြီး ဦးနီတိုးကပင် မကြာခဏ ပြောဆိုချီးမွမ်း၏။

တစ်မိုး၊ တစ်ဆောင်း လုပ်၍ လယ်ကွင်းကိစ္စများ ပြီးစီးသောအခါ မောင်လှထူးသည် မြို့သို့ ဆန်ရောင်းထွက်သော သမ္ဗန်တွင် နဝလီ အငှား လိုက်လေ့ ရှိ၏။ မြို့မှ ပြန်လာသော အခါတိုင်းမှာပင် နှမကလေးအတွက် တစ်ခုခု ဝယ်မလာဟူ၍ မရှိ။ သရက်ထည် လုံချည်ဆန်းကလေး ဖြစ်စေ၊ စက္ကူပန်းကလေးများ ဖြစ်စေ၊ ထမင်းချိုးကြော်ကလေး အစိတ်သား ငါးဆယ်သားလောက် ဖြစ်စေ၊ တစ်ခုခု ဝယ်လာရမှ ကျေနပ်သည်ဟု ပြော၏။ ထိုသို့သော အကြောင်းများကြောင့် မမြဦးမှာ ဆင်းရဲသည်ပင် ဖြစ်သော်လည်း ပြောင်ပြောင်နှင့် ဆင်းရဲရ၏။ မောင်ကြီး၏ ဣန္ဒြေသိက္ခာ တန်ခိုးကြောင့် မမြဦးကိုလည်း ရပ်ရွာက ရိုသေခံညား ခင်မင်၏။ မြေပိုင်ရှင် ဦးမင်းဟန်၏ သမီးများနှင့်ပင် တွဲ၍ ဘုရားသွား ကျောင်းတက် ပြုရ၏။ တစ်ခါက ၎င်းတို့နှင့် အတူ လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီကြီးသို့ သွားရောက် ဖူးမြော်ဖူး၏။ ထိုစဉ်အခါက အင်္ဂလိပ် "တောမြိုင်စွန်း" ကားကိုလည်း ကြည့်ခဲ့ရသည်၊ တိရစ္ဆာန်ရုံသို့လည်း ရောက်ခဲ့ရသည်၊ ဓာတ်ရထားကိုလည်း စီးခဲ့ရသည်ဟု မကြာခဏ ပြောလေ့ရှိ၏။ ထိုစဉ်အခါကပင် စားခဲ့ရဖူးသော ထမင်းချိုးကြော်ကို မောင်ကြီး မြို့သို့သွားတိုင်း ဝယ်ခဲ့ပါရန် မှာ၏။ မောင်လှထူးလည်း အထူး ဂရုစိုက် ဝယ်ခဲ့လေ့ ရှိ၏။

ထိုသို့ နေထိုင်လာခဲ့ကြရာ မမြဦး အပျိုကြီးဖားဖား ဖြစ်သောကာလသို့ ရောက်ခဲ့လေ၏။ မောင်လှထူးသည် နှမငယ်အတွက် စိုးရိမ်ပူပန်မိ၏။

အိမ်နီးနားချင်းမှစ၍ ရွာသူရွာသား လူကြီးမိဘတို့အား မိဘမဲ့သော နှမ ကလေး မမြဦးအား သမီးရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ဖို့ရန် တောင်းပန် ၏။ နှမကလေး၏ စိတ်ထားကိုလည်း ယုံကြည်မိ၏။ မိမိ ကဲ့သို့သော မောင်ကြီးအား မည်သို့သော နှမငယ်သည် အရှက်တကွဲ အကျိုးနည်း ဖြစ်စေ မည်နည်းဟု တွေးမိ၏။

တစ်ညနေ မောင်လှထူးသည် ရေခပ်အသွားတွင် ရွာပြင်ရှိ ရေကန် နား၌ "စာရေးကြီး စာရေးကြီး" ဟု မိမိတို့ ရွာသူ ရွာသားများက မြိန်ရေ ရှက်ရေ ခေါ်ဝေါ်သမုတ်အပ်သော တစ်ရပ်သား မောင်ပွနှင့် တောင်ပိုင်းသူ ဒေါ်တုတ်တို့ စကားပြောနေကြသည်ကို တွေ့ရ၏။ ပြုံးပြုံးချိုချိုနှင့် မိမိအားပင် နှုတ်ဆက်လိုက်သေး၏။ ရိုးသားဖော်ရွေသော မောင်လှထူးသည် မောင်ပွအား ညအခါ လက်ဖက်ရည်သောက် လာပါ ဟူ၍ပင် ဖိတ်ခေါ်ခဲ့သေး၏။

မောင်ပွကို စာရေးကြီး ဟူ၍ပင် ခေါ်ကြသော်လည်း ရုံးစာရေးလား၊ တိုက်စာရေးလား၊ သင်္ဘောစာရေးလား မည်သူမျှ မသိ။ စာရေးကြီးဟု ခေါ်နေကြသည်မှာ ပိုးလုံချည်ကို ခါးက မချသောကြောင့်ပေလော၊ ဒေါ်စင် ဖိနပ်ကို စီးနိုင်သောကြောင့်ပေလော၊ မည်သူမျှ အတပ်မပြောနိုင်။ လထဲတွင် ဆန်ဖွပ်သည့် အဘိုးအို ပေါ်သည်ဟူသော စကား၏အစကို မသိရသကဲ့သို့ မောင်ပွအား စာရေးကြီးဟု ခေါ်သော မူလနှုတ်လျှာကို မသိရ။ မောင်ပွသည် နှုတ်ကောင်း လျှာပါးနှင့် လူတစ်ဖက်သား နားကျအောင် ပြောတတ်၏။ မောင်ပွ ရောက်သော အရပ်တိုင်းတွင် ရွာသူရွာသားတို့ စကားဝိုင်းဖွဲ့တတ် ကြ၏။ စကားဝိုင်းဖွဲ့သည် ဆိုသော်လည်း မောင်ပွ၏ အသံကိုသာ အများဆုံး ကြားရ၏။ ရွာသူ ရွာသားတို့မှာကား ပါးစပ်ဟောင်းလောင်း သွားရည် တများများနှင့် နားစိုက်ထောင်ဖော်သာ ရ၏။ 'ရှေးကာလ ညအခါတွင် ကုလားဖြူနှစ်ယောက် လေယာဉ်ပျံနှင့်လာ၍ ရွှေတိဂုံ ငှက်မြွတ်နားကို ခိုး ဖြုတ်စဉ်က ဘီလူးကြီး ၄ ယောက် ပေါ်လာပြီး ထိုကုလားဖြူတို့ကို ဇက် ချိုးစားသွားသည်' ဟု ပြောသောအခါ 'ဖြစ်မှဖြစ်ရလေခြင်းတော်'၊ 'ဘုရား

ဖျက်မဲ့ ကုလားဖြူတွေ သေတာပဲ ကောင်းတယ်'၊ 'ဓာတ်တော်တိုက်ထဲက ယန္တရား စက်တွေလည်း ထွက်လာသေးတယ်ဆို မဟုတ်လား မောင်ရင်ရဲ့' စသည်ဖြင့် နားစိုက်နေသော ပရိသတ်ကြားမှ ကရုဏာသံ၊ ဒေါသသံတို့သည် ပျားအုံကို တုတ်နှင့် ဆွ လိုက်သကဲ့သို့ အုံးအုံးကျွက်ကျွက် ပေါ်ထွက်၍ လာတတ်၏။ ထိုသို့သော အကြောင်းထူး အကြောင်းဆန်းတို့ကို လည်လည် ပတ်ပတ် ပြောတတ်သောအားဖြင့် ရွာကလေးတွင် အိပ်အိမ် မရှား၊ စားအိမ် မရှား ဖြစ်လျက်နေ၏။ ဒေါ်တုတ်အိမ်တွင် အနေများ၏။ "စာရေးကြီး" မောင်ပွ တန်ခိုးကြောင့် ဒေါ်တုတ်မှာလည်း မျက်နှာပွင့်လန်းလျက် ရှိ၏။ အရပ်ထဲတွင် ခါတိုင်းထက် ပို၍ လမ်းသလား၏။ မောင်လှထူးတို့ အိမ်သို့လည်း မကြာခဏ ရောက်၏။

ထွန်တုံးပိတ်ချိန်ဖြစ်၍ မောင်လှထူးသည် အလုပ်မဆင်းရ။ တစ်နေ့ လောက်ဖြင့် အားရအောင် အိပ်လိုက်ဦးမည်ဟု ညဦးက မမြဦးအား ပြော သည့်အတိုင်း လင်းကြက်တွန်သံကြားသော်လည်း စောင်ကို ခေါင်းမြီး ခြုံ၍ မျက်စိကို အတင်းမှိတ်လျက် အိပ်နေတုန်းပင် ရှိ၏။ သို့သော်လည်း မုန့်လုပ် ထရမည်ဖြစ်သော နှမကလေး၏အသံကို မကြားရ၍ အိပ်ပျော်နေသေးသည် ပင် ထင်သောကြောင့် အတွင်းခန်း ထရံကို ပုတ်လျက် နှိုး၏။ ချိုးချိုး ချွတ်ချွတ် အသံကိုမျှ ပြန်မကြားရ။ "အိပ်လှချေလားကရို" ဟု အခန်းတွင်းသို့ ဝင်ကြည့်ရာ မမြဦးကို မတွေ့တော့။

ထိုနေ့ နံနက်မှစ၍ နံနက်တိုင်း နံနက်တိုင်း လင်းကြက်တွန်သော် လည်း မုန့်ဖိုကလေးတွင် ခါတိုင်းကဲ့သို့ မီးလက်လက်ကို မမြင်ရ။ "ဝါကျွတ် ရုံမှ မဆိုင်းနိုင်ဘူးနော်" ဟု ငြီးတွားရင်း၊ ဘယ်စောင်းညာလှိမ့်နှင့် ဖိုစွတ်သော ခေါင်းအုံးကို အဖော်လုပ်၍ စကားပြောနေတတ်သော မောင်လှထူးကိုသာ လျှင် တွေ့ရလေတော့သတည်း။

[ ဂန္ထလော[illegible]စက်တင်ဘာ ၁၉၃၂ ]

ချောင်းရေကလျှံ ကန်ရေက တိုး၊ ကြိုလာပါနဲ့ ရွှေရောင်ရစ်ကယ်၊ ရေနစ်မှာ ပါတဲ့ စိုး။ ။

သားငယ်ကလေးကို ခါးထစ်ခွင် ချီ၍ လည်းကောင်း၊ ကောက်စိုက်တံကို လက်တစ်ဖက်တွင် စွဲကိုင်၍ လည်းကောင်း၊ ပီလမ ခေါ်သော ဂဒူးကြီးကို ဦးခေါင်းထက်တွင် အုပ်ဆောင်း၍ လည်းကောင်း မွန်ကောက်စိုက်မကလေးသည် သီချင်းကလေး တကြော်ကြော်နှင့် တော်ထနီးရွာကလေးမှ ထွက်လာသည်ကို မွန်လူမျိုးတို့ မတိမ်ကောသေးမီ ရှေးအခါက တွေ့ရပေသည်။ သီချင်းကလေး တအေးအေးနှင့်ပင် ဖြစ်သော်လည်း အဆိုပါ မွန်မကလေးသည် ပျော်ပါး ရွှင်ပျနေသည် မဟုတ်။ နှလုံးအတွင်း၌ တောက်လောင်လျက် ရှိသော ပရိဒေဝမီး၏ အေးယောင်ယောင်နှင့် ပူလောင်လှသော မီးလျှံသည် သီချင်းအဖြစ်နှင့် ထွက်ပေါ်လာခြင်း ဖြစ်၏။ အနောက်တောင် ဒီဆိုင် ကျွန်းညို့ကြီးဆီမှ တမည်းမည်း တက်ရောက် ပွားများလာသော တိမ်တောင် တိမ်လိပ် မိုးသား မိုးသွေးတို့က လွမ်းဟောင်းတွင် လွမ်းသစ်ကို လောင်းလေသောကြောင့် ကွယ်လွန်သူ ယောက်ျားသည် အချစ်ဦးအား တမ်းတလျက် စိတ်ရူးပေါက်တိုင်း သီဆိုခြင်း ဖြစ်၏။ မိုးသည် အလွမ်းဓာတ်ကို ပွားများစေတတ်၏။ ထို့ကြောင့်ပင်လျှင် ရှေးစာဆို ကဝိကြီးများက မိုးရာသီအခါ ရွာသွန်းသော မိုးကို "လွမ်းတုန်းရွာသော မိုး" ဟု ခေါ်ဝေါ် သမုတ်၍ အသိအမှတ် လုပ်ကြလေသည်။ စစ်ပွဲသဘင် စံရှင်တော်မူခိုက် ခေတ္တမျှ ကွဲကွာနေသော တောင်ငူဘုရင် နတ်ရှင်နောင်ကို မြောက်သားတော် ရာဇဓာတုကလျာက "ညွှတ်ရုံးကြာတူ၊ ဖော်နည်းသူကို၊ သည်းအူပြတ်ခေါင်၊

ကြွေလွယ်အောင်လျှင်၊ လေဆောင် ပြင်းထန်၊ ကြောက်ဖွယ် လွန်စ" စသည် ဖြင့် ဖွဲ့နွဲ့ လွမ်းဆွတ်ပါလျှင် မပြန်သော ခရီးကို တစ်ကိုယ်တည်း သွားရရှာ သော ခင်ပွန်းသည်အား အဆိုပါ မွန် မုဆိုးမကလေးသည် မည်မျှ လွမ်းဆွတ် တသမည်ကို မတွေးတတ်အောင်ပင် ရှိတော့သည်။ လွန်ခဲ့သော မိုးရာသီက ဤသို့ မိုးညိုသောအခါတွင် ဤ ရွာထွက်ခရီး၌ မိမိတို့ သမီးမောင်နှံစုံတို့သည် ပျော်ပျော်ပါးပါး ခရီးသွားခဲ့ကြဖူး၏။ ထိုမျှမကသေး၊ ငယ်စဉ်တောင်ကျေး ကလေးဘဝစဉ်ကလည်း ဤခရီးတွင် နှစ်ယောက်တွဲ၍ အကြိမ်ပေါင်းများစွာ ရွှင်နွဲ့ခဲ့ကြဖူး၏။ ယခုအခါတွင်ကား သားငယ်နှင့် မိမိသာ ရှိ၏။ သားငယ်၏ ဖခင်ကား ရွာပြင်က ထိန်ပင်အောက်တွင် တစ်ယောက်တည်း ဆွေးမြည့်ရှာ လေပြီ။ မြေဩဇာ ဖြစ်ရလေပြီ။ ထို့ကြောင့်ပင်လျှင် အသည်းအူ ပြောင်းပြန် လန်လောက်အောင် လွမ်းဆွတ်ကြေကွဲရခြင်း ဖြစ်၏။ မိခင်၏ တေးသံဖြင့် ဘာမသိ ညာမသိ မြူးထူးနေသော သားငယ်သည်ကား မိခင်၏ ဆံပင်ကို ဆွဲလိုက်၊ တွတ်တီးတွတ်တာ ပြောလိုက်၊ ပြုံးလိုက် ရယ်လိုက် ရှိရှာ၏။ မိုးသာလျှင် မွန်မကလေး၏ အလွမ်းကို ပွားများစေသည် မဟုတ်။ သားငယ် ကလေးသည်လည်း ပွားများစေသည် ဖြစ်၏။ မိုးနှင့် သားငယ်သာလျှင် မဟုတ်သေး။ ဤရပ် ဤရွာ ဤခရီး ဤလမ်း ဤလယ် ဤတောတို့သည် မိမိတို့၏ ရှေးဖြစ်ရှေးဟောင်း ရာဇဝင်ကြောင်းကို ကွက်ကွက်ကွင်းကွင်း ဇာတ်ခင်း၍ ပြလေသောကြောင့် အလွမ်းအားဆေးကြီး ဖြစ်လေတော့သည်။ တဖြည်းဖြည်းနှင့်ပင် မွန်မကလေး၏ မျက်နှာသည် မိုးမင်းကို ဂုဏ်ပြိုင်၍ ညှိုးမှိန်လာလေ၏။ မိုးရွာလျှင် ရွာချင်း ယိုထွက်ပါအံ့ ဟူသော အဓိဋ္ဌာန် ကြီးဖြင့် အခါလင့်၍ ရှိသော မျက်ရည်တို့သည်ကား ပန်းပြေးပွဲတွင် တာစု နေသော သူတို့နှင့် တူတော့၏။

ထိုသို့ လွမ်းတစ်ခါ ဆွေးတစ်လှည့်နှင့် တေးဖွဲ့၍ လာခဲ့ရာ မိမိတွက် တာ ဝေပုံချထားသော ငန်းဦးသို့ ရောက်လာလေ၏။ ကူညီမည့်သူလည်း မရှိ။ *အားပေးမည့်သူလည်း မရှိ။ အားငယ်ဖွယ်ပင် ဖြစ်တော့၏။ အလုပ်*

တွင် အလျှင်း စိတ်မပါတော့။ ကန်သင်းပေါ်တွင် ထိုင်၍ ချောင်းပေါက်အောင် ငိုကြွေးချင်တော့၏။ တစ်မိုးလုံး ပြည့်နေသော တိမ်တိုက်များ လွင့်စဉ် ပျောက်ပျက်သွားအောင် ဟစ်အော်လိုက်ချင်တော့၏။ သို့ပါသော်လည်း သားငယ်နှင့် မိမိအတွက် ဝမ်းစာရေးဂ ရှိလေသေးသည်။ ပြည်တွင်းရေး ထက် ဝမ်းရေးခက်၊ ဝမ်းရေးထက် လွမ်းရေးခက်ဟု ဆိုသော်လည်း ဝမ်းရေး ကို လုံးလုံး လျစ်လျူမရှုနိုင်။ မိမိတစ်ကိုယ်အတွက် မထောင်းသာသော်လည်း ဖတဆိုး သားကလေးအတွက် အရေးကြီးလေသည်။ လွမ်းဆွေးနေ၍ မည်သူ ကမျှ ကြင်နာမည် မဟုတ်။ ပြည့်စုံခြင်း သမ္ပတ္တိအရသာကို ခံစားနေရသော လောကကြီးကား မိမိ၏ ပရိဒေဝမီးကို နားလည်နိုင်မည် မဟုတ်။ အရိပ် အမြွက်မျှ သိဖို့ပင်လည်း ခဲယဉ်းလှ၏။ ဆင်းရဲသူ မုဆိုးမကလေး ဖြစ်လေ သောကြောင့် အထူးတလည် လျစ်လျူရှုကြမည် ဖြစ်၏။ ထို့ကြောင့် လမုပင် ကြီး တစ်ခု၏ အရိပ်အောက် မြေညီ၌ သားငယ်ကလေးကို ဂဒူးထဲတွင် သိပ်ထား၍ နောက်ဆံ တငင်ငင်နှင့်ပင် လုပ်ငန်းသို့ ဝင်ရလေတော့၏။

လုပ်ငန်းသို့ ဝင်ရသော်လည်း အလုပ်တွင် စိတ်မရှိ။ ကောက်စိုက်တံ နှင့် ပျိုးပင်ကလေးတို့သည်လည်း မိမိတို့ ဘာဝအလျောက် စိုက်သူက စိုက်၊ ပေါက်သူက ပေါက်လျက် အကွက်ကျကျ ဖြစ်နေကြကုန်၏။ မတည်သော စိတ်သည်ကား အရပ်ဆယ်မျက်နှာတွင် လွင့်ပါးလျက် ရှိ၏။ ဗျိုင်းဖြူကလေး များ ပျံသည်ကို မြင်လျှင် သူတို့နှင့်အတူ ရော၍ ပျံ၏။ တိမ်တိုက်ကြီးများ လွင့်နေသည်ကို မြင်လျှင် သူတို့နှင့်အတူ ရော၍ လွင့်၏။ လယ်ကတွတ် ပေါက်မှ တသွင်သွင် စီးကျနေသော ရေသံကို ကြားလျှင် ယင်းတို့နှင့်အတူ ရော၍ ကြွေးကြော် သီဆို၏။ လောကဓာတ်တစ်ခုလုံးတွင် မည်သည့်အရာ ကိုမျှ အတည်တကျ သတိရသည် မရှိ။ သားငယ်ကလေးကိုပင်လည်း တစ်ချက် တစ်ချက်တွင် မေ့လျော့မိတော့၏။ ပရိဒေဝမီးကား ပူပြင်းလေစွ တကား။

သို့ဖြင့် မွန်းတည့်ရာမှ မွန်းတိမ်း၊ မွန်းတိမ်းရာမှ နေစောင်းခဲ့၏။

အလုပ်ချိန်လည်း ကုန်လေပြီ။ တစ်ကိုယ်လုံးလည်း အေးစက် တောင့်တင်း၍ မောပန်း နွမ်းလျလေပြီ။ သားငယ်ကို ပိုက်၍ အိမ်ပြန်ဖို့သာ ကျန်တော့၏။ ကန်သင်းမျှ မပေါ်နိုင်။ တက်ရေဖြင့် ဖွေးလျက် ပင်လယ်ပြင်နှင့် တူသော လယ်ကွင်းကို ဖြတ်ကျော်၍ သားငယ်ရှိရာသို့ မျှော်ကြည့်လေ၏။ မြေပြင်ကို မမြင်ရ။ ရေပြင်ကိုသာ မြင်ရလေတော့၏။ ထိုအခါမှ မျက်လုံးမျက်ဆန် ပြူး၍ ပူပန်ခြင်း ပြင်းစွာနှင့် သားငယ်ရှိရာသို့ ပြေးသွားရှာဖွေသော်လည်း မတွေ့ရတော့ချေ။ သားငယ်နှင့်တကွသော ဂဒူးကြီးသည်ကား တက်ရေတွင် မျောပါသွားရှာလေပြီ။ ကယ်ပါ၊ ယူပါနှင့် တစာစာ အော်သော်လည်း အနီးပတ်လည်တွင် လူ မရှိ။ ဆူးချုံထဲတွင် ရှိနိုးနိုး၊ နေနန်း တောထဲတွင် မြင်ရနိုးနိုးနှင့် တောင်ပြေးကာ၊ မြောက်ကူးကာ ဒေါင်းတောက်အောင် ရှာသော်လည်း ဖတဆိုး လူမမည်ကလေးကို ဘယ်တွင်မျှ မတွေ့ရတော့ချေ။ ကံဆိုးမ သွားလေရာ မိုးလိုက်၍ ရွာပြီတကား။

'အို လူကလေးရဲ့၊ ရွှေသွေးရဲ့၊ မင်း ဘယ်ကို သွားလေပြီလဲ။ မင့်အဖေ ရေနံချောင်းကို မုန့်ပေါင်းသွားဝယ်တာ မစောင့်နိုင်လို့ လိုက်သွားပြီလားကွယ့်။ မပဒ္ဒာရဲ့ သားတွေလို ရေတွင်နစ်၍ ဆုံးရှာပြီလား၊ စွန်ချီ၍ ပျောက်ရှာပြီလား။ ယောက်ျားသေစဉ်က ဖြေစရာ သားကျန်သေး၏။ သားသေပြန်တော့ မိခင်မှာ ဘယ်လိုခဲလို့ ဖြေရပါ့မလဲ။ ရွာပြန်သွားလို့ ညည်းသား ဘယ်မှာလဲ မေးရင် မိခင် ဘယ်လိုပြောရမယ်။ မိတ္ထီလာ ကန်တော်အောက်က ဖားကောက်ခဲ့တဲ့ လူတွေကိုမှ မစောင့်နိုင်တော့ဘူးလားကွယ်။ လူကလေး အိပ်ချိန်တန်လို့ ဖျိုင်းရှေ့က ပုံ့ပါပြီ။ လူကလေး ထွက်ခဲ့ပါတော့။ မြစ်ရော နဒီတွင်းမှာ ငါးကြင်းဖမ်း သွားရော့သလားကွယ်'

မွန်မကလေးမှာ လင်သေရာတွင် သားဆုံးပြန်သဖြင့် အရှုးလုံးလုံး ဖြစ်ရလေတော့၏။ "တစ်ပူပေါ် တစ်ပူထပ်၊ မလပ်ကလေးရယ်တဲ့ ဘယ်ညာ" ဆိုသော ဘဝသို့ ရောက်လေတော့၏။ ထမင်းမှန်း မသိ၊ ဟင်းမှန်း မသိ၊ ရင်ဘတ်ကလေး ထုကာ၊ နဖူးကလေး ရိုက်ကာနှင့် ငိုကြွေး မြည်တမ်းလျက်

ရေစုန် ရေဆန်လိုက်၍ သားပျောက်ကို ရှာ၏။ တွေ့သမျှ လှေသမားတို့ကို လည်း 'သားငယ်ကလေးတစ်ယောက် မျက်လုံးဝိုင်းကလေးနှင့် ဂဒူးကြီး စီးပြီးသွားတာ မတွေ့လိုက်ကြဘူးလားရှင့်။ တော်ထနီးရွာက သူ့မိခင်ဆီ ကို ဘာလက်ဆောင် ပါးလိုက်သေးသလဲရှင့်' စသည်ဖြင့် မေးမိမေးရာ မေးလေတော့၏။ ညဥ့်မှန်းမသိ၊ နေ့မှန်းမသိ တဝိုဝို တယိုယိုနှင့် သားပျောက် ကို ရှာရင်းပင် မြစ်ရိုးတွင် ရင်ကွဲ၍ သေပွဲသို့ ဝင်ရှာလေတော့၏။ အလွမ်း ဇာတ် သိမ်း၍ အပူဇာတ် ဆုံးလေတော့၏။

သို့သော် ထိုမွန်မကလေးသည် သားငယ်ကို စွဲလမ်းသောစိတ်နှင့် သေရှာလေသောကြောင့် နောင်ဘဝ၌ "ကွန်ဂဒူး" ငှက်ကလေး ဖြစ်လာ သည်ဟု လူကြီးသူမများက ပြောပြန်လေသည်။ သို့ဖြစ်လျှင် အပူဇာတ် မဆုံးသေး။ အကြောင်းသော်ကား နေညိုညို ညနေစောင်း အခါများ၌ မြစ်ရိုး တစ်လျှောက်တွင် သနားစဖွယ် အားငယ်သော အသံကလေးနှင့် အော်မြည် နေသော ကွန်ဂဒူး ငှက်ကလေးကို ယနေ့ထက်တိုင်အောင် ကြားမြင်ရပါ သေးသည်။ ပျောက်ဆုံးရှာသော သားငယ်ကလေးကို တွေ့ရနိုး မြင်ရနိုးနှင့် မြစ်ရိုးတွင် ရှာဖွေနေတုန်းပင် ဖြစ်လေရော့သလား မသိ။

(မှတ်ချက်။ ။ "ကွန်"ကား မွန်အခေါ်အားဖြင့် "သားငယ်"ဟု ဆိုလို၏။ "ဂဒူး"ကား ဓနိ ဖက်၊ စလူရွက်တို့ဖြင့် ချုပ်စပ် ပြုလုပ်သော ဆောင်းစရာ ပီလမ ဖြစ်လေသည်။)

[ တက္ကသိုလ်ကျောင်းတိုက် နှစ်ပေါ်သည်မဂ္ဂဇင်း၊ ဇန်နဝါရီ+ဖေဖော်ဝါရီ ၁၉၃၃ ]

# ဥသြ

ဝေလီဝေလင်း အချိန်။

အုန်းတောကြီး အထဲမှ တွန်မြည်လိုက်သော ဥသြသံကလေးသည် မနီးတဝေး နီးတဝက်နှင့် မှိန်းစက်နေသော ရွာကလေး၏ နားသောတအား ငြိမ့်စေလေ၏။ အနက်မထင်သော အသံဖြစ်၍ ငြိမ့်စေခြင်းထက် ပိုမို မစွမ်း ဆောင်နိုင်ချေ။ ဥသြသံကလေး ရပ်စဲသွားသည်နှင့် တစ်ပြိုင်နက် ရွာထိပ်ဆီမှ ပေါ်ပေါက်လာသော တေးသံသည်ကား ရွာကလေး၏ နားသောတကို ငြိမ့် စေရုံမျှမက စိတ်နှလုံးကိုလည်း စိမ့်စေလေ၏။ လွမ်းသော ဆွေးသော အောက်မေ့တသသော အဓိပ္ပာယ်တို့ စုဝေးရာ တေးသံ တေးသား ဖြစ်လေ သည်။ ဤတေးသံကလေးကို ကြားရသောခဏ၌ မှိန်းနေသော ရွာကလေး ကို လူးလွန့်လာသည်ဟု ထင်မိတော့၏။ တေးပိုင်ရှင်သည် ဟိုဟိုဘဝများ က ခွဲခွာခဲ့ရသော ချစ်သူအား ရော်ရမ်းတမ်းတလျက် အားရပါးရ သီဆို လိုက်လေရော့လားဟု ကြားရသူတို့၏ စိတ်တွင် ထင်မိလေတော့၏။ တစ်ရွာ လုံးက-ဂရုစိုက် နားစွင့်နေသော်လည်း တေးပိုင်ရှင်သည် မည်သူ့ကိုမျှ သတိ ထားမိပုံ မရ။ ဆက်လက် သီဆိုသွား၍ ရွာလယ်ရပ် ၅ ရက် စျေးကလေးဆီ ကျမှ အရပ် ၉ မျက်နှာတွင် ပျံ့နှံ့နေသော မိမိ၏ တေးသံကို ရပ်ဆိုင်း လိုက်လေ၏။

စျေးနေ့ နံနက်တိုင်း ဤတေးသံကို ကြားရသည်မှာ ယခုအကြိမ်ပါ နှင့် သုံးကြိမ် ရှိလေပြီ။ တေးပိုင်ရှင်ကား အခြားမဟုတ်၊ ရွာအရှေ့ နွား တစ်ထွန်လောက်တွင်ရှိသော ဧးပင်ကုန်း၌ ဥယျာဉ် လုပ်ကိုင်စားသောက်နေ သော ဘိုးသာလှ၊ အဘွားအေးတို့၏ သားအထွေး ကိုမောင်မြမ်းသည် မောင်လှ ဖြစ်လေသည်။ မောင်လှသည် အခြား ရွာသားများကဲ့သို့ ထွားကျိုင်းသန်မာ

သည် မဟုတ်။ မွေးကတည်းက ချူချာလာသည်ဖြစ်၍ လယ်အလုပ်ကို မလုပ်နိုင်။ မိဘများနှင့်အတူ တဝမ်းတခါး ဝရုံလှုရုံ လုပ်ကိုင် စားသောက် နေရလေ၏။ ခါတိုင်းလည်း ဈေးနေ့အခါများတွင် ရွာသို့ တက်လာဖူး၏။ သို့သော် ဥသြကလေး စ၍ တွန်မြည်သော နေ့တွင်ကဲ့သို့ တစ်ခါဖူးမျှ စိတ်နှလုံး မကြည်နူးမိ။ ပထမဆုံး ကြားရသော နံနက်က ဥသြသံကလေးကို နားစိုက်ထောင်ရင်းနှင့် ရွာထိပ်ကို ရောက်လာ၍ ဥသြသံ ရပ်သည်နှင့် တစ်ပြိုင်နက် မိမိ နှလုံးတွင်းမှ လွမ်းဆွတ်တသသော တေးသံသည် တိုးဖွေ့ ထွက်ပေါ်လာလေ၏။ မိမိတေးသံ မရပ်မချင်း လောကကြီးကို သတိမေ့၏။ တေးသံတွင် မိမိ၏ စိတ်သည် ရောနှောလွင့်ပါသွားလေ၏။ တေးဆုံးသွားသော အခါကျမှ သတိရလာ၍ ငါ ဘာကြောင့် ဆိုမိပါလိမ့်ဟု တွေးတောမိ၏။ မည်သူ့ကို လွမ်းဆွတ်သလဲ၊ မိမိအထက် ပုခက်တွင်းတွင် ဆုံးသွားသော အစ်ကိုကို လွမ်းဆွတ်၍လား၊ သို့တည်းမဟုတ် တောင်ဘက်တဲက မြထွေးကို လွမ်းဆွတ်၍လား။ ဤသူတို့ လွမ်းဆွတ်၍ မဟုတ်။ ဥသြသံကလေးကို ကြားလျှင် အလိုလို လွမ်းဆွတ်လာ၍ မမြင်ဖူး မကြားဖူးသော တစ်စုံတစ်ယောက်သော သူကို တမ်းတမိသဖြင့် သီဆိုမိခြင်း ဖြစ်လေသည်။ ဤ တစ်စုံတစ်ယောက်သော သူကား မည်သူနည်း။ ရွာထဲတွင် မိန်းကလေးများကို တွေ့မြင်သောအခါတိုင်း အသင် တမ်းတ လွတ်ဆွတ်နေသူသည် ဤသူလား၊ ထိုသူလောဟု မိမိစိတ်အား မေးမြန်းသောအခါတိုင်း ခေါင်းခါသည်ကို တွေ့ရလေ၊ ငါ ရှူးများ နေလေသလားဟု ထင်မိလေတော့၏။ ဥသြသံကလေးကို ကြားရပြီးလျှင် ဤလွမ်းဆွတ်တသသော တေးကို မဆိုဘဲ မနေနိုင်။

မောင်လှ၏ တေးသံကို ဂရုစိုက် နားထောင်သူတို့တွင် ရွာသူကြီးသမီး စိန်သန်းသည် ထူးခြား၏။ ဥသြသံကို ကြားလျှင် မောင်လှသည် လွမ်းဆွတ်တမိသကဲ့သို့ မောင်လှ၏ တေးသံကို ကြားလျှင် စိန်သန်းသည် မဖြစ်စဖူး ထူးကဲစွာ လွမ်းဆွတ် တသ မိလေ၏။ တေးပိုင်ရှင် အပေါ်တွင်

ကရုဏာရေအယဉ်ကို တသွင်သွင် သွန်းလောင်းမိလေ၏။ တေးပိုင်ရှင်၏ အလိုဆန္ဒ တောင့်တရာတို့ကို ဖြည့်စွမ်းပေးချင်သောစိတ်များ တဖွားဖွား ပေါ်လာလေ၏။

တေးသံကို စတုတ္ထအကြိမ် ကြားရသော ဈေးနေ့နံနက် ဝေလီဝေလင်းတွင်ကား စိန်သန်းသည် ဆွမ်းချက်နေရာ မီးဖိုခန်းတွင် ငြိမ်၍ မနေနိုင်တော့။ ရွာထိပ်ဆီမှ တေးသံကို ကြားရလျှင်ပင် စိန်သန်းသည် အိမ်ရှေ့ သပြေပင်ရိပ်သို့ ထွက်လာ၍ တေးပိုင်ရှင်အား စောင့်မျှော်လေ၏။ မောင်လှ သပြေပင်အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် စိန်သန်းသည် 'တေးသည် တေးသည်' ဟု လွတ်ခနဲ ခေါ်မိလေ၏။ ခေါ်ရင်းက "ဈေးသည်"ဖြစ်သော်လည်း အသံထွက်သွားသည်က "တေးသည်" ဖြစ်နေ၍ ရှက်အမ်းအမ်း ဖြစ်သွား၏။ မောင်လှသည်လည်း အသံကြားရာသို့ လှည့်လိုက်၍ အရှက်နှင့် အကြောက် ရောလျက် မောဟိုက် ဖိုလှိုက်နေသော စိန်သန်းကို မြင်ရသောအခါ အသည်းတွင်းဝယ် အေး၍ သွားလေ၏။ ဝမ်းနည်းသလို ဝမ်းသာသလို ဖြစ်မိ၏။ ကာလရှည်စွာ ကွဲကွာနေသော ချစ်သူအား ပြန်တွေ့နေရသလိုလို ထင်မိ၏။ မိမိ၏ ရင်ကို ဖွင့်ကာ အသည်းတွင်းက အလွမ်း အဆွေးတို့ကို ထုတ်၍ ပြလိုက်ချင်သောစိတ် ပေါ်လာ၏။ သို့သော် ထူပူနေသော စိန်သန်းက ပြောမိပြောရာ ဘာမှန်းမသိ ပြော၍ ဟင်းရွက်တစ်စည်း ယူလျက် ပိုက်ဆံပေးလိုက်သောအခါ မောင်လှသည်လည်း ထူထူပူပူနှင့်ပင် လှမ်းယူ၍ ထွက်မှန်းမသိ ထွက်လာခဲ့လေ၏။ ဈေးသို့ ရောက်သောအခါ အစဉ်မပြတ်သော အတွေးတစ်မျှော်တစ်ခေါ်ကြီးကို တွေးလေ၏။ မိမိသည် ဤရွာနီးချုပ်စပ်ရှိ မိန်းကလေး အားလုံးလောက်ကိုပင် တွေ့ဖူး၏။ မည်သူ့ကို တွေ့ရ တွေ့ရ မိမိစိတ်သည် မလှုပ်ရှားခဲ့။ ဤရွာသူကြီးသမီးကို တွေ့သောအခါကျမှ အဘယ်ကြောင့် ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ဖြစ်ရပါသနည်း။ မပြောတတ်အောင် ဖြစ်ရ၏။ ယခုအကြိမ်သည် ပထမ တွေ့ရခြင်းပင် ဖြစ်သော်လည်း အလွန် အကျွမ်းဝင်

ချစ်ခင်သော သူငယ်ချင်းဟောင်းကို ပြန်တွေ့ရသကဲ့သို့ ထင်မိလေ၏။ တေးဆိုလိုသော စိတ်၏ အကြောင်းရင်းကို ယခုပင် တွေ့ရသည်ဟု ထင်၏။ ယခုပင် တေးဆိုရကျိုး နပ်သည်ဟု အောက်မေ့၏။ ဤသို့ ထူးဆန်းစွာ ဖြစ်ပေါ်လာသော စိတ်ကို အချစ်စိတ်ပေလားဟု မိမိဘာသာ မေးမိလေ၏။

စိန်သန်း၏ စိတ်တွင်လည်း မောင်လှ၏ တေးသံကို ကြားဦးစကပင် အလွန် ခင်မင် ကျွမ်းဝင်နေသော သူတစ်ယောက်ဟု အမှတ်ပြုမိလေ၏။ ဤသူသည် တစ်စုံတစ်ခုကို လိုချင်နေဟန် တူ၏။ ဤသူ၏ အလိုကို ငါသည် ဖြည့်အံ့ဟု ကြံ၍ များစွာ ပျော်ရွှင်လေ၏။ ဈေးနေ့ကို မျှော်မှန်းလျက် ရက်ရေနေလေ၏။

နောက် ဈေးနေ့ ဝေလီဝေလင်း၌ ဥသြသံ ရပ်သွားလျှင် မောင်လှ၏ တေးသံကို ကြားရပြန်၏။ စိန်သန်းသည် သပြေပင်အောက်က စောင့်နေပြန်၏။ မောင်လှ တောင့်တနေသော ဆန္ဒ မေးအံ့ဟု ကြံ၍ ပျော်ရွှင်နေ၏။

ခဏမျှကြာလျှင် မောင်လှသည် သပြေပင်အနီးသို့ ရောက်လာ၏။ စိန်သန်းကို တွေ့ရနိုးနှင့် ကြည့်မိ၏။ မျှော်နေသော စိန်သန်းနှင့် အခန့်သင့် တွေ့ရသောအခါ အံ့သြမိ၏။ ကံကောင်းလေစွဟု ထင်မိ၏။ စိန်သန်းသည် ဟင်းရွက်တစ်စည်းကို ဝယ်ပြီးနောက် ဘယ်စကားက ဘယ်သို့ ဆက်သွားသည် မသိ။ 'ရှင် တေးဆိုတာ အင်မတန် လွမ်းစရာ ကောင်းတယ်။ ဘယ်သူ့ကို လွမ်းလို့ ဆိုတာလဲ။ ကျွန်မ မသိရဘူးလား။ လွမ်းတဲ့သူရှိရင် ကျွန်မ ပြောပေးပါ့မယ်'ဟု ရဲရဲတင်းတင်း မိတ်ဆွေချင်း ပြောသကဲ့သို့ ပြောလေသည်။ မောင်လှမှာ အဖြေရခက်လှ၏။ ဦးနှောက်တွေ ဗရပွေရှုပ်၍ သွားလေ၏။ နောက်ဆုံး၌ အကြံမရ၍ 'အလကားပါဗျာ'ဟု ပြောလျက် ထွက်ခဲ့လေ၏။ ဈေးချိန်ကုန်၍ အိမ်သို့ ပြန်ရောက်သော်လည်း ဘယ်သို့ ဖြေရပါမည်နည်းဟု တွေး၍ မရ။ ငါးရက်ကုန်၍ ဈေးနေ့သို့ ရောက်သောအခါတိုင်အောင်လည်း အကြံမရသေး။ သို့နှင့် နံနက် ဝေလီဝေလင်း ဟင်းရွက်တွေ ထမ်းလာရာ ရွာထိပ်သို့ ရောက်၍ ဥသြသံ စလျှင် ဆိုမြဲတေးကို ဆိုမိလေ

၏။ သပြေပင်အနီးသို့ ရောက်သောအခါ တေးရော ခြေလှမ်းပါ အလိုလို ရပ်သွား၏။ စိန်သန်း ထွက်လာ၍ ယခင်မေးခွန်းကို မေးပြန်၏။ ၅ ရက် တိတိ တွေး၍မှ မထွက်လာသော အဖြေသည် ယခုမှ ဘယ်ချောင်က ထွက် ပေါ်လာသည် မသိ။ အောက်ပါအတိုင်း ထွက်ပေါ်လာလေ၏။

'ဟုတ်ကဲ့၊ အစကတော့ ဥသြသံကလေးကို ကြားရင် အလိုလို လွမ်း လာတာပဲ။ ဘာလွမ်းတယ်ရယ်လို့လည်း မသိပါဘူး။ လွမ်းတာနဲ့ ဒီတေး ကို ဆိုမိတာပဲ။ ဆိုပေမဲ့လည်း အလွမ်းမပြေပါဘူး။ အခုတော့ဖြင့် ဥသြသံ ကြားရလို့ ဘယ်လောက်ပဲလွမ်းလွမ်း၊ ဒီသပြေပင်အောက် ရောက်လို့ မင်းနဲ့ တွေ့ရင် အလွမ်းတွေ အကုန်ပျောက်တာပဲ။ ဝမ်းသာသလို ဝမ်းနည်းသလို လည်း ဖြစ်တယ်။ ဒီတော့ ကျုပ် လွမ်းတာဟာ မင်းကိုပဲပေါ့'ဟု ပြောလိုက် သော အချိန်ကစ၍ စိန်သန်းနှင့် မောင်လှတို့သည် ချစ်သူဘဝသို့ ပြောင်းလဲ သွားကြလေ၏။

ထိုနေ့မှစ၍ မောင်လှသည် စိန်သန်းတို့၏ အဆွေအမျိုးသတင်းကို နာလေ၏။ မေးသင့်သည်ကို မေးကြည့်၏။ စိန်သန်း၏ ဖခင်သည် ရွာသူကြီး၊ မြေပိုင်ရှင်။ ဘထွေးမှာ မြို့ပေါ်တွင် ပွဲစားကြီးတစ်ဦး ဖြစ်၏။ အစ်ကိုများကား ကိုယ့်ကျွဲ ကိုယ့်နွား ကိုယ့်လယ် ကိုယ့်ယာနှင့် လူကုံထံများ ဖြစ်၏။ စိန်သန်း ၏ မိခင်မှာ မြို့ပေါ်က ဘုရားတကာကြီး ဦးကံရေး၏ သမီးတည်း။ အမျိုး အနွယ် ကြီးကျယ်လေစွ။ မထင်ရှားသော မိမိ၏ အညတရ အမျိုးနှင့်ကား ကွာခြားချင်တိုင်း ကွာခြားလေ၏။ စိန်သန်းသည် မိမိနှင့် မတန်။ ကြေးရ တတ် သားများနှင့်သာ တန်၏။ စိန်သန်းကို မိမိချစ်သည်ကား ချစ်ရာ မရောက်။ နှစ်ရာ ရောက်နေ၏။ မိမိသည် တစ်ကိုယ်ကောင်း နိုင်လေစွ။ စိန်သန်း မိမိကို ယူလျှင် ဆင်းရဲရမည်။ မိဘဆွေမျိုးတို့နှင့် သဘောကွဲ၍ ဝမ်းနည်းရတော့မည်။ မိမိသည် စိန်သန်း ပျော်ရွှင်သည်ကိုသာ မြင်လို၏။ ဆင်းရဲလျှင် စိန်သန်း ပျော်ရွှင်နိုင်အံ့လော။ မိဘတို့နှင့် သေခန်းပြတ်နေလျှင် စိန်သန်း ပျော်နိုင်အံ့လော။ ပျော်နိုင်မည် မဟုတ်။ သို့ဖြစ်က မိမိသည်

ရာပြည့်စာအုပ်တိုက်

စိန်သန်းကို လက်လွှတ်ရမည် ဖြစ်၏။ လွှတ်အံ့။ စိန်သန်း ပျော်ရွှင်သည် သာ လိုရင်း။ ပထမ အစဉ် စိန်သန်း ဝမ်းနည်းကြေကွဲရမည်မှာ မုချ။ သို့ သော် မတွေ့ရတာ ကြာလျှင် မေ့သွားမည် ဖြစ်၏။ အချိန်ကာလ တည်းဟူ သော ဆေးသမားသည် စိန်သန်း၏ ကြေကွဲဝမ်းနည်းသော အသည်းနာကို ဆေးကုပေးအံ့။ အသည်းနာသည် အသည်းကောင်း ပြန်ဖြစ်လာသောအခါ စိန်သန်း တစ်သက်လုံး ပျော်ရတော့မည်။ ဤသို့ဖြစ်သောကြောင့် မိမိသည် စိန်သန်းကို လက်လွှတ်အံ့ဟု စိတ်သန္နိဋ္ဌာန် ချလိုက်လေ၏။

ဈေးနေ့သို့ ရောက်သောအခါ မောင်လှသည် ဟင်းသီးဟင်းရွက်တို့ ကို ထမ်း၍ ထွက်လာ၏။ ရွာထိပ်တွင် ဥသြသံကလေးကို နားစိုက်၍ ထောင် မိ၏။ ဥသြသံ စဲလျှင် ခါတိုင်း သီဆိုနေကျ တေးသံသည် နှလုံးတွင်းမှ ထွက်လာ၏။ မောင်လှက ဆီး၍ တားမြစ်လေသောကြောင့် အပြင်သို့ မရောက်မီ ပျောက်ကွယ်သွားလေ၏။ ခြေထောက်တို့သည်လည်း ရွာတွင်း သို့ ဝင်အံ့ဟု ပြင်ကြ၏။ မောင်လှက "အသင်တို့သည် ယနေ့မှစ၍ ဤလမ်း ကို မသွားရ။ ရွာအပြင် ကိုင်းတောကို ဖြတ်၍သာ သွားရမည်"ဟု အမိန့်ပေး လေသောကြောင့် ကိုင်းတောကို ဖြတ်၍ သွားရလေ၏။ မောင်လှ၏ နှလုံး သားသည် ထွက်ခွင့်မရသော တေးဖြင့် ကြေကျမတတ် နာကျင်လေ၏။ မျက်စိတို့သည် မျက်ရည်ဖြင့် ပြည့်လျှမ်းလျက်။ လမ်းကိုမျှ ကောင်းကောင်း မမြင်ကြကုန်။ ထိုအခါ မောင်လှသည် စိန်သန်းကို မေ့လိုက် မေ့လိုက်ဟု မိမိကိုယ်ကို ဆုံးမရလေ၏။ ဈေးရောင်းရာတွင်လည်း ဆုံးမလျက်။ အိမ်ပြန် ရောက်သောအခါလည်း ဆုံးမလျက်။ မေ့ပစ်လိုက်ဖို့ ဆုံးမလေ သတိရလေ အောက်မေ့လွမ်းဆွတ်လေ ဖြစ်၏။

သပြေပင်ရိပ်မှ စောင့်မျှော်နေသော စိန်သန်းမှာလည်း အချိန်တော် ၍ မောင်လှ၏ တေးသံကို မကြားရလျှင် စိုးရိမ်မိ၏။ အချိန်လွန်၍ မောင်လှ ကို မမြင်ရသော အခါကား ကြိတ်၍ ငိုလေတော့၏။ ဈေးရက်ရောက်၍ ဥသြသံကလေးကို ကြားရတိုင်း မပေါ်လာသော မောင်လှကို မျှော်မှန်း

တမ်းတလျက် လွမ်းဆွေးလေတော့၏။ သို့ဖြင့် မိုးဦးရောက်၍ မိုးသံ လေသံ တို့ အကြားတွင် ဥဩသံကလေး ပျောက်သွားသည့် တိုင်အောင်လည်း မောင်လှကို အရိပ်အယောင်မျှ မမြင်ရလေ။

ယခုလည်း နွေဦးပေါက်လာပြန်လေပြီ။ ဥဩကလေးလည်း မြည်ပြန်လေပြီ။ အပင်တိုင်း၌ သစ်ကိုင်းကျိုးကျဲနှင့် ဆင်းရဲကြီးလေစွ။ သို့သော် ဤသို့မှ ရွက်ဟောင်း မကြွေလျှင် ရွက်သစ် မဝေနိုင်တော့ပြီ။ အမောင် သစ်ပင်တို့၊ ရွက်ဟောင်းကို မခင်တွယ်လေနှင့်၊ စွန့်လော့။ အို မစိန်သန်း၊ မောင်လှကို မခင်တွယ်လေနှင့်၊ စွန့်လော့။ သို့မှသာလျှင် သစ်ပင်တို့သည် ရွက်သစ်ရွက်ဦးကလေးတွေ ဝေဝေဆာဆာနှင့် ရွှင်မြူးပျော်ပါးနိုင်သကဲ့သို့ အသင်သည်လည်း ပျော်ပါးနိုင်တော့အံ့သတည်း။

[ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ ဇန်နဝါရီ+ဖေဖော်ဝါရီ ၁၉၃၃ ]

# ဘကြီးအောင် ညာတယ်

'အရှေ့ကျောင်းသား သူတောင်းစား၊ လယ်ပေါ်ကျောင်းသား အကောင်းစား။ ကျောက်မီးသွေးမို့ မည်းသကို၊ တို့ကျောင်းသားမို့ ရဲသကို။ ဟေ့လာ မောင်ရို့ ဝါး'ဟု အားရပါးရ ဆူညံစွာ အော်ဟစ် ပြေးလွှားလာကြသော ကလေးတစ်စုသည်ကား လယ်ပေါ် ဘုန်းကြီးကျောင်းသားကလေးများ ဖြစ်ကြ၏။ ယင်းတို့ ကျောဘက် တင်းချ လယ်တစ်ကွက်လောက် အကွာတွင် ချည်လုံချည်ကို ပြာတာကွင်းသိုင်း၍ သင်တိုင်းအင်္ကျီကို လျော့ရိလျော့ရဲ ဝတ်လျက် ခေါင်းငိုက်စိုက်နှင့် ဝေစ်လှမ်းချင်း လာနေသော မောင်ချစ်သည် 'ဇဝ်မေသုတံ ဧကံသမယံ'ဟု တတွတ်တွတ် ရွတ်လျက် ရှိ၏။ ဆေးတစ်အိုးကျွမ်းလောက် အကြာတွင် အရှေ့သို့ လှမ်းကြည့်လိုက်ရာ ပန်းပုဆရာကြီး ဦးအောင်ချာ ကနားဖျင်းထဲ၌ ကျောင်းသားသူငယ်ချင်းများ ဝိုင်းအုံနေသည်ကို တွေ့ရလေသည်။ မိမိသည်လည်း အကြောင်းကို သိလိုသောကြောင့် ပြေးသွား တိုးဝင် ကြည့်ရှုလေ၏။

ဦးအောင်ချာသည် ဆင်စွယ် မင်းသမီးရုပ်ကလေးတစ်ခုကို ထုလျက် ရှိ၏။ ထုလုပ်စဖြစ်၍ ရုပ်လုံးပေါ်ရုံမျှပင် ရှိသေးသော်လည်း အရုပ်ကလေးမှာ နွဲ့နှောင်းဖြူဖွေး ချစ်စရာကလေး ဖြစ်ပေ၏။ အတန်ကြာသောအခါ မောင်ထွေး၊ မောင်ခွေး၊ ဖိုးစံ၊ ဖိုးလှတို့ တစ်စု ထ ပြန်သွားလေ၏။ မောင်ချစ်ကား မြေကြီးပေါ်တွင် ဒူးထောက်၍ ကွပ်ပျစ်ခါးပန်းတွင် မေးတင်ပြီးလျှင် အငေးသား ကြည့်လျက်ပင် ရှိသေး၏။

'ဘကြီးအောင်၊ ဒီမင်းသမီးရုပ်ကလေးကို ဘယ်သူ့ပေးဖို့ ထုနေတာလဲ ဟင်'ဟု မျက်စိကလေး ပေကလတ် လုပ်၍ မေးလေ၏။ ဆောက်ပုတ်နှင့် ဆောက်ကလေးကို အသာချ၍ ဆောက်ပုံးထဲတွင် ဆေးလိပ်တိုကို စမ်းနေ

သော ဦးအောင်ချာက 'ငါ့တူ လိုချင်လို့လား၊ ငွေတစ်ကျပ် ယူခဲ့ရင် ဘကြီး ပေးမယ် သီလား'ဟု အမှတ်မဲ့ ပြောလိုက်သောအခါ မျက်မှောင်ကြုတ်ရင်း ခေါင်းကုတ်လျက် 'ငွေတစ်ကျပ်ဆိုတာ ဘယ်နှပြားလဲ ဘကြီးအောင်ရဲ့'ဟု မေးပြန်လေ၏။ ပန်းပုဆရာကြီးလည်း ဆေးလိပ်ကို ချ၍ လက်ဝါးနှစ်ဖက်ကို ထောင်ပြလျက် 'ဆယ်ပြား ဆယ်ပြား ခြောက်ခါ၊ နောက်ပြီးတော့ လေးပြား ထည့်၊ ပေါင်း ခြောက်ဆယ့်နဲ့ လေးပြား၊ အဲသလောက်ကို တစ်ကျပ် ခေါ်တယ်၊ ကြားလား'ဟု ကလေးသူငယ်များကို ချစ်ခင်သော ဝါသနာ ရှိသည့်အတိုင်း စိတ်ရှည်လက်ရှည် ခြေဟန် လက်ဟန်နှင့် ရှင်းလင်း ပြောပြ လေ၏။ 'ဖြင့် ပြားပေးရင် ကျွန်တော် ဒီအရုပ်ကလေးကို တကယ်ပဲ ရမလား၊ နောက်တော့ မညာနဲ့နော် ဘကြီးအောင်'ဟု ပြောရင်း ရောင်ဆံမြိတ်ကလေး ကို ချာချာလည်အောင် ပတ်ရစ်လျက် အိမ်ရှိရာသို့ ရှင်လန်း ဝမ်းမြောက်စွာ ခုန်ပေါက် ပြေးလွှား သွားလေ၏။

မောင်ချစ်သည် နေ့လယ်ချိန် ကျောင်းတွင် မုန့်ဝယ်စားဖို့ရန် မိခင် ပေးလိုက်သော တစ်ပြား တစ်ပြားသော အသပြာကို မသုံးရက် မစွဲရက်ဘဲ အင်္ကျီသင်ပုန်းခေါင်းတွင် အပေါက်ငယ်ဖောက်၍ စုထားသည်မှာ ခြောက်ပြား မျှ ရလေ၏။ တစ်ထွာမျှ ကျယ်သော မိမိဝမ်းခေါင်း သမုဒ္ဒရာအတွက်မူကား နေ့ဆွမ်းစား ကလတက်ခေါက်တွင် ဘုန်းတော်ကြီး ဦးခေမာ ဝေသော ငှက်ပျောသီးတစ်လုံးနှင့် ကျေနပ် ဖူလုံလျက် ရှိလေ၏။

ဆင်စွယ်ရုပ်ကလေးသည် တစ်နေ့တခြား သားနား ကြော့ရှင်း၍ လာ၏။ သွားကလေးများ ပေါ်လုမတတ်ရှိအောင် ပြုံးလိုက်ရန် ဟန်ပြင်နေ သော အသွင်သည် အိပ်ပျော်နေသော ညအချိန်တွင်ပင်လည်း မောင်ချစ် မျက်လုံးတွင်းမှ မထွက်။ ကြည့်ရပါများလေ အရုပ်ကလေးမှာ လှလာလေ၊ လိုချင်စိတ် ပွားလာလေ ဖြစ်ရကား တစ်နေ့မှ တစ်ပြား တစ်ပြား စုရသည် ကို အလွန်ဖင့်လေး ကြန့်ကြာသည်ဟု သီလာလေ၏။ ပိုက်ဆံရလွန်းလို့၍ ဥပုသ်နေ့များကိုပင် စာသင်ရက် ဖြစ်ပါစေတော့ဟု ဆုတောင်းမိ၏။ တစ်

ပေါက် တစ်လမ်းက ဘယ်နည်းနှင့် ပိုက်ဆံရအောင် ကြိုးစားရပါမည်နည်း ဟု ကြံစည်ပြန်၏။

ထိုစဉ်အခါက ကမ္ဘာစစ်ကြီးအတွင်းဖြစ်၍ ကျောက်တံ အလွန်ရှား၏။ မောင်ချစ်သည် အစ်ကိုကြီး ကိုသစ်၏ ကျောက်သင်ပုန်းကွဲများကို ညောင်ရေအိုးစင်မှ ယူ၍ ညဉ့်နက် သန်းခေါင်မရှောင် မှိုင်းတလူလူ ထွက်နေသော ရေနံဆီ မီးခွက်ကြီးကို ထွန်းညှိလျက် ချွန်တက်သော ဖဲထီးသံချောင်းဖြင့် ကျောက်တံ တိုက်လေ၏။ ကျောက်တံရောင်း၍ ပိုက်ဆံ ခြောက်ပြားရ၏။ ကျောင်းသားကြီး ဖိုးတောက အနိုင်ကျင့်၍ မပေးဘဲ ထားသော အကြွေး တစ်ပြားအတွက် တွေးမိတိုင်း ဆွေးမိ၏။

တစ်ဆယ့်နှစ်ပြားမျှ ရလာသောအခါ အင်္ကျီသင်ပုန်းခေါင်းမှာ မဆံ့ပြီဖြစ်၍ နှစ်ဖက်ပိတ် ကြသောင်းဝါး တစ်ဆစ်တွင် ထိပ်က အပေါက်ဖောက်ကာ ဝေလခေါင်း၊ ကျားခေါင်း၊ နတ်ဖိုးချွန် စသော တံဆိပ်အမျိုးမျိုး ခတ်နှိပ်သည့် ကြေးပြား တစ်ဆယ့်နှစ်ပြားတိတိကို သွင်းလှောင် သိမ်းထားလေ၏။ နှစ်ဆန်းတစ်ရက်နေ့တွင် ဒွေးလေးညို ချစ်စနိုး၍ပေးသော သူငယ်ဖော် မောင်ထွေးက အလိုက် နှစ်ပြားပေး၍ ပိုက်ဆံချင်း လဲစဉ် မလဲရက်ဘဲ တွယ်တာခဲ့သည့် ထုံးအမှတ်နှင့် ဒေါင်းပိုက်ဆံကလေးကိုလည်း ဖျာအောက်မှ ထုတ်ယူ၍ ကြေးပြားအဖော်များရှိရာ ကြေးတိုက်တွင်းသို့ သွတ်သွင်းလိုက်လေ၏။ ကြေးပြား အရေအတွက်ကိုလည်း ဝါးကြောတွင် စူးဖြင့် ခြစ်၍ မှတ်ထားလေ၏။ 'ပဲဟင်းချက်တဲ့နေ့က တစ်ပြား၊ ဘကြီးထူး ကျွဲပျောက်တဲ့နေ့က တစ်ပြား' စသည်ဖြင့် လက်ချောင်းကလေးများကို ချိုးကာ ချိုးကာ ပိုက်ဆံစာရင်း တွက်ရ စစ်ရသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်၏။ ရေတံလျှောက်ထဲမှာ ထားရကောင်းနိုးနိုး၊ သဘော်ကြမ်းပေါ်တွင် ဝှက်ထားရလျှင် လုံနိုးနိုးနှင့် ပိုက်ဆံဘူး နေရာကြပ် ပြောင်းရသည်မှာလည်း အမောပင် ဖြစ်၏။ အရုပ်ကလေးကို ရလျှင် ထည့်ထားဖို့ရန် ထန်းလျက် ဖာချောကလေးကို အမျိုးမျိုး ပြုပြင် ဆင်ယင် မွမ်းမံရသည်မှာလည်း မအားပင် ဖြစ်လေ၏။

ဈေးသည် ဒေါ်ခါဥ၏ တောင်းနီထဲ၌ အငွေ့ထောင်းထောင်းနှင့် ကောက်ညှင်းပေါင်းကို မြင်ရသောအခါ သွားရည်ယိုမိ၏။ သို့ပါသော်လည်း ဝယ်မှရသော သရေစာတို့ကို သပိတ်မှောက်လေ၏။ သူငယ်ဖော်တို့ ဖန်ဒိုးဝယ်၍ ဂေါ်လီရိုက်သောအခါ ကလေးတို့ဘာဝ အများနည်းတူ ကစားလိုပါသော်လည်း မိမိတွင် ရှိရင်းစွဲ စည်ပတ်သံခွေ အဟောင်းကြီးကို ကျောင်းဝိုင်းပတ်လည်တွင် လှည့်ပတ် ရိုက်လျက် တစ်ယောက်ထီးတည်း ကျေနပ် တင်းတိမ်ရလေတော့၏။ သို့ဖြင့် တစ်ပြားတိုးလျှင် တစ်မျိုးဝမ်းသာလျက် စုဆောင်းလာခဲ့ရာ ပိုက်ဆံ သုံးဆယ့်လေးပြား ပိုက်မိသော နေ့သို့ ရောက်လာလေသတည်း။

ညနေ လေးနာရီ ကျောင်းလွှတ် ခေါင်းလောင်းသံသည် မောင်ချစ်၏ နှလုံးသွေးကို နှိုးဆွလိုက်လေ၏။ ဘုရားရှိခိုး ဆုံးခါနီး "အာမ"ဟု ဆိုမိလျှင်ပင် "ဘန္တေ"ကို မစောင့်နိုင်ဘဲ ထ၍ ပြေးလေရာ အစောင့် ကိုရင်ကြီး တစ်ပါးက အရင်လိုရကောင်းလား ဟူ၍ ထိပ်ကို ခေါင်ခေါင်မြည်အောင် ခေါက်လိုက်၏။ အမှုမထားမိ။ လမ်းတွင် ခလုတ်တိုက်၍ ခြေမ ကွဲသွားသော်လည်း နာရမှန်း မသိ။ ဦးအောင်ချာ ကနားဖျင်းနား ရောက်သောအခါ အတင်း တိုးဝင်သွားလေ၏။ ဖော့ဦးထုပ်ကို ဆောင်း၊ ဘောင်းဘီအပြာကို ဝတ်လျက် ကွပ်ပျစ်ထက်တွင် အခံ့သားထိုင်ရင်း မင်းသမီးရုပ်ကလေးကို ဘယ်ပြန် ညာပြန် ပယ်ပယ်နယ်နယ် ကိုင်တွယ် ကြည့်ရှုနေသော လူကြီးတစ်ယောက်ကို မြင်မှသာ ကိုယ်အရှိန်သတ်၍ ပြောနေကြသော စကားကို ကြားမိလေတော့၏။

'ဘယ့်နှယ်လဲ ဆရာကြီးရဲ့၊ ကျုပ်ပြောတဲ့ အဖိုးနဲ့ပဲ ပေးလိုက်မယ် မဟုတ်လား။ ခင်ဗျားတို့အရပ်မှာ ဒီအရုပ်ကလေးနဲ့ တန်တဲ့အိမ် တစ်အိမ်မှ မရှိပါဘူး၊ ဝယ်နိုင်မယ့်လူလည်း ရှိမှာ မဟုတ်ပါဘူး'

'မှန်ပါ၊ ဝန်ထောက်မင်းဖို့ ဆိုရင်တော့ အလ[illegible] တောင်းလည်း ပေးရမှာပါပဲ။ နို့ပေမဲ့ အချောသတ် အမွှမ်းတင်ဖို့ လေးငါးရက်လောက်

ဆိုင်းစေချင်ပါတယ်။ ပြီးရင် ပြီးချင်း ဝန်ထောက်မင်းတို့ဆီကို လာပြီး ပို့ပါမယ်’

ထိုမျှကို ကြားရလျှင်ပင် မောင်ချစ်၏ အသည်းနှလုံး အူသိမ် အူမ တို့သည် ကြွေကျမတတ် ဖြစ်လေ၏။ အရုပ်ကလေးကို အတင်းလုစ၍ ပြေးလို သောစိတ် ပေါ်လာသော်လည်း ဝန်ထောက်မင်းဟု ကြားရရုံမျှနှင့်ပင် ရင် ဒူး တုန်နေရသော မောင်ချစ်မှာ အဘယ်သို့ ဝံ့ရဲပါအံ့နည်း။ ခါးကြားက ခြောက် လုံးပြူး သေနတ်သည်လည်း မောင်ချစ်၏ အကြံကို သိသည့်အလား မောင်ချစ်ဆီသို့ စိန်းစိန်းလှည့်၍ ခြောက်လှန့် မောင်းနှင်လေ၏။ ဝဲလာ သော မျက်ရည်ကို အနိုင်နိုင်ထိန်း၍ မိမိဘက်သို့ ကျောခိုင်းနေသော ဆင်စွယ် ဒေဝီကလေးအား နောက်ဆုံးကြည့် ကြည့်လျက် ထွက်လာလေ၏။ လမ်း ကြားငယ် တစ်ခုအတွင်းမှ ‘ဟိုကောင်ကလေး ညိုတိုတို၊ တို့ကို ကြိုက်လို့ ငို၊ နင်ငိုပေမဲ့ အလကား၊ တို့အမေက မပေးစား’ဟု ထွက်ပေါ်လာသော တေးသံသည် တေးဆိုသူအား နှလုံးပွားဖွယ်ပင် ဖြစ်သော်လည်း မောင်ချစ်၏ နှလုံးသားကိုကား ဓားပါးနှင့် မွှန်းလိုက်လေတော့သတည်း။

တစ်ဆယ့်ငါးရက်မျှ ကြာသောအခါ ခေါင်းထက်တွင် တဘက်ကိုယ် စီ တင်ထားသော မိန်းမကြီးတစ်စုနှင့် ယောကျ်ားကြီးတစ်ယောက်တို့ မောင်ချစ်တို့၏ ခြောက်သွေ့သော ခြံကလေးအတွင်းသို့ ဝင်သွားသည်ကို မြင်ရပါသည်။ အိမ်ရှေ့ ခွေးကတာက်ကို တက်မိလျှင်ပင် တိုင်ဖုံးနား၌ မျက် ရည် စက်လက် ဦးဆံဖားလျားနှင့် ထိုင်နေသော မိန်းမတစ်ဦးသည် ယောကျ်ားကြီး၏ ခြေစုံကို ပြေးဖက်လျက် ‘အမယ်လေး ကိုရင်အောင်ရဲ့၊ မောင်ချစ် ဖြစ်ပျက်ပုံတွေ မြင်ဝံ့သေးရဲ့လား ရှင့်၊ မောင်ချစ်ရေ... အမေ့ သားကြီးရဲ့၊ အမေ လိုက်ခဲ့မယ်ကွယ့်နော်၊ ဟီး ဟီး’ဟု ဟစ်အော် ပြောဆို ငိုကြွေးမြည်တမ်းလေ၏။ ဦးအောင်ချာလည်း မောင်ချစ် အလောင်းနားတွင် မလှုပ်မယှက် ထိုင်နေသော မောင်ချစ် ဖခင်အား [illegible]နှယ် ဖြစ်ရတာလဲ မောင်ဖိုးငွေရဲ့၊ ကိုရင်လည်း မြို့တက်သွားတာ ဆယ့်လေးငါးရက် ကြာသွား

လို့ ဘာသတင်းမှ မကြားမိဘူး၊ အခု ပြန်ရောက်ရောက်ချင်းပဲ အိမ်မှာ ထိုင်တောင် မထိုင်ခဲ့ဘဲ ပြေးလာခဲ့တာပဲကွယ့်'ဟု ပြောလေ၏။ 'ကိုရင်ရယ်၊ ဘာရောဂါရယ်လို့လဲ မပြောတတ်ပါဘူး။ တမှိုင်မှိုင် တတွေတွေနဲ့ ထမင်း မစား ဟင်းမစား၊ တစ်ခါတလေ သူ့အမေကျွေးလို့ ဆန်ပြုတ်ကလေး တစ်ဇွန်း လောက် ဝင်သွားပေမဲ့ ချက်ချင်း အန်ပစ်လိုက်တာပဲ။ ပယောဂ ဆိုလို့ ဆရာညို ခေါ်ပြပါလည်း ဘာမှ မထူးခြားပါဘူး။ ကလေးကို ညှဉ်းဆဲသလို သာ ဖြစ်နေတာပဲ။ မေးလိုလည်း မပြောဘူး။ မနေ့ညကတော့ သူ့အမေကို ခေါ်ပြီး သူ စုထားတဲ့ ပိုက်ဆံ ငါးမူးနှစ်ပြားကို သူ့ဆရာတော် လှူလိုက်ပါ လို့ မှာပြီးတော့ ကိုရင်အောင်ကို မေးတာပဲ။ မြို့သွားတယ်လို့ ပြောတော့ အတန်ကြာကြာ ဘာမျှ မပြောဘဲ မောနေပြီး "ဘကြီးအောင် ညာတယ်" လို့ မပီတပီပြောရင်း အသက်ပျောက်သွားတာပဲ'ဟု ပြော၍ လုံချည်စဖြင့် မျက်ရည် သုတ်လေ၏။ ဦးအောင်ချာလည်း စဉ်းစား၍ အကြောင်းရင်းကို ရိပ်မိသောအခါ မျက်နှာညှိုးငယ်၍ သွားလေတော့သတည်း။

ယခုအခါတွင်ကား ရွာကလေးအနောက်ဘက် နွားစားကျက်အနီး ထိန်ပင်ကြီး တောင်ယွန်းရှိ သချိုင်းကုန်းထက်တွင် ထီးတည်းသော အုတ်ဂူ ကလေး တစ်ခုကို တွေ့နိုင်ပါသည်။ "အချစ်ဂူ"ဟူ၍ လည်းကောင်း၊ "မောင် ချစ် ဂူ"ဟူ၍ လည်းကောင်း အမည်နှစ်မျိုးဖြင့် ခေါ်ကြရာ မည်သည်ကို အမှန်ဟူ၍ မပြောနိုင်ပါ။ ဂူကလေး၏ အရှေ့မျက်နှာ လိုဏ်ပေါက်ကလေး ထဲတွင် ကျွဲကျောင်းသား၊ နွားကျောင်းသားတို့၏ လက်ချက်ကြောင့် ကျိုးပဲ့ ပျက်စီးနေသော အရုပ်ကလေး တစ်စုံကို တွေ့နိုင်ပါသေးသည်။ လိုဏ်ဝ အောက်ခြေတွင် သွင်းနှံထားသော ကျောက်ပြားငယ်ထက်တွင်ကား "လို၍ မရသော ဆင်းရဲ"ဟု စာတန်း ထိုးထားပါသည်။ ကျွန်တော်၏ ဘိုးအေအား မေးမြန်းကြည့်ရာ သုံးနှစ်လောက်က ပျံတော်မူသွားသော တောထွက်ကြီး ဦးဣန္ဒ၏ လက်ရာဖြစ်သည်ဟု သာမန်မျှသာ သိရပါသတည်း။

[ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၃၂ ]

## သကြံ့န်တုန်းက

သကြံ့န်အကျနေ့ နံနက်ခင်းကလေးသည် ခပ်ပြေပြေ နေရောင်ခြည်ကလေးကို လွှမ်းခြုံလျက် သာယာလှပေ၏။ မိုးကောင်းကင်ကလည်း တိမ်ညိုပြောက်တိ ပြောက်ကျားနှင့် မအုံ့ တအုံ့။ ရွှင်ရွှင်ပျပျ ခုန်ပေါက် ပြေးလွှားနေသော မိုးလေကလေးကလည်း မအေးတအေး။ ဆာဆာဝေဝေ လန်းလန်းဆန်းဆန်း ခါတော်မီ သင်္ကြန်မိုးကြကုန်သော ပိတောက်ဖူးကလေးတို့လည်း မပွင့်တပွင့်။ ထိုသို့သော နံနက်ခင်း၏ ပျံ့ညင်းလတ်ဆတ် နူးညံ့ လန်းရွှင်သော ထွက်သက်ကို ရှူရှိုက်ရင်း အိပ်ရာမှ နိုးလာသော ကျွန်တော်မှာ လွှမ်းရတော့ မလိုလို၊ ရွှင်ရတော့ မလိုလိုနှင့်၊ မြစ်ဆုံသို့ ဆန်တက် မျောပါလာသော ဗေဒါပင်ကလေးပမာ ယောင်တောင်တောင် ဖြစ်၍ နေမိ၏။ ထိုခဏ၌ ကျွန်တော်တို့ ရွာကလေး တောင်ဘက် အစွန်းဆီမှ တထုံထုံ မြည်ဟည်းသော အိုးစည်သံသည် ပိတောက်ဖြင့် ကြိုင်အပ်သော လေပြည်တွင် လေယာဉ်စီး၍ လိုက်ပါလာပြီးလျှင် ကျွန်တော်၏ သောတအကြည်တွင် ဝင်ရောက် ဆိုက်ကပ်လာ၏။ သကြံ့န်အခါသည် ဘေးမရှိသော အခါဖြစ်၏။ အိုးစည်သံသည် ဘေးမရှိသော အသံဖြစ်၏။ ဘေးမရှိသော အခါတွင် ဘေးမရှိသော အသံကို ကြားရခြင်းကား စင်စစ် ဝမ်းမြောက်ဖို့ပင် ဖြစ်၏။ သို့သော် ဖော်ကွာဝေးသူတို့ကား လွတ်လွတ်ကျွတ်ကျွတ်ကြီး ဝမ်းမြောက်ပျော်ရွှင်ဖို့ ခဲယဉ်းပေလိမ့်မည်။

အိပ်ရာထက်၌ နံနက်ခင်းက သာယာပြည့်စုံခြင်းကို ပျော်တစ်လှည့်၊ ပျင်းတစ်လှည့်နှင့် စံစားနေခိုက်တွင် အထက်ပါ အိုးစည်သံသည် ကျွန်တော်တို့ လမ်းထိပ် ကုက္ကိုပင်ကြီးအောက်ဆီလောက်သို့ ရောက်လာပြီဟု အသံကို

မှန်း၍ ထင်မိ၏။ အိုးစည်များကလည်း တထုံထုံ၊ လင်းကွင်းကြီးကလည်း တရှပ်ရှပ်၊ လက်ခုပ်များကလည်း တဖျောက်ဖျောက်၊ ယင်းတို့အကြားမှ ကြေးပလွေသံသည် လွန့်၍ လွန့်၍ ကျော်လွှား ထွက်ပေါ်လာ၏။ "စိန်အိုးစည် လွယ်သလေလေ" အစချီသော သီချင်းသံလည်း ပလွေသံနှင့် အလုအယက် သူ့ထက်ငါ ဦးအောင် ထွက်ပေါ်လာ၏။ ထူဗာပ်သော လက်ခုပ်သံကို ထောက်ခြင်းဖြင့် အိုးစည်တိုင်း၏ အရွယ်ပမာဏမှာ မငယ်လှဟု သိရ၏။ မကြာမီအတွင်းဝယ် အိမ်ရှေ့တလင်းတွင် အိုးစည်သားတို့သည် နေရာတကျ ခင်းကျင်း၍ သီဆို တီးမှုတ် ကခုန်နေကြောင်းကို သိရ၏။

ကျွန်တော်၏ တစ်ဝက်မျှမကသော အသက်သည် အိုးစည်သံ၊ ပလွေသံတို့ ဆိတ်ရာ မြို့တွင် ကုန်လွန်ခဲ့သည် မှန်သော်လည်း ယင်းအသံတို့၏ ဆွဲငင်သော သတ္တိကား ကျွန်တော့်အဖို့ သန်စွမ်းတုန်းပင် ရှိသေး၏။ ကြားစကပင် နှလုံးသားသည် တရွရွ လှုပ်ရှားခဲ့၏။ ကခုန် သီဆိုချင်သော ငယ်စဉ်ကကျေးတောစိတ်သည် တစ်ကိုယ်လုံးတွင် ဖြန်းလျက် သွား၏။ သို့နှင့်လည်း အိပ်ရာမှ မထ၊ ထွေရာလေးပါးကို စဉ်းစားနေတုန်းပင် ရှိသေး၏။

ထိုခဏ၌ ကျွန်တော်၏ အမည်ကို မေးလိုက်သံ ကြားရ၍ ကျွန်တော့်တူကလေး လက်ထောက်ချလိုက်သည့်အတိုင်း ကျွန်တော်၏ ဝမ်းကွဲအစ်ကိုကျောင်းနေဖက် သူငယ်ချင်း ဝမ်းကွဲယောက်ဖတော်သူ ကိုလေးချိုသည် အိမ်ခန်းတွင်းသို့ ပြေးဝင်လာလျက် ကျွန်တော့်အား နှိုး၏။ ကျွန်တော်လည်း အိပ်ရာမှ လူးလဲထ၍ ကိုလေးချို ခိုင်းစေသည့်အတိုင်း ပြတင်းပေါက်မှ လှမ်း၍ ကြည့်လိုက်ရာ အောက်ပါတို့ကို မြင်ရပါသည်။

အိုးစည်သားတို့မှာ ကျွန်တော်နှင့် ကစားဖက်၊ ရန်ဖြစ်ဖက်၊ ကျောင်းပြေးဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။ ဘထွေးခိုထံတွင် သူရင်းငှားလုပ်နေသူ ချမ်းအေးကြီးသည် ကျွန်တော့်ကို ပြတင်းဝတွင် မြင်ရသောအခါ ပါးစပ်မှ ပလွေတိုကလေးကို ချွတ်၍ သူတို့နှင့် အတူလိုက်ရန် အော်ပြော၏။ ကျွန်တော်က ခေါင်းညိတ်၍ ပြလိုက်သောအခါ ဝမ်းသာသောအသံဖြင့်

'အဲဒါမှ တို့ဘိအေကွ' ဟု ပြော၍ အခြားသူငယ်ချင်းများ မြင်ရလေအောင် ကျွန်တော့်ဘက်သို့ လက်ညှိုးညွှန်ပြ၏။ ဘုန်းကြီးကျောင်းတွင် နေစဉ်က ကုလားဖိုးစိန်ဟု ထင်ပေါ်ကျော်စောခဲ့သော နတ်ကြီးသည် ပေါရိသာဒကဲ့သို့ ဝတ်ဆင်လျက် လည်းကောင်း၊ အရှေ့ဖျားသား သာအိသည် သုတသောမ မင်းကြီးကဲ့သို့ ဝတ်ဆင်လျက် လည်းကောင်း ပေါရိသာဒ ချွတ်ခန်းကို ဓာတ်ခင်းလျက် ရှိကြ၏။ အိုးစည်ဝိုင်း အလယ်တွင်ကား နွားတစ်ကောင်ကို တွေ့ရ၏။ အသွေးမှာ ခပ်ညိုညို၊ ကိုယ်ကာယမှာ ခပ်ပိန်ပိန်၊ ထိပ်တွင် ကြာကလေးနှင့်။ ထိုနွားသည် များစွာ မအိုလှသေးချေ။ နွားပိန်ကို အသားထိုးကြည့်သည်ဆိုသော နည်းဖြင့် ကြည့်ရာ ပျိုရွယ်သန်စွမ်းစဉ်အခါက ထိုနွားသည် အလွန်လှပ ခံ့ညားခဲ့ပေရာ၏။ အဖိုးတန် ကြေးထိုက်ခဲ့ပေရာ၏။ သို့သော် ယခုကဲ့သို့ အိုမင်းမစွမ်း ရှိလာသောအခါ မကြင်နာသော သခင်သည် ပြုဖူးသော ကျေးဇူးကို မထောက်ဘဲ ဆယ့်ငါးကျပ်၊ နှစ်ဆယ်မျှသော သပြာငွေ နောက်သို့ ကောက်ကောက်ပါ လိုက်လျက် နွားသတ်တို့၏ လက်တွင်းသို့ သေစာရင်း သွင်းလိုက်သည်မှာ အံ့သြဖွယ်ပင် ဖြစ်တော့၏။ "ရှေးအထက်ကာရီ ပဝေသဏီ အခြေက ရေလိုက်ကြီး မှောက်မှား၍ တို့နောက်သားတစ်စုမှာ လူဘိလူးအစာ ဟင်းလျာတို့အပြီး ဘူးသီးနှင့် ကံ့သူ ကံ့၊ ဖရုံနှင့် ညားသူ ညား၊ သခွားနှင့် တွဲသူ တွဲ၊ ချိုတနဲ့ ချဉ်တစ်ထွေ၊ တို့ဖြစ်ပုံအနေနှယ်၊ သေလျှင်လည်း လတ်တလော၊ ရှင်လျှင်လည်း ဖတ်ဖတ်မော၊ အဟောဒုက္ခ ဘယ်အခါတွင်မှ သက်သာရာ မရအောင်၊ တို့ကြမ္မာ ပြုနည်းကို အသည်းထိ နာလိုက်ပါဘိ၊ ဉာတကာ တစ်သင်း၊ မိတ်ဆွေရင်းတို့" ဆိုသော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ နွားမေတ္တာစာကို ပြေး၍ သတိရမိ၏။

ထို စက်တိုင်နွားကို ဝယ်၍ အသက်ကယ်ဆယ်ရန်အတွက် သူငယ်ချင်း တစ်စုတို့သည် အိုးစည် ဗုံမောင်းတီးလျက် အရပ်ကို လှည့်ပြီးလျှင် အလှူငွေ ကောက်ခံနေကြခြင်း ဖြစ်၏။ နွားကြီးသည် နွားသတ်တို့၏ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆဲဆိုရာမှ လွတ်မြောက်ခဲ့၍ အသာအယာ ကိုင်

တွယ် ပွတ်သတ်ခြင်းကို ခံရလေသောကြောင့် အမြီးတခတ်ခတ်နှင့် များစွာ ပျော်ရွှင်နေသကဲ့သို့ ရှိ၏။ ထိုနွားကြီးအတွက် "ဆာ"စသော ဘွဲ့ကြီး ခရာ ကြီးတို့ထက် အဆပေါင်းများစွာ အဖိုးထိုက် အသုံးဝင်သော "ဘေးမဲ့"ဟု ကတ္တရာစေးဖြင့် ရေးခြစ်ထားသော သံဖြူပြားငယ်ကလေးသည် လည်ပင်း မှ တွဲရရွဲ ကျလျက် ရှိ၏။ နွားသတ်ကုလား၏ လက်တွင်သာ နေရပါမူ ဤသံဖြူပြားငယ် ဆွဲရာ လည်ပင်းအရပ်သည် နွားသတ်၏ ဓားသွား လေးကင်းပြရာ အရပ် ဖြစ်ပေလိမ့်မည်။ ဦးခေါင်းနှင့်တကွ ဦးချိုတို့ကား သပြေပန်း၊ ပိတောက်ပန်းတို့ဖြင့် ဝေဝေဆာဆာ ဆင်ယင်ထား၍ ကျော ကုန်းကိုကား ကတ္တီပါ ကော်ဇောဖြင့် ဖုံးလွှမ်းထား၏။ ဤသို့ ဆင်ယင်ထား အပ်သော နွားကြီးသည် အိုးစည် ပုံမောင်းသံတို့ဖြင့် က တော့မလို၊ ခုန်တော့ မလို တရှုရှု ဖြစ်လျက် ရှိ၏။

အိုးစည်သံက ဆွဲငင်ခြင်းကြောင့် တစ်ကြောင်း၊ နွားကြီး၏ သနား ဖွယ်သော အဖြစ်က ဆွဲငင်ခြင်းကြောင့် တစ်ကြောင်း ကျွန်တော်သည် ကပျာကသီ အဝတ်အစား လဲလှယ်၍ ချမ်းအေးကြီးလက်မှ ပလွေတိုကလေး ကို လုယူပြီး ထိုဘေးကင်းသော နံနက်က ဘေးကင်းသော အသံတို့နှင့်အတူ ဘေးကင်းသော အလုပ်ကို လုပ်ဖို့ရန် ဘေးကင်းစွာ လိုက်ပါ၍ သွားခဲ့ပါ သတည်း။

[ ဂန္ထလောက၊ မေ ၁၉၃၂ ]

## မောင်ချိုနှင့် မောင်ညို

မောင်ချိုနှင့် ကျွန်တော်သည် တစ်နှစ်တည်းတွင် ဤလောကကြီးအား အိုဝဲသံဖြင့် နှုတ်ဆက်ခဲ့ကြ၏။ "နမောဗုဒ္ဓါ ယသိဒ္ဓါ၊ အ၊ အာ၊ ကျ၊ ဤ"အစရှိသော မြန်မာစာပေကို တစ်ကျောင်းတည်း၊ တစ်ဆရာတော်တည်း ထံတွင် တက်ယှူ သင်အံခဲ့ကြ၏။ ကျွန်တော် သက်န်းစည်းသောအခါ မောင်ချိုကိုလည်း ကျွန်တော့် အမိ အဖများက ရှင့်တကာ ခံ၏။ ရှင်ပြုရက်အတွင်း တစ်ညတွင် သံဃာစင်ပေါ်၌ ကျွန်တော်တို့တစ်စုအား မောင်ချိုက အမဲခြောက်ဖုတ်က ဟူသော အကဆန်းတစ်မျိုးကို ကပြရာ မိန်းမတွေ ချောင်းကြည့်၍ ရှက်ရှက်နှင့် ဒရောသောပါး ထွက်ပြေးစဉ်က ရာဇမတ်နှင့် ငြိ၍ လုံချည် ကျွတ်ကျသည်ကို ယခုတိုင် ကောင်းစွာ မှတ်မိပါသေး၏။ ဝါဆိုသောအခါလည်း အတူတူပင် ဖြစ်ခဲ့ပါ၏။ ထိုထိုသို့သော အကြောင်းများသည် မောင်ချိုနှင့် ကျွန်တော့်စပ်ကြားတွင် အမြဲ ယှက်ဖွဲ့လျက်ရှိသော မေတ္တာနှောင်ကြိုးများ ဖြစ်ပါတော့သည်။

မောင်ချို၏ ဖခင်မှာ ဘေးဘိုးစဉ်လာ ဟံသာဝတီ မွန်မျိုးတို့ ဓမ္မတာအတိုင်း ထွန်တုံး ထွန်တံတို့ဖြင့် အသက်မွေး၏။ ၁၂ ရာသီပတ်လုံး ကွင်းလွင်တွင် နေ၍ အခြားအခြားသော လယ်သူကြီးတို့၏ နွားများကို မွေးဖက်အငှားကျောင်း၏။ လယ်သူကြီးတစ်ဦး၏ နွားအုပ်မှ အပ်ထားသော အချိန်အတွင်းတွင် အရည်တူ နွားငယ် နှစ်ကောင်မွေးလျှင် နွားကျောင်းသူက တစ်ကောင်ယူသည်။ နွားရှင်က တစ်ကောင်ယူသည်။ နွားချင်း အရည်မတူသော အခါ၌ လည်းကောင်း၊ နွားငယ် အရေအတွက်အားဖြင့် အဝေမညီ

သော အခါ၌ လည်းကောင်း တစ်ဖက် ဝေစုရှင် နစ်နာချက်ကို တစ်ဖက် ဝေစုရှင်က ငွေဖြင့် ဖာထေးရ၏။ ဤကား နွားဖွားဖက်ကျောင်းခြင်း၏ သဘောတည်း။

သီတင်းကျွတ် လပြည့်ကျော် တစ်ရက်၊ ကျွန်တော်တို့ ရှင်လူထွက်သော ညနေမှာပင် လယ်သူကြီး ဦးသာဖို၏ နွားအုပ်မှ နွားညိုကလေး တစ်ကောင် မွေး၏။ နွားကလေးကို ထိပ်တွင် ကြာကလေးပါသောကြောင့် "ကြာကလေးစိန်" စသော အမည်များဖြင့် မှည့်ခေါ်သင့်သည် မှန်သော်လည်း အသွေးအရောင်ကို လိုက်၍ "မောင်ညို" ဟု ခေါ်ကြလေ၏။ မောင်ညိုသည် နွားချောကလေး ဖြစ်၏။ သဘောလည်း ကောင်း၏။ ခေါ်လျှင် လာ၏။ ပြောလျှင် နားထောင်၏။ မိမိခြံတွင်ပေါက်၍ မိမိကိုယ်တိုင် ကျောင်းခဲ့ရသမျှသော နွားကလေးတို့တွင် မောင်ချိုသည် မောင်ညိုကို အချစ်ဆုံး ဖြစ်၏။ အသံ့ အသာဆုံးသော ခလောက်ကို မောင်ညို့လည်တွင် ဆွဲပေး၏။ အကောင်းဆုံးသော မြက်ကို မောင်ညို့အား ကျွေး၏။ မိမိ အချစ်ခင် အနှစ်သက်ဆုံးသော အရာကို အထူး ဂရုစိုက်ပြုစုခြင်းကို မျက်နှာလိုက်သည်ဟု အပြစ်ဆိုကြပါမူ မောင်ချိုသည် ထိုအပြစ်မှ မလွတ်။ ကေပုတ္တ တစ်ဦးတည်းသားဖြစ်သော မောင်ချိုသည် ခြံပေါက်နွားကလေး မောင်ညိုအား တစ်အူထုံ့ဆင်း ညီရင်းပမာ ချစ်ခင်လေသည်ဟု ဆိုလျှင် မှားနိုင်မည် မဟုတ်။ မောင်ချို၊ မောင်ညို ဟူသော ကာရန်တူ အမည်များမှာလည်း ညီအစ်ကိုများအား ပေးလေ့ရှိသော အမည်များ ဖြစ်၏။

သုံးမိုးမျှ ကြာသောအခါ ဦးသာဖို နွားအုပ်မှ ပေါက်သော နွားကလေးတို့ကို ခွဲဝေဖို့ရန် နေ့ကို ချိန်းဆိုကြလေ၏။ ထိုနေ့ကို မျှော်ခေါ်၍ မောင်ချိုစိတ်ပူခဲ့သည်မှာ မောင်ညို့ အသက်တမျှ ဖြစ်၏။ လယ်သမားတို့ ဘာဝ အရှင်ကြီးတင်သော ကာလများ၌ မိမိဝေစုတွင် မောင်ညို ပါအောင် ကျူညီဝိုင်းလို့ မှိုင်းမတော်မူပါဟု တိုးတိုး ဆုတောင်းလေ့ ရှိ၏။ နွားဝေအံ့သော နေ့တွင်ကား အပူလုံးကြီး ဆို့တစ်နေလေသောကြောင့် ထမင်းဟင်းမျှ

ကောင်းစွာ မစားနိုင်။ သီနေကျ သီချင်း၊ မှုတ်နေကျ ပလွေတို့ကိုမျှ ဂရု မပြုနိုင်။ ထိုနေ့ညနေ ဦးသာဖိုး လာသည်ကို အဝေးတွင် မြင်ရလျှင်ပင် မောင်ချိုမှာ မနေတတ် မထိုင်တတ် ဖြစ်နေ၏။ မောင်ညိုကိုပင် ချုံကြို ချုံကြား၌ ဝှက်ထားချင်တော့သလိုလို၊ ဦးသာဖိုးကိုပင် ခွေးနှင့် ရှူးတိုက်ချင် တော့ သလိုလို မသန့်သော အကြံတို့ကို ကြံမိလေ၏။

မောင်ညိုကို မောင်ချိုက အသည်းစွဲ ချစ်ခင်ကြောင်းကို ရွာနီးချုပ်စပ် အရပ်တိုင်းက သိ၏။ ဦးသာဖိုးသည်လည်း သိ၏။ သို့သိသော ဇရပ်တကာ ဦးသာဖိုးသည် အဘယ်သို့သော အကြောင်းကြောင့် မောင်ညိုအား မောင်ချို ထံမှ ခွဲအံ့နည်း။ သို့ပင်ဖြစ်ငြားလည်း မောင်ချိုမှာ စိတ်မချနိုင်။ ကန်မျက်ကြီး ကွင်းတစ်ခွင်တွင် မောင်ညိုသည် အချောဆုံးကလေး ဖြစ်၏။ ထွန်တစ်တုံး ကို နိုင်လျှင်ပင် ရာကျော်ကလေးတစ်ကောင် ဖြစ်တော့မည်။ ထိုမျှ ကြေးထိုက် သော နွားကလေးကို ဦးသာဖိုးသည် မယူဘဲ နေအံ့လော ဟူသော တွေးလုံး ဖြင့် တအုံနွေးနွေး တဆွေးဆွေး ဖြစ်နေ၏။ သို့ပါသော်လည်း နွားဝေပြီး သောအခါ မောင်ချိုသည် ကတော့မလို ခုန်တော့မလို ဖြစ်နေသည်ကို တွေ့ရ၏။ မောင်ညိုသည် မိမိဝေစုတွင် ပါ၏။ မိမိမျက်စိအား မယုံနိုင် လောက်အောင် ဖြစ်၏။ ထိုနေ့ ညစာကိုမျှ သတိမရလေ။

သို့ဖြင့် မောင်ချို၊ မောင်ညို ညီအစ်ကို နှစ်ယောက်မှာ စေတော့သံ တညံညံနှင့် ပျော်ပါးစွာ ကြီးပြင်းလာကြ၏။ ပစ္စည်းဥစ္စာလည်း တစ်စတစ်စ တိုးတက်လာ၏။ အလုပ်အကိုင်ကိုလည်း တဖြည်းဖြည်း ချဲ့ထွင်၍ လုပ်ကြ လေ၏။ အလုပ်ကြိုးသူတို့ မည်သည် ကြွေးမလွတ်နိုင်သည် များ၏။ မောင်ချို မှာလည်း ကြွေးနှင့်ပင် ဖြစ်၏။

ခေတ်ကြီးသည် ဆိုး၍ လာ၏။ စပါးဈေးသည် တစ်နှစ်ထက် တစ်နှစ် ဆုတ်ယုတ်သွား၏။ စပါးပုံ ဆန်ပုံပေါ်က ကြည့်လျှင် ရွှေပုံ ငွေပုံကို မြင်နိုင်သည်ဆိုသော စကားသည် ယုံတမ်းစကားပမာ ဖြစ်ခဲ့၏။ တစ်နှစ် ရှုံးလျှင် တစ်နှစ် မြတ်နိုးနှင့် အလုပ်အကိုင်ကို ဆက်လက်ချဲ့ထွင် လုပ်ကိုင်

လေရာ လော်ရင်းနစ် ဆိုသကဲ့သို့ ရှုံးသထက်သာလျှင် ရှုံးလာသဖြင့် မောင်ချိုတို့ သားအဖမှာ ကြွေးလည်ပင်း ခိုက်သွားလေ၏။ နောက်ဆုံး၌ကား ကြွေးရှင်များ ဆူပူသောကြောင့် တစ်ကြောင်း၊ မျှော်လင့်ချက် မရှိတော့သောကြောင့် တစ်ကြောင်း ထွန်တုံး၊ ထွန်တံမှ မကျန် ရှိသမျှ ပစ္စည်းများကို ကြွေးရှင်အား အပ်လိုက်ရလေတော့၏။ နွားကလေး မောင်ညိုကို မိမိ တတ်နိုင်သောအခါ ရွေးယူပါရစေဟု တောင်းပန်၍ ကြွေးရှင်က ခွင့်ပြုသောကြောင့် မောင်ချိုမှာ အနည်းငယ် သက်သာရာ ရ၏။ ကြွေးသိမ်းသွားသော လယ်ထဲတွင်ပင် တဲရှင် ခွင့်ပြုချက်ဖြင့် နေကြရလေ၏။

မောင်ချိုသည် အခြားပစ္စည်းများ ဆုံးသည်ကို သခ်ါရတရားဖြင့် ဖြေနိုင်သော်လည်း မောင်ညို့အတွက်ကား မည်သည့်တရားနှင့်မျှ မဖြေနိုင်။ တလွမ်းလွမ်း တဆွေးဆွေးနှင့် အချိန်ကုန်ရလေ၏။ မောင်ညိုကို ရွေးယူဖို့ရန် မရပ်မနား အလုပ်လုပ်၏။ ထင်းခွဲ ရေခပ်မရှောင် လုပ်၏။ အပြင်းအထန် အပင်အပန်း လုပ်၏။ ရသမျှငွေကို စု၏။ အလုပ်ကြောင့်ပန်း၊ စိတ်ကြောင့် ပန်းသဖြင့် ကိုယ်လည်း နွမ်းလေ၏။

နွေရာသီ ကျောင်းအပိတ်တွင် ကျွန်တော် အိမ်သို့ပြန်သွား၍ ခရီးရောက်မဆိုက်ပင် မောင်ချိုတစ်ယောက် အလူးအလဲ ဖျားနေသည် ဟူသော သတင်းဆိုးကို ကြားရ၏။ စိတ် အလွန်မကောင်း။ ထိုညတွင် ကောင်းကောင်း အိပ်လို့ မရ။ မိုးလင်းသည်နှင့် တစ်ပြိုင်နက် မောင်ချိုတို့ တဲသို့ သွားရောက် သတင်းမေး၏။ မောင်ချိုမှာ ကျွန်တော့်ကိုမှ မမှတ်မိတော့။ ခရီးလွန်နေပြီ။ တွေ့ကရာ ပတောက်ပရစ် ပြောသောအခါ ပြော၏။ မောင်ညို မောင်ညို ဟူသော အမည်ကို မကြာခဏ ကြားရ၏။ နောက်တစ်နေ့ သွားပြန်သောအခါ အနည်းငယ်လန်း၍ သတိမလစ်လှသည်ကို တွေ့ရ၏။ မောင်ညိုကို ရွေးဖို့ ငွေစုသော်လည်း မပြည့်သေးကြောင်း ပြောရှာ၏။ ကျွန်တော်လည်း အလိုက်သိစွာပင် နောက်တစ်နေ့ သွားပြန်သောအခါ မောင်ညို့ကို ကျွန်တော့်ငွေနှင့်ပင် ရွေးယူသွား၏။ မောင်ညို လာသည်ဟု ကြားလျှင်ပင်

အိပ်ရာမှ ထ မည်ပြု၏။ အနားရှိ လူများက တားထားရ၏။ ကျွန်တော့်ကို မြင်လျှင် မောင်ချို၏ ကျေးဇူးတင်သော မျက်နှာဖြင့် ပြုံး၏။

ထိုနေ့ နံနက်ပိုင်းတွင် အလွန် လန်းပုံပေါ်သော်လည်း ညနေပိုင်း ကျသောအခါ မောင်ချို၏ မျက်နှာသည် တစ်မျိုးဖြစ်သွား၏။ အဘယ်သို့ဟု မပြောတတ်။ တဲပေါက်ဝတွင် ချည်ထားသော နွားကလေး မောင်ညိုကို ကြည့်လိုက်၊ ဖခင်ဖြစ်သူအား ကြည့်လိုက်၊ ကျွန်တော့်အား ကြည့်လိုက်နှင့်။ 'သူငယ်ချင်း၊ ငါတော့ဖြင့် ဒီတောင်က ကျော်နိုင်တော့မယ် မဟုတ်ပါဘူးကွာ'ဟု ပြောလိုက်သောအခါ မျက်ရည်မဆည်နိုင်လောက်အောင် ဖြစ်မိတော့၏။ ထိုနောက် မောင်ညို ရှိရာသို့ လှည့်လျက် 'မောင်ညိုရေ၊ အဖေ့ကို မင်းပဲ လုပ်ကျွေးရစ်တော့ကွာ၊ ငါတော့ဖြင့် မနေရတော့ဘူး'ဟု ပြော၍ အဆုံးတွင် မျက်လုံး လည်သွားလေတော့သတည်း။

နေညိုညို ညနေစောင်းကလေးတွင် နွားကလေး မောင်ညိုသည် မိမိ၏ နောင်ကြီး မောင်ချို၏ အခေါင်းကို ဆောင်ကြဉ်းလာသော လှည်းတွင် ရှန်းလျက် လုပ်တိုင်းဘက်သို့ ရှေးရှုသွားသည်ကို မြင်ကြရသော ရွာသူရွာသားများမှာ မျက်ရည်မဆည်နိုင်ကြကုန်။ ပူဆွေးနေသော သူတို့သည် ဖွင့်၍ မပြောသမျှ ကာလပတ်လုံး သက်သာရာ မရ။ တစ်သက်တွင် တစ်ခါမျှ မကြုံဖူးသေးသော ပူဆွေးခြင်း မီးတောက်ဖြင့် အမြိုက်ခံရသော ကျွန်တော်မှာလည်း သက်သာရာမှ ရစေတော့ဟု ဤစာကို ရေးလိုက်ရပါသတည်း။

[ ဂန္ထလောက၊ ဩဂုတ် ၁၉၃၂ ]

## ရန်ရှင်း

ကမာတာ ကွင်းကြီးကား မျက်စိတစ်ဆုံး ကျယ်ပြန့်လှပေ၏။ လယ်တဲကြီးငယ်တို့ကို မိုးကုပ်ကုပ်သို့ တိုင်အောင် မြူကြားတွင် ပြတ်တောင်း ပြတ်တောင်း တွေ့မြင်ရသော်လည်း နံနက်ချိန် စောလွန်းလှသေးသည် ဖြစ်သောကြောင့် အသက်ရှိသတ္တဝါတို့ကိုကား ရှိုးရှိုးရှုရှု များစွာ မတွေ့မြင်ရသေးချေ။ ကောင်းကင်စာ ဟူ၍လည်း ခေါ်သော မိုးစွေငှက်ကလေးတို့သည် အရှေ့လောကဓာတ်မှ ထွက်ပေါ်အံ့သော နေမင်းကြီးကို ခရီးဦး ကြိုဆိုနေသည့် ပမာ တကျည်ကျည် တကျာကျာနှင့် အာကာပြင်တွင် ပဋ္ဌင် တီးမှုတ်လျက် သီဆို ကြွေးကြော်နေကြကုန်၏။

ထိုသို့သော နံနက်အချိန်များဝယ် ကောက်တီ ကောက်ကွေး မြွေဖြူကြီး နှစ်ကောင် ယှဉ်၍ ပြေးသည်နှင့်တူသော လှည်းလမ်းကြောင်းတစ်လျှောက်တွင် မောင်ရွှေကြူသည် ရွာသားငယ် ရန်ရှင်းနှင့်အတူ လမ်းလျှောက်နေသည်ကို မကြာခဏ တွေ့ရ၏။

မောင်ရွှေကြူမှာ မြို့သား၊ ကျောင်းအားရက်တွင် အညောင်းအညာ ဖြေရန် ဤတောရွာကလေးသို့ လာရောက်လျက် အိမ်ငှားနေထိုင်သူ ဖြစ်၏။ ရွာသူကြီး ပြောသည့်အတိုင်း ရန်ရှင်းသည် အိမ်မှုရေးရာတွင် သေတ္တာမှောက် လုပ်ကိုင်တတ်၍ ရိုးသား ဖျတ်လတ် အသိဉာဏ် မနည်းကြောင်းကို တွေ့မြင်ရသောကြောင့် တောတွင်နေစဉ် အတွင်းဝယ် လခဖြင့် ခိုင်းစေထား၏။

နံနက်လင်းကြက် အတွန်တွင် လမ်းလျှောက်ထွက်ရန် အိပ်ရာမှ ထ သည်နှင့် တစ်ပြိုင်နက် ကော်ဖီပူပူနွေးနွေးကို အခန့်သင့်ပြင်ပြီး တွေ့ရ၏။ လမ်းလျှောက်ရာတွင် ရန်ရှင်းသည် သခင်(ဝါ)ဆရာ၏ နောက်မှ တကောက်ကောက် လိုက်၍ ဤအပင်ကို ကညင်ပင် ခေါ်သည်။ ထိုငှက်ကား ကောင်းကင်စာ ဖြစ်၏။ ဤအရာကား မိုးအခါတွင် လယ်တွင်းမှ ရေလွှတ်သော ကတွတ်ပေါက်တည်း စသည်ဖြင့် တောသုံး တောနှန်း၊ တောမှု တောရာတို့ကို စီကာ စဉ်ကာ ခရေစေ့တွင်းကျ ပြောပြလေ့ ရှိ၏။ ပြောလည်း ပြောတတ်၏။ မောင်ရွှေကြူသည် ရန်ရှင်းထံမှ ဒေသန္တရ ဗဟုသုတ များစွာ ရ၏။ အချုပ်ကို ပြောရလျှင် ဗဟုသုတနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ရန်ရှင်းသည် တိုင်ပင်ဖော် တိုင်ပင်ဖက် မိတ်ဆွေဖြစ်၏။ စားရေး အိပ်မှုနှင့် ပတ်သက်ရာတွင် အမိလည်း ဖြစ်၏။ အစ်မလည်း ဖြစ်၏။ ခိုင်းစေစရာ ရှိသောအခါ ယုံကြည်စိတ်ချရသော တပည့်ကောင်း ဖြစ်ပေ၏။ ယင်းသို့သော ဂုဏ်ရည်တို့ကြောင့် ရန်ရှင်းအား ကျေးဇူးတင်၏။ သနား၏။ ခင်မင်၏။ တစ်ခါတွင်ကား မိမိ ကျောင်းထွက်၍ အလုပ်လုပ်သောအခါ ရန်ရှင်းအား မိမိနှင့်အတူ ခေါ်မည် ဟူ၍ပင် ပြောဖူး၏။

ရန်ရှင်းဘက်သို့ ကြည့်ပြန်ဦးစို့။ အင်္ဂလိပ်စာတတ်သူ ဟူသမျှသည် ရန်ရှင်းအတွက် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းများ ဖြစ်၏။ ခြေထောက်လေးချောင်း၊ ခေါင်းနှစ်လုံး ပေါက်လာသော ဦးရွှေထူး၏ ကြက်ကလေးထက် ထူးဆန်း၏။ စက်ဘီးစီးတတ်၍ စီးကရက်ကို လက်ကြားညှပ်နိုင်သော မြို့သားများသည် မိမိသို့သော တောသူတောင်သား အရိုင်းအစိုင်းများကို အဖက်လုပ် စကားပြောလိမ့်မည် ဟူ၍ အိပ်မက်တွင်မှ မတွေးမိဖူးချေ။ ယခု မောင်ရွှေကြူနှင့် တွေ့ရသောအခါ များစွာ အံ့ဩမိ၏။ ယခု မောင်ရွှေကြူမှာ တကယ့် မြို့သား။ အမျိုးအနွယ်မှာလည်း စိတ်ကြီး ဝင်တတ်သော မင်းမျိုး စိုးမျိုး။ ပညာအရာတွင်လည်း မိမိ မတွေးထင်တတ်လောက်အောင် တတ်မြောက်၏။ သို့ပါလျက်နှင့်လည်း မိမိအား များစွာ ခင်မင်၍ အရေးပေး၏။ မသိသော

အရာများကို မိမိအား မေးမြန်းလေ့ ရှိ၏။ လ သာသော ညများတွင် ခြံတွင်း၌ အတူထိုင်လျက် အိမ်နားနီးချင်းများ၏ အဆဲ အဆို အငြို အငြင် အပြောင် အလှောင်ကို ခံ၍ မွှတ်ရသော မိမိ၏ ပလွေကိုပင် သွားရည်ယိုမတတ် ဟင်းလင်းသော ပါးစပ်ဖြင့် နားစိုက်၍ ထောင်တတ်၏။ ကောင်းပါပေသည်၊ တော်ပါပေသည်ဟု မကြာခဏ ချီးမွမ်း၏။ ရွာကလေးတွင် မည်သူ၏ အမုန်းကိုမျှ မခံရသော်လည်း ထိုမျှလောက် ချစ်ခင်ကြင်နာစွာ ဆက်ဆံ ပေါင်းသင်းသည်ကိုကား တစ်ခါမျှ မတွေ့ခဲ့ရဖူးချေ။ သိတတ်သော အရွယ် တိုင်အောင် မိဘနှစ်ပါး အသက်ရှင်ခဲ့ပါမူ ဤသို့သော ချစ်ခင် ကြင်နာခြင်း ကို တွေ့ရှိ မှတ်မိဖူးမည်လား မသိရ။

ထိုသို့သော အကြောင်းများကြောင့် မောင်ရွှေကြူနှင့် ရန်ရှင်း တည်း ဟူသော နှစ်ပြည်ထောင်စပ်ကြားတွင် ရွှေလမ်း ငွေလမ်း မေတ္တာလမ်းကြီးများ သည် ဖြူးဖြူးကြီး သွယ်တန်း ဆက်ဖွဲ့လာလေတော့၏။ အမိ အဖ ညီအစ်ကို မောင်နှမတို့နှင့် ပြည့်စုံသော သမ္ပတ္တိ အရသာကို တစ်ခါမျှ မခံစားရဖူးသော ရန်ရှင်းသည် ယခုမှပင် ထိုအရသာမျိုးတို့ကို စုပေါင်း ခံစားရလေသောကြောင့် ဝမ်းသာ ပျော်ရွှင်ခြင်းကြီးမက ဝမ်းသာပျော်ရွှင်လေ၏။ စေခိုင်းသမျှကို သီချင်းတအေးအေးနှင့် လုပ်ကိုင်ပေး၏။ ကလေးငယ်သည် ကစားစရာကို တောင့်တသကဲ့သို့ ရန်ရှင်းသည် မောင်ရွှေကြူအတွက် ဆောင်ရွက်ဖွယ်သော ကိစ္စကို တောင့်တ၏။ မောင်ရွှေကြူအဖို့ ဖြစ်လျှင် သူကြီးအိမ်တွင် ဆွဲထား သော ကြေးမောင်းကြီးကိုပင် ရအောင် ဆောင်ကြဉ်းပေးမည်ဟု စိတ်ထဲတွင် ဆုံးဖြတ်ဖူး၏။ ဤသည်တို့ကား မောင်ရွှေကြူတို့၏ ဇာတ်လမ်း တစ်ပိုင်း တစ်စ ပေတည်း။

တပေါင်း တန်ခူး မိုးသားကြူး ဆိုသည့်အတိုင်း တစ်ခုသော နံနက် တွင် အာကာပြင် ကိုးရပ်တိုင်းသည် မိုးသားတို့ဖြင့် ဝိုင်းလျက်ရှိ၏။ အခါတိုင်း တွင် မိုးစွေငှက်သံဖြင့် ညီးညီးညံလျက်ရှိသော ကွင်းပြင်ကြီးမှာ မှောင်အတိ ကျသော သန်းခေါင်ပမာ ဆိတ်ငြိမ်လျက် ရှိ၏။ လောကဓာတ်၏ ညှိုးမှိန်

ခြင်းသည် လမ်းလျှောက်နေကြသော မောင်ရွှေကြူတို့၏ စိတ်တွင်းသို့ ကူးစက် ပြန့်ပွားသွားလေ၏။ ထို့ကြောင့် လမ်းလျှောက်ရာမှ ခပ်စောစော ပြန်လာကြရာ ရွာဝနားတွင် ကျောင်းနေဖက် တစ်ယောက်နှင့် တွေ့၍ ရန်ရှင်းသည် အခွင့်တောင်းပြီးလျှင် ဆရာ့ထံမှ ခွဲခွာသွားလေ၏။

မောင်ရွှေကြူသည် နေအိမ်သို့ ရောက်သောအခါ အချိန်သိလို၍ ရွှေလက်ပတ်နာရီကလေးကို ရှာ၏။ ထားနေကျ ခေါင်းအုံးအောက်တွင် မတွေ့ရ။ အခြား တစ်ပါးတွင် ရှာပြန်ပါလည်း အရိပ်အယောင်ကိုမျှ မမြင်ရ။ ရန်ရှင်း ပြန်လာမှ မေးတော့အံ့ဟု ရေမိုးချိုး၏။

ဆွမ်းခံဝင်၊ ဆွမ်းခံပြန်၊ အချိန် တရွေ့ရွေ့ ကုန်သွားသော်လည်း ရန်ရှင်း ပြန်မလာ။ ပြတင်းတွင် ရပ်လျက် မျှော်၏။ မပေါ်လာ။ မွန်းတည့်လု ခါနီးမှပင် ခပ်ဝေးဝေးတွင် ရန်ရှင်းကို မြင်ရ၏။ ရန်ရှင်းမှာ သူငယ်ချင်းများက အတင်းအဓမ္မ ဆွဲခေါ်ထား၍ ထိုမျှ ကြန့်ကြာခဲ့၏။ နံနက်ထမင်းလည်း မချက်ရသေး။ သခင် ကြိမ်းမောင်းမည်ကြောင့် တထိတ်ထိတ်နှင့် ပြန်လာ ရာ လမ်းတွင် အပြစ်မှ ချမ်းသာရကြောင်း တောင်းပန် လျှောက်လဲဖို့ စကား တို့ကို ဉာဏ်မီသမျှ အမျိုးမျိုး တွေးတောခဲ့၏။ အိမ်ပေါက်ဝသို့ ရောက်လျှင် ရောက်ချင်း ပျောက်နေသော ရွှေနာရီအကြောင်းကို ကောက်၍ မေးလိုက် ရာ စိတ်တွင် ဗလုံးဗထွေး ရှုပ်ပွေသွားလျက် မျက်နှာများ ပျက်သွားလေ ၏။ ကြံစည် တွေးတောခဲ့သော လျှောက်လဲချက်များက တစ်မျိုး၊ မေးခွန်းက တလွဲ၊ အခက်အခဲနှင့် တွေ့ရတော့၏။ စိုးရိမ်ကြောက်လန့်ခြင်းဖြင့် မွန်နေ သောကြောင့် စကားကို လိပ်ပတ်လည်အောင် မပြောတတ်။ အမှားမှား အယွင်းယွင်း ပြောမိလေတော့၏။ ဟိုဟိုသည်သည် ရှာဖွေပါသော်လည်း အမွေအစမျှ မတွေ့ရ။ မောင်ရွှေကြူ ရောက်စဉ်က အိမ်တွင် ခြေရာ လက်ရာ များ ပျက်နေသလားဟု မေးရာလည်း မပျက်ဟု ပြော၏။ တာဝန်ကား မိမိခေါင်းပေါ်တွင် လုံးဝပုံ၍ ကျရောက်လေပြီ။ မောင်ရွှေကြူ၏ မျက်နှာတွင် မသင်္ကာခြင်း အရိပ်အယောင်ကို မြင်ရလေပြီ။ ခက်လေစွ၊ မိမိ မယူကြောင်း

ကို ပြောရမှာလည်း နာရီပျောက်နေသည်မှာ အထင်အရှား။ ကြပ်လေစွ။ စိတ်ထဲတွင် တအုံနွေးနွေး၊ ရင်ထဲတွင် တမလေးလေးနှင့် ပြုဖွယ်ကိစ္စတို့ကို သာလျှင် ခေါင်းငုံ့ လုပ်ဆောင်ရလေတော့၏။

မောင်ရွှေကြူသည် ခါတိုင်းကဲ့သို့ မကြည်သာ၊ စကားမပြော။ ဆိတ်ဆိတ်နေသည်က များ၏။ နောက်တစ်နေ့နံနက် ကြက်ဦး တွန်သော်လည်း လမ်းလျှောက်မထွက်။ ရန်ရှင်းမှာ များစွာ အနေရ ကျဉ်းလေတော့၏။ ဤမျှ ကျယ်ဝန်းသော လောကကြီးတွင် နေစရာနေရာ မရှိသကဲ့သို့ ထင်မိ၏။ မပြုံးသော သခင်နှင့် မျက်နှာချင်း ဆုံရမည်ကို တွေး၍ ကျောချမ်း၏။ ရင်တခုန်ခုန် လက်တတုန်တုန်နှင့် ဖြစ်လေသောကြောင့် ပန်းကန်တစ်ချပ် လက်မှ လွတ်ကျ၍ ကွဲခဲ့၏။ ထမင်းအိုး တည်ထားသည်ကို သတိမေ့နေ၍ ကော်ဖြစ်သွားသောကြောင့် သွန်ပစ်ရ၏။ ဆိုးလေစွ တကား။

တစ်နေ့ညနေ ထမင်းစားပွဲတွင် မောင်ရွှေကြူက မိမိသည် နောက်တစ်နေ့ နံနက် မြို့သို့ ပြန်မည်ဟု ပြောသောအခါ ဝမ်းသာရမလိုလို ဖြစ်မိ၏။ ထိုနေ့ည တစ်ညလုံးလုံးလိုပင် ထွက်ချည် ဝင်ချည်၊ ထိုင်ချည် ထချည်နှင့် ပစ္စည်းများကို သိမ်းဆည်း ထုပ်ပိုးလေ၏။ ဖြစ်ပျက်သော အကြောင်းတို့ကို တွေးတောလျက် ယူကျုံးမရ ဖြစ်ရ၏။ မျက်ရည်ကြီးငယ် ကျမိ၏။ သို့သော်လည်း အပြစ်မှ လွတ်ကြောင်းကို မတွေးတောတတ်။ မရှာဖွေတတ်။

အရှေ့ကောင်းကင်တွင် ရောင်နီလာ၍ မိုးစွေငှက်ကလေးတို့၏ မြည်သံကို ကွင်းဘက်မှ ကြားရလျှင်ပင် မောင်ရွှေကြူသည် အိပ်ရာမှ ထလျက် မျက်နှာသစ်၏။ မွေ့ရာကို မိမိကိုယ်တိုင်ပင် သိမ်းတော့အံ့ဟု လိပ်လိုက်ရာ ခုတင်နှင့် ထရံအကြား ကြမ်းပြင်ပေါ်တွင် မှောက်လျက်သား ကျနေသော ရွှေနာရီကလေးကို မြင်၏။ ရောင်နီဖြင့် လွှမ်းအပ်သော အရှေ့ကောင်းကင်အဖို့ကဲ့သို့ မောင်ရွှေကြူ၏ မျက်နှာသည် အံ့ဩခြင်း၊ ဝမ်းသာခြင်း တို့ဖြင့် တောက်လျှမ်း၍ လာ၏။ ကောက်ယူ ကြည့်ရှုလိုက်သောအခါ ဦးခေါင်းတွင် လောက်စာမှန်၍ သေနေသော စာငယ်ကလေးပမာ နာရီ

ကလေးမှာ အက်ကွဲသော မှန်နှင့်တကွ စက်ရုပ်လျက် ရှိသည်ကို တွေ့ရ၏။ ဝမ်းသာအားရနှင့် နောက်ဖေးခန်းသို့ ပြေးဝင်သွားပြီးလျှင် ရန်ရှင်းကို ရှာ၏။ စားပွဲထက်တွင် ကော်ဖီပန်းကန်ကို အငွေ့တလူလူနှင့် တွေ့ရ၏။ ရန်ရှင်းကိုကား မတွေ့ရ။ အော်၍ ခေါ်၏။ ပြန်၍ မထူး။ နေထွက်သော်လည်း ရန်ရှင်း ပေါ်မလာ။ ရွာထဲတွင် လိုက်လံ မေးမြန်း၏။ သဲလွန်စကိုမျှ မရ။ တစ်နေ့သော် ပေါ်လာနိုးနှင့် မျှော်ကိုး၍ ဆက်လက် စောင့်ဆိုင်းနေ၏။ ရန်ရှင်း၏ သတင်းကိုကား သန့်သန့်မျှ မကြားရတော့ချေ။

[ဂန္ထလောက၊ ဇူလိုင် ၁၉၃၂ ]

## သားသက်ဝေ

အရုပ်ထဲမှာ ကြက်ပျောက်သွားသည်ဆိုလျှင် မောင်မြစ်။

ဘုရားပွဲမှာ ခေါင်းပေါင်း ချွတ်သွားသည်ဆိုလျှင် မောင်မြစ်။

ကြက်ဝိုင်း ဖဲဝိုင်းမှာ ရန်ဖြစ်သည်ဆိုလျှင် မောင်မြစ်။

အရုပ်ထဲမှာ အရက်မူး၍ လဲနေသည်ဆိုလျှင် မောင်မြစ်။

မောင်မြစ်သည် ဟိုးလေးတကျော်ကျော်နှင့် မိုက်မဲ ဆိုးတေနေသူ ဖြစ်၏။

ဘုန်းကြီးကျောင်းတွင် စာသင်နေစဉ်က လူဆိုးဘွဲ့ကို ရခဲ့၏။ ကျောင်းပြေးရာတွင် ဝိဓ်၊ ခိုးရာတွင် ဓော်၊ ရမ်းကားရာတွင် ပထမ ဖြစ်ခဲ့၏။ နေ့လယ် စာအံချိန်တွင် ကျောင်းပြေး၍ ဆိတ် နွား မြင်းတို့ကို စီးတတ်သောကြောင့် ဘုန်းတော်ကြီး၏ ကြိမ်စာ ကျွေးခံရသည်မှာ မောင်မြစ်အတွက် ရိုးနေလေပြီ။ တစ်ခါက ကျောင်းပြေး၍ သချိုင်းကုန်းရှိ အခေါင်းလွတ် တစ်ခုတွင် နှစ်ညနှင့် တစ်ရက်တိတိ ခိုအောင်းနေခဲ့ဖူး၏။ ကျောင်းက ကြက်ကို ခိုး၍ စားသောကြောင့် ကျောနှင့် တင်ပါးတွင် ကြိမ်စကြာ အကစား ခံရသည်မှာလည်း မောင်မြစ်အတွက် အဆန်းမဟုတ်ချေ။ အိပ်ပျော်နေသော ကျောင်းသားတို့၏ ခြေမအကြားတွင် မှို့ညှပ်၍ မီးရှို့လေ့ရှိသောကြောင့် အရိုက်ခံရသည်မှာလည်း အခြားသော သူတို့အတွက် ဖြစ်ပါမူ မေ့နိုင်ဖွယ်ရာ အကြောင်းမရှိ။ နောက်ဆုံး၌ ဘုန်းတော်ကြီးက လက်လျှော့လိုက်သောကြောင့် ကျောင်းမှ ထုတ်၍ အိမ်တွင်ပင် ထားရှိလေသည်။ အိမ်မှာလည်း တစ်ရန်ပင် ဖြစ်၏။

မောင်မြစ် မိဘတို့မှာ တောလိုက်အံ့ပါ များစွာ ချမ်းသာပေ၏။ တစ်ယောက်တည်းသော သားကလေးအား အလွန်အမင်း ချစ်ကြ၍ များစွာ အလိုလိုက်လေသည်။ အလိုလိုက်သလောက်ပင် မောင်မြစ်က အမိုက်စော်ကားလေ၏။ ဝိဇယမင်းသားကို အားကျ၍လား မသိ။ မောင်မြစ်သည် နောက်လိုက်ငယ်သား ကျွန်ယုံတော်အများနှင့် အရပ်ကို မွှေနှောက် မှောက်လှန်လျက် ရှိ၏။ တစ်ရွာအစိတ်၊ တစ်ရွာသုံးဆယ်တန်သော လွှန်းပုဆိုးတို့ကို ထည်လဲဝတ်၍ ငယ်ကျွန်တော်တို့အား ငွေထုပ်ကို ထမ်းစေလျက် ရွာစဉ်ကို လျှောက်ပြီးလျှင် ကြက်တိုက်၏။ ဖဲရိုက်၏။ အရက်သောက်၏။ ရန်ဖြစ်၏။ မိမိနှင့် မျက်နှာကြော မတည့်သူမှန်က ကြီးငယ်မရှောင်၊ ဗြောင်သော်လည်းကောင်း၊ ပုန်း၍ သော်လည်းကောင်း တုတ်စမ်းလေ့ ရှိသောကြောင့် လျော်ကြေး ပေးရသည်မှာ များလှလေပြီ။ တစ်ခါကလည်း ဇာတ်ပွဲတစ်ခုတွင် ရှင်ဘုရင် ထွက်ရာ၌ ပျက်လုံးထုတ်၍ ရယ်စရာ ပြောရမည်ဟု အမိန့်ပေးသည်ကို မလိုက်နာနိုင်ရှာသော ဇာတ်သမားတို့အား တက်၍ ရိုက်သောကြောင့် အမိအဖ လုပ်သူတို့မှာ အကြီးအကျယ် တောင်းပန် တိုးလျှိုးခဲ့ရလေသည်။ တစ်ကြိမ်မှာလည်း အလှူခံထွက်သော သီလရှင်တို့ကို ထန်းတောထဲတွင် တွေ့၍ ဓားပြ ခြိမ်းခြောက်လျက် အကခိုင်းသောကြောင့် ဆရာဘုန်းတော်ကြီး ခေါ်၍ ရိုက်သည်မှာ သွေးထွက်သံယိုနှင့် သုံးလေးရက် မထိုင်နိုင်လောက်အောင် ဖြစ်တော့၏။ ထိုသို့ ဆိုးတေ၍ ကောင်းတုန်းကာလသား အရွယ်မှာပင် ဖခင်ကြီး ဆုံးရှာလေ၏။ မောင်မြစ်မှာကား နောင်တရမည် ဝေးစွ။ ပိုမိုဆိုးသွမ်း ဟော့ရမ်းလေတော့သည်။

အရက်သောက်၊ ဖဲကစားရာတွင် အတော်ဝါရင့်သွားသော ကာလဘိန်းပုံရာဇာ ဘဝသို့ ရာထူးတိုးတက် ကြီးမြင့်သွားလေ၏။ တိတ်တိတ်ပုန်း ဘဝ အစ ပထမတွင်ကား ရေးကကဲ့သို့ အမှုမပွေ့ အပိုးသေလေသောကြောင့် မိခင်ကြီးမှာ အဘော် ဝမ်းသာ၏။ မိခင်၏ မျက်နှာပြင်တွင် အစဉ်အမြဲ စိုစွတ်သော မျက်ရည်သည် ခြောက်သွေ့တော့မည် ကြံတုန်းတွင် မောင်မြစ်၏

ဘိန်းစားသော ဘဝသည် ဘူးပေါ်သကဲ့သို့ ဘွားဘွားကြီး ပေါ်လာလေ၏။ အရက်စွဲသူကား ပြန်၍ ကောင်းချင်လျှင် ကောင်းနိုင်သေး၏။ ဘိန်းစားသော သူကား ပြန်၍ ကောင်းလာဖို့ရန် အလွန်ခဲယဉ်း၏။ မိခင်ကြီးမှာ ငိုငို တယိုယိုနှင့် နေရလေတော့သည်။ အတော်ဖွဲ့ကောင်းသော အသက်ဖြစ်၍ သာလျှင် မထွက်ဘဲ ကျန်၏။ သို့ တငိုငိုနှင့် စိတ်အဆင်းရဲကြီး ဆင်းရဲနေရ သော မိခင်ထံမှ မောင်မြစ်သည် အတင်းအဓမ္မ ငွေတောင်း၍ အပြင်အပ တွင် ပျော်ပွဲ ဖွဲ့နေရုံနှင့် မတန်သေး။ အိမ်တွင် တရုတ်တစ်ယောက်ကို ခေါ်ထားလျက် မီးခိုးချင်း မိုးမွှန်လေအောင် ဆေးစည်းစိမ်ကို ခံလေတော့ သည်။ မိမိ အိပ်ခန်း ထရံကို ဖောက်ထွင်း၍ ပြောင်းကို သွတ်ပြီးလျှင် တရုတ်ကို တစ်ဖက်မှ မီးညှိစေလျက် ဆေးအရသာ ခံသည်မှာ တစ်နေ့ကို ငါးကျပ်သား၊ ခြောက်ကျပ်သား ကုန်၏။ ထိုသို့ နေ့စဉ်ရက်ဆက် သုံးဖြုန်း လေသောကြောင့် ကျွဲ နွား လယ်ယာ ပစ္စည်းဥစ္စာတို့မှာ သူတစ်ပါး၏ လက်တွင်းသို့ သက်ဆင်းလေတော့၏။ ခိုစရာမှ အရိပ်မရှိသော ဘဝသို့ ရောက်ရလေ၏။ တစ်ရပ်လုံးက နှလုံးနာနေသော မောင်မြစ်အား မည်သူက မျှ မသနား။ မိမိ၏ ကျေးဇူးခံ ကျေးဇူးစားများပင်လျှင် မျက်နှာ လွှဲကြကုန် ၏။ သို့သော် မောင်မြစ်သည် ဘိန်းတည်းဟူသော နတ်ဆိုးအစိမ်းကို အချိန် မှန်မှန် ပူဇော်နိုင်မှ အသက်ချမ်းသာရာ ရမည်ဖြစ်၍ ရွာပေါ်ရှိ တရုတ်ဆိုင် တစ်ခုတွင် ထင်းခွဲ၊ ရေခပ် အလုပ်ဖြင့် ခိုကပ်လျက် အသက်မွေးရလေတော့ သည်။ မိခင်ကြီးမှာကား အရပ်က သဒ္ဓါကြေးကို မှီခိုအားထားလျက် မျက် ရည်နှင့် မျက်ခွက် နေရရှာလေတော့သတည်း။

ကာလ ရှည်လျားလေသော် ရွာရှိ တရုတ်ဆိုင်က လက်မခံနိုင်တော့ ၍ မောင်းနှင်လွှတ်လေသောကြောင့် မြို့ပေါ်ရှိ တရုတ်မုန့်ဆိုင်တစ်ခုတွင် ထမင်းစား ကျွန်ခံအဖြစ်နှင့် ဘိန်းနတ်ကို လုပ်ကျွေးရလေ၏။ အာယုဝမန မဟာဩသဓ ဆေးကြီးကို အချိန်မှန်မှန် မမှီဝဲ မသုံးဆောင်ရသော်ငြားလည်း ချိုးရေခပ်၊ သနပ်ခါးသွေး၊ ကမလေးထိန်း၊ ထဘီလျှော် အလုပ်ကိုကား နားရ

သည် မရှိ။ ဆက်တိုက် လုပ်ရလေ၏။ ရှေးအခါ ဘုန်းတောက်စဉ်က လွှန်းပုဆိုးကြီး တလွှားလွှား၊ နောက်လိုက် ငယ်သား အပြည့်အစုံနှင့် ဂုဏ်တံခွန်လွင့်နေသော မောင်မြစ်ကို တွေ့ဖူးသူသည် အကွက်အဆင်မပေါ်သော နံငယ်ပိုင်းကလေးမျှနှင့် အောက်ကျ နောက်ကျ သပေါက်ဘဝတွင်ရှိသော ပစ္စုပ္ပန်မောင်မြစ်ကို တွေ့မြင်ရပါက များစွာ သံဝေဂ ရရှိပေလိမ့်မည်။ အစားမမှန်၊ အအိပ် မမှန်၊ လူမလေး ခွေးမခန့်နှင့် ဆင်းရဲလှစွာသော ဘဝကို မောင်မြစ်သည် တစ်စတစ်စ စက်ဆုပ်စ ပြုလာ၍ ဆေးဖြတ်မည် ကြံမိ၏။ ဆေးဖြတ်သော ကိစ္စကား ပြောသလောက် မလွယ်ကူ။ အခန့်မသင့်လျှင် အသက်ကို ရန်ရှာမည် ဖြစ်၏။ သို့ကြောင့် မောင်မြစ်မှာ ထမ်းပိုးနှင့် လှည်းတုတ်ကြားတွင် အစဉ်းစားရ ခက်လျက် စိတ်အပူကြီး ပူလေတော့၏။

တစ်ခုသောနေ့၌ မောင်မြစ်တို့ရွာမှ ဈေးဝယ်လာသော အဒေါ်ကြီးတစ်ဦးက မောင်မြစ်အား သတင်းတစ်ခုကို ပြောကြားသည်မှာ မောင်မြစ်၏ မိခင်ကြီးမှာ သေကောင်ပေါင်းလဲ နာဖျားနေကြောင်း၊ ဆေးပေးမီးယူ ပြုစုမည့်သူ မရှိ၊ ရောဂါမှာ တစ်နေ့တခြား ဆိုးရွားလာလေသောကြောင့် အသက်ရှင်နိုင်ဖွယ် မမြင်တော့ကြောင်း၊ မသေမီအတွင်း မောင်မြစ်အား မြင်တွေ့သွားလိုကြောင်း စသည်တို့ ဖြစ်၏။ မောင်မြစ်၏ စိတ်သည် ကြီးစွာ ထိတ်လန့် စိုးရိမ်သွား၏။ မိမိအား များစွာ အလိုလိုက်ရှာသော မိခင်ကြီး၏ သနားဖွယ်သော မျက်နှာကို မြင်ယောင်လာ၍ ဣန္ဒြေမျှ မဆည်နိုင်၊ မျက်ရည်တွေတွေ ကျလေတော့၏။ ရှေးက ဆိုးခဲ့ တေခဲ့သော စိတ်ယုတ်မာတို့သည် ကြက်ပျောက် ငှက်ပျောက် ပျောက်လေ၍ နောင်တရခြင်း၊ ထိတ်လန့်ခြင်း၊ ပူဆွေးစိုးရိမ်ခြင်း တို့သည် တစ်ခုပြီးတစ်ခု ဆက်ကာ ဆက်ကာ ပေါ်လာလေတော့၏။

ထိုကြောင့် မိမိ၏ သခင် ပေါက်ဖော်ကြီးထံမှ ငွေကလေး တစ်ကျပ်ကို အသနားခံ၍ မိခင်ကြီးအတွက် မာတ်စာတို့ကို ဝယ်၏။ ငန်းဆေး၊ လျှာပွတ်ဆေး၊ အဖျားဖြတ်ဆေးတို့ကို ဆရာကတော်ထံမှ တောင်း၏။ သို့

သော်လည်း အသက်ကို မိနိုင်ဦးမလား ဟူသော စိုးရိမ်ခြင်းက ကြီးမားလှသောကြောင့် မိမိအတွက် အာယုဝဍ္ဎနဆေး ဝယ်သွားဖို့ကို မေ့လေတော့၏။ စုဆောင်း ရသမျှကလေးကို ထမ်း၍ အထွေထွေ အလာလာ စဉ်းစား ပူပန်သော အသွင်ဖြင့် ခေါင်းငိုက်စိုက်ကျိုးလျက် ရွာဘက်သို့ ထွက်ခဲ့လေ၏။ ယခု ပြည်တော်ပြန် မောင်မြစ်ကား ရှေးက မောင်မြစ် မဟုတ်။ မိုက်စွယ်ကျိုးသော မောင်မြစ်၊ ဘိန်းစိတ် ပျောက်သော မောင်မြစ်၊ သံဝေဂရသော မောင်မြစ် ဖြစ်လေတော့၏။

ရွာသို့ရောက်၍ သူတစ်ပါး၏ နွားတင်းကုပ်ထဲတွင် မချိတင်ကဲ ဝေဒနာ ခံစားနေရရှာသော မိခင်ကို မြင်သောအခါ ရှေးကထက် ပို၍ တရားကျလေတော့၏။ တော်သင့်ရာ ဆေးတို့ကို ရေလဲအမျိုးမျိုးနှင့် တိုက်၊ ဓာတ်စာကို ကျွေး၊ ခြေဆုပ်လက်နယ်ပြုနှင့် တစ်နေ့ ကုန်သွားလေ၏။ မိခင်ကြီးမှာ သားလူမိုက်ကြီး တရားကျလာသည်ကို မြင်ရသောကြောင့် တစ်ကြောင်း၊ ဆေးဝါး အစားအစာ မှီဝဲရသောကြောင့် တစ်ကြောင်း များစွာ စိတ်ချမ်းသာလာလေ၏။ သို့သော် ဆေးပြတ်နေသော မောင်မြစ်မှာမူ နှာရည်တရွှဲရွှဲ၊ မျက်ရည်တဝဲဝဲနှင့် ဘိန်းနတ် ဖမ်းစားခြင်းကို ခံရလေ၏။ သို့နှင့်လည်း မိခင်အား အပြုအစု မပျက်။ အနားက ထိုင်၍ အရိပ်တကြည့်ကြည့်နှင့် 'အမေ သက်သာရဲ့လား၊ ဘာစားချင်သလဲဟင်။ ခံတွင်းကောင်းလာအောင် လျှာပွတ်ဆေးကလေး စားပါဦးတော့' နှင့် အားပေးစကား ပြောကြားလျက် ရှိပေ၏။ ညအခါ၌လည်း အိပ်သည် မရှိ။ ငုတ်တုတ်နှင့် လင်းလေ၏။ နောက်တစ်နေ့တွင် ဘိန်းနတ်သည် ပိုမိုရက်စက်ကြမ်းကြုတ်စွာ ဖမ်းစားသည်ကို အလွန်အမင်း ချမ်းခြင်း၊ မခံမရပ်နိုင်အောင် ပူခြင်းတို့က တစ်လှည့်စီ သက်သေပြလျက် ရှိ၏။ အရိုးအဆစ်မှ စ၍ တစ်ကိုယ်လုံးမှာလည်း ကြေကွဲပျက်စီးသွားတော့မလောက် ကိုက်ခဲစ ပြုလာလေ၏။ သို့နှင့်လည်း အားမလျှော့။ မိခင်ကို ပြုစုလျက်ပင် ရှိ၏။ မြို့သို့ပြေး၍ ဆေးဝါးမှီဝဲလျှင် မိမိ ဝေဒနာ ချက်ချင်း ပျောက်ကင်းမည်ကို သိသော်လည်း မိခင်ကို မထား

ရက်ခဲ့သည်က တစ်ကြောင်း၊ ဘိန်းကို မုန်းသည်က တစ်ကြောင်းကြောင့် ကြိုးစား၍ ခံလေ၏။ နောက်တစ်နေ့တွင်ကား ဟန်မဆောင်နိုင်တော့။ မိမိလည်း လဲလေတော့၏။ ဘိန်းနတ်က အစွမ်းကုန် ညှဉ်းဆဲလေပြီ။ သို့နှင့်လည်း မိခင်အား အပြုအစု မပျက်။ အနိုင်ခဲ၍ ထပြီးလျှင် မိခင်အား ကြည့်ရှု မစလျက်ပင် ရှိ၏။ သေလိုလျှင်လည်း ဤနေရာတွင်ပင် သေစေတော့။ မိခင်အား မထားပစ်ခဲ့နိုင်။ ဘိန်းကိုလည်း ပြန်၍ မခင်တွယ်လိုတော့ဟု စိတ်ကို ဆုံးဖြတ်လိုက်လေ၏။ နောက်တစ်နေ့ မိုးသောက်သောအခါကား ဘိန်းနတ်သည် လက်လျှော့စ ပြုလေ၏။ မိခင်ကြီးလည်း သိသိသာသာ သက်သာလာလေ၏။ ရက်အနည်းငယ် ကြာသောအခါ မောင်မြစ်မှာလည်း ဘိန်းနတ်လက်မှ လွတ်ထွက်၏။ မိခင်မှာလည်း သေမင်းလက်မှ လွတ်ထွက်လေ၏။ ရွာသူရွာသားများမှာ ယင်းတို့ သားအမိအား ကြည့်လျက် များစွာ အံ့သြကြကုန်၏။ သနားကြကုန်၏။

မောင်မြစ်မှာ ရေခပ်၊ ထင်းခွဲ အလုပ်မှတစ်ပါး အခြားအလုပ်ကို မတတ်သောကြောင့် မိခင်အား လုပ်ကျွေးနိုင်လောက်သော အလုပ်တစ်ခုခုကို ရှာဖွေရန် မြို့သို့ တက်သွားလေ၏။ သခင်ဟောင်း မုန့်သည် တရုတ်ကြီး ထံတွင် အကြံတောင်းရာ မိမိတို့ တောရွာကလေးတွင် တရုတ်မုန့်မျိုးစုံနှင့် ရေနံ့ဆီရောင်းဖို့ အကြံပေး၏။ အရင်းငွေကိုလည်း စိုက်ထုတ် မစပေ၏။ ကျေးဇူးကြီးပေစွ။

တစ်ခုသော နံနက်တွင် မောင်မြစ်သည် တစ်ဖက်သော ဆိုင်းတွင် ရေနံ့ဆီ၊ တစ်ဖက်သော ဆိုင်းတွင် မြေပဲယို၊ လမုန့်၊ မုန့်ကြိုးလိမ် စသော တရုတ်မုန့် မျိုးစုံကို ထည့်၍ ထမ်းပိုးဖြင့် ထမ်းလျက် ရွာရိုးသို့ ဈေးရောင်း ထွက်လေ၏။ ရွာသူ ရွာသားများကလည်း သနားလှသဖြင့် သူ့ထက်ငါ ဝယ်ခြမ်းကြကုန်၏။ ရသမျှသော အမြတ်အစွန်းကလေးမှ စုသင့်သလောက် စု၍ သုံးသင့်သလောက် သုံးလျက် မိခင်အား လုပ်ကျွေး[illegible]းမြုလာရာ တစ်နှစ် ကျော်ကျော်လောက်အတွင်းတွင် မိခင်အား ကိုယ်ပိုင် တဲအိမ်ငယ်ကလေးနှင့်

ခုံခုံညားညား ထားနိုင်လာလေ၏။ မြို့သို့ ကုန်ဝယ်သွားရာမှ ပြန်လာသော အခါတိုင်း 'ဟောဒါက အမေ ဥပုသ်ယူဖို့ ငှက်ပျောသီးကြီး။ ဟောဒါက အမေ ကြိုက်တတ်တဲ့ ပြောင်းဖူးဖက်ဆေးလိပ်။ ဘုရားမီး ပူဇော်ဖို့ ဖယောင်းတိုင်လည်း ပါတယ်' စသည်ဖြင့် ဝယ်လာသော ပစ္စည်းတို့ကို ဆိုင်ခင်း၍ ပြလေ့ရှိ၏။ ထိုသို့သော အခြင်းအရာကို မြင်ရသော မိခင်ကြီးမှာ တစ်သက်လုံး ခံစားလာရသော ဝေဒနာ အမျိုးမျိုးတို့ကို မေ့ပျောက်၍ ဝမ်းအသာကြီး သာလေ၏။ သာမှ အကြိမ်ကြိမ် ခေါ်လေ၏။

သို့သော် တစ်နေ့တွင်ကား မောင်မြစ်ကို အားကျသော တရုတ်တစ်ယောက်သည် မောင်မြစ်ကဲ့သို့ပင် ဆိုင်းထမ်းပိုး တန်ဆာပလာ အစုံနှင့် တစ်ဇာတ်တစ်စင် ထောင်၍ ဈေးပြိုင်ရောင်းလာသည်ကို တွေ့ရ၏။ မောင်မြစ်၏ ဦးကျိုးပြီးသား စိတ်သည်ကား မတုန်လှုပ်။ သူ့ဝမ်းစာ သူရှာလေသည်သာ ဟူသော အမှတ်ဖြင့် အေးအေးပင် နေလေ၏။ ရွာသူရွာသားတို့မှာလည်း မောင်မြစ်ဆီကသာ ဝယ်ခြမ်းသည် များကုန်၏။ အပြိုင်ရောင်းလာသော တရုတ်ကား မောင်မြစ် အပေါ်တွင် အမျက်သိုစ ပြုလေ၏။ သို့သော် အပေါ်ယံ ရွှေမှုန်ကြဲကလေးနှင့် မောင်မြစ်အား မိတ်ဖွဲ့လာ၏။ သွားအတူ လာအတူ မောင်မြစ်၏ ကိစ္စတို့တွင် ကူညီစ ပြုလာ၏။

တစ်ခုသော နံနက်တွင် မောင်မြစ်နှင့် ထိုဈေးသည် တရုတ်တို့သည် ဈေးဝယ်ရန် မြို့သို့အတူ တက်သွားကြလေ၏။ ဝယ်ခြမ်းခြင်းကိစ္စ ပြီးသော အခါတွင် ထိုတရုတ်သည် မောင်မြစ်၏ ပစ္စည်းတို့ကို ဝိုင်းကူ ထုပ်ပိုးပေး၍ မိမိ မလိုက်နိုင်သေးကြောင်း ပြောလျက် မောင်မြစ်အား တစ်ယောက်တည်း လွှတ်လိုက်လေ၏။ မောင်မြစ်သည် ရွာနားရှိ ထန်းတောသို့ ရောက်သော အခါ မိခင်အတွက် ဝယ်ယူလာသော ဆေးလိပ်စည်းကြီး ပြုတ်ကျ၍ ကောက်ယူ စည်းနှောင်နေစဉ် ထန်းတောထဲမှ ပုလိပ်နှစ်ယောက် ထွက်လာ၍ မိမိ၏ ကုန်ထုပ်တို့ကို ဖြေဖွင့်ရှာလေ၏။ အကြောင်းမသိရှာသော မောင်မြစ်မှာ ကြောင်တောင်ငေး၍ ကြည့်နေမိရှာ၏။ တစ်ခုသော မုန့်ထုပ်အကြားမှ

ဘိန်းထုပ်တစ်ခုကို တွေ့၍ ပုလိပ်တို့က ဖမ်းမည်၊ ဆီးမည် ခြိမ်းခြောက်သော အခါကျမှ သတိရလျက် မိမိပစ္စည်း မဟုတ်ကြောင်းကို အမျိုးမျိုး ရှင်းပြ တောင်းပန်ပါသော်လည်း အမှုဆာနေသော ပုလိပ်တော်မင်းတို့မှာ မလွှတ်နိုင်ဘဲ မြို့သို့ အပါ ခေါ်ဆောင်သွားလေတော့၏။ လမ်းတွင် လူကြုံတွေ့၍ မိခင်အတွက် ဝယ်လာသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလိုက်ပါရစေဟု တောင်းပန်သော်လည်း အမိန့် မရ။ မိခင်ကြီးရှိရာ ရွာဘက်သို့ စောင်းငဲ့၍ ကြည့်ကာ ကြည့်ကာနှင့်ပင် ရဲသားတို့ လက်တွင်း၌ လိုက်ပါသွားရှာလေတော့သတည်း။

မောင်မြစ်၏ မိခင်ကြီးမှာကား ဈေးသည် ထောင်ကဲကြီး၏ ခါးပတ်စိမ်းကြီးနှင့် လျော့ရိလျော့ရဲ ပတ်ထားသော ဗိုက်ရွဲကြီးအထဲမှ ဖြည်းဖြည်းညင်းညင်း ပျင်းပျင်းရိရိ စည်းစိမ်နှင့် ထွက်ပေါ်လာသော 'ရေ… နံ… စီ၊ ရေ… နံ… စီ' ဟူသော အသံကို ကြားရတိုင်း သားသက်စေအား လွမ်းဆွတ် တမ်းတမိသဖြင့် ထိုအသံဆိတ်ရာ သီလရှင်ကျောင်းသို့ သွား၍ ဇန်းခုံးကို မိတ်ဖွဲ့လျက် တရားနှင့် ဖြေဖျော်နေရလေတော့သတည်း။

[ ဂန္ထလောက၊ နိုဝင်ဘာ ၁၉၃၂ ]

# ခင်ဖြူလို မပူပါရစေနဲ့

"မိခင် ဖခင် ကျေးဇူးရှင် နှစ်ပါးတို့အား ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ဆောင်ရွက်နိုင်သောကိုယ် ဖြစ်ရပါလို၏ အရှင်ဘုရား" ဟူသော ဝါကျသည် ခင်ဖြူ၏ လက်စွဲတော် ဆုတောင်းကြီး ဖြစ်လေသည်။ ခင်ဖြူသည် မိဘ နှစ်ပါးအား အသည်းစွဲ ချစ်၏။ ချစ်သည့် အားလျော်စွာလည်း ဤအသက် ဤအရွယ်တိုင်အောင် မိဘစကားကို မြေဝယ်မကျ နားထောင်ခဲ့၏။ သမီး တစ်ယောက် ဆိုလောက်ပါပေသည်။ ခင်ဖြူတို့လို သားသမီး ရှိသောကြောင့်ပင် ရှေးသူဟောင်းတို့သည် သားကောင်းအမိ မခံရ ဟု တစ်ချက်လွှတ် မဆိုဘဲ သားကောင်းအမိ ခံရခဲ၏ဟု ချွင်းချက်ကလေးနှင့် ဆိုခဲ့ကြဟန် တူ၏။

ခင်ဖြူ၏ အမိ အဖတို့သည် အသက်အရွယ် ကြီးရင့်ကြလေပြီ။ လုပ်တိုင်းဘက်သို့ မျက်စောင်းထိုးနေကြလေပြီ။ မိမိတို့ မျက်စိမှိတ်မသွားခင် သမီးကလေးကို လူ့ဘောင်တွင် တင့်တင့်တယ်တယ် မြင်သွားလိုကြ၏။ သို့မှသာ ဘဝကူးကောင်းလေတော့မည်။ ထို့ကြောင့် မိခင်ကြီးက ခင်ဖြူအား ရွာသူကြီးသား မောင်ဘိုးသွယ်နှင့် နားချသည် ဖြစ်၏။ ခင်ဖြူမှာကား အိမ်ထောင်ပြုချင်စိတ် မရှိ။ "ကလေးကငို၊ သေးကစို၊ တံတိုကပျောက်၊ လင်ကငေါက်၊ သပေါက်မ–သည်မယ့်ကိုယ်၊ အပျိုလို မနေမိလို့၊ ခွေရိကာ ပန်း" ဟူသော သီချင်းသည် ခင်ဖြူ၏ စိတ်တွင် သံမှိုစွဲသကဲ့သို့ မြဲကပ်လျက် ရှိ၏။ အိမ်ထောင်သားမွေးမှုကို ကြောက်သောကြောင့်ပင် ယခုလို စိတ်ပန်း

ကိုယ်နှမ်းခံ၍ စာသင်ခဲ့၏။ အယ်လီမင်ထရီ စာမေးပွဲကို ယခုနှစ် ဖြေဆိုရမည် ဖြစ်၏။ အောင်လျှင် မိမိတို့ ရွာကလေးတွင် ဆရာမအလုပ်ဖြင့် အရိုးထုတ်မည် ကြံစည်ရင်း ဖြစ်၏။ မိန်းမတို့မည်သည် အရှင်သခင် လင်ယောကျ်ားရှိမှ တင့်တယ်သည်ဆိုသော စကားကို ဝေဿန္တရာဇာတ် သင်ရစဉ်က မှတ်ခဲ့ဖူး၏။ သို့ပါသော်လည်း ဘုရားသခင်သည် ပဥ္စသီကိုသာလျှင် မပေါက်ကျိုးအောင် စောင့်ရှောက်ရမည်ဟု ဆုံးမခဲ့၏။ လင် မယူ မနေရဟုကား မိန့်တော်မမူခဲ့။ လင်မယူ၍ ဘုရားစကား နားမထောင်ရာ မရောက်။ အပါယ်သို့ မလားနိုင်။ ဤဆင်ခြေကို အားကိုး၍ အိမ်ထောင်မှုအကြောင်းကို လုံးလုံး လစ်လျူရှုခဲ့လေသည်။ သို့သော် ယခု အမိအဖ တို့က နားချလေပြီ။ ငြင်းဆန်နိုင်အံ့လော။

မိမိ အိမ်ထောင်မပြုဘဲ နေသည့်အတွက် အမိအဖတို့ စိတ်ညစ်ရမည်လား။ အကျင့်မဖောက်ပြန်ဘဲ နေလျှင် စိတ်ညစ်စရာ မဖြစ်နိုင်။ သို့ဖြစ်လျှင် ကိုယ်ကျင့်တရားကို လုံစွာထိန်း၍ ရိုးရိုးသားသားပင် တစ်ကိုယ်တည်းနေအံ့။ အပူ မရှာလို။ ထို့ကြောင့် မိဘနှစ်ပါးအား အကြောင်းပြ၍ ချိုသာစွာ တောင်းပန်၏။ မရ။ ငိုယို၍ တောင်းပန်ပြန်၏။ အချည်းနှီးပင်။ လင်မယူ မနေရ ဖြစ်ပါကလည်း ဤ ကိုဘိုးသွယ်ဆိုသူကို မယူလို။ ကိုဘိုးသွယ်ကို မိမိ မသိ။ မြင်ကား မြင်ဖူး၏။ မျက်နှာကြော မတည့်။ ကိုဘိုးသွယ်နှင့် သဘောချင်း တိုက်ဆိုင်မိလျှင် တော်ပါ၏။ မတိုက်ဆိုင်ပါက တစ်သက်လုံး စိတ်ဆင်းရဲ၍ နစ်မွန်းရချေတော့မည်။ မိမိတို့ အိမ်နားက ဦးသာထူးတို့ လင်မယားသည် သားသမီး ငါးယောက်ရပြီ ဖြစ်သော်လည်း ဘယ်နံ့ရော အခါကမှ မတင့်မသင့်ခဲ့။ နေ့တကျက်ကျက် ညတကျက်ကျက် ရန်ဖြစ်လျက်သာ အချိန်ကုန်ခဲ့၏။ လင်ယူခြင်းသည် ဒုက္ခဘောင်တွင် ပိုမို၍ ဒုက္ခရောက်အောင် ကြံဆောင်ခြင်းပေလား။ ဤသို့ ဖြစ်ပါချေလျှင် သံသရာ ဝဲဩဃကြီးမှ ဘယ်အခါ လွတ်မြောက်နိုင်တော့အံ့နည်း။ ထို့ကြောင့် ကိုဘိုးသွယ်ကို မယူလို။ မိမိနှင့် သဘောသကာယ တူညီသူကို ရှာ၍ ယူပါရစေဟု

တစ်မျိုးလှည့်လျက် တောင်းပန်ပြန်၏။ အမိအဖတို့ကား ခေါင်းမာလျက် ပင်။ ခက်လေစွ။ မောင်ဘိုးသွယ်မှတစ်ပါး ခင်ဖြူနှင့် တန်သူမရှိဟု အမိအဖ တို့ ထင်၏။ အယူသီးလေခြင်း။ အစ ကနဦးတွင် သဘောချင်း မညီညွတ် သော်လည်း တဖြည်းဖြည်း ညီညွတ်လာမည်ဟု ၎င်းတို့က ပြော၏။ သို့ဖြစ် လျှင် အစကောင်းမှ အနှောင်း သေချာသည်ဟူသော ရှေးစကားသည် မှားခဲ့ ရာ၏။ သုတာဝေရီသမား ဦးသာထူးတို့ လင်မယားသည် ဤစကားမျိုးကို နားယောင်မိ၍ ယခုလို တစ်သက်လုံး ဒုက္ခရောက်နေရသည်ဟု မိမိဖခင် ပင် မကြာခဏ ပြောသည် မဟုတ်ပါလား။ သို့ပါလျက်လည်း မိမိအား နားချလျက်ပင်။ ကမောက်ကမ နိုင်လေစွ။

အမိအဖတို့ကို တောင်းပန်တိုးလျှိုး၍ မရသောကြောင့် ကိုဘိုးသွယ် ကို တောင်းပန်ရန် ကြံစည်ပြန်၏။ မိမိကိုယ်တိုင်ကား သွား၍မသင့်။ မိမိ၏ သူငယ်ချင်း လူယုံတော် မောင်လှတစ်ယောက်သာလျှင် မိမိအား သစ္စာရှိစွာ နှင့် ကူညီမည့်သူ ဖြစ်၏။ မောင်လှသည် ခင်ဖြူ၏ အဖြစ်ကို ကြားရသော အခါ စိတ်မချမ်းသာ။ "ခင်ဖြူ မင်း သူ့ကို ယူလိုက်ရင် ချမ်းသာမယ်၊ သူတို့မှာ ဆွေကြီးမျိုးကြီးကွယ့်။ လယ်ပိုင်ယာပိုင်တွေလည်း အများကြီး ရှိတယ်၊ လက်ခံလိုက်ပါလား"ဟု ပြော၍ တိုက်တွန်းလို၏။ သို့သော် ခင်ဖြူ မနှစ်သက်သောအရာ ဖြစ်၍ မိမိက တိုက်တွန်းလျှင် ခင်ဖြူ၏ စိတ္တသုခကို ဖျက်ဆီးရာ ကျချေတော့မည်။ "မနှစ်သက်လျှင် မယူဘဲ နေတာပေါ့"ဟု တားမြစ်ပါကလည်း ခင်ဖြူ၏ ကာယသုခကို ဖျက်ဆီးရာ ကျချေတော့မည်။ မောင်လှအတွက် ခက်လေစွ။ နာစေး၍သာ နေလိုတော့၏။ သို့သော် ခင်ဖြူ က မိမိအား ချမ်းသာပေးရန် တောင်းပန်သော စာကို ကိုဘိုးသွယ်ထံသို့ ပေးရန် ပြောသောအခါ မနေသာ။ သူကြီး၏ အမျိုးအဆွေတို့ကို ကြောက် သော်လည်း စွန့်၍ သွားရလေတော့၏။ သူငယ်ချင်းအတွက်ပေကိုး။ နောက် တစ်နေ့ညတွင် "မောင်လှ လူရိုက်ခံရသည်။ အသည်းအသန်ဖြစ်၍ ဆေးရုံ သို့ ညတွင်းချင်းပင် ပို့လိုက်ရသည်"ဟူသော သတင်းသည် ရွာကလေးတွင်

မွှေနှောက်သွားလေတော့၏။ "မောင်လှတစ်ယောက် ဆုံးရှာပြီတဲ့"ဆိုသော နောက်သတင်းသည်လည်း ရှေးသတင်းနှင့် မရှေးမနှောင်း ပေါ်ပေါက်လာ၍ ရွာကလေးတွင် မွှေနှောက်သွားပြန်လေ၏။ ခင်ဖြူအတွက် ဘူး လေးရာဖရုံဆင့်လေတော့သည်။

ခင်ဖြူသည် မိမိ၏ ဘဝကို မခင်တွယ်တော့။ စိတ်အညစ်ကြီးညစ်လေပြီ။ အသက်ကိုစွန့်၍ ဤဆင်းရဲငြိုငြင်လှစွာသော ဘဝဆိုးကို ဇာတ်ပိုင်းလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ အဖန်ငါးရာ ငါးကမ္ဘာ ဟူသော စကားသည် ပေါ်လာ၏။ သို့သော် မနှစ်မြို့သော အမှုကို ဆင်းရဲငြိုငြင်စွာ ဆောင်ရွက်ရမည်ထက် အဖန်ငါးရာ ငါးကမ္ဘာပတ်လုံး အသေဆိုးနှင့် သေရခြင်းက မြတ်သေး၏။ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့ရန် အကြောင်းမမြင်။ မိမိသေရုံနှင့် ကိစ္စပြီးရော့လားဟု စစ်ဆေးပြန်၏။ အမိအဖ အဆွေအမျိုးတို့ကြေကွဲဝမ်းနည်းရချေတော့မည်။ အိုမင်းမစွမ်းသော အမိအဖတို့မှာ သေသော်လည်း သေရာ၏။ အဖန်ငါးရာ ငါးကမ္ဘာပတ်လုံး ဤသို့နှင့်နှင့် ဖြစ်ချေတော့မည်။ မိမိ မနှစ်သက်သူကို ယူရ၍ စိတ်ဆင်းရဲရလျှင် မိမိ တစ်ယောက်တည်း ဤဘဝသာ ဆင်းရဲရမည်။ သံသရာတွင် ဤဘဝမျိုးနှင့် မကြုံရအောင် ဆုတောင်းဆုယူ ပြုက ရနိုင်၏။ အမိအဖတို့ကို စိတ်ဆင်းရဲအောင် မပြုတော့။ မိမိကိုယ်ကိုသာ ကိုဘိုးသွယ် လက်တွင်းသို့ အပ်နှင်းလိုက်တော့အံ့။

အကြင်လင်မယား ဘဝသို့ ရောက်သွားပြီဖြစ်သော်လည်း ခင်ဖြူသည် မိမိ၏ စိတ်သဘောကို မပြုပြင်နိုင်။ မိဘဆွေမျိုးတို့ စိတ်နှလုံး ချမ်းသာစေခြင်းငှာသာလျှင် ရွှင်ပျကြည်လင်ဟန် ပြုနေရ၏။ အတွင်းမီးကား တစ်နေ့တခြား တိုးပွားလျက်ပင်။ မစားချင်သော ထမင်းကို လူမြင်ကောင်းရုံ ကြိတ်၍မျို၏။ မကျ။ အရှင်သခင် လင်ယောက်ျားကိုလည်း စွမ်းအားရှိသလောက်ဖြေဖျော်၏။ သို့သော် ဆားမပါသော ဟင်းကဲ့သို့ ပေါ့ပျက်ပျက်သော ရှိ၏။ သူငယ်ချင်း မောင်လှသည် မိမိအတွက် သေရလေခြင်း ဟူသော အစွဲအလမ်း

သည်လည်း အမြဲပင် တွယ်ကပ်လျက် ရှိ၏။ စားမဝင်၊ အိပ်မပျော်၊ စိတ္တဇ ရောဂါ၏ အစွမ်းကြောင့် တရှောင်ရှောင်၊ လုံးပါးပါး လိုက်လာရာတွင် မီးယပ်ရောဂါက ဝင်ရောက် ဖိစီးလာပြန်၍ နောက်ဆုံး၌ သဇီဝသဘောမှ နိဇီဝ သဘောသို့ ရွှေ့လျော ပြောင်းသွား ရှာလေတော့သတည်း။ မိဘဆွေမျိုး တို့မှာ ထိုအခါမှ နောင်တ ရကြကုန်၏။ သေသောသူကိုကား ပြန်၍ မခေါ် နိုင်တော့။ ခင်ဖြူပင် မရှိတော့သော်လည်း ၎င်း၏ အမည်ကလေးကား 'ခင်ဖြူလို မပူပါရစေနဲ့'ဟူသော စကားစဉ်ဝယ် တွင်လျက် ကျန်ရစ်ခဲ့လေ သတည်း။

[ ဂန္ထလောက၊ အောက်တိုဘာ ၁၉၃၂ ]

# ဝံပုလွေနှင့် သိုးငယ်

"လေးနာရီ ကာလတက်ခေါက်ရင် ထ။ ထမင်းအိုးတစ်လုံး၊ ဟင်းချိုအိုး တစ်လုံး တည်။ ညနေက ချက်ထားတဲ့ ငါးဟင်းကို နွှေး။ အမေတို့နဲ့ ကျောင်းကို ထွက်။ သီလယူ ..." စသည်ဖြင့် လပြည့်နေ့တွင် လုပ်ဆောင် ဖွယ် ကိစ္စတို့ကို မာတိကာစဉ်ရင်း တိုင်ဖုံးကိုမှီလျက် ရေနံဆီ မီးခွက်ကလေး ၏ အလင်းရောင်ဖြင့် အင်္ကျီကြယ်သီးကြိုး ချုပ်နေသော မယ်မှိသည် 'ဟော့ မယ်မှိ၊ မယ်မှိ ခွေးကြည့်စမ်းပါအေ့'ဟု လမ်းဆီမှ အော်လိုက်သော အသံကို ကြားရသောအခါ အမှတ်မဲ့ပင် 'ဝင်ခဲ့ပါ၊ ကိစ္စမရှိပါဘူး'ဟု ပြန်ပြောမိ၏။ ဧည့်သည်သည် အိမ်ပေါက်သို့ ရောက်သောအခါကျမှ မိမိတို့ ဆေးလိပ်ခုံ ရှင် သူဌေး၏ ကိုယ်စားလှယ်ကြီး ဒေါ်မြမှန်းကို သိရသောကြောင့် အိမ်ထောင့် ထဲတွင် ထောင်ထားသော ဖျာလိပ်ကလေးကို ဆွဲ၍ ခင်းပြီးလျှင် 'ထိုင်ပါ ဒေါ်ဒေါ်၊ ညကြီးမင်းကြီး ဘာကိစ္စများ ဒီလောက် အရေးကြီးလို့ လာခဲ့ပါ သလဲ'ဟု ပျာပျာသလဲ ပြုစုမေးမြန်းလေ၏။ ဒေါ်မြကား မထိုင်။ ဆေးပြင်း လိပ်တိုကြီးကိုသာ အတွင်ခဲလျက် ရှိ၏။ မျက်နှာထားလည်း မာတင်းလှ၏။ သူကြီးမင်းအိမ်၊ သူဌေးအိမ်တို့တွင် ချိုလှစွာသော ဒေါ်မြ၏ မျက်နှာသည် မိမိတို့၏ မွန်အိမ်ပုလေးကျမှ အဘယ့်ကြောင့် ခါးပါသနည်း၊ ရုတ်ခြည်း မစဉ်းစားတတ်။

'မယ်ခွေးတို့၊ ကြိတ်ဆုံတို့ လုပ်ပြီးပြီ၊ ည[illegible]စ်ယောက်ပဲ လိုတော့ တယ်။ နက်ဖြန်ခါ ဆေးလိပ် ၄၀၀ ကို နေ့ခင်း ဈေးသမ္မန်အမီ လိပ်ပြီး

ဆိပ်အရောက် ဆင်းပို့လိုက်ပါ'ဟု အဆက်မရှိ မာတာတာ စကားကို ပြော လေ၏။

မယ်မှိကား အံ့ပုန်းသမား မဟုတ်။ အပြင်တစ်မျိုး၊ အတွင်းတစ်မျိုး နှင့် ကျီးအာသီးမျိုး မဟုတ်။ ပြောစရာရှိလျှင် ပွင့်ပွင့်လင်းလင်း ပြောတတ်၏။ မိမိအပေါ်တွင် အထင်မှားသွားလျှင် မှန်လာအောင် ရှင်း၍ပြလိုသော စိတ်ရှိ၏။ ထို့ကြောင့် 'ဒေါ်ဒေါ်၊ ကျွန်မ မသိလို့ပါ။ ဒီနေ့လည်း တစ်နေ့လုံး လိုလို အားနေတာပဲ။ စောစောက သိရတာဖြင့်လည်း အခုလောက်ရှိရင် အများနည်းတူ ပြီးနေရောပေါ့'ဟု ရှင်းပြနေပါသော်လည်း ဒေါ်မြကား မှောင်ရိပ်ထဲသို့ ရောက်သွားလေပြီ။ ငါ့နားနှင့် ညည်းစကား အဖက်မတန်ဟု ပြောသွားသကဲ့သို့ ရှိ၏။

နံနက် မိုးလင်းသောအခါ ဆွမ်းအုပ်ကို ရွက်၍ အမိအိုနှင့် အဖအို တို့အား ကျောင်းသို့ အရောက် လိုက်ပို့ခဲ့၏။ မိမိမှာကား စီစဉ်ထားသော မာတိကာအတိုင်း ဥပုသ် မယူနိုင်တော့ပြီ။ ဥပုသ်ဇရပ်တွင် ဒေါ်လေးကြီးနှင့် မယ်ခင်တို့က အတင်း ဆွဲခေါ်ထားပါသော်လည်း ရုန်း၍ ထွက်ခဲ့ရ၏။

မယ်မှိသည် ဆေးလိပ်ခုံတွင် တစ်ယောက်ထီးတည်း တစ်မနက်လုံး ထိုင်၍ လိပ်၏။ ဈေးသမ္ဗန် ထွက်ချိန်တန်သော်လည်း ဆေးလိပ် ၄၀၀ မပြည့်သေး။ ထ၍ ဈေးဆိပ်သို့ ကြည့်မိ၏။ ဈေးသမ္ဗန် မထွက်သေး။ ငုံ့၍ လိပ်၏။ ၄၀၀ ပြည့်၍ ဖြတ်တောက်၊ ထုပ်ပိုးပြီးသောအခါ သမ္ဗန်ကို ကြည့်ပြန်၏။ မရှိတော့ပြီ။ ဈေးဆိပ်တွင် မရှိလျှင် အိုးရုံဆိပ်တွင် အိုးတင် နေစရာ အကြောင်းရှိ၏။ ဆေးလိပ်တောင်းကို ရွက်လျက် လိုက်၏။ အိုးရုံဆိပ်တွင်လည်း သမ္ဗန်မရှိတော့။ အမောသာ အဖတ်တင်၏။ ဝမ်းလည်း ဟာလှလေပြီ။ ထို့ကြောင့် လမ်းဆိုင်ကလေးတစ်ခုတွင် သာကူဝယ်၍ သောက် နေ၏။ ထိုခဏ၌ ဒေါ်မြ ပေါက်လာလေသည်။ ကြောင်ကိုမြင်သော ကြွက် ပမာ မယ်မှိသည် ထွက်၍ ပြေးလို၏။ သို့သော် မိမိတွင် အပြစ်မရှိဟု ထင်မိသောကြောင့် ထွက်၍ မပြေးလေ။ သာကူကိုကား မျို၍ မကျတော့။

'ဟော့ မယ်မို၊ ဆေးလိပ်တွေ ပြီးပြီလား'ဟု ဒေါ်ကြီးမောကြီးနှင့် မေးလေ၏။ မယ်မိုလည်း ထိုင်ရာမှ မော့ကြည့်သောအခါ မလှုပ်မရှား ပြူးကြောင်သော မျက်လုံးများကို တွေ့ရ၍ များစွာ တုန်လှုပ်သွား၏။ ဒေါ်မြသည် မိမိက မည်သို့ပင် ရိုသေကိုင်းရှိုင်းသော်လည်း မိမိအား ဘယ်အခါကမျှ မျက်နှာသာ မပေးခဲ့ဖူးသည်ကို တွေးမိ၍ ပိုမို တုန်လှုပ်သွား၏။

'ပြီးတော့ ပြီးပါရဲ့ ဒေါ်ဒေါ်၊ နည်းနည်း နောက်ကျသွားလို့ သမွန်ကို မမီလိုက်ဘူး။ မကြိတ်ဆုံက ပြောတော့ လပြည့်ကျော် တစ်ရက်နေ့ မီရင် ပြီးတာပဲ တဲ့'

'အို အခုဟာက အရေးကြီးတယ်တော့။ ညည်း လုပ်မှဖြင့် ဒီလိုချည်းပဲ။ မယ်ခွေးတို့၊ ကြိတ်ဆုံတို့လည်း ညည်းလို လုပ်ရတာပဲ။ သူတို့ ပြီးတာ ကြာလှပြီ'

'ဒေါ်ဒေါ်၊ စောစောက သိရင် ကျွန်မလည်း ပြီးတာ ကြာလှရောပေါ့။ အခုလည်း ညက သိတယ်ဆို ဒီနေ့ ပြီးအောင် အပြင်းလုပ်တာပဲ'

'စောစောက ပြောဖို့ဟာကို ညည်းမှ မတွေ့ရဘဲကိုးအေ့'

'ဩော်၊ ဒေါ်ဒေါ့်အိမ်နဲ့ ကျွန်မအိမ် လမ်းကလေး တစ်ခုခြားတာ။ လှမ်းခေါ်လိုက်ရင် အိပ်နေရာကတောင် ကြားနိုင်ပါတယ်။ ကျွန်မလည်း အမြဲ ရှိတာပဲ'

'အို ညည်းကဖြင့် ဆင်ခြေကလေးနဲ့ချည်းပဲ။ မကြားချင်ပါဘူး၊ တစ်မနက်လုံး လိပ်တာ ဒီ ၄၀၀ လောက်ကိုမှ မပြီးနိုင်ဘူးလား။ ညည်းတို့ မရှိခင်တုန်းက မယ်မြတစ်ယောက်တည်း လိပ်တာပဲ'

'ဒေါ်ဒေါ်ရယ်၊ ကျွန်မ လိပ်နေတာကို အများ မြင်ကြပါတယ်။ ကျွန်မ အိပ်လည်း မနေရပါဘူး။ ရောက်ကတည်းက ထိုင်လိပ်တာ၊ ပြီးမှ ထတော့တာပဲ။ မပြီးတာကိုတော့ ကျွန်မလည်း မပြောတတ်ဘူး'

'သိနိုင်ပါဘူးလေ။ ညည်း အိပ်နေသလား၊ [illegible]ဏာတော လိုက်နေသလားလို့။ အားအားယားယား လိုက်ပြီး သတိထား မနေနိုင်ပါဘူး'

တစ်သက်နှင့် တစ်ကိုယ် ဤသို့ အပြောမခံခဲ့ရဖူးသော မယ်မှီ၏ ပါးစပ်ထဲတွင် ချွဲ၍ လာတော့၏။ မျက်ရည်လည်း ဝဲ၍ လာတော့၏။ အရပ်က သူတော်ကောင်းကြီးဟု ထင်မှတ်ယုံကြည်နေသော ဒေါ်မြ၏ နှုတ်မှ ထိုသို့ ကြမ်းတမ်းသော စကားများ ထွက်လိမ့်မည်ဟု မည်သည့်အခါကမှ မထင်မိ။ ယခုကဲ့သို့ နှိပ်နှိပ်စက်စက် မိမိအား ဆိုလေသည်ဟု အရပ်ထဲတွင် ပြောမိက မိမိကိုသာလျှင် ကုန်းအီးမကလေးဟု ထင်လေတော့မည်။ ဒေါ်မြကား ဆက်လက်၍ အော်ကျယ်ဟစ်ကျယ်နှင့် ပြောနေတုန်းပင် ဖြစ်၏။

'ညည်းတို့ လုပ်တာကတော့ ကောင်းပါရဲ့။ အချိန်တန်တော့ ငမယ်မြ ခေါင်းပေါ်ကိုချည်း အပြစ်ကျတယ်အေ့၊ နားလည်ရဲ့လား။ တော်တော်ကြာ သူဌေးက ကြိမ်းတော့မယ်'

'ဒေါ်ဒေါ်... ဒေါ်ဒေါ်၊ သူဌေးက ကြိမ်းရင်  ကျွန်မအပေါ်ကို လွှဲချလိုက်ပါ။ ကျွန်မ အပြစ်ခံရမှာ မကြောက်ပါဘူး။ ရှင်းပြရင် သူဌေးလည်း ကျေသွားမှာပါ'ဟု ပြောသော်လည်း ဒေါ်မြကား မိမိ၏ စကားကို ကြားဟန်မတူ။ ဓိုးကွက်ကြီးပမာ တတွတ်တွတ်သာလျှင် ရေရွတ်မြည်တွန် နေလေ၏။ စကားမပြတ်သားသောကြောင့် ဘာမှန်း အသေအချာ မသိရ။ မယ်မှီလည်း သာဂူပန်းကန်ကို ကောက်ယူ၍ ရှက်ရှက်နှင့် အတင်းမျိုလေ၏။ မျက်ရည်တို့လည်း ရွှဲလျက် ရှိ၏။ အနီးရှိ လူများလည်း မိမိအား ဝိုင်း၍ ကြည့်နေကြ၏။ ထို့ကြောင့် ပိုက်ဆံကို မြန်မြန်ပေး၍ ပြေးခဲ့လေသတည်း။

အိမ်သို့ ရောက်သောအခါ မောမောနှင့် အိပ်ရာပေါ်တွင် လှဲလျက် ဖြစ်ပုံတို့ကို စေ့စေ့ပေါက်ပေါက် တွေး၍ မာတိကာ စဉ်ပြန်လေ၏။ မိမိ၏ အမှားကို ရှာပြန်၏။ မိမိ မှားပါက ဝန်ချမည်ဟု ကြံစည်၏။ အမှားကို ဝန်ချခြင်းသည် မိမိအတွက် ဝန်မလေးချေ။ ဒေါ်မြက မှားလျှင်လည်း အမှန်သို့ ရောက်အောင် ရှင်းလင်းလို၏။

မယ်ခွေးသည် မိမိထက် တစ်ရက်အပိုရ၏။ လစာရသည်မှာလည်း ဆေးလိပ် ၁၀၀ မျှသာ။ ကြိတ်ဆုံကား မိမိကဲ့သို့ပင် ၄၀၀ လိပ်ရ၏။ သို့သော်

သူလည်း တစ်ရက်လုံးလုံး အပိုရသည်ပင်။ မိမိမှာမူ ၄၀၀ ကိုလည်း လိပ်ရသေး၏။ တစ်မနက်မျှသာလည်း အချိန်ရလေသည်။ ဆေးလိပ် ၄၀၀ ကို တစ်မနက်နှင့် ပြီးအောင် လိပ်ဖို့ရန်ကား မဖြစ်နိုင်။ ဒေါ်မြက သက်သက်မဲ့ အပြစ်ရှာမှန်းကို သိရလေပြီ။ ရှေးကလည်း မိမိအား အကြောင်းမဲ့ မကြာခဏ ကြိမ်းမောင်းဖူး၏။ မိမိတွင် ဘာအပြစ် ရှိပါသလဲ။ အပြစ်ရှိပါလျှင်လည်း သူဌေးသည် မိမိအား  ယခုကဲ့သို့ သူတစ်ပါးထက် ထူး၍ ဂရုစိုက်မည် မဟုတ်။ အရေးပေးမည် မဟုတ်။ သူဌေးသည် မိမိအား သမီးရင်းပမာ ကြည့်ရှုစောင့်ရှောက်ပါလျက် ဒေါ်မြသည် မိမိအား အဘယ့်ကြောင့် ငြိုးသူ ရန်ဘက်ကဲ့သို့ ပြုမူပါသနည်း။ ထို့ကြောင့် လူငယ်ပီပီ ဒေါ်မြနှင့်အတူ လူကြီးစုံရာရှေ့တွင် သက်ဘရှင်းလို၏။ သို့ရှင်းက ဒေါ်မြ၏ ရန်ငြိုးသည် ပွားတိုးလာမည်ကား မုချပင်။ ပွားချင်လျှင် ပွားပါစေ။ (အမှန်သို့ ရောက်လျှင် တော်ပြီ။) သူ့ပယောဂနှင့် အလုပ်ပြုတ်လျှင်လည်း ကိစ္စမရှိ။ တစ်ဝမ်းတစ်ခါးအတွက် မခဲယဉ်းလှ။ မိမိသည် ခနိုထိုးတတ်၏။ စပါးသယ်နိုင်၏။ ထို့ကြောင့် လူကြီးစုံရာတွင် ရှင်းရမှ ကျေနပ်တော့မည်။ သို့သော်... သို့သော် ... သို့သော် ... မိအိုဘအို နှစ်ပါး ရှိသေးပါသည် တကား။ မိမိ၏ နှုတ်သည် ဆို့ပြီးသား ဖြစ်လေပြီ။ မျက်ရည်များ ပေါက်ပေါက်ကျလာ၏။ ထိုခဏ၌ ဒေါ်မြတို့ အိမ်ဆီမှ စက်သီချင်းသံသည် လပြည့်နေ့၏ မျက်နှာကိုမျှ မထောက်။ ရပ်ကွက်ကလေးကို လွှမ်းမိုး၍ သွားလေတော့သတည်း။

[ ဂန္ထလောက၊ အောက်တိုဘာ ၁၉၃၃ ]

## ပေါ်တော်မူ

သမ္ဗန်သမား ကိုမြတ်သာတို့ သားအဖ လင်မယား သုံးယောက်မှာ တစ်ဝမ်း တစ်ခါးအတွက် လုပ်နိုင်မှ စားကြရလေသည်။ တစ်နေ့နှင့် တစ်နေ့ အလျင်မီ အောင် အလွန် ကြိုးစားရ၏။ ကြက်ဆင်းမှ ကြက်တက် နေထွက်မှ နေဝင် ၁၂ နာရီ အတွင်းတွင် အလုပ်လုပ်ရသဖြင့် အချိန်မကုန်။ အလုပ်ရှာရသဖြင့် အချိန်ကုန်လေသည်။ အလုပ်လုပ်ရသဖြင့် မပန်း။ အလုပ်ရှာရသဖြင့် ပန်း လေသည်။ အိမ်ကြီးရှင်များမှာ အိုက်သောကြောင့် အိပ်မရ။ ခြင်ကိုက်သော ကြောင့် အိပ်မရ။ စောသောကြောင့် အိပ်မရ။ လကလေး သာသောကြောင့် အိပ်မရ စသည်ဖြင့် တစ်ရာ့တစ်ပါးသော အကြောင်းများကြောင့် အိပ်မရ သော်လည်း ကိုမြတ်သာတို့ မိသားတစ်စုမှာ သူငယ်တိတ်ဆိတ် အချိန်တွင် သက်ကြီးများပါ ရောချ၍ ခေါင်းချလေတော့သည်။ တခေါခေါနှင့် ဟောက် ကြလေတော့သည်။ ကျန်းမာရေးနှင့် ညီညွတ်၏။ ချွေတာရေးနှင့် မျှတ၏။

ယနေ့ည အဖို့မှာကား ဂတ်တဲဆီမှ ၁၁ နာရီထိုး၍ နာရီမွှေသံကို ကြားရပြီ ဖြစ်သော်လည်း ကိုမြတ်သာမှာ မျက်စိကြောင်တုန်းပင် ဖြစ်၏။ ခေါင်ပေါက်ကလေးမှ အသွယ်သွယ် ထိုးဆင်းကြလာသော လရောင်ခြည် တန်းကလေးများကို ကြည့်ရင်း စဉ်းစားခန်းဝင်လျက် ရှိ၏။ ခြေရင်းနှင့် ခေါင်းရင်း မှားနေသော မိမိသားကလေး၏ ခြေထောက်သည် မိမိ၏ ရင်ဘတ်ပေါ်သို့ ကျရောက်လာသည်ကိုမျှလည်း သတိမထားမိ။

မိမိနားထဲတွင် "အသက်ကလေးရယ်တဲ့ ရှည်စေလို။ ။ မြစမ်းရှင် သွင်သွင်အေးရယ်နဲ့၊ ဒေးသုံးလုံးခို" ဆိုသော တေးသံကိုသာ ကြားယောင်လျက် ရှိ၏။ ဤသီချင်းကို ကလေး၊ လူကြီး သီဆိုလျက် "ဒေးသုံးလုံး ပေါ်တော်မူ" သို့ နေ့မစဲ ညမစဲ သွားကြ လာကြသည်မှာ ဆယ်ရက်မျှ ရှိလေပြီ။ မိမိတို့ မြို့ကလေးမှာ ဤတေးသံဖြင့် တွန်မြည် ကြွေးကြော်လျက် ရှိ၏။ တွတ်တီးတွတ်တာ ပြောတတ်ခါစ ကလေးများပင် "အတက်ကလေး ရယ်တဲ့ ချေချေလို"ဟူသော တေးကို မိခင်နှုတ်မှ အမွေရကြလေပြီ။ တောင်ပိုင်း ကိုသူတော်၏ အဘွား ဒေါ်သာလိ၏ အမေ အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်သော ဘွားကလီစာပင်လည်း သွားကြား လေထွက်သံဖြင့် ဤတေးကို သီ၍ ထိုပေါ်တော်မူကို အဖူးအမြော် ရောက်ခဲ့လေပြီ။ တစ်ခေါက်ရောက်လျှင် တစ်ကပ်၊ နှစ်ခေါက်ရောက်လျှင် နှစ်ကပ်၊ သုံးခေါက်ရောက်လျှင် ကပ်ကြီး သုံးကပ်ကို ကျော်နင်းနိုင်ပြန်လေတော့သည်။ ကိုမြတ်သာတို့ အပိုင်းက ဒေါ်ရွှေဥမှာ သုံးခေါက်ပြည့်အောင် မီးထွက်မှ တစ်ခေါက်သွားလိုက်ဦးမည် ဟု မီးတွင်းထဲမှနေ၍ ကြိမ်းဝါး အားခဲလျက် ရှိ၏။ အင်္ဂလိပ် အရေးပိုင်ကြီး နှင့် ရာဇဝတ်ဝန်ကြီးတို့ပင်လည်း တမြန်နေ့က ရောက်ပြီးလေပြီ။ ကိုမြတ်သာတို့ အိမ်သား သုံးယောက်မှာ မရောက်ရသေး။ ယခုအခါ တရုတ်စစ် ရောက်လာပါလျှင် တစ်မြို့လုံး တစ်နယ်လုံး ချမ်းသာ၍ မိမိတို့ အိမ်သား တစ်စုသာ ကပ်ထဲတွင် ပါသွားရမည်ကို တွေးလျက်ကြောက်၏။ ရှေးအခါ က ကဲ့သို့ တုပ်ကွေးကြီးထလျှင် မိမိတို့ အိမ်သားတစ်စုသာ ကပ်ထဲတွင် ပါသွားရမည်ကို တွေးလျက် ထိတ်၏။ အဘိုး၊ အဘွားများ ပြောဖူးသကဲ့သို့ သရောကြီးခိုင်းလျှင် မိမိတို့ အိမ်သားတစ်စုသာ ကပ်ထဲတွင် ပါသွားရမည် ကို ကွေးလျက် လန့်၏။ ကိုမြတ်သာ အိပ်မပျော်သည်မှာ အံ့ဩဖွယ် မရှိပေ။

ဒေးသုံးလုံး ပေါ်တော်မူကား မိမိတို့ မြို့ကလေးမှ သုံးမိုင်ခန့်မျှ ဝေးသော ပတက်စာငူ၏ အရှေ့တောင်ဘက် သ[illegible]င်ပျို တောထဲတွင် တည်ရှိ၏။ စစ်ကိုင်းချောင်မှ ဆံရှည်ကိုယ်တော်ကြီးတစ်ပါး အိပ်မက်ရ၍

လာရောက် ရှင်းလင်း ဖော်ထုတ်ခါမှ ပေါ်လာသော ရှေး မွန်စေတီဟောင်းများ ဖြစ်လေသည်။ ဖိုခုံလောက်ဆိုင် ကုန်းကလေး သုံးကုန်းပေါ်တွင် စေတီညီနောင် သုံးဆူ အလွန်ကြည်ညိုဖွယ် ကောင်း၏။ ကုန်းတော်ပေါ်တွင် နံကရိုင်းကျွဲမ နို့ရည်တို့သည် ခဲကုန်သဖြင့် ကျောက်ခဲကလေးများ ဖြစ်၍ ကျန်ခဲ့သည်မှာ အများအပြားပင် ဖြစ်၏။ ၎င်း ကျောက်ခဲကလေးများကို သောက်ရေအိုးတွင် ထည့်၍ သောက်လျှင် ဝမ်းနာပန်းနာ ကောင်း၏။ ချိုးရေအိုးထဲတွင် ထည့်၍ချိုးလျှင် ညှင်းဖြူ တင်းတိပ် ပျောက်၏။ ကန်ကြီးတကာ ဦးသာရောက်သည် လပြည့်နေ့က ကျောက်ခဲတစ်တင်း ကျုံးခဲ့၍ မြို့ထိပ် ကန်ကြီးတွင် ထည့်ပြီး ဖြစ်လေသည်။ လူပျိုကြီး ကိုရွှေမိတ်သည် ကျောက်ခဲတစ်ဆုပ်ကို ပဝါဖြူနှင့် ထုပ်၍ မိမိ ပိုးပန်းနေသော၊ နဖူးဆီတွင် ညှင်းပွင့်ကလေးများ အနည်းငယ်ရှိသော အပျိုကြီး မလှမင်း ရေချိုးလေ့ရှိသည့် ဝါးတံတားတွင် ချည်နှောင်ထားပြီး ဖြစ်လေသည်။

တစ်ခုသော ကုန်းတွင် အချင်း တစ်လက်ဝါး၊ အဝန်း သုံးလက်ဝါး၊ အစောက် တစ်မိုက်ခန့်နက်သော နတ်ရေတွင်းကလေးသည် ကုန်းခေါင်ခေါင်တွင်ပင် ဖြစ်သော်လည်း ရေထွက်၍ ဘုန်းတော်ကြီးတစ်ပါးသည် အစောင့်နေလျက် ဘုရားဖူးတို့အား နတ်တွင်းရေကို ပေးလှူလေသည်။ တွင်းပတ်လည်တွင် ဆူဆူညံညံနှင့် လူအသွားအလာ ရှုပ်သောအခါ နတ်တွင်းရေသည် မထွက်လာ၊ လူရှင်းမှ ထွက်လာလေသည်။ ၎င်း နတ်တွင်းရေ၏ အကျိုးကားကိုးဆယ့်ခြောက်ပါးသော ရောဂါတို့ကို ပျောက်ကင်းစေ၏။ စုန်း၊ တစ္ဆေ၊ မြေဖုတ် ဘီလူးတို့ကို နိုင်၏။ ကိုမြတ်သာသည် ဘုရားဖူး တစ်ဦးထံမှ အနည်းငယ် သောက်ခဲ့ရပြီး ဖြစ်၏။ သို့ပါသော်လည်း မိမိ-သားမယားတို့အား ခေါ်သွား၍ တိုက်ချင်သေး၏။ ဘယ်အခါ တိုက်ရပါအံ့နည်း။

တစ်ခုသော ကုန်းထိပ်တွင်လည်း တွင်းတစ်ခု ရှိ၏။ ထိုတွင်းမှ ရေမထွက်သော်လည်း ကံကောင်းသူတို့သည် တွင်းထဲမှ ဘုရားသခင် ရုပ်ပွားတော်တစ်ဆူ ရှာန်ကြွနေသည်ကို ဖူးမြင်ကြရ၏။ ရောင်ခြည်တော် ခြောက်

သွယ်တို့ဖြင့် တင့်တယ်သပ္ပာယ်လှ၏ဟု ပြောကြ၏။ ကိုမြတ်သာတို့ ဘယ်အခါ ဖူးရပါအံ့နည်း။

ညဉ့်သန်းခေါင် အချိန်သို့ ရောက်သောအခါ ဒေးသုံးလုံးကုန်းတော်တွင် ဘာဝနာ ပွားများနေကြသော သူများသည် ညို့မှိုင်းသော သက်န်းပင်ပျိုတောတွင်းမှ ထူးဆန်းသော ကြေးစည်သံ၊ ခရုသင်းသံတို့ကို ကြားရကုန်၏။ အလွန်သာယာ ကြည်နူးဖွယ် ကောင်းလေသည်။ ၎င်းသက်န်းပင်ပျိုများ ယောက်ျားကြီး တစ်ဖက်မျှ ကြီးထွားလာသောအခါ ၎င်းတောအတွင်းမှ လူစွမ်းကောင်း မောင်ပေါက်ကျိုင်း ပေါ်ထွက်လာ၍ ၎င်းသက်န်းပင်တို့ကို တံခွန်တိုင်ပြုလျက် ၎င်းဒေးသုံးလုံး စေတီတို့တွင် လှူလိမ့်မည်ဟု ရှေ့မီနောက်မီ ဘုရားကိုးဆူဆရာကြီး ကိုမြတ်ထွန်းသည် အလျှုအိမ်တစ်ခုတွင် ပြောပြသည်မှာ ၄ ရက်မျှသာ ရှိသေး၏။ မောင်ပေါက်ကျိုင်းနှင့်တကွ မောင်းမ မိဿံ ခြွေရံသင်းပင်းတို့သည် ၎င်းတောကြီးအတွင်းဝယ် နန်းပြာသာဒ် အဆောင်ဆောင်နှင့် နေသည်ကို တောရကျောင်း ဖိုးသူတော်ကြီးသည် မကြာခဏ တွေ့မြင်ရသည်ဟု ဆွမ်းဆန်ခံလာတိုင်း ပြောလေသည်။ သန်းခေါင်အချိန်တွင် ဘုရားဝတ်တက်လေ့ ရှိ၏ဟုလည်း ပြော၏။ သိုက်သမိုင်းအရ ဆိုလျှင် မောင်ပေါက်ကျိုင်းသည် ဒေးသုံးလုံးစေတီတို့ကို မြို့ဦးစေတီပြု၍ ထိုတောအရပ်၌ ပေါက္ခရဝတီမြို့ကြီးကို တစ်နေ့နေ့တွင် တည်မည် ဖြစ်လေသည်။ ကိုမြတ်သာတို့သည် မြို့တော်ရာသို့ ဘယ်အခါသွား၍ ကြေးစည်သံ၊ ခရုသင်းသံတို့ကို ဘယ်အခါ ကြားရပါအံ့နည်း။

ကိုမြတ်သာသည် အလွန်သွားလို၏။ သို့သော် တစ်နေ့ အလုပ်မလုပ်လျှင် တစ်နေ့ ငတ်မည် ဖြစ်၏။ အရုဏ်ကျင်း၍ အလင်းရောက်မည်ဖြစ်သော နောက်တစ်နေ့အဖို့ ရေအိုးထဲတွင် ဖားဝပ်ရုံမျှလည်း ရေမရှိသေး။ ဆန်အိုးထဲတွင် ကြွက်ကျွေးလောက်ရုံမျှလည်း ဆန်မရှိသေး။ သို့သော် မိမိအနားတွင် စောင်ကလေး မလုံ့တလုံ့ ခြုံလျက် ကွေးကွေးကလေး အိပ်မောကျနေရှာသော မိမိ ဇနီးသည်အား ကပ်သုံးပါးကို ကျော်နင်းနိုင်အောင် ဘုရားသို့

ပို့ချင်၏။ သားကလေး အသက်ရှည်သည်ကိုလည်း မြင်လို၏။ ကိုမြတ်သာ အစဉ်းစားရ ခက်လှသည် တကား။

ဘုန်းတော်ကြီး ဦးဓာဂရ ကျောင်းမှ လေးနာရီ ကလတက် ခေါက်သံကို ကြားရပြီ ဖြစ်သော်လည်း ကိုမြတ်သာ စိတ်ကို ဆုံးဖြတ်၍ မရသေး။ ထိုခဏ၌ လမ်းမကြီးဆီမှ လှည်းတစ်စီး၏ ငါးဆီ မထိုးသော ဝင်ရိုးကြိတ်သံကို မြုပ်ချည်ပေါ်ချည်နှင့် ကြားရလေ၏။ ဘုရားဖူးလှည်း ဖြစ်လေသည်။ ကိုမြတ်သာ၏ စိတ်သည် ခါတိုင်းထက် လှုပ်ရှား၍ လာ၏။ 'ဟေ့ ကိုရွှေထူးတို့၊ မယ်ရင်တို့ ... အရုဏ်မီ သွားရအောင် ပြင်ကြဆင်ကြလေ' ဟူသော နိဗ္ဗာန်ဆော် ဦးချစ်ဦး၏ အသံကို ကြားရသောအခါ ကိုမြတ်သာသည် ထ၍ ထိုင်လိုက်လေ၏။ "အသက်ကလေးရယ်တဲ့ ရှည်စေလို..." ဟု သာသာယာယာ သီဆိုလိုက်သော တေးသံကို ကြားရသော အခါတွင်ကား ကိုမြတ်သာသည် မယားနှင့် သားကို တင်ပါးပုတ်၍ နှိုးလေတော့၏။

အရုဏ်တက်စ အခါတွင် ကိုမြတ်သာ၏ ဘုရားရှိခိုးသံကို ဒေးသုံးလုံး ကုန်းတော်ပေါ်တွင် ကြားရလေ၏။ ကိုမြတ်သာ ဇနီး၏ ဆုတောင်းသံကိုလည်း ကြားရလေ၏။ ကိုမြတ်သာ သား ကိုလေး၏ 'အတက်ကလေး ရယ်တဲ့ ချေဂျေလို ...' ဟူသော တေးသံကိုလည်း ကြားရလေ၏။

နံနက် ၈ နာရီလောက် ရှိသောခါ ကိုမြတ်သာတို့သည် ရွှေတွင်းအောင်း ကိုယ်တော်ကြီးကိုလည်း ဖူးပြီးကြလေပြီ။ နတ်တွင်းရေကိုလည်း သောက်ပြီးကြလေပြီ။ သားငယ်၏ အိတ်ထောင်ထဲတွင် နံကရိုင်းကျွဲမ၏ နို့ခဲတို့သည်လည်း ပြည့်နေလေပြီ။ ထိုခဏတွင် ယာယီ စတုဒိသာ ဇရပ်ကလေး တစ်ဆောင်အတွင်းမှ ဝတ်ဖြူစင်ကြယ်နှင့် ဥပါသကာကြီး တစ်ဦးသည် ကိုမြတ်သာနှင့်တကွသော ဘုရားဖူးများအား ဖိတ်၍ ထမင်းကျွေး၏။ မောမောနှင့် အလွန်မြိန်ကြလေသည်။ သက်န်းပင်ရိပ်တစ်ခုမှ ကာရင်မကြီး တစ်ဦးက ကောက်ညှင်းထုပ် တစ်ဆိုင်းကို သားငယ်ပို့ ပေးလိုက်သေး၏။ သားငယ်ကလေးကား ခုန်ပေါက် ခုန်ပေါက်နှင့် အပျော်ကြီး ပျော်လျက်

ရှိ၏။ ထိုအခိုက်တွင် 'ဗျို့ ကိုမြတ်သာ၊ မြစ်ဟိုဘက်က ကျုပ်မိတ်ဆွေများက ဒီနေ့ ပြန်ချင်လို့တဲ့။ ခင်ဗျား သမ္ဗန်နဲ့ လိုက်ပို့နိုင်ပါ့မလား' ဟူသော ဝမ်းသာဖွယ် သတင်းကို ကြားရသောအခါ ကိုမြတ်သာသည် 'အစစ်ပေါ့ဗျ' ဟု ပြန်ပြောပြီးနောက် ဘုရားဖူးတစ်စုတို့သည် သမ္ဗန်ဆိပ်ရှိရာ ကိုမြတ်သာတို့ မြို့ကလေးဆီသို့ သီချင်းတကြော်ကြော်နှင့် ရှေးရှုသွားကြလေသတည်း။

[ ဂန္ထလောက၊ ဇန်နဝါရီ ၁၉၃၄ ]

## ဗေဒင်ဆရာ၊ လက္ခဏာဆရာ

နေ့အားဖြင့် တနင်္ဂနွေနေ့။ အချိန်အားဖြင့် နာရီပြန် နှစ်ချက်လောက်။ အပြင်တွင် နေကျဲကျဲပူလျက် ရှိ၏။ အဖော်မျှော်လျက်ရှိသော ကျွန်တော်သည် ခြေသံလိုလို ကြားလိုက်ရ၍ ထ ကြည့်လိုက်ရာ ပန်းရုံကွယ်မှ ထွက်ပေါ်လာသော ခေါင်းပေါင်းကြီးနှင့် ကုလားပျိုတစ်ယောက်ကို မြင်ရသည်။ 'လက္ခဏာ ကြည့်မလား၊ ဗေဒင်မေးမလား' ဟု ခပ်ရွှံ့ရွှံ့ဟန်ဖြင့် သူက လှမ်း၍ မေးသည်။ ဗေဒင်ကျော်တွေ ဟောခဲ့သမျှတွင် အမှန်က နည်း၍ အမှားက အဆမတန် များသည်ကို တွေ့ခဲ့ရသောကြောင့် ဗေဒင်ကို စိတ်နာနေသော ကျွန်တော်မှာ စိတ်ဆိုးချင်မိသည်။ ထို့ကြောင့် 'မကြည့်ချင်ပါဘူး၊ မမေးချင်ပါဘူး' ဟု နှင်သည်။ နှင်ခါမှ သူသည် ရှေ့သို့ ခြေနှစ်လှမ်း သုံးလှမ်း တိုးလာ၍ 'ဆရာ့ဆီကို စာတစ်စောင် ရောက်လိမ့်မည်။ ခရီးသွားရလိမ့်မည်။ ဆရာ့နဖူးစာကို ကျွန်တော် မြင်သည်။ ဆရာ အင်မတန် ကံကောင်းနေသည်' ဟု ပြောပြန်သည်။ 'ကောင်းကောင်းဆိုးဆိုး ငါမကြည့်ဘူး' ဟု ခပ်မာမာပင် ကျွန်တော်က ပြန်ပြောသည်။ 'အထက် မန္တလေးဆီက စာလာမည်။ နဖူးစာ အင်မတန် ကောင်းသည့်စာ ဖြစ်သည်။ ကျွန်တော် ကောင်းကောင်း ဟောပါမည်' ဟု ပြောပြန်သည်။ ထိုအခါ ကျွန်တော်လည်း "ခေါင်းမာသည့် ကုလားကို ငါ ညှဉ်းဦးမည်" ဟူသော အကြံဖြင့် မေးသည်။

'တစ်ခါကြည့်ရင် ဘယ်လောက်လဲ'

'ဘိုဆိုရင် ၅ ကျပ် တောင်းပါတယ်။ ဆရာ့ကိုတော့ ၃ ကျပ်ပဲ တောင်းပါမယ်'

'ဘာ'

'မြန်မာလို အင်္ဂလိပ်စ်ကို ဘိုခေါ်တယ် မဟုတ်လား။ ဘိုကို ၅ ကျပ်၊ ဆရာ့ကို ၃ ကျပ်'

'၃ ကျပ် ဝေးလို့ ငါးမူးတောင် မပေးနိုင်ဘူး၊ သွားပါ'

'ငါးမူးနဲ့ပဲ ဟောပါမယ်။ ဆရာ့ နဖူးစာကို ကျွန်တော် ကောင်းကောင်း မြင်တယ်။ ကံအများကြီး ကောင်းနေတယ်။ စာကောင်းကောင်း တစ်ခု လာလိမ့်မယ်'ဟု ပြောပြောဆိုဆိုနှင့် အိမ်ဝံစက်မြိတ်အောက်သို့ သူ ဝင်လာသည်။ အခက်ပဲ။ ဘောက်ပြောဦးမှ တော်မည်ဟု တွေးကာ 'ငါ့မှာ ပိုက်ဆံ မရှိဘူး၊ မင်းက ငါးမူးဈေး'ဟု ကျွန်တော်က ပြောသည်။ 'ကောင်းပါပြီ၊ ဈေးပါ့မယ်'ဟု ဆိုကာ သူ့အိတ်ထဲမှ ပဲစေ့ရှစ်စေ့ကို ထုတ်ပေးပြီးလျှင် ကျွန်တော့် လက်ယာလက်ဝါးကို ကိုင်ကာ ကြည့်သည်။ ကျွန်တော်လည်း ငွေတစ်ကျပ် ထုတ်ပေးလိုက်၍ ငါးမူးကို ယူလိုက်သည်။

'ဆရာ အသက်ရှည်မယ်၊ ရှစ်ဆယ့်နှစ်နှစ် နေရမယ်။ ဟောဒီ စက္ကူခေါက်ကလေးကို လက်ထဲမှာ ဆုပ်ထားပါ'ဟု ပြောကာ ကျွန်တော့် လက်ဝါးထဲသို့ စက္ကူခေါက်ကလေးတစ်ခုကို ထည့်သည်။ ကျွန်တော်လည်း ဆုပ်ထားလိုက်သည်။

'ဆရာ ခရစ်စ်တီယင်လား၊ ဗုဒ္ဓဘာသာလား'

'ငါ ဗုဒ္ဓဘာသာ'

'ဗုဒ္ဓဘာသာဆိုရင် ဂေါတမဘုရားကို ရှိခိုးပါ။ ဒီလက်နှစ်ဖက်ကို နဖူးပေါ်မှာ တင်ပြီး ရှိခိုးပါ'

ကျွန်တော်လည်း အရူးဖြစ်မှန်းမသိ ဖြစ်လာပြီဟု သိသလိုလို ရှိသဖြင့် အတော် အနေရ ခက်လာသည်။ တခြားသူ မရှိ၊ တစ်ယောက်တည်းပင် ဖြစ်သော်လည်း ရှက်လာသည်။ ထို့ကြောင့် ရှက်ရမ်း ရမ်းကာ 'မင်းကော ဘာ ဘာသာ ကိုးကွယ်သလဲ'ဟု မေးသည်။

'ကျွန်တော်လည်း ဗုဒ္ဓဘာသာပဲ၊ ဟနုမာန်ကို ရှိခိုးတယ်။ ကဲ အခု

ဆရာ ငါးနဲ့ကိုး အကြားမှာရှိတဲ့ ဂဏန်းတစ်လုံးလုံးကို စိတ်ထဲမှာ မှတ်လိုက်ပါ'

ကျွန်တော်လည်း ခုနစ်ကို မှတ်လိုက်၏။ ထို့နောက် ကျွန်တော့်လက်ဆုပ်တွင် ရှိသော စက္ကူခေါက်ကို ဖြေကြည့်လိုက်သောအခါ အထဲ၌ ခုနစ်ဂဏန်း ရေးထားသည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း အံ့ဩဟန်မပြ။ အမှတ်မဲ့ပင် နေလိုက်သည်။ သူကား စိတ်မပျက်၊ ဆက်ကာ ပြောပြန်သည်။

'ဆရာ မိန်းမနှစ်ယောက် ရမယ်။ တစ်ယောက်က ခရစ်စ်တီယင်။ တစ်ယောက်က ဗုဒ္ဓဘာသာ။ ကလေးရှစ်ယောက် လာမယ်။ ငါးယောက် ဆရာနဲ့ နေမယ်၊ သိလား။ သုံးယောက် သေမယ်။ ကျွန်တော် မှန်မှန်ပြောတယ်။ ဆရာ့နဖူးစာ အင်မတန် ကောင်းတယ်။ မယားနှစ်ယောက် ရမယ်' စသည်ဖြင့် နားလည်ရခက်သော မြန်မာစကားနှင့် ပြောသည်။ ကျွန်တော့်မှာလည်း နှင်လေ၊ ကပ်လေ ဖြစ်နေသဖြင့် စိတ်ပျက်နေသည့် အထဲတွင် မြန်မာစကားကို ကိုးရိုးကားရား ပြောသည်ကို ကြားရသဖြင့် စိတ်တိုသည်ထက် တိုကာ 'မင်း ဘာပြောနေတာလဲ၊ ငါ နားမလည်ဘူး။ အင်္ဂလိပ်လိုပြောပါ' ဟု ပြောလိုက်သည်။ ထိုအခါ မြန်မာစကားကိုထက် နားအလည်ရခက်သော သဒ္ဒါမမှန်၊ အသံမှားသော အင်္ဂလိပ်စကားကို ပြောပြန်လေသည်။ ဩော်... အခက်... အခက်ဟု ဝမ်းတွင်း၌ ညည်းမိခိုက် ကျွန်တော့်လက်ကို ဆွဲကိုင်ပြန်ကာ 'ဆရာ အရင်က တစ်ကျပ်ရတယ်၊ နှစ်ကျပ်ကုန်တယ်။ နှစ်ကျပ်ရတယ်၊ သုံးကျပ်ကုန်တယ်။ အခု နဖူးစာ ကောင်းလာပြီ။ ငွေများများ ရမယ်၊ ထီထိုးပါ။ (ကျွန်တော်က ခေါင်းညိတ်လိုက်သည်။) အရင်က ထီထိုးပေမဲ့ မပေါက်ဘူး၊ အလကား ဖြစ်သွားပြီ။ အခုထိုးရင် အများကြီး ရမယ်'ဟု ပြောနေခိုက် ဝင်းပေါက်ဆီမှ ခေါင်းပေါင်းကြီး ကုလားပျိုတစ်ယောက် ဝင်လာပြန်သည်ကို မြင်ရပြန်သည်။ ဒုတိယ ကုလားကား ခေါက်ရိုးမကျေသေးသော ဘောင်းဘီနှင့် ရှူးဖိနပ်ကောင်းကောင်းကို စီးထားသဖြင့်

ဗေဒင်ဆရာ ဖြစ်လိမ့်မည်ဟု ကျွန်တော် မထင်မိလိုက်။ ဆေးကျောင်းသား လား၊ အင်ဂျင်နီယာကျောင်းသားလား၊ ဘာကိစ္စများရှိလို့ လာပါလိမ့်ဟု တွေးနေခိုက် သူက ဆလံပေးသယောင်ယောင် လက်ကို မြှောက်လိုက်သည်။ ကျွန်တော်ကလည်း အားနေသော ဘယ်လက်ကို မြှောက်ကာ နှုတ်ဆက်ဟန် ပြုလိုက်သည်။ အနားသို့ ရောက်သောအခါ 'ဘာကိစ္စ ရှိပါသလဲ' ဟု မေး လိုက်ရာ ကျွန်တော့် လက္ခဏာကို ကြည့်နေသော ပထမ ကုလားက 'ကျွန်တော့် အစ်ကိုပါ။ မြန်မာလို အစ်ကို ခေါ်တယ် မဟုတ်လား၊ အင်္ဂလိပ် လို ဘရားသားလေ။ သူလည်း ဗေဒင်ဟောတယ်၊ လက္ခဏာကြည့်တယ်။ ဆရာ့လက်ကို ရေဆေးလိုက်ပါ။ လက္ခဏာ ကောင်းကောင်း ကြည့်ပါမယ်' ဟု တစ်လျှောက်တည်း ပြောသည်။ ကျွန်တော်လည်း ထ၍ လက်ဆေး၏။ လက်ဝါးကို ဖြန့်၍ ပြပြန်သည်။

'ညာဘက်လက်ကို ဆုပ်ထားပါ၊ ဂေါတမဘုရားကို ရှိခိုးပါ၊ ဘုရား က ကံပေးပါလိမ့်မယ်'ဟု ဆိုပြန်၍ ကျွန်တော်လည်း လက်နှစ်ဖက်ကို ဆုပ်ကာ နဖူးပေါ်တွင် တင်သည်။ ပထမကုလားလည်း ကျွန်တော့်ညာလက် ကို ဖမ်းကိုင်လိုက်ကာ 'လက်ကို ဖွင့်ကြည့်ပါ၊ ဘုရားပေးတဲ့ နံပါတ် ရှိပါ လိမ့်မယ်'ဟု ပြောပါသည်။ ကျွန်တော် ဖွင့်ကြည့်၏။ မီးသွေးမှုန့်နှင့် ရေးခြစ် ထားသကဲ့သို့သော ဂဏန်းလေးလုံး ထင်နေသည်ကို တွေ့ရသည်။

'ဟော ဘုရားက နံပါတ်ပေးတယ်။ ရှစ်ထောင်တစ်ရာ့တစ်ဆယ်နဲ့ တစ်တဲ့။ ထီထိုးရင် အဲဒီလောက် ငွေရမယ်။ ထီပေါက်ရင် ကျွန်တော့်ကို ငွေ ၁၅ ကျပ် ပေးပါ။ အခု ဟောဒီ လက်ဖွဲ့ကို ယူထားပါ။ ကံအများကြီး ကောင်းလာပါလိမ့်မယ်'ဟု ပြောကာ သွပ် ကျပ်ပြားတစ်ခုကို ပေးသည်။ တစ်ဖက်တွင် နွားရုပ်၊ တစ်ဖက်တွင် နတ်ရုပ်ပါသည်။ နွားရုပ်အောက်တွင် (သန)ဟု နာဂရီအက္ခရာ ရေးထားသည်။ အထက်တွင် ၁၅၃,၁၀၀ ဟု ဂဏန်းရှည်ကြီး ထိုးထားသည်။ ကျွန်တော်လည်း အလိုလို ပေးသည်ထင်၍ ယူလိုက်သည်။ ထိုအခါ ပထမ ကုလားက 'ဘုရားပေးသည့် လက်ဖွဲ့ပါ။

ငွေ နှစ်ကျပ် ရှစ်ပဲ ပေးပါ'ဟု ပြောပြန်သည်။ 'အလကားပေးတာ မဟုတ်ဘူးလား။ အလကား မဟုတ်ရင် ပြန်ယူ၊ ပိုက်ဆံမပေးနိုင်ဘူး'ဟု ငြင်းနေခိုက် ကျွန်တော်၏ မိတ်ဆွေနှစ်ယောက် ကားနှင့် ဝင်လာသည်။ ဒုတိယ ကုလားလည်း ထိုအခါ ထိုင်ရာမှထ၍ ဝင်လာသည့် မိတ်ဆွေများကို သဘောမကျသော မျက်နှာထားမျိုးနှင့် စကားတစ်ခွန်း၊ နှစ်ခွန်း ကုလားလို ပြောလိုက်သည်။ ကျွန်တော့်မိတ်ဆွေများလည်း 'သူ ဘယ်တော့ မိန်းမရမလဲ' စသည်ဖြင့် ရယ်မောနောက်ပြောင်ကာ ယူချင်စရာ ရှိသည်ကို ယူ၍ ထွက်သွားပြန်ပါသည်။

ထိုအခါ ကျွန်တော်တို့သည် လက်ဖွဲ့အတွက် ငွေပေးပါ၊ မပေးဘူးဟု ငြင်းကြပြန်ပါသည်။ ဒုတိယ ကုလားက 'ဆရာ ကံကောင်းလွန်းလို့ ဘုရားက ဂဏန်းပေးတယ်။ ဒီလက်ဖွဲ့ကို ယူထားရင် ဒီဂဏန်းအတိုင်း ထီပေါက်မှာ။ ဆရာ ပေးချင်သလောက် ပေးပါ'ဟု ဝင်၍ ပြောပြန်သည်။ ကျွန်တော်လည်း စိတ်ညစ်သည်ထက် ညစ်လာ၍ 'ကဲ ငါးမူးပေးမယ်၊ တော်ပြီ၊ သွားကြတော့'ဟု နှင်သည်။ သူတို့ကား လှုပ်မျှ မလှုပ်။ ဒုတိယ ကုလားမှာ ကျွန်တော့်လက်ကိုပင် ကိုင်ပြန်လေသေးသည်။

'ဆရာ အင်မတန် ကံကောင်းနေတယ်။ နဖူးစာ အင်မတန် ကောင်းနေတယ်။ မိန်းမရတော့မယ်။ တစ်ခုတည်း သမီးကို ရမယ်။ ပိုက်ဆံ အများကြီး ရမယ်။ ဘယ်တော့ ရမယ်ဆိုတာ သိချင်ရင် ငွေ နှစ်ကျပ် ပေးပါ'ဟု တောင်းပြန်သည်။

'တစ်ပြားမှ မပေးဘူး၊ ဟောလည်း မဟောနဲ့၊ သွား'

'ဆရာ အခု ကောင်းကောင်းအစာကို စားတယ်။ ကောင်းကောင်း အိမ်မှာနေတယ်။ ဒါပေမဲ့ ဆရာ ကောင်းကောင်း မမာဘူး။ ဆရာ နက္ခတ် ဘယ်တော့ ကောင်းလာမယ်ဆိုတာ သိချင်သလား။ ရှပ်အင်္ကျီတစ်ထည် ယူခဲ့ပါ၊ ကျွန်တော် ဟောပါမယ်'

'ငါ့မှာ ဘာအင်္ကျီမှ မရှိဘူး၊ သွား'

'ဆရာ မိန်းမ ဇွန်လ ၁၅ ရက်အတွင်းမှာ ရမယ်။ ငွေများများ ပါမယ်။ ဆရာ ကောင်းကောင်းအစာကို စားတယ်။ ကောင်းကောင်း အိမ်မှာ နေတယ်။ ဒါပေမဲ့ နေလို့ ကောင်းကောင်း မကောင်းဘူး။ ရှပ်အင်္ကျီ ယူခဲ့ပါ။ ကျွန်တော် ကောင်းကောင်း ဟောပါမယ်'

ကျွန်တော်လည်း ထ သွား၍ စွပ်ကျယ်စုတ်တစ်ခုကို ခေါက်ကာ ယူလာသည်။

'စွပ်ကျယ် မဟုတ်ဘူး၊ ရှပ်အင်္ကျီ ယူခဲ့ပါ'

'ငါ့ ရှပ်အင်္ကျီတွေက အဖိုးတန်တယ်၊ မပေးနိုင်ဘူး။ စွပ်ကျယ်ကို ယူရင် ယူ၊ မယူရင် သွား'ဟု နှင်ပြန်သည်။ ကုလားကား စွပ်ကျယ်ကို လှမ်းယူ၍ အခေါက်ကို ဖြေကြည့်ပြီးလျှင် 'အစုတ်ကြီး၊ အကောင်းယူခဲ့ပါ' ဟု ပြောပြန်သည်။

'အစုတ်ကိုပဲ ယူရင်ယူ၊ မယူရင် သွား'ဟု ပြောပြန်သည်။

'ဆရာ... ဆင်းရဲသူတစ်ယောက် လာတောင်းရင်တောင် အင်္ကျီပေးရတယ်။ အခု ကျွန်တော် လက္ခဏာ ကြည့်တယ်၊ ကောင်းကောင်းပေးပါ'

'မပေးဘူး၊ သွား'

ကုလားကား မသွားရုံမက စွပ်ကျယ်စုတ်ကိုပင် ဆွဲယူ၍ 'ဆရာ့ နက္ခတ် ဇွန်လ ၁၅ ရက်လွန်ရင် အများကြီး ကောင်းမယ်။ ဆရာ မွေးတဲ့ နှစ်၊ မွေးတဲ့ လ၊ မွေးတဲ့ နေ့ကို ဒီစက္ကူပေါ်မှာ ရေးပါ။ ဆရာ ကြိုက်တဲ့ မိန်းမနာမည်ကိုလည်း ရေးပါ'ဟု ဆိုကာ စက္ကူကလေးတစ်ခုကို ပေးသည်။

'ငါကြိုက်တဲ့ မိန်းမ မရှိဘူး'

'ကြိုက်တဲ့ မိန်းမ မရှိရင် လိုချင်တဲ့ ဆုကို ပြောရေးပါ'

ကျွန်တော်လည်း မွေးသက္ကရာဇ် လ ရက်များကို ရေး၍ အောက်ခြေတွင် "ပျော်ရွှင်ခြင်းဆု" ဟု ရေးလိုက်သည်။ ထိုနောက် စာရွက်ကလေးကို ခေါက်၍ သူ့အား ပြန်ပေးလိုက်သည်။ ထိုအခါ သူက စာရွက်ကို ဖွင့်မကြည့်ဘဲ ကျွန်တော်၏ မွေးသက္ကရာဇ် လ ရက်များကို မှန်ကန်စွာ ပြော၍

'ဆရာ တောင်းတဲ့ ပျော်ရွှင်ခြင်းဆုကိုလည်း ရမှာပဲ။ ငွေ နှစ်ကျပ်ပေးရင် ဘယ်တော့ရမယ်ဆိုတာ ကျွန်တော် ကောင်းကောင်းဟောမယ်'ဟု ကဲ၍ လာပြန်သည်။ ထိုအခါကား ကျွန်တော် စိတ် တကယ် မရှည်တော့ပြီ။

'သွား... သွား မပေးဘူး'ဟု ဆိုကာ ထိုင်ရာမှ ထလိုက်သောအခါမှ ဗေဒင်သမား ကုလားညီနောင်လည်း 'တောင်းတဲ့ ဆုအတိုင်း ပြည့်ပါစေ၊ ကံကောင်းပါစေ၊ အသက်ရှည်ပါစေ'ဟု ဆိုကာ ထသွားလေသည်။ ပန်းရုံ ကွယ်သို့ ရောက်သွားသောအခါ ပထမကုလားသည် ပြန်လှည့်ကြည့်ကာ 'ထီပေါက်ရင် ကျွန်တော့်ကို မမေ့ပါနှင့်'ဟု ပြောလေသေးသည်။

ကျွန်တော်ကား 'ငါတော့ ဓားပြအတိုက် ခံရတာပဲ'ဟု ဆိုကာ စိတ်တိုလျက် ကျန်ခဲ့သည်။ 'အပျင်းတော့ အပြေသားပါပဲ'ဟု ဖြေပြန်သည်။ 'အပျင်းပြေပေမဲ့ တယ်ပြီး ငွေကုန်တာပဲ'ဟု စိတ်တိုပြန်သည်။ "ထီ တကယ် များ ပေါက်လေမလား"ဟု ဖြေတွေး တွေးကာ ကုလား ပေးသွားသော သွပ်ပြားကို ကြည့်မိပြန်သည်။ သွပ်ပြားထဲက နွားရုပ်ကား ကျွန်တော့်ကို သရော်နေသကဲ့သို့ ရှိလှသည်တကား။

[ ဂန္ထလောက၊ ဖေဖော်ဝါရီ ၁၉၄၀ ]

## ဘောဒေဝပုတ္တာ

သစ်ပင်အုပ်ကြားတွင် တပြောင်ပြောင် တဝင်းဝင်း တောက်ပလျက်ရှိသော အရောင်ကို ကန်ညီနောင်တွင်းဆိမှ ရွာကလေးဆီသို့ လှမ်းကြည့်သူတိုင်း မြင်မိလေသည်။ နေကျမှပင် ၎င်းအရောင် ပျောက်လေ၏။ အချို့က နတ်မီးဟု ပြော၏။ အချို့က ဘုရားရောင်တော် ကွန့်မြူးသည်ဟု ဆို၍ အဝေးက လက်အုပ်ချီကြလေသည်။ အမှန်အားဖြင့်ကား တံခွန်တိုင် ဟင်္သာရုပ်မှ မှန်ရောင် ဖြစ်လေသည်။ စိမ်းညိုညို သစ်ပင်အုပ်ကြီးကား ပင်ပန်း နွမ်းလျ လာသော ခရီးသည်အား စိတ်ကိုလည်း ရွှင်ပျစေ၏။ ကိုယ်ကိုလည်း လန်းဆန်းစေ၏။ သစ်ပင်အုပ်ကြီး၏ အေးချမ်းသော အငွေ့သည် ပတ်ဝန်းကျင်တွင် ပျံ့နှံ့လျက် ရှိ၏။ အေးချမ်းသော အငွေ့နှင့် ရောပါလာသော စာအံသံကို ကြားရပြန်ပြီ။ တကက်တုံ သက်တုံနှင့် မြူးထူး ထွက်ပေါ်လာသော စာအံသံသည် ခရီးသည်အား အိပ်ချင်အောင် တေးဆိုပြနေသည်နှင့် တူတော့၏။ လေပြည်တွင် ယိမ်းနွဲ့လျက်ရှိသော စည်းရိုးဝါးရုံများမှ ကူလိုက်သော ချိုးသံသည်လည်း ကြည်ချိုလှလေစွ။ သဲဖြူ တလင်းကြီးသည်လည်း ရှင်းလင်းညီညာစွာ သာယာ ကျယ်ပြန့်လှပေ၏။ စကြံတစ်လျှောက်တွင် စီစီရီရီ ညီညီညွတ်ညွတ် ကြီးပွားလျက်ရှိသော ကံ့ကော်ပင်တို့သည်လည်း ရှု၍မငြီး စိုပြည် စိမ်းလန်းလှစွာ၏။ ဤသို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလှသော အရပ်ဒေသသည်ကား ကံ့ကော်မြိုင်ကျောင်းတိုက် ဖြစ်ပါသည်။

စာအံချိန် ဖြုတ်လေပြီ။ ကျောင်းသားကလေး သုံးယောက်သည် လှေကားရင်း ခြသေ့ဦးတွင် ရပ်လျက် ရှိ၏။ ဆံမြိတ်တွဲနှင့် မာကျစ်ကျစ်ကား ကျေးရွာကော်မကီ ဦးဖိုးမြ၏ သား မော[illegible]န် ဖြစ်လေသည်။ ခေါင်းတုံးပြောင်ပြောင်နှင့် ပိန်ပိန်ပါးပါးကား လက်သမားဆရာ ဦးလှထွန်း

၏ သား မောင်ငယ် ဖြစ်လေသည်။ မန်းသျှောင်ချောချော၊ ဆံလျှဉ်ထူထူနှင့် ထွားထွားကျိုင်းကျိုင်းကား လယ်သူကြီး ဦးရွှေဘော်၏ သား ဘတူ ဖြစ်လေသည်။ ကိုယ်စီကိုယ်င ဂျာစီအင်္ကျီ ဝတ်ထားကြ၏။ လုံချည်ခါးပိုက်ထောင်များသည်ကား လောက်စာလုံးများဖြင့် ပြည့်ဖောင်းလျက် ရှိလေသည်။

မောင်ဟန်။ ။ 'ဟေ့ ဘတူ၊ လောက်စာလုံး ပစ်တမ်း ကစားမယ် ဟေ့၊ မောင်ငယ်လည်း ပါမယ် မဟုတ်လား'

မောင်ငယ်။ ။ 'မင်း ပါရင်တော့ မကစားချင်ဘူးကွာ၊ မင်းက အင်မတန် အငြင်းသန်တယ်'

ဘတူ။ ။' အေး ဟုတ်တယ်။ ပျော်ချင်လို့ ကစားတာ၊ စကားများနေရရင် မကောင်းဘူး'

မောင်ဟန်။ ။ 'ဒီတစ်ခါ မငြင်းပါဘူးကွာ၊ မနေ့က ငါရှုံးနေလို့ ငြင်းတာပါ။ လာ၊ ဒုံကို အရင်ရောက်တဲ့ လူ ဖွေပဲဟေ့'ဟု ပြော၍ မောင်ဟန် ပြေးလေသည်။ ဒုံကို ပထမ ရောက်သွား၏။ ဖွေလည်း ရ၏။

လောက်စာလုံး ခြောက်လုံးတို့သည် မောင်ဟန်၏ လက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် သူ့ထက်ငါ လု၍ စည်းထဲသို့ ပြေးဝင်ကြလေ၏။ အရှိန်အနည်းငယ် ပြင်းလေသောကြောင့် တစ်လုံးသော ဇယ်သည် ပတ်ပတ်တွင်းကို ကျော်နင်းသွားပြီးလျှင် ဒုံတွင် ကပ်လျက် ရပ်လေ၏။ မောင်ဟန်သည် စုတ်ထိုး၍ လက်ဖျား ခါလိုက်လေသည်။ ထို့နောက် စည်းတန်းကို နင်းလျက် လှိမ့်ဒိုး၊ ပစ်ဒိုး၊ ပေါက်ဒိုး အမျိုးမျိုးတွင် ပေါက်ဒိုးကို အသုံးပြုလိုက်ရာ ဒိုးကြီးသည် ဒုံတွင် ကပ်နေသော ဇယ်ကို ထိ၍ ဒုံကို ခုန်ကျော်သွားလေ၏။ သို့ဖြင့် နှစ်လက်ဆက်၍ ထိသောအခါ မောင်ဟန်၏ မျက်နှာသည် မှိုရသူကဲ့သို့ ကြည်လင်ရွှင်ပျ အထူး တောက်ပလာလေသည်။ မောင်ဟန့် အလှည့်ပြီးလျှင် မောင်ငယ့်အလှည့်သို့ ရောက်၏။ မောင်ငယ် ခင်းလိုက်သော ခွင်ရာကား မကောင်း။ သုံးလုံးသည် ဒုံတွင် ကပ်၍ သုံးပွင့်ဆိုင် ဖြစ်နေလေ၏။ ကျန်သုံးလုံးအနက် နှစ်လုံးမှာ စည်းပြင်သို့ထွက်၍ တစ်လုံး

မှာမူ လက်ယာဘက် စည်းအနီးတွင် အဖော်များကို စောင့်မျှော်နေလေ၏။ ထွက်သော ဇယ်တို့ကို မောင်ဟန် ယူ၍ ဘောက်ဟန်ပြုလျက် လက်မဖြင့် တွန်းသွင်းလိုက်ရာ သုံးပွင့်ဆိုင် တစ်တွဲ ဖြစ်သွားပြန်လေသည်။

ထို့နောက် မောင်ဟန်က 'ဟေ့ မောင်ငယ်၊ လောင်းရမလားကွ' ဟု မေး၏။

ငယ်။ ။ 'ခွင်ရာမှ မကောင်းဘဲ မလောင်းပါနဲ့ကွာ'

ဟန်။ ။ 'သူရဲဘော ကြောင်လိုက်တာ။ လောက်စာလုံးပဲ .... မြေကြီးက ဖြစ်တာပါ၊ နှမြောနေရသလား'

တူ။ ။ 'မောင်ဟန်၊ မင်း ဒီလောက်တောင် လောင်းချင်နေသလား။ လောင်းပါကွာ။ လောင်း၊ တံခါးပိုက်လုံး လောင်းချင် လောင်းလိုက်။ မထိရင် မောင်ဟန့်အစား ငါ လျော်မယ်'

ဟန်။ ။ 'မင့်စကားကို မြဲမြဲမှတ်ထားနော်၊ ဆယ်လုံး လောင်းမယ် ဟေ့'

တူ။ ။ 'လောင်းရင် မြေပေါ်မှာ ပုံလောင်းပါ။ ဟေ့ မောင်ငယ်၊ ဒီဘက်က ဇယ်ကလေးဟာ ဆံချည်လုံး လေးလုံးလောက် ကွာနေတယ်။ တည့်တည့်မှန်းပြီး ရဲရဲသာ ပေါက်လိုက်၊ မထိရင် ငါ့ဇက်ကို ဖြတ်'

ဟန်။ ။ 'ဟေ့ ဟေ့ နေဦး၊ ဘွာခတ်တယ်ဟေ့။ လိမ့်ဒိုး ပစ်ဒိုးသာ ပါတယ်၊ ပေါက်ဒိုး မပါဘူးကွာ။ မောင်ငယ်က ပေါက်ဒိုး အင်မတန် တည့်တာ။ ငါ ရှုံးမှာပေါ့'

တူ။ ။ 'ဟေ့ စကားမများနဲ့၊ မင်းအလှည့်တုန်းကတော့ ဘာလို့ ပေါက်သလဲ'

ဟန်။ ။ 'မပေါက်ပါဘူးကွာ'

တူ။ ။ 'ပထမလက်တုန်းက ဒုံကပ်နေတဲ့ ဇယ်ကို ပေါက်လိုက်တာ ဘာလဲကွ။ ဟေ့ မောင်ငယ် .... ပေါက်သာ ပေါက်'

မောင်ငယ်လည်း ချိန်၍ ပေါက်လိုက်ရာ ဇယ်ကလေးမှာ လွင့်စဉ်

သွားလေ၏။ ဘတူကား လောင်းထားသော ဖယ်ဆယ်လုံးကို အားရပါးရ ကျုံးယူ၍ လေးလုံးကို မောင်ငယ်အား ဆရာစား ပေးပြီးလျှင် ကျန်ခြောက်လုံးကို ခါးပိုက်ထဲသို့ ထည့်လိုက်လေ၏။ မောင်ဟန်မှာမူ မဲ့၍ နေရလေတော့သည်။ နောက်တစ်လှည့်တွင် ဖယ်စက်သွားသောကြောင့် မောင်ငယ် လျော်ရ၏။ ဘတူ၏ အလှည့်သို့ ရောက်လေပြီ။

ဟန်။ ။ 'ဟေ့ ဘတူ၊ စဉ်းစားလှချည့်လားကွ။ စည်းကို ခြေဦးတိုက်ပြီး ပစ်မှပေါ့'

တူ။ ။'မင်းအလှည့်တုန်းကတော့ စည်းကို နင်းပြီး ပစ်တယ်၊ ငါ့အလှည့်ကျမှ ထိပ်တိုက်ပြီး ပစ်ရမလား'

ဟန်။ ။ 'ကဲကွာ.... ဒါဖြင့် ဒီတစ်လက်တော့ ရှိပါစေတော့။ နောက်တစ်လက်ကျရင် ထိပ်တိုက်ပြီး ပစ်ရမယ်နော်'

ဘတူသည် သုံးလက်တိတိ ဆက်မှန်ပြီးနောက် မောင်ဟန့်အလှည့်သို့ ရောက်ပြန်လေပြီ။

တူ။ ။ 'ဟေ့ မောင်ဟန်၊ လောင်းရမလားဟေ့'

ဟန်။ ။ 'ခနပါဦးကွာ၊ လက် မထသေးဘူး'

သို့ပြောသော်လည်း မောင်ဟန်၏ ခွင်ရာမှာ လက်ဖြင့် စီထားသကဲ့သို့ အလွန်ကောင်းလေသည်။ မျက်စိမှိတ်၍ ပစ်သော်လည်း ထိနိုင်စရာ အကြောင်းရှိ၏။ သုံးလုံးစဉ်ကလေးကို လှိမ့်ဒိုးဖြင့် ပစ်လျှင် ဧကန် ထိရတော့မည်။

ဟန်။ ။ 'ဟေ့ ဘတူ၊ လောင်းချင်လှတာ လောင်းလကွာ။ ငါ ဒီလောက်တောင် သတ္တိမနည်းသေးပါဘူးကွ။ မောင်ငယ်ကော လောင်းချင်ရင် လောင်းဟေ့'

တူ။ ။ 'ကဲကွာ၊ မင်း ဒီလောက်တောင် သတ္တိကောင်းလှတာ လောင်းရတာပေါ့။ ဆယ့်ခြောက်လုံးဟေ့၊ ဟောဒီမှာ မြင်မြင်ထင်ထင် လောင်းတယ်။ မောင်ငယ်ကော၊ လောင်းပါကွ။ မရဲဘူးလား။ မောင်ငယ့်

အတွက်လည်း ဆယ့်ခြောက်လုံးဟော့။ ထိရင် ယူတော့၊ မထိရင် မောင်ငယ်ကို လျော်လိုက်'

မောင်ဟန်သည် တပြုံးပြုံးနှင့် ပီတိဖြစ်၍ နေလေ၏။ ထို့နောက် 'ကဲ လက်ရှောင်ကြဟေ့၊ ပစ်ပြီကွ'ဟု ပြောလျက် ဒိုးကြီးကို လိမ့်လိုက်ရာ ဒိုးကြီးသည် စည်းဝိုင်းနားတွင် မပေါ့တပေါ် မြုပ်နေသော ကျောက်ခဲကို ခလုတ်တိုက်မိသဖြင့် ချိန်သော ဇယ်ကို မထိဘဲ တော်ရာသို့ လွဲသွားလေ၏။ မောင်ဟန်၏ ပြုံးသော မျက်နှာမှာ မဲ့သွားပြန်လေ၏။ ဇယ်သုံးဆယ့်နှစ်လုံးကို ဆောင့်ဆောင့်အောင့်အောင့် ထုတ်ပေး၍ 'တော်ပြီကွာ၊ မကစားတော့ဘူး'ဟု ပြောလျက် ခြသေ့်ဦးသို့ သွားရောက် ထိုင်နေလေ၏။

အတန်ကြာသောအခါ ဦးပဥ္စင်းကြီး၏ ကြမ်းကို ရိုက်လိုက်သော ကြိမ်လုံးသံကို ကြားရ၏။ စာအံချိန် ရောက်ပြန်လေပြီ။ ကျောင်းမကြီးဝရန်တာတွင် တစ်တိုင်စီ မှီ၍ ကျောင်းသားကလေးများ စာအံနေကြ၏။ ဦးပဥ္စင်းကြီးကား နာရီတိုင်ကို မှီ၍ သားရေဖုံး စာအုပ်ကြီး တစ်အုပ်ကို ကိုင်လျက် အိပ်ငိုက်နေလေသည်။ ဘတူသည် စာအုပ်ကို ရှေ့မှာခင်း၍ စာကျက်လျက် ရှိ၏။ စာတွင်ကား စိတ်မပါလှ။ မောင်ဟန်၏ ကောက်ကျစ်စဉ်းလဲပုံကိုသာ အဖန်ဖန် သတိရလျက် ရှိလေသည်။ ထိုခဏ၌ မောင်ဟန်သည် မောင်ငယ်နှင့် စကားစ၍ ပြော၏။

ဟန်။ ။'ဟေ့ မောင်ငယ်၊ ကျောက်တံ တောက်မလားကွ'

ငယ်။ ။'မတောက်ချင်ဘူး၊ စာမရရင် ဦးပဥ္စင်းကြီးက ဆော်လိမ့်မယ်'

ဟန်။ ။'ဦးပဥ္စင်းကြီးကို ရမယ်ရှာပြီး မပြောပါနဲ့ကွာ။ ရှိသမျှ ကျောက်တံကလေး ရှုံးသွားရင် အသစ် မဝယ်နိုင်မှာ စိုးလို့လား။ ဦးဖိုးခွေးမသာမှာ မင်းအဖေ ခေါင်းစပ်နေပါတယ်၊ ပိုက်ဆံ ရမှာပေါ့'

ငယ်။ ။'ဟေ့ မောင်ဟန်၊ စကားပြောချင် ငါ့ကို ပြောကွ။ မိဘကို မခိုက်ပါနဲ့။ မင်းအဖေ ကော်မတီဆိုပြီး လူပါးဝတာလား'

ဘတူလည်း ၎င်းစကားတို့ကို ကြားရသောအခါ အိပ်ရာမှ လန့်နိုးသကဲ့သို့ ခေါင်းကို ငေါက်ခနဲ ထောင်လိုက်ပြီးလျှင် ဝင်ရောက် စွ[illegible]က်လေ၏။

တူ။ ။ 'ဟေ့ မောင်ဟာန်၊ စကားကို အသွားမလွတ် အနှောင့်မလွတ် မပြောနဲ့။ ရဲရင် လာခဲ့၊ ငါနဲ့ တောက်မယ်။ ငါ့ဆီမှာ ကျောက်တံသုံးချောင်းရှိတယ်၊ အရှည်ချည်းပဲ။ မငြင်းတမ်းနော်'

မောင်ဟာန်သည် အိတ်တွင်းမှ လက်သုံးသစ်ခန့်ရှိသော ကျောက်တံတိုကလေးကို ထုတ်ယူလေ၏။ ကျောက်တံကလေးမှာ ကျည်းသားဆန်ကဲ့သို့ နှစ်ဖက်ချွန်ကလေး ဖြစ်လေသည်။ လောက်စာလုံး ပစ်ရာတွင် ရှုံးခဲ့သမျှကို ဤကျောက်တံဖြင့် အနိုင်ယူတော့မည်ဟု အားခဲလျက် မောင်ဟာန်ပြုံးပြန်လေ၏။

ဟာန်။ ။ 'ဘယ်သူ အရင် တောက်မလဲဟေ့၊ ငါ အရင် တောက်ရမလား....'

တူ။ ။ 'ခေါင်းပန်းလှန်မယ်၊ ကျရာလူ အရင်တောက်တမ်း။ ငါ ပန်းကွ'

ဟာန်။ ။ 'မင်း ပန်းဖြင့် ငါခေါင်းပေါ့။ မောင်ငယ် မြှောက်စမ်းကွာ'ဟု ပြော၍ ပိုက်ဆံတစ်ပြားကို ပစ်ပေးလိုက်၏။ မောင်ငယ်လည်း ဦးပဉ္ဇင်းကြီး မကြားရအောင် အနီးတွင် ခင်းထားသော ဖျာပေါ်သို့ မြှောက်လေ၏။

ဟာန်။ ။ 'ဟော ဟော ဟော၊ ခေါင်း ခေါင်း ခေါင်း .... ပန်းဟေ့၊ ကဲ ကဲ ဘတူက စ တောက်တော့ကွာ'

ကျောက်တံနှစ်ချောင်းတို့မှာ တစ်ဦးပေါ်သို့ တစ်ဦး တင်မိအောင် သူတစ်ပြန် ငါတစ်လှည့် ခန်ကာ လွှားကာ ကြိုးစားတိုက်ခိုက်နေကြလေ၏။ တင်မည် ကြံလိုက်၊ လိမ့်ဆင်းသွားလိုက်၊ မောင်ဟာန်က [illegible]က်ခေါက်လိုက်၊ ဘတူက စုတ်ထိုးလိုက်နှင့် စစ်ပွဲကြီးမှာ တညည်းညည်း တညျုညျု ဖြစ်နေ

လေ၏။ ခဏကြာသောအခါ မောင်ဟန်၏ ကျောက်တံတိုကလေးပေါ်သို့ ဘတူ၏ ကျောက်တံရှည်သည် ခုန်အုပ် စီးနင်းလိုက်လေ၏။

တူ။ ။ 'ဒီလောက် ကြီးကျယ်ချင်လှတဲ့ အကောင် မှတ်ကွ'

ဟန်။ ။ 'သူငယ်ချင်း ဒီကျောက်တံတိုကလေးကိုတော့ ပြန်ပေးပါကွာ၊ ငါ အစားပေးပါ့မယ်'

တူ။ ။ 'မပေးနိုင်ဘူး၊ ဒီအတိုနဲ့ သူတကာကို လှည့်ပြီး ညာနေတာ ကြာပြီ။ ဟေ့ မောင်ငယ်တို့၊ ကြည့်ကွ။ လူသေမြုပ်တဲ့ သုသာန်ပြည်၊ တစ္ဆေချင်း စကားပြော တသောသော နေရော့ဟလယ်'ဟု ဆို၍ ကျောက်တံတိုကလေးကို ရေကန်ကြီးဆီသို့ ပစ်လိုက်လေ၏။ မောင်ဟန်၏ မျက်စိတို့မှာ ကျောက်တံကလေး သွားရာသို့ လိုက်လျှက် ငေးစိုက်သွားလေ၏။ ထို့နောက် စာကျက်ကြပြန်လေသည်။ ဘတူသည် စာတွင် စိတ်မပါ။ မောင်ဟန် အကြောင်းကိုသာ တွေးနေမိလေ၏။ မောင်ဟန်လည်း တလှုပ်လှုပ် တရှုရှုနှင့် ဘာဖြစ်နေသည် မသိ။

ဟန်။ ။ 'ဟေ့ မောင်ငယ်၊ ငါ့သွားဖုံးကို ကြည့်စမ်းပါ။ အဖုကြီး ဖြစ်နေတယ်။ ညက တစ်ညလုံး သွားကိုက်တယ်ကွာ'

ငယ်။ ။ 'အေး ဟုတ်သားပဲ၊ သွားပိုးထတာဟေ့'

မောင်ဟန်သည် လျှာနှင့် သွားပိုးပေါက်ကို ထိုးဆွလေရာ သွေးများ ထွက်လာလေ၏။ ရေအိုးစင်သို့ သွား၍ ပလုတ်ကျင်း၏။ ပြန်၍ ထိုင်၊ စာကျက်၊ လျှာနှင့် သွားကိုဆွ၊ သွေးထွက်၊ ရေအိုးစင်သို့ သွား။ သို့ဖြင့် စာပြန်ချိန်သို့ ရောက်လာလေ၏။ ဦးပဥ္စင်းကြီး ပိုက်ရာမှ နိုးလေပြီ။

ဦးပဥ္စင်း။ ။ 'ဟဲ့ ဘတူ .... စာရပြီလား၊ ပြန် လှည့်'

တူ။ ။ 'မရသေးဘူး ဘုရား'

ဦးပဥ္စင်း။ ။ 'ကဲ မရရင် လက်ဝါးပေး'ဟု ဆိုပြီးလျှင် ကြိမ်စကြာ သုံးကြိမ် နှက်လေ၏။

ဦးပဥ္စင်း။ ။ 'မောင်ငယ်ကော ရရဲ့လား'

ငယ်။ ။ 'ရတယ် ဘုရား' ဟု ပြော၍ ကျက်ရသမျှသော စာတို့ကို မထစ်မငေါ့ ပြန်ဆိုလေ၏။

ဦးပဥ္စင်း။ ။ 'မောင်ဟန်ကော ရပြီလား'

ဟန်။ ။ 'ရပြီ ဘုရား၊ ဘောဒေဝ ပုတ္တာ၊ အို နတ်သား။ ဘော ဒေဝ ပုတ္တာ။ ဘော.... ဘော.... ဘော....'

ဦးပဥ္စင်း။ ။ 'မင်းလည်း မရသေးပါဘူး၊ ကဲ ကဲ လက်ဝါးပေး'

ဟန်။ ။ 'ရတယ် ဘုရား၊ သွားကိုက်နေလို့ပါ။ မယုံရင် စမ်းကြည့်ပါ' ဟု ဆင်ခြေလဲ၏။ ဦးပဥ္စင်းကြီးသည် 'မှန်း မှန်း' ဟု ဆို၍ စမ်းသပ်ကြည့်၏။ သွေးဖြင့် နီနေသော တံတွေးကိုလည်း မောင်ဟန်က ထွေးပြ၏။ အလျှောက်အလဲလည်း တတ်၊ သက်သေပြလည်း လိမ္မာလေသောကြောင့် မောင်ဟန်မှာ ကြိမ်ဒဏ်မှ သက်သာရာ ရလေ၏။

ညအချိန်သို့ ရောက်လေပြီ။ လကလေးကလည်း သာပါဘိသနှင့်။ ကံ့ကော်ရွက်ကလေးတို့သည် လေပြည်လေအေးတွင် တီးမှုတ်ကခုန်လျက် ရှိကြ၏။ တစ်ချက် တစ်ချက်တွင် ဝါးရုံကြီးများကို လေပြင်းပြင်းတိုး၍ ရှိုးရှိုးရှဲရှဲ မြည်သွားသောအခါ ခြသေ့ဦးတွင် အိပ်နေသော ခွေးကြီးသည် ဟိုသည်မှန်း၍ အရမ်းဟောင်လေ၏။ ရွာကလေးဆီမှ တီးမှုတ်သံတို့ကိုလည်း မကွဲမပြား ကြားရ၏။ ကိုသာဝတို့၏ ရှင်ပြုက ကြည့်ချင်ပွဲ ခံလျက် ရှိလေသည်။ ပွဲစားတန်းတွင် တအီအီ တိုးဝှေ့နေသော လူထုကြီးကို လည်းကောင်း၊ ပွဲဝိုင်းထဲတွင် ၎တ်တုတ်၎တ်တုတ်နှင့် ထိုင်နေသော ပရိသတ်ကြီးကို လည်းကောင်း၊ ထိန်ထိန်လင်းနေသော ဓာတ်မီးရောင်အောက်တွင် လေပြည် ကလိ၍ လှိုင်းထနေသော ဓာတ်ခုံပေါ်က ပြည်ဖုံးကားကြီးကို လည်းကောင်း မြင်ယောင်၍ မောင်ဟန်၏ စိတ်သည် ရိုးတိုးရွတ ဖြစ်နေလေ၏။ ကျက်နေသော စာတွင် စိတ်မပါ။ အတန်ကြာသောအခါ ဝတ်တက် ကလတက် ခေါက်၏။ ဝတ်တက်ပြီးသောအခါ အသီးသီး အိပ်ရာဝင်ကြလေသည်။ ဘတူနှင့် မောင်ငယ်တို့ကား ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက်

အိပ်ပျော်ကြကုန်၏။ မောင်ဟန်မှာမူ မအိပ်နိုင်။ တလှုပ်လှုပ် တရွရွ ဖြစ်နေ၏။ နောက်ဆုံး၌ မောင်ငယ်ကို လက်ကုတ်၍ နှိုး၏။

ဟန်။ ။ 'ဟေ့ မောင်ငယ်၊ ပွဲသွားကြည့်ရအောင် ထ ထ'

ငယ်။ ။ 'ဘာ .... ဘယ်သူ .... ဟာ ဦးပဥ္ဇင်းကြီး သိသွားရင် အရိုက်ခံရလိမ့်မယ်'

ဟန်။ ။'မသိစေရပါဘူးကွ၊ အရုဏ်မတက်ခင် ပြန်လာတာပေါ့။ ဇာတ်က အတော်ကောင်းသတဲ့။ ဒီည ချင်းကလေး ဖဝေးဇာတ် ပြမလို့တဲ့။ ထ ပါကွာ'

မောင်ငယ်လည်း မျက်လုံးကို ပွတ်ရင်း ဝရန်တာကို ကျော်၍ ကျွန်းတိုင်ကြီးကို လျှောဆင်းလျက် လိုက်ပါသွားလေ၏။ သန်းခေါင်လောက်ရောက်သောအခါ ဘတူ တစ်ရေးနိုး၏။ အနားဝန်းကျင်တွင် မည်သူ့ကိုမျှ မတွေ့ရ။ ကျက်သရေခန်းဆီမှ ဦးပဥ္ဇင်းကြီး၏ ဟောက်သံကိုသာ ကြားရလေ၏။ အတန်ကြာ တွေဝေနေမိ၏။ ထို့နောက်မှ ရွာဘက်က ဆိုင်းသံ၊ ဗုံသံများကို ကြားမိ၍ ကျောင်းသားများ ပွဲခိုးကြည့်သည်ကို ရိပ်မိလေသည်။ "အင်း .... မောင်ငယ်တော့ မောင်ဟန် အနှိပ်အစက် အလိမ်အကောက်ကို ခံရဦးတော့မှာပဲ"ဟု တွေးလျက် တိတ်တဆိတ် ထ၍ ပွဲသို့ လိုက်သွားလေ၏။ ပွဲတွင်း ပွဲပြင် ခြေရာချင်း ထပ်အောင် ရှာပြီးမှ ဇာတ်ခုံအောက် မြေကြီးပေါ်တွင် မောင်ငယ် အိပ်ပျော်နေသည်ကို တွေ့ရ၏။ မောင်ဟန်ကား ဖဲဝိုင်းထဲတွင် တဟားဟားနှင့် ပျော်ပါးလျက် ရှိလေသည်။ ဘတူသည် မောင်ငယ်ကို နှိုး၍ ကျောင်းသို့ ပြန်ခေါ်လာ၏။

နောက်တစ်နေ့ ဦးပဥ္ဇင်းကြီး နေ့ဆွမ်းခံရာမှ ပြန်လာသောအခါ ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် ဒေါသ ဖြစ်လာ၏။ ကျောင်းသားများသည် မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။ ဦးပဥ္ဇင်းကြီး၏ ကြိမ်းမောင်းသံကို ကြားယောင်၍ ကြိမ်စကြာကြီးကို မြင်ယောင်လျက် ရင်ခုန်ခုန် ဖြစ်နေကြလေသည်။

ဦးပဥ္ဇင်း။ ။ 'ဟေ့ ဘတူတို့၊ မောင်ဟန်တို့ .... ဒီကို လာဦး။ ဘတူ ...၊ မင်း ညက ပွဲခိုးကြည့်တယ် မဟုတ်လား'

တူ။ ။ 'တင်ပါ့'

ဦးပဥ္ဇင်း။ ။ 'မင်း တစ်ယောက်တည်းလား'

တူ။ ။ 'တင်ပါ့'

ဦးပဥ္ဇင်း။ ။ 'ခွေးမသား၊ ငါ့ကို ညာတယ်။ သေပေရော့'ဟု ဆို၍ တိုင်လုံးကြီးကို ဖက်စေလျက် ခြောက်ချက်တိတိ ကြိမ်လုံးနှင့် တအား လွဲ၍ ရိုက်လေ၏။ ဘတူကား အနည်းငယ် တွန့်ရုံမျှ တွန့်၍ အံကြိတ် ခံလေသည်။ မျက်ရည်ဝဲရုံမျှ မဝဲ၊ ဣန္ဒြေကြီးစွာနှင့် လုပ်စရာရှိသည်တို့ကို သွားရောက် လုပ်ကိုင်နေလေ၏။

ဦးပဥ္ဇင်း။ ။ 'မောင်ဟန်ကော၊ ပွဲခိုးကြည့်တယ် မဟုတ်လား'

ဟန်။ ။'တပည့်တော် တစ်ယောက်တည်း မဟုတ်ဘူး ဘုရား၊ မောင်ငယ်လည်း ပါတယ်'

ဦးပဥ္ဇင်း။ ။ 'ကဲ ကဲ လူမိုက်တွေတော့ နောင်ကြဉ်သွားအောင် ဆုံးမရတာပေါ့ကွာ'ဟု ဆို၍ ရိုက်လေ၏။ မောင်ငယ်လည်း 'ကြောက်ပါပြီ ဘုရား' ဟူ၍ အကြိမ်ကြိမ် တောင်းပန်ရင်း ရှိုက်ကြီးတငင် ငိုလေ၏။ မောင်ဟန်ကား 'ကြောက်ပါပြီဘုရား၊ နောက်တစ်ခါ မကြည့်ပါဘူး ဘုရား၊ ဒီတစ်ခါ ချမ်းသာပေးတော်မူပါဘုရာ့'ဟု ခုနစ်သံတက်၍ အော်ပြီးလျှင် ကြိမ်လုံးအောက်တွင် ရုန်းကန်တွန့်လိမ်လေ၏။ မောင်ဟန်၏ အော်သံသည် ကျောင်းမကြီးတွင် ဟိန်းလျက် သွားလေ၏။ ဘတူကား တစ်နေ့လုံး ကျက်၍ မရခဲ့သော "ဘောဒေဝ ပုတ္တာ၊ အိုနတ်သား။ ဗာလနံ၊ သူမိုက်တို့ကို။ အသေဝနာစ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်းကောင်း" ဟူသော မင်္ဂလာတရားကို ယခုမှ ကောင်းစွာ ရသွားလေသည်။ တတွတ် တွတ် ရွတ်ဆိုမိလေသည်။

ဆွမ်းစားချိန် တိုင်ပြီ ဖြစ်သောကြောင့် ဝရန်တာလက်ရန်းတွင်

ရာပြည့်စာအုပ်တိုက်

ကျီးကန်းကလေးများ လာနား၍ ဟို သည် ကြည့်ကာ သာယာစွာ အာစ ပြုလေပြီ။ ခွေးကြီးသည်လည်း ကလတက်ကြီးနား၌ လက်တစ်ဖက်ပေါ်တွင် မေးတင်၍ အိပ်နေရာမှ ထလျက် အားရပါးရ ကျယ်လောင် ရှည်လျားစွာ အူလေပြီ။ ခဏမျှ ကြာသောအခါ အသံသြကြီးနှင့် ထွက်ပေါ်လာသော ကလတက်သံသည် ကန်ညီနောင်ကွင်းဆီသို့ ဆင့်ကာ ဆင့်ကာ မြည်ဟည်း သွားပြီးလျှင် အဝေးတွင် ဆိတ်ငြိမ် ပျောက်ပျက် သွားလေတော့သတည်း။

[ ဂန္ထလောက၊ ဇွန် ၁၉၃၄ ]

## နားသ မင်္ဂလာ

'ဗျို့ ကိုသာဝ၊ အပြင်ကို ခဏာ ထွက်ခဲ့စမ်းပါ'ဟု အိမ်ရှေ့ မှောင်ရိပ်ထဲမှ အသံတစ်ခု ထွက်ပေါ်လာ၏။ ငွေဓားရ ကွက်သစ် ဆယ်အိမ်ခေါင်းမင်း ဦးသာဝသည် ထရံတွင် ထောင်ထားသော လှံကိုယူ၍ ထွက်ခဲ့၏။ မန်ကျည်း ပင်ရိပ်တွင် ပန်းထိမ်တန်း ဆယ်အိမ်ခေါင်းမင်း ဦးရွှေလှကို တွေ့၍ 'အမယ် လေး ခေါင်းမင်းရယ်၊ အလန့်တကြားနဲ့။ အကာလ ညအခါကြီးမှာ ဘာများ ကိစ္စထူးထွေ လာပါလိမ့်မလဲ'ဟု မေး၏။

'တခြား ဟုတ်ပါရိုးလားဗျာ၊ နယ်ပိုင်မင်းက လဆန်း နှစ်ရက် တနင်္ဂနွေနေ့မှာ သမီးအကြီးကလေးကို နားထွင်းမလို့တဲ့'

'မင်္ဂလာသတင်းကို ကြားရလို့ ဝမ်းသာသဗျာ။ ကောက်လှိုင်းတိုက် ချိန်ကပဲ သားကလေးကို ကင်းပွန်းတပ်တယ်။ ဒီတုန်းကပေါ့၊ ကျုပ် နွား ပေါက်ကလေးကို ရောင်းပြီး ငွေဖလားကြီး တစ်လုံး လက်ဖွဲ့လိုက်တာ။

'မယ်ထူးကလည်း မမာဘူး။ စပါးထွက်ကလည်း ဒီနှစ် ညံ့တာပဲ။ ဒီအထဲမှာ နယ်ပိုင်မင်းကို တလောက တစ်ခါ ကန်တော့ရပြီ။ အခုတစ်ခါ ....'

'ခင်ဗျား အဲဒါကြောင့် အခုလို ဆင်းရဲတာ။ ရာဇာ ပဋ္ဌာနမ်းတဲ့ဗျ။ မင်း ပြီးရင် ပြီးတာပဲ။ သူတို့ သဘောကျလို့ လုပ်ရင် ကြီးပွား အောင်နိုင်တာ ပဲ။ မှတ်ထားပါ'

ရာပြည့်စာအုပ်တိုက်

ထိုအခါ ဦးရွှေလှသည် အကြံအိုက်သည့်ဟန်ဖြင့် ခေါင်းကို ကုတ်ရင်း 'ခက်တာပဲဗျာ' ဟု ညည်းလျက် ထွက်သွားလေသည်။

*

သောကြာ၊ စနေ နှစ်ရက်မျှသာ ကျန်တော့သည်။ တနင်္ဂနွေနေ့တွင် နားထွင်းပွဲကြီး ခမ်းခမ်းနားနား ကျင်းပတော့အံ့။ ဦးသာဝသည် မျိုးစပါး ငါးဆယ်ကို ပေါက်ဈေးနှင့် ရောင်း၍ ငွေဖလားကြီး တစ်လုံးကို ဝယ်ပြီးလေပြီ။ ဦးရွှေလှမှာကား ဘာကိုမျှ မဝယ်ရသေး။ ဝယ်ထားစရာလည်း ငွေမရှိ။ အိမ်တွင် ဆန် ဆီ ဆေး ဆား အပြည့်အစုံ ရှိသော်လည်း ငွေမရှိ။ လယ်ခွန်တော် ချိန်ဆောင်ရန်ကိုပင် မည်သို့ ရှာကြံရမည် မသိသေး။ ချစ်တီးများကလည်း ငွေထုတ်၍ မပေး။ ရှိရင်းစွဲ ကြွေးအတွက်ပင် တဆူဆူ လုပ်နေသေးလေသည်။ လယ်ခွန်တော် အတွက်မှာ တစ်လနှစ်လ ဆိုင်းရက် ရှိသေးသည်။ နောင်ခါလာ နောင်ခါဈေးဟု ပစ်ထားနိုင်၏။ တနင်္ဂနွေနေ့ မေတ္တာရိအခွန်တော်ကိစ္စမှာ ရက်ရွှေ့လို့ မရနိုင်ချေ။ ရွှေရောင်းရမှာလည်း ရွှေမရှိ။ လှောင်ထားသော စပါးကလေးမှ ဖွဲ့၍ ရောင်းရမည်လည်း ဈေးက နည်းလွန်းလေသည်။ ပေါက်သမျှ ဈေးနှင့် ရောင်းပါမည်ဟု ဆိုဦးတော့၊ ချက်ချင်း ဝယ်မည့်သူ မရှိသေး။

လက်ဖွဲ့ပစ္စည်းအတွက် စိတ်နောက်ရသည့် အထဲတွင် အဝတ်အစားအတွက် စိတ်ညစ်ရပြန်လေသည်။ နောက်ဆုံး ဝတ်စားတစ်စုံ ဝယ်ခဲ့သည်မှာ ငါးနှစ်မျှ ကြာခဲ့ပြီ။ ယခုအခါ သစ်သစ်လွင်လွင် မရှိတော့ချေ။ သက္ကလတ်ဆန်း အင်္ကျီသည် တံတောင်ဆစ်မှ အပြင်လေအေးကို ရှူရှိုက်ယူငင်လေပြီ။ ထားဝယ်လုံချည်ကား အောက်အနားတွင် ခွေးသွားစိတ်သဏ္ဌာန်ကို ဆောင်လေပြီ။ ဘုံဘိုင်ရေဖိနပ်နှင့် ဂျပန်ခေါင်းပေါင်းတို့မှာမူ အမွေးအစမျှ မကျန်တော့ပြီ။ ဘုရားသွား၊ ကျောင်းတက်လျှင်လည်း သူတို့။ သုမင်္ဂလာ၊ ဒုမင်္ဂလာကိစ္စတို့တွင်လည်း သူတို့။ ထို သက္ကလတ်ဆန်းအင်္ကျီနှင့် ထားဝယ်လုံချည်တို့သည် သခင့်တွင် ကျေးဇူးသစ္စာတည်စွာ အမှုတော် ထမ်းခဲ့လေပြီ။ သို့သော်

လည်း ဟောင်းနွမ်း စုတ်ပြတ်လေပြီ ဖြစ်သောကြောင့် ရှေးကကဲ့သို့ ပျက်နှာ မကြီးတော့ချေ။

ဦးရွှေလှသည် အဝတ်နွမ်းများကို မြင်ယောင်၍ ယခုအခါ မျက်နှာ ငယ်ပုံကို တွေးတောမိလေ၏။ ယခင် နယ်ပိုင်မင်း သားကလေးကို ကင်ပွန်း တပ်စဉ်က အဝတ်အစား နံ့သောကြောင့် လယ်သူကြီး ဆယ်အိမ်ခေါင်းမင်း ဦးရွှေလှမှာ ပြာတာ ဖိုးရွှေတို့ ဝိုင်းတွင် သိမ်ငယ်စွာ ထိုင်ခဲ့ရ၏။ လက်ဖွဲ့ ပစ္စည်း ညံ့လေသောကြောင့်လည်း မင်းကတော်၏ နှုတ်ဆက်ခြင်းကို မခံခဲ့ ရ။ ယခု နားထွင်းပွဲတွင် ယခင်ကကဲ့သို့ ရာဇဣန္ဒြေ ပျက်ရပြန်ဦးတော့မှာ လား၊ လူကြုံလျှင် ခံနိုင်ရိုးလား ဟူသော မျက်နှာထားဖြင့် မြို့တွင်းသို့ ထွက်သွားလေ၏။

*

'ဘယ့်နဲ့လဲ ကိုချစ်ထွေး၊ နယ်ပိုင်မင်းရဲ့ ပွဲမှာ ဘာများ လက်ဖွဲ့မယ် ကြံသလဲ။ လွှထောင်ကြီးဆိုတော့ ရွှေဒင်္ဂါးအောက်ကို လျှိုလို့ နေရာကျမယ် မထင်ဘူး'

'အင်း နယ်ပိုင်မင်းမှာတော့ လခစားမို့ ငွေရှားတာကို ကိုယ်ထိ လက်ရောက် သိသေးဟန် မတူဘူး။ ကျုပ်တို့ ဆင်းရဲသားမှာဖြင့် ရွှေဒင်္ဂါး ဝေးလို့ ငွေဒင်္ဂါး တစ်ကျပ် တစ်ပြားကိုတောင် နပ်စေ့အောင် မမြင်ရပါဘူးဗျာ။ ကိုရွှေလှကော ဘာများ စိတ်ကူးထားသလဲ'

'လွှထောင်မင်းတို့တောင် ညည်းနေမှပဲ ကျုပ်တို့တော့ ဘာပြောစရာ ရှိတော့မလဲ။ ပွဲနေ့ကျရင် ကျုပ်တို့ ငယ်ငယ်တုန်းကလို ချိုင်းကြားထဲမှာ ကြက်သွန်ညှပ်ပြီး ရေချိုးချင်တော့တာပဲ။ ကြက်သွန်ငွေ့နဲ့ ကိုယ်တွေ့ ပူလာ ရင် ဖျားတယ်လို့ ရမယ်ရှာပြီး ပွဲကို မသွားဘဲ နေတာပေါ့။ အခုဖြင့် အဗွာ ပြောသမျိုးလို ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိ ဖြစ်နေတာပဲ ဗျာ။ အခက်ချည်းပါပဲ'

ထိုခဏတွင် လွှထောင်ကတော်ကြီး ထွက်လာလေ၏။

'ကိုရွှေလှရဲ့ ဒီလောက် စိတ်ပူမနေစမ်းပါနဲ့။ တလောက မင်း

ကတော်နဲ့ တွေ့တော့ ဆံစုကောင်းကောင်း တစ်ခု ရှာပေးစမ်းပါတဲ့၊ မှာလိုက်တယ်။ အခုပွဲမှာ ဆံစု တစ်စင်းလောက် လက်ဖွဲ့ပါလား။ ရှင့်မယားကြီး သေမယ့်အကြိမ် ဖျားတုန်းက ဖြတ်ထားလိုက်တဲ့ ဆံစုဟာ ရှိသေးတယ် မဟုတ်လား။ အဲဒီဆံစုဟာ အင်မတန် ကောင်းတာပေါ့။ ရှည်လည်း ရှည်ရဲ့၊ အရောင်လည်း ကောင်းရဲ့၊ ကြမ်းလည်း မကြမ်းဘူး။ သူ့ကိုသာ လက်ဖွဲ့လိုက်ရင် ကိုရွှေလှတို့ မျက်နှာကြီးဦးမှာပေါ့'

'အေး အေး မယ်မြ ပြောမှ သတိရတော့တယ်၊ ကောင်းလိုက်တဲ့ အကြံနယ်ကွယ်။ ဒါကြောင့် ယောကျ်ားကို စေသော် မပြီးနိုင်၊ မိန်းမကို စေသော် မခံနိုင်လို့ ရှေးပညာရှိများ ဆုံးမတာပါပဲ'ဟု ပြော၍ ကျေနပ်သော ပြုံးခြင်းမျိုးကို ပြုံးလျက် ရွာမကျောင်းဆီသို့ ထွက်သွားလေသည်။

*

'ဒါနဲ့ စကားမစပ် ကျက်သရေတိုက် အခန်းသော့ကို ဘယ်သူကိုင်သလဲ ဦးသူတော်ရဲ့'

'ကျုပ် ကိုင်တာပေါ့၊ ဘာကိစ္စရှိလို့လဲ ခေါင်းမင်းရဲ့။ တစ်နေ့က ကန့်လန့်ကာလိပ် ပျောက်သွားတဲ့ အမှုနဲ့ ပတ်သက်လို့လား။ ကျက်သရေတိုက်ထဲက ပျောက်သွားတာ မဟုတ်ပါဘူး၊ ဦးပဉ္စင်းတစ်ပါးရဲ့....'

'ဒီကိစ္စအတွက် မဟုတ်ပါဘူး။ ကျုပ် တိုးတိုးပြောမယ်။ အလှူပွဲတစ်ခုကို သွားချင်လို့ အဝတ်အစားတစ်စုံ လိုချင်နေတယ်။ တိုက်သူကြီး ဦးအောင်မင်း အနိစ္စ ရောက်သွားတော့ မင်းကတော်ကြီးက လှူလိုက်တဲ့ ပုဆိုးတွေ၊ အင်္ကျီတွေဟာ ရုပ်စုံသေတ္တာထဲမှာ ရှိတယ်။ ညကို ဦးသူတော် ထုတ်ပေးနိုင်ပါ့မလား၊ ကျေးဇူးမမေ့ပါဘူးဗျ'

'အို .... ရမှာပေါ့ဗျာ၊ တခြားလူချင်း မှတ်လို့ပဲ။ ရပါစေ့မယ်၊ ကိစ္စပြီးတော့သာ ပြည့်ပြည့်စုံစုံ ပြန်ပေးပါ။ ဒါနဲ့ ခေါင်းမင်းရဲ့ ဂမုန်းရှင် သူငယ်ပင်တွေဟာ အတော်ပွားနေရောပေါ့'

'မပွားပါဘူးဗျာ၊ တချို့ သေတောင် ကုန်သေးတယ်။ ဩော် .... ဦးသူတော်ဖို့ တစ်ပင် ယူခဲ့ဦးမယ်။ ညတော့ ညတော့....'

တနင်္ဂနွေနေ့ နံနက် ၁၀ နာရီလောက်တွင် မင်းပိုင်းရပ်ကွက်သည် ပွဲထိုင်လာသော မင်းပရိသတ်ဖြင့် ရှုပ်ထွေးလျက် ရှိ၏။ နှစ်လုံးပြူးသေနတ်ကြီးများကို ထမ်း၍ ဖိနပ်ပေါက်သဖြင့် ထော့ကျိုး ထော့ကျိုးနှင့် လာကြသော ရွာသူကြီးအချို့ကား အထင်ရှား အပေါ်လွင်ဆုံးသော ပုဂ္ဂိုလ်များ ဖြစ်လေသည်။ မိန်းမ ယောက်ျား၊ အပျို အအို၊ အယဉ် အရိုင်း ပွဲထိုင်ပရိသတ် အမျိုးမျိုး အစားစားတို့သည် နယ်ပိုင်မင်း၏ အိမ်ဝင်းအတွင်းသို့ ဝင်လာမစဲ တသဲသဲ ဖြစ်လေ၏။

ဘီးလစ်စာရေးကြီးသည် ခေါင်းပေါင်းစကြီးကို အလံထူ၍ အိမ်ပေါက်ဝနားတွင် လက်ဖွဲ့ပစ္စည်းစာရင်းကို မှတ်ပုံတင်လျက် ရှိ၏။ အခြားသော စာရေးကြီး၊ စာရေးငယ် အသွယ်သွယ်တို့သည်လည်း ထီးသိမ်းသူက သိမ်း၊ မထင်မရှား ဖိနပ်ကြည့်သူက ကြည့်၊ ကွမ်း ဆေး လက်ဖက် တည်သူက တည်နှင့် ကိစ္စများလျက် ရှိကြ၏။ မင်းကတော်မှာမူ ဘီးလစ်စာရေးကြီးမှ မနီးမဝေးတွင် ဖလားစုံ ကွမ်းအစ်များကို ခင်း၍ ဧည့်ခံနေ၏။ သူဌေးကတော်၊ စာရေးကတော် စသော ကတော် အသီးသီးတို့သည်လည်း မျက်နှာမော့ ကလေးများနှင့် အာလာပသလ္လာပ တွေ့ကရာရှစ်သောင်းကို ပြောနေကြ၏။ 'ကိုထင်ပေါ်၊ ကတ္တီပါကွပ် နှစ်ဖက်လှ သင်ဖျာကြီးတစ်ချပ်' စသည်ဖြင့် ဘီးလစ်စာရေးကြီးက ကျယ်လောင်စွာ အော်လိုက်သော အသံများတွင် မင်းကတော်သည် ပြုံးလည်း ပြုံး၏။ မဲ့လည်း မဲ့၏။ ဤကဲ့သို့ ပြုံးရာမှ မဲ့၊ မဲ့ရာမှ ပြုံးသည်ကိုပင် မြို့ဆန်သော အမူအရာတစ်မျိုးဟု ထင်နေသော စက်သူဌေးကတော်ကြီး ဒေါ်ဝါးသည် ကျိတ်၍ အတုခိုးလျက် ရှိ၏။

ခြေချင်းလိမ်၊ ခေါင်းချင်းရိုက်နေအောင် ရှုပ်ထွေးနေသော ထိုခဏတွင် ဆယ်အိမ်ခေါင်း ဦးရွှေလှ ရောက်လာလေ၏။ လွန်းပုံဆိုး တောင်ရှည်ကြီးကို ဆီး၍ အလွန်ခံ့ညားသော ဦးရွှေလှ။ သားမွေးအင်္ကျီကြီးကို ဝတ်၍

အလွန်ကျက်သရေရှိသော ဦးရွှေလှ။ ရွှေကျင်ခပ် ပဝါကြီးကို ပေါင်း၍ အလွန်သပ်ရပ်သော ဦးရွှေလှ။ ဦးရွှေလှကို လူအများ ငေး၍ ကြည့်ရလေသည်။ မင်းကတော်ပင်လျှင် ကြည့်၍ အားမရနိုင်။ ဘီးလစ်စာရေးကြီးသည် ဦးရွှေလှ လှမ်းပေးလိုက်သော အထုပ်ကို ဖြေကြည့်လျက် 'ပန်းထိမ်တန်း၊ ဆယ်အိမ်ခေါင်းမင်း ဦးရွှေလှက သုံးတောင်ကျော် ဆံစုကြီး တစ်' ဟု ဌာန် ကရိုဏ်း ကျကျနှင့် ပီသစွာ ကြွေးကြော်လိုက်လေ၏။ 'ခေါင်းမင်း.... ခေါင်းမင်း၊ ဝန်ထောက်မင်းတို့ ဝိုင်းကို ကြွပါ။ ဟဲ့ ဖိုးရွှေ၊ နေရာပြလိုက်' စသော မင်းကတော်၏ လောကဝတ် ကျေပွန်သော စကားတို့ကိုလည်း ကြားလိုက်ရ၏။ ဦးရွှေလှကား နှုတ်ခမ်းမွေး တသသနှင့် ပီတိဖြစ်လှသော ဟူသတတ်။

[ ဂန္ထလောက၊ ဇွန် ၁၉၃၄ ]

# ဝါသနာ

ကံကော်မြိုင် ကျောင်းတိုက်သည် သန်းခေါင်ကျော် လခြမ်းကလေးအောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ ဆွမ်းစားကျောင်းကြီးထဲတွင် အပြင်ဘက်က လရောင်၊ ကြယ်ရောင်တို့၏ အစွမ်းကြောင့် ဗိုးတိုးဝါးတား လက်ကြား မြင်ရုံလောက်မျှ အလင်းရောင်ရှိ၏။ မတ်တတ်နာရီကြီးမှ ချိန်လှုပ်သံသည် ထင်ရှားလှ၏။ ၎င်းထက် ထင်ရှားသော အသံကား တစ်ချက် တစ်ချက်တွင် အော်မြည်လိုက်သော ဘုံဆင့်ထဲရှိ တောက်တဲ့ကြီး၏ အသံဖြစ်လေသည်။

ကျောင်းသားကလေးတို့သည်လည်း အိပ်မောကျလျက် ရှိကြ၏။ နာရီကြီးနားတွင် တစ်စု၊ မလှမ်းမကမ်းရှိ စာတိုက်ကြီးနားတွင် တစ်စု၊ တိုးဝှေ့အိပ်နေကြသည်မှာ အားရစရာကြီး ဖြစ်လေတော့သည်။ သရဲတစ္ဆေကြောက်တတ်၍ မျက်စိကြောင်တတ်သော ဘထွေးကလေးပင် လုံချည်လည်း ရောက်၍ ခေါင်းအုံးတခြား၊ ခေါင်းတခြားဖြင့် အားရပါးရ အိပ်ပျော်နေလေပြီ။

ထိုခဏ၌ ရှဲခနဲ မြည်လိုက်သော မီးခြစ်သံသည် နာရီကြီးနားမှ ဖြုန်းခနဲ ထွက်ပေါ်လာ၍ မီးတောက်ကလေးသည် ဘွားခနဲ လင်းလာ၏။ မီးခြစ်သူကား ဘသွင်တည်း။ ဘသွင်သည် ခေါင်းရင်းရှိ ဖယောင်းတိုင်တိုကလေးကို မီးညှိ၍ မီးခြစ်ပေါ်တွင် စိုက်ပြီးလျှင် ကြမ်းပိုးရှာဟန် ဖျာကို လှန်၏။ စောင်ကို ခါ၏။ ကြမ်းကြားကို ပုတ်၏။ မည်သူမှ မလှုပ်။ အအိပ် အဆတ်ဆုံးသော သာထွန်းပင်လျှင် တရှူးရှူးနှင့် [illegible]ဘက်မပျက်။ ဤသို့သော အခြင်းအရာကို မြင်ရသောအခါ ဘသွင်သည် ပြုံးလိုက် ဆီးချေး

ဖြင့် ညစ်မည်း အေးစက်နေသော ခေါင်းအုံးပေါက်ထဲမှ မှို့ကို ဆွဲထုတ်လေ၏။ တိုင်ခေါင်းထဲမှ လျှော်ကြိုးထွေးကြီးကိုလည်း ဆွဲထုတ်ယူ၏။ ထို့နောက် ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် တီးခေါက်ပြန်၏။ မည်သူမျှ မလှုန့်။ ထိုအခါ ဘသွင်သည် စာတိုက်နားတွင် အိပ်မောကျနေသော ကျောင်းသားစုဆီသို့ သွားလေ၏။ မမှောင်မလင်းထဲတွင် မိုးတိုးမည်းတဲနှင့် ထိုင်ကာ ထကာ၊ ကုန်းကာ ကွကာ ခြေရင်း ခေါင်းရင်း လူးလာခတ်နေသော ဘသွင်ကို ကြောက်တတ်သော ဘထွေးကလေးသာ မြင်ရပါမူ သရဲမှတ်၍ ကြောက်အား လန့်အားနှင့် ငယ်သံပါအောင် အော်ကောင်း အော်ပေလိမ့်မည်။ သို့တည်းမဟုတ် အကြောက်လွန်၍ ချွေးစေးကြီးများ ထွက်ပြီးလျှင် အသက်ကိုမျှ မှန်မှန်မရှူဝံ့ဘဲ ငြိမ်သက်စွာ ပုနေပေလိမ့်မည်။ ဘသွင်ကား မောင်ဟန်နှင့် မောင်လှတို့၏ လက်နှစ်ဖက်တို့ကို ကြိုးဖြင့် တွဲ၍ ချည်၏။ မောင်ဟန်၏ သျှောင်ထုံးနှင့် ကြေးထွေးခံကြီးတို့ကိုလည်း ကြိုးဖြင့် ဆက်သွယ်၏။ အောင်လှ၏ ခြေတစ်ဖက်ကိုလည်း တိုင်တွင် ကြိုးဖြင့် တုပ်၏။ ၎င်းနောက် မှို့များကို ဗိုင်းတောင့်ကလေးပမာ လုပ်၍ မောင်ဟန်၏ ခြေမကြားတွင် ညှပ်လေသည်။ ပြီးသောအခါ အနီးအနား ဟိုသည်ကို ကြည့်၏။ မောင်ဟန်တို့ အနားတွင် ရှိသော မီးခွက်ကြီးကို ခပ်ဝေးဝေးသို့ ပြောင်းရွှေ့လိုက်၏။ ခေါင်းအုံးတစ်ခုအောက်မှ မီးခြစ်ကိုလည်း ယူ၍ အဝေးသို့ ပစ်လိုက်၏။ ဘသွင်၏ ဆန္ဒကြီးပြည့်စုံတော့မည်။ မိမိ၏ ဖယောင်းတိုင်ကလေးကိုမူ ခြေကြားတွင် ညှပ်ထားသော မှို့တွင် မီးတို့၊ ဖယောင်းတိုင်မီးကို မှုတ်၊ ကြမ်းကြားမှ ပစ်ချ။ မိမိ၏ အိပ်ရာသို့ ပြန်ပြီးလျှင် ဘသွင်သည် ခေါင်းအုံးကို ဖက်၍ တရှူးရှူးနှင့် အိပ်မောကျဟန် ဆောင်နေလေ၏။

ဘသွင် အသက်ရှူ မမှန်ခင်ပင် 'အမယ်လေးဗျ .... လာကြပါဦး' ဟူသော မောင်ဟန်၏ အလန့်တကြား အော်သံကို ကြားလိုက်ရ၏။

'သရဲ .... သရဲ .... တပည့်တော် ခြေထောက်ကို သရဲဆွဲထားတယ် ဘုရား'ဟု အောင်လှက တစ်ဆင့် အော်ပြန်၏။ ပျင်ခနဲ မှောက်၍ လိမ့်သွား

သော ထွေးခံသံကိုလည်း ကြားရပြန်၏။ ကျောင်းသားများလည်း အလန့်တကြား နိုးကြလေသည်။

'ဘာဖြစ်သလဲဟေ့....ဘာဖြစ်သလဲ'

'ငါ့ခြေမကို ကင်းကိုက်လို့ကွ၊ ငါ့လက်လည်း လှုပ်လို့ မရဘူး'

'ငါ့လက်လည်း လှုပ်လို့ မရဘူးကွ၊ ခြေထောက်ကိုလည်း သရဲဆွဲထားတယ်။ အမယ်လေးဗျ .... ဘုရားကယ်ပါ'

'မီးခြစ်ရှာပါဟ၊ ဟေ့ ဘထွေး .... ခေါင်းအုံးအောက်က မီးခြစ်ကော'

'မရှိတော့ဘူးဗျ၊ အမေရေ ကယ်တော်မူပါ။ ဗုဒ္ဓေါမေ အည် သရဏံ နတ္ထိ'

'ဟ .... မီးခွက်ကိုလည်း စမ်းမရဘူး'

'ဟော ထွေးခံကြီးနဲ့ ပစ်တယ်ဟေ့၊ အမယ်လေး သရဲကြီး သရဲကြီး'

သို့ဖြင့် တစ်ယောက်ကို တစ်ယောက် ဖက်သူက ဖက်၊ ခေါင်းအုံးနှင့် မျက်နှာကို အပ်၍ အုန်းပင်စိုက်နေသူက စိုက်နေ။ ထပြေး၍ ခလုတ်တိုက်လဲသူက လဲ။ တစ်ခဏကလေး အတွင်းတွင် ဆူညံ ရှုပ်ထွေးသွားလေ၏။ ဦးပဥ္စင်းကြီး မီးခွက်ကိုင်၍ ကျက်သရေခန်းမှ လာသည်ကို မြင်ရမှ အနည်းငယ် ငြိမ်လေတော့သည်။

'ဟဲ့ ဟဲ့.... ဘာဖြစ်ကြသလဲ၊ တယ်.... ဒါ ဘယ်သူ့ဉာဏ်လဲ၊ မှန်းစမ်း.... မှန်းစမ်း။ လူတွေကို ကြိုးနဲ့ တုပ်ထားပြီး ခြေကြားမှာ ဖွမ်းညှပ်မီးရှို့တာပါကွ။ ဟဲ့ အောင်လှ ....ကြိုးဖြေလိုက်'

ဦးပဥ္စင်းကြီးသည် ဟိုမျက်နှာကို ကြည့်၊ သည်မျက်နှာကို ကြည့်၊ ကြည့်၍ စစ်မေးလေ၏။

'ဒါ မင့်ဉာဏ်လား'

'မဟုတ်ဘူး ဘုရား'

'မင်းလား'

'မဟုတ်ဘူး ဘုရား'

ဘသွင်ကား နာရီကြီးနားတွင် ပါးစပ်ကို ခေါင်းအုံးနှင့် ပိတ်၍ တခိခိ ဖြစ်နေ၏။ ဣန္ဒြေဆည်၍ မရသေး။ ဦးပဥ္စင်းကြီး မေး၍ လူစေ့ခါနီးမှ ဖွင့်ထားသော ပြတင်းပေါက်ဆီသို့ လက်ညှိုးထိုး၍ 'ဟော ဟော ဟောဟိုမှာ ဘုရာ့၊ အပေါက်က လွှားခနဲ ခုန်သင်းသွားတယ်။ တစ္ဆေလား .... လူလား .... မသိဘူး၊ ပုက္ကကလေး'ဟု အော်လိုက်လေ၏။

ဦးပဥ္စင်းကြီးသည် တစ္ဆေဟု ကြားလိုက်ရသောအခါ လှမ်းမည့်ခြေကို ဆုတ်လိုက်ပြီးလျှင် ပြတင်းဆီသို့ မရဲတရဲ ကြည့်နေမိလေ၏။ ခဏကြာမှ သတိရ၍ သွားကြည့်ရာ မည်သူ့ကိုမျှ မတွေ့လိုက်ရသဖြင့် 'ဧကန္တ ရွာထဲက လူတစ်ယောက်ယောက် လာပြီး နောက်တာပဲ။ တစ္ဆေတော့ မဟုတ်ပါဘူး ကွာ။ အိပ်ကြ.... အိပ်ကြ၊ ဟဲ့ ဘထွေး၊ ရေသောက်လိုက်ဦး၊ နှလုံးငြိမ်သွားအောင်။ မောင်ဟန်ကော ကွမ်းသွေးတွေကို သုတ်ပြီးပြီလား။ မနက်ကျမှ ရွာထဲမှာ စုံထောက်ရဦးမယ်။ မိရင်တော့ အရေကွာအောင်ကို ရိုက်လိုက်ရမှာပဲ'ဟု ပြောပြီးလျှင် ကျက်သရေတိုက်တွင်းသို့ ဝင်သွားလေ၏။

မိုးလင်းသော အခါတွင်ကား တစ်ယောက်က သရဲခြောက်သည်ဟု ပြော၏။ တစ်ယောက်က လူနောက်သည်ဟု ငြင်း၏။ ဘသွင်ကမူ ကျောင်းဝင်းဝတွင် ပေါက်နေသော မအူပင်က သရဲငပု လာခြောက်သည်ဟု အတွင်းသာ ပြောလေတော့သည်။ 'ပုတာမှ နှစ်တောင်လောက်ကလေး ရှိတယ် မောင်ရေ့၊ ငါ့မျက်စိနဲ့ တပ်အပ် မြင်လိုက်ရတယ်'ဟုပင် ထောက်ခံပြန်သေး၏။

ညီအစ်ကို မသိတသိ အချိန်သို့ ရောက်လေပြီ။ အောင်လှ၊ မောင်ဟန်၊ သာထွန်းတို့ သုံးယောက်သည် ရွာထဲသို့ ဆွမ်းဝတ်ယူ သွားရာမှ ပြန်လာနေကြသည်မှာ ရွာမှ အတော်လှမ်း၍ ကျောင်းဝင်းနှင့် နီးလာသောအခါ ကျောင်းသားကလေး သုံးယောက်တို့သည် အလိုလို ပူးကပ်၍ သာထွန်းက စကား စ ပြောလေသည်။

ထွန်း။ ။ 'ဟော့ သရဲ ငပုနဲ့များ တွေ့ရဦးမလား မသိဘူး။ ငါ တော့ ဣတိပိသော ရွတ်မှာပဲကွ'

ဟန်။ ။ 'မင့်ငပုလား၊ တို့အနားကို ကပ်ဝံ့မှာ။ ငါ့မှာ သိမ်ဝင်ပုတီး ပါတယ်ကွ။ ဟောဒီမှာ တွေ့ရဲ့လား၊ လည်ပင်းမှာ စွပ်ထားတယ်။ ဟော့ ငပု ....ရဲရင် ကပ်ခဲ့ဟော့၊ သတ္တိကို သိသွားမယ်'

လှ။ ။ 'မကြောက်ပါနဲ့ကွာ၊ ငါ သီချင်းဆိုပါ့မယ်။ ဒီတော့ တို့လာမှန်းကို ကျောင်းက ဦးပဥ္စင်းကြီး သိမှာပေါ့။ တောင်လက်ယာမှာလေ၊ ဖောင်စကြာ အလှည့်သွားစဉ်က၊ မိဖုရားကို ယက္ခမယ်ထင်လို့၊ ဘုရင်နှင်တာ မတရား.... အို အဖေကြီးတို့ရဲ့၊ ဘုရင်နှင်တာ မတရား.... တောက် တောက် .... အဟီး ....'

ထိုခဏ၌ မအူပင်နှင့် ဝါးရုံကြားမှ ချောင်းဟန့်သံကို ကြားလိုက် ရလေသည်။ အောင်လှတို့ လူစုလည်း ကြက်သီး ဖြန်းခနဲ ထလေတော့သည်။ အောင်လှက 'ဖိုးသူတော်ကြီး တောထိုင်နေတာ ထင်ပါရဲ့ကွာ' ဟု ပြော၍ အသံလာရာသို့ ကြည့်လိုက်ရာ ပုံသဏ္ဌာန်အားဖြင့် ပစ်တိုင်းထောင်ရုပ် ခြေထောက် တပ်ထားသည်နှင့်တူသော မည်းမည်းကွကွ ပုပုကလေး တစ် ယောက်သည် ယက်ကန် ယက်ကန်နှင့် မိမိတို့ဆီသို့ ပြေးထွက်လာသည်ကို မြင်ရသဖြင့် 'အမယ်လေးဗျ၊ သရဲငပု၊ သရဲငပုမှ အစစ်ပါပဲဗျ'ဟု ငယ်သံပါ အောင် အော်ပြီးလျှင် အားကုန် ပြေးလေ၏။ မောင်ဟန်နှင့် သာထွန်းလည်း မြေပြိုသည်ဟု ပြောသော ယုန်ငယ်နောက်သို့ လိုက်သည့် တိရစ္ဆာန်များပမာ အတွင်သာ ပြေးလိုက်ကြလေ၏။ 'ဘုရားကယ်ပါ၊ တရားကယ်ပါ။ ဣတိပိ သော ဘဂဝါ' စသော အော်သံ ခေါ်သံတို့သည်လည်း ကျောင်းဝင်းထဲတွင် ပွဲတင်ထပ်သွားလေ၏။ ကျောင်းကြီးပေါ်က ဦးပဥ္စင်းနှင့် ကိုရင်၊ ကျောင်းသား တစ်စုလည်း အူယားဖားယားနှင့် ပြေးဆင်းလာရာ လှေကားကို နှစ်ထစ်ကျော် လှမ်းခုန်၍ တက်နေသော အောင်လှကို တွေ့ရ၏။ အုတ်လှေကား ခြေသေ့ဦး တွင် ခလုတ်တိုက်၍ ပုံလျက်သား လဲနေသော မောင်ဟန်ကို မြင်ရ၏။

ကျွတ်ကျသော လုံချည်နှင့် ခြေထောက်များ ရောထွေး ရှုပ်ယှက်နေသော ကြောင့် မပြေးနိုင် ပြေးနိုင်နှင့် ပြေးလာနေသော သာထွန်းကိုလည်း မြင်ရ၏။ သာထွန်း၏ ကျောဘက်တွင် ပုကွ ပုကွ ယက်ကန် ယက်ကန်နှင့် ပြေးလိုက် လာသော သရဲငပုကိုလည်း မြင်ရလေသည်။

ထိုသို့ ရုန်းရင်း ဆန်ခတ် ဖြစ်သံကို ကြားရသော ခွေးကြီးသည်လည်း ကျောင်းအောက်မှ ပြေးထွက်လာ၍ ဟိုဟိုသည်သည်ကို ခဏမျှ ကြည့်ပြီး လျှင် သရဲ ငပုဆီသို့ ထိုးပြေး၍ ကိုက်လေ၏။ လေ့ကားရင်းရှိ လူများကား တွေ၍ ကြည့်နေကြလေသည်။ ခွေးကြီး တစ်ချက်သောက် ကိုက်မိလျှင်ပင် လူပုကလေးသည် ရှည်လာ၍ 'ဟဲ့ ဟဲ့ နီပါး၊ ငါပါဟ .... ငါပါဟ.... ဘသွင်ပါဟ' ဟု ပြောလျက် ခွေးကြီးကို မောင်းသောအခါမှ ဦးပဉ္ဇင်းကြီး သည် ရှေ့သို့ ထွက်လာ၍ ဘသွင်ကို ဆွဲပြီးလျှင် လက်တွင် ပါလာသော ကြိမ်လုံးဖြင့် လိမ့်ကာ ရိုက်လေတော့သည်။

နောက်တစ်နေ့နံနက် ဘသွင်သည် ခွေးကိုက်ရာကို ဆေးထည့်နေစဉ် အောင်လှတို့လူစု အနားသို့ ကပ်လာ၍ ဘသွင်က 'ဟေ့ အောင်လှ၊ ညက အတော်ကြောက်သွားသလားကွ။ သာထွန်းကလည်း ပြေးလိုက်တာ ရွှေ တောင် မရွှေ့ဘူး၊ ဟား .... ဟား' ဟု ရယ်လျက် ပြောလိုက်သည်ကို ကြားရပါသည်။

[ ဂန္ထလောက၊ စက်တင်ဘာ ၁၉၃၄ ]

## သူ့နိဗ္ဗာန်

တစ်နေ့တုန်းက ကမ်းနားတွင် ကူလီထမ်းနေသော ကောင်းစိန်ကို ကျွန်တော် သွားတွေ့၍ များစွာ အံ့အားသင့်မိသည်။ ကောင်းစိန်တို့ အမျိုးသည် မှတ်မိ သလောက် ပြောရမည်ဆိုလျှင် ကျွန်တော်တို့ တောမြို့ကလေးတွင် ပဝေဏီ က စ၍ မွေးခဲ့ သေခဲ့ကြသော အမျိုးဖြစ်သည်။ ကုလားကြီး တက်စဉ်က သူတို့ဘေးဘိုးများ ပြေးရလွှားရ၊ တောထဲတွင် ပုန်းအောင်းရပုံများကို သက် ကြီး စကား သက်ငယ် ကြားခဲ့ရဖူးသည်။ သူတို့အမျိုးတစ်သိုက်သည် ဘယ်သို့သော ကပ်ကြီးဆိုက်ဆိုက် ဇာတိဌာနမှ ထွက်ခွာခဲ့ကြသူများ မဟုတ် ခဲ့ကြ။ အဆုံး ပြောရမည်ဆိုလျှင် ကောင်းစိန်တို့ မိဘနှစ်ပါးသည် ရန်ကုန် မြို့သို့ ဘုရားဖူးပင် တစ်ခါတစ်ခေါက် မရောက်ခဲ့ဖူးကြ။ သူတို့ဘေးဘိုးများ တောကြီးမျက်မည်းကို တီထွင်ခဲ့သော နှစ်တုံးထွန်လောက် လယ်ကလေး ကိုသာ ထွန်ယက်၍ မိုးကောင်းလည်း တစ်စလောင်း၊ မိုးမကောင်းလည်း တစ်စလောင်းနှင့် အသက်မွေးခဲ့ကြသည်။ ကောင်းစိန်လက်ထက်သို့ ရောက် သော အခါတွင်ကား ထိုလယ်ပွဲကလေးမှာ အပေါင်ဆုံးဘဝသို့ ရောက်သဖြင့် ကောင်းစိန်ခမျာမှာ လယ်ကူလီ လုပ်စားရရှာသည်။ မွဲမွဲတေတေ ပေပေညစ် ညစ်နှင့်ပင် ကောင်းစိန်သည် ရပ်ရွာကို တွယ်ကပ်၍ နေခဲ့သည်။ ယခု သူ ရန်ကုန်ဆိပ်ကမ်းတွင် ကူလီထမ်းနေသည်ကို တွေ့ရသောအခါ ကျွန်တော် အံ့အားသင့်မိသည်။ ရပ်ရွာကို ထိုမျှ ခင်မင်သော ကောင်းစိန်သည် ဘယ်သို့ သော အကြောင်းဖြင့် မြို့သို့ ရောက်နေပါလိမ့်။

ချွေးသံ တလုံးလုံးနှင့် နံငယ်ပိုင်းအညစ်ကလေးကို ကျောတွင်ပတ်ကာ ဝန်လေးကြီးကို ထမ်းဆောင်လာသော ကောင်းစိန်ကို မြင်လျှင် မြင်ချင်း ကျွန်တော် မှတ်မိသည်။ ကျောင်းသားဘဝက သူ့ဟန်အမူအရာသည် ထို ဝန်ထုပ်လေးကြီး အောက်တွင်ပင် ပေါ်လျက် ရှိသည်။ သရက်ပင်ပေါ်က ကျပြီး ကောက်သွားသော သူ့လက်ကလေးက သူ့ဟန်အမူအရာကို အထူး ဖော်ပြလျက် ရှိသည်။ ကျွန်တော်လည်း သူ့အကြောင်းကို သိလိုသဖြင့် ဗောတံတားဘေးတွင် ရပ်၍ သူ့အပြန်ကို မျှော်နေမိသည်။ ခဏကြာသော အခါ ချွေးသုတ်၍ သူ တက်လာသည်။ 'ဟေ့ ကောင်းစိန်' ဟု ကျွန်တော်က လှမ်းခေါ်လိုက်သည်။ အံ့အားသင့်သော မျက်နှာဖြင့် သူ လှည့်ကြည့်သည်။ ထို့နောက်မှ သတိရကာ 'ဟ သူငယ်ချင်း မင်း ဘယ်သွားမလို့လဲ၊ မင့်ပစ္စည်း တွေကော ငါလိုက်ပို့မယ်'ဟု လောကွတ်ပြုရှာသည်။ 'ငါ မိတ်ဆွေတွေကို လိုက်ပို့တယ်။ ဒါက ကိစ္စမရှိပါဘူး။ မင်း ဒီကို ဘယ့်နှယ်ရောက်နေသလဲ၊ ပြောစမ်းပါဦးကွ၊ ထူးဆန်းလွန်းလို့' ဟု ကျွန်တော်က ဆိုလိုက်သည်။ 'သူငယ်ချင်းရာ မပြောပါနဲ့တော့။ ဒီဇာတ်ကို ခင်းရရင် ရာမဇာတ်ထက် ရှည်လိမ့်မယ် ထင်တယ်။ ဒါနဲ့ မင်းတို့ မာကြရဲ့နော်။ သားတွေ သမီးတွေ ရပြီ မဟုတ်လား။ ကောင်းပါတယ်ကွာ၊ မင့်သတင်း ကြားရတာ ငါဖြင့် ဝမ်းသာလို့ မဆုံးပါဘူး'ဟု အစမရှိ၊ အဆုံးမရှိ စကားတွေ လျှောက်ပြောရှာ သည်။

ယခု ကောင်းစိန်မှာ ငယ်ငယ်က ကောင်းစိန်နှင့် အပြောအဆိုတွင် မတူ။ ငယ်ငယ်ကလို သဘောကောင်းပုံ ရသော်လည်း ငယ်ငယ်ကထက် စကားကြွယ်နေသည်ကို တွေ့ရသည်။ 'ဒါတွေကို ထားလိုက်စမ်းပါဦး၊ မင့်အကြောင်းကို ပြောပြစမ်းပါ။ မတွေ့ရတာ ကြာလို့ မင့်အကြောင်းကို ငါ မသိသလောက်ပဲကွ။ ကဲ လာပါ၊ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ရ အောင်၊ မင်း အားရဲ့လား။ သယ်စရာ ပိုးစရာတွေ ရှိသေးရင်လည်း ငါ စောင့်နေပါ့မယ်'ဟု ကျွန်တော်က တောင်းပန်ပြော ပြောသောအခါ 'ကိစ္စ

မရှိပါဘူး သူငယ်ချင်းရာ၊ ငါ့ကုသိုလ်ခေါင်းက ငါ့အပေါ်မှာ ကောင်းပါတယ်။ ငါ့အကြောင်း သိနေလို့ ငါဘာလုပ်လုပ် မပြောရှာဘူး'ဟု ဆို၍ ကျွန်တော်တို့ နှစ်ယောက် လက်ဖက်ရည်ဆိုင်ကလေးထဲ ဝင်ကာ စကားပြောကြသည်။

'ကာလပျက်နေတုန်း တစ်ချိန်လုံး တို့ ဘယ်ကိုမှ မသွားဘူး။ ရွာမှာပဲ တွယ်နေတာပဲ။ ဂျပန်တွေ ပြေးခါနီး အမေရိကန်တွေ ဗုံးလာချတုန်းက တစ်ရွာလုံးလိုလို ထွက်ပြေးကြတယ်။ တို့တော့ အကြိုအကြားမှာ ပုန်းပြီး ရွာထဲမှာပဲ နေခဲ့တယ်။ တို့ ဆိုပေမဲ့ သုံးယောက်ထဲပါကွာ။ ငါ့သားရယ်၊ ငါ့မယားရယ်၊ ငါရယ် သုံးယောက်ထဲပါ။ ဆွေမျိုးတွေဆိုလို့ အရင်းအချာတွေထဲက ကုန်ပါပြီ။ အဖျား အနားကလေး နည်းနည်းပါးပါးလောက်ပဲ ကျန်တော့တယ်။ ရှေးကဆိုရင် မင်း သိတဲ့အတိုင်းပဲ တို့အမျိုးတွေဟာ လက်ညှိုးထိုးလို့ မလွဲဘူးပေါ့။ ကာလပျက်ကတည်းက ပြေးရ လွှားရ၊ ဖျားရ နာရ၊ ငတ်ရ ပြတ်ရနဲ့ သေလိုက်ကြတာကွာ ငါဖြင့် မှတ်တောင် မမှတ်မိတော့ပါဘူး။ အငယ်ရော အကြီးရော ပြုတ်ပြုတ်ပြုန်းကုန်တာပဲ။ တို့သုံးဦးပဲ စုန်းပြူးပြီး ကျန်ခဲ့တယ်။ တို့တော့ ဘယ်မှ မပြေးဘူး။ ဟိုတစ်နှစ်က သူပုန်တွေ ဝင်စီးတော့လည်း မပြေးဘူး။ အမိခံလိုက်တယ်၊ အရိုက်ခံလိုက်တယ်၊ ရှိတာကလေး ပူဇော်လိုက်တယ်။ အဲဒီ သူပုန်ဝင်ကတည်းက ငါ့သားကျော်ခေါင်လည်း ဘာစိတ်ပေါက်လာတယ် မသိပါဘူးကွာ။ ဂနာမငြိမ်ဖြစ်ပြီး စစ်ထဲဆိုလား၊ ဘာဆိုလား ဝင်သွားတာပဲ။ ခုကာလ ကလေးတွေက လုပ်မယ်ဆိုရင် ပြောမရ ဆိုမရ၊ တားမရ ဆီးမရပဲ။ နောက် မိုးဦးကလေး ကျလာတော့ ငါ့မိန်းမ မယ်အိက ဖျားပါလေရော။ တစ်နေ့ပျောက်နိုး တစ်နေ့ပျောက်နိုးနဲ့ နာတာရှည်ကြီး ဖြစ်ပါရော။ ငါ့မှာလည်း စားဖို့ရှာရတာက တစ်မျိုး၊ သူ့ကို ပြုစုရတာက တစ်မျိုးနဲ့ ဂျင်ခြေလည်နေတာပဲ။ အလုပ်ဆိုတာလည်း တို့တောမှာ ရှာမှ ရှားတာကိုးကွ။ လုပ်ချင်ပါတယ် ငိုနေလို့ တစ်ပဲ တစ်မူး ရမယ့် အလုပ်ကို မတွေ့ရဘူး။ သူက ဖျားနေတော့ လယ်လုပ်လည်း မဝင်နိုင်ဘူး။ ဒီတော့ အရပ်ထဲမှာ တိုလီမိုလီ ထင်းကလေးပေါက်၊

ကူလီကလေး ထမ်းပြီး ရှာရတာပေါ့ကွာ။ တစ်ခါတလေလည်း ဈေးကြီးထဲမှာ ပရဆေး ထောင်းရသကွ။ ဒါပေမဲ့ ကာလက မငြိမ်မသက်ကြီးမို့ တစ်ရပ်လုံး တစ်ရွာလုံးဟာ ကျီးလန့်စာစား ဖြစ်နေကြတော့ အလုပ်က ရှားသထက် ရှားတာပေါ့။ အဲဒါနဲ့ ငါ့မိန်းမလည်း ဆေးဝါးရယ်လို့ ကောင်းကောင်း မမှီဝဲရပါဘူး။ ဆရာဆိုလို့လည်း တစ်ခေါက် တစ်ကျင်းတောင် မခေါ်နိုင်ပါဘူး။ ထန်းလျက်ရည်တောင် ရက်မှန် မတိုက်နိုင်တဲ့ ဘဝမှာ ဘယ်မှာ ဆရာ ခေါ်နိုင်ပါ့မလဲကွာ။ အဲဒါနဲ့ သူ့မှာ စားမဝင် သောက်မဝင်၊ ကြာတော့ မသေတာ တစ်မည်ပဲ။ လူကတော့ အရိုးပေါ် အရေတင်၊ ယပ်တောင်ရိုး ကြည့်ပါတော့ကွာ။ လေထိရင် လဲတော့မယ့် အတိုင်းပဲ။

'အဲဒီအတောအတွင်း တို့ဆီမှာ ခေတ်စားနေတာက အင်ဂျက်ရှင်း ထိုးတာကွ။ ခေတ်ပျက်ကတည်းက ဆရာဝန်လည်း မရှိတော့ဘူး။ ဒီတော့ အရင် ဘာဘူလေးဆေးဆိုင်မှာ ခိုင်းစေထားတဲ့ သာဝကို သိတယ် မဟုတ်လား။ အဲ သာဝက ဆရာဝန် လုပ်တာပဲဟေ့၊ ဒေါက်တာ သာဝတဲ့ ကွ၊ အခု သူ့နာမည်က။ ငယ်ငယ်ကလို ဒက်ချေးသာဝ မဟုတ်တော့ဘူး။ သာဝက ဆေးလည်း ပေးတယ်၊ 'ဆေးလည်း ထိုးတယ်။ သူ ဆေးထိုးပေးလို့ လူမမာတွေ ပျောက်ကြတယ်ဆိုတဲ့ သတင်းက တစ်ယောက်တစ်ပေါက်နဲ့ ငါ့မိန်းမ နားကို ရောက်ပါလေရော။ အဲဒါကြောင့် ငါ့ကို ပူဆာတော့တာပဲ။

'မယ်အိရယ်၊ ထန်းလျက်ရည်မှ မှန်အောင် မသောက်နိုင်ဘဲ သာဝကို ခေါ်လို့ ဖြစ်ပါ့မလား။ သာဝက ကြေးကြီးတယ် ရှင်မရေ့။ တစ်ခါ ခေါ်ရင် ခြောက်ကြွ ငါးကျပ်တဲ့။ ဆေးဖိုးကို တစ်ခါ ထပ်ပေးရသေးတယ်လို့ ငါက ပြောပါသေးရဲ့။ ဒါပေမဲ့ ခဏခဏ လူနာ အမဲခြောက်တောင်းသလို နားပူ နားဆာ လုပ်နေတော့ ငါလည်း စိတ်ညစ်ပြီး အိမ်ရှေ့ထိုင် မှိုင်နေတာပေါ့။ လူ့ဘဝဟာ တယ် ဒုက္ခများပါကလား။ သေတာကပဲ ကောင်းပါတယ်။ အလုပ်လုပ်ချင်ပါတယ်ဆိုလို့ လုပ်စရာက မရှိ။ မယ်[illegible]သကောင်ပေါင်းလဲ ဖြစ်နေတာကို မကုသနိုင်ဘဲ ကြောင်တောင် ကြည့်နေရတယ်။ သေတာက

ကောင်းပါသေးဆိုပြီး တွေးနေတုန်း အိမ်အောက်က ငါ့ဘဲ ခေါင်းစိမ်းကြီး ဟာ ဂတ်ဂတ် ဂတ်ဂတ် အော်ပြီး ထွက်လာတာကိုးကွ။ ရိုးကလေးထဲက ကနဖော့ပင်တွေထဲမှာ တဇတ်ဇတ် နှုတ်သီးနဲ့ ထိုးပြီး အစာရှာနေတယ်။ ဝက ဝပါဘိနဲ့။ အဲ သူ့အကြောင်း ပြောရဦးမယ်၊ ဒီလိုကွ။

'ငါက တစ်နေ့တော့ လယ်ထဲက မြက်ခုတ်ပြီး ရေတွေကကြီး၊ မိုးတွေက သည်းတုန်းအချိန်ပေါ့ကွာ။ ရွာနောက်ဖေးမှာဆို ဖွေးနေတာပဲ၊ ရေတွေ။ ငါက ရေမြုပ်ကန်သင်းကလေးက စမ်းပြီး လာနေတုန်း မြက်ကြား ထဲမှာ ဘဲပေါက်စကလေးတစ်ကောင် အော်နေသံကို ကြားတာနဲ့ ကောက်ပြီး အိမ်ကို ယူလာတယ်။ ဘဲအုပ်ထဲက ကွဲပြီး ရေစီးထဲ ပါလာတယ် ထင်ပါရဲ့၊ မပြောတတ်ပါဘူး။ တို့အနားမှာလည်း ဘဲမွေးတဲ့လူ တယ်မရှိပါဘူး။ နတ် ပေးတယ်ပဲ ဆိုကြပါစို့ကွာ။ အဲဒါနဲ့ အိမ်ရောက်တော့ ဘဲကလေးကို ထမင်း ကြမ်း ကလေး ကျွေး၊ ဘာကလေး ကျွေးနဲ့။ ငါ့သား ကျော်ခေါင်ကလည်း ဂရုစိုက်တော့ ဘဲကြီး ဖြစ်လာတာပဲဟေ့။ ခေါင်းစိမ်းကြီးနဲ့ ဘဲထီးကြီး။ သိပ်လှတာပဲ။ ယဉ်လည်း သိပ်ယဉ်တာပဲ။ ခေါ်လိုက်ရင် ကားရားကားရား နဲ့ ပြေးလာတယ်။ တို့မှာ သားငယ် သမီးငယ်လည်း မရှိတော့ သူပဲ တို့ သားသမီး ဖြစ်နေတာပေါ့။ ပုလိပ်တွေများ ရောက်လာတဲ့အခါ သူ့ကို သိမ်းရတာက တစ်မောပဲကွ၊ ဖမ်းသွားမှာ စိုးလို့။ တို့ ထမင်း မဝချင် ရှိရမယ်၊ သူ့ကိုတော့ ဝအောင် ကျွေးကြတာပဲ။

'အဲ ဘဲခေါင်းစိမ်းကြီးက ငါ့ရှေ့မှာ တဇတ်ဇတ် ထိုးလိုက်၊ တဂတ် ဂတ် အော်လိုက် လုပ်နေတာကို မြင်တော့ ငါ့မှာ အတွေးသစ် ပေါ်လာပြီး တိုတို ပြောကြပါစို့ကွာ။ သူ့ကို ငါ ဖမ်းတာပဲ။ နောက်ပြီး အမဲဖော်တာပဲ။ သရဲများ စီးနေသလား မသိဘူး။ ထင်ရာ လျှောက်လုပ်တာပဲ။ အမွေးတွေ ဘာတွေ နုတ်ပြီးတော့ ခြင်းတောင်းကလေးထဲ ထည့်ပြီး အရပ်ထဲ လျှောက် ရောင်းတာပေါ့။ ဝမ်းဘဲသား ဝမ်းဘဲသားလို့ လျှောက်အော်တာ အတော် ကလေး မောတော့ အိမ်တစ်အိမ်က လှမ်းခေါ်တယ်။ ကော်တာပဲဆိုပြီး

ငါလည်း ဝမ်းသာအားရ ဝင်သွားတယ်။ ပထမ ခေါ်တဲ့ မိန်းမက ငါ့ဘဲ ခေါင်းခိမ်းကြီးကို ကိုင်တွယ်ဆွဲလှဲကြည့်ပြီး ဈေးမေးနေတုန်း နောက်မိန်းမ တစ်ယောက် မီးဖိုထဲက ထွက်လာပြီး မဈာ်တတ်ရပ် ကြည့်နေတုယ်။

"'ဟာ ဘဲကြီးက ဗိုက်ဖောင်းလို့၊ လေတွေ ထိုးထားသလား မသိဘူး" တဲ့ သူက ပြောတယ်။

"'မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အိမ်မှာ မွေးထားတဲ့ ခေါင်းစိမ်းကြီးပါ။ မိန်းမကို ဆေးကုဖို့ သူ့ကို ရောင်းရပါတယ်" လို့ ငါက ပြန်ပြောတယ်။

"'ဟုတ်မယ် မထင်ပါဘူး၊ ဘဲသားကို မြန်မာရောင်းတယ်လို့ ဘယ်မှာ ရှိသလဲ။ ဘဲနာကျလို့ လိုက်ရောင်းတာနဲ့ တူတယ်။ ကိုယ်မှာလည်း ညိုညိုမည်းမည်းတွေနဲ့" တဲ့။ အဲဒီမိန်းမကြီးက ပြောပြန်တော့ ပထမမိန်းမ လည်း အားပျက်ပြီး "ကဲ ကဲ၊ သွားပါဦးရှင်၊ ဒီနေ့ ချက်စရာ ဟင်းရွက်တွေ ရှိပါသေးတယ် " ဆိုပြီး နှင်လွှတ်လိုက်ပါရောကွ။ ငါ့မှာ ရင်ကွဲသွားတာပေါ့။ စိတ်က ပေါက်ပြီး ဟိုဟာမကြီးကို ကျိန်ဆဲလိုက်မိသေးတယ်။ ဒါနဲ့ အရပ်ထဲ လျှောက်အော်ပြန်တော့ မြောက်ပိုင်းက ဒေါ်သူဇာတို့ အိမ်ဟောင်းကြီးမှာ ငှားနေတဲ့ လူတွေက ခေါ်ပြန်တယ်ကွ။ တို့ရွာမှာ အခု ရွာခံလူ နည်းပြီး တခြားက ပြောင်းလာတဲ့ မျက်နှာစိမ်းတွေက များတယ်။ အဲဒီအိမ်ကို ဝင်သွား တော့လည်း ပထမမိန်းမက လိုလိုချင်ချင် အရှိသားကွ။ ဈေးတော့ မိန်းမထုံးစံ အတိုင်း အဆမတန် ဆစ်တာပေါ့။ တို့နှစ်ယောက် စကားအချီအချ ပြောနေ တုန်း ယောကျ်ားတစ်ယောက် ထွက်လာပြီး "ဟေ့ မင်း ဝမ်းဘဲသား ရောင်း တာ လိုင်စင် ရှိရဲ့လား" တဲ့၊ ငါလည်း ဘယ်သိမလဲကွာ။ ကိုယ့်ဘဲ ကိုယ်သတ် ရောင်းတာ ဘယ်ဘုရင်ခံဆီမှာ အခွင့်တောင်းရဦးမှာတဲ့လဲ။ ဒီတော့ "မရှိပါ ဘူး။ ဘဲသတ်သမားလည်း မဟုတ်ပါဘူး။ မိန်းမ ဆေးကုစရာ ငွေလိုလို့ အိမ်က ခေါင်းစိမ်းကြီးကို သတ်ရောင်းတာပါ" လို့ ပြန်ပြောတော့ အဲဒီလူ့ မျက်နှာက ပြောင်ချော်ချော် မာဆတ်ဆတ်နဲ့ [illegible]လိုလို ဘာလိုလို "လိုင်စင်မရှိရင် ဖမ်းနိုင်တယ်၊ ဆစ်တဲ့ ဈေးနဲ့ ရောင်းလိုက်။ အရပ်လူကြီးတွေ

ကြားသွားမယ်”တဲ့ ပြောရော။ ဒီတော့ ငါလည်း ခေါင်းနားပန်း ကြီးသွားတာ ပေါ့။ အဲဒါနဲ့ပဲ တိုတို ပြောကြပါစို့ကွာ၊ ငါ့ခေါင်းစိမ်းကြီးကို ဈေးပေါ်ပေါ်နဲ့ မှောလိုက်ရပါရော။ ရတဲ့ ပိုက်ဆံကလည်း ဆေးထိုးဖို့ ဝေးလို့၊ ဒေါက်တာ သာဝရဲ့ အိမ်ရိပ်ကို နင်းတာနဲ့ ကုန်သွားမှာပဲ။ ဒါနဲ့ စိတ်ညစ်ညစ်နဲ့ သာဝတို့ အိမ်ဘက်ကို လျှောက်လာတော့ အခန့်သင့်ပဲဟေ့၊ လမ်းမှာ သာဝကို တွေ့တာ ပဲ။ ကိုယ်တော်မြတ်က ဆေးအိတ်ကြီး ဆွဲလို့။ နားကျပ်ကြီး လည်ပင်းမှာ ရောက်လို့။ တကယ့် ဆရာဝန်ကြီးပါပဲဗျာ။ ဒီတော့ ငါက ဒက်ချေး သာဝ ကိုပဲ မျက်နှာအောက်ချပြီး “ဆရာဝန်ကြီးရယ်၊ ကျွန်တော့်မိန်းမကို အဖျား ပျောက်အောင် ဆေးထိုးပေးစမ်းပါ”လို့ အသနားခံတာပေါ့။ မောင်မင်းကြီး သားက အတော်သားဟေ့၊ ညာရှာပါတယ်။ ငါ့မှာ ငွေနည်းနည်းရှိရင် ခြေကြွ မယူဘူးတဲ့။ ရှိသလောက် ငွေနဲ့ တန်အောင် ဆေးထိုးပေးမယ်တဲ့။ ပြောပြီး လိုက်လာရှာတယ်။

"“ကောင်းစိန် ရေနွေး”ဆိုတော့ ငါက ရေနွေးကို ထမင်းအိုးကလေး ထဲမှာ ထည့်ပေးတယ်။ “ကောင်းစိန် ဆပ်ပြာ”ဆိုတော့ ပေးစရာ မရှိဘူး။ ငနဲက ဒေါပွသွားသလား မသိပါဘူးကွာ။ မျက်နှာကို မည်းသွားတာပဲ။ ငါကတော့ မျက်နှာချိုသွေးရတာပေါ့ကွာ။ ဆေးကောင်းကောင်း ထိုးပေးပါ စေတော့လို့။ နောက်ပြီး ဖန်ပုလင်းကလေး တစ်ခုထဲက ရေကြည်ကြည်ကို စုပ်ယူပြီး ငါ့မိန်းမရဲ့ အရိုးပေါ် ကပ်နေတဲ့ အရေထဲကို ထိုးထည့်တာပဲ။ ငါ့မိန်းမလည်း ပျောက်ချင်လို့သာ အောင့်ခံလိုက်ရတယ်၊ အတော် နာပုံ ရတယ်ကွ။ အမယ်လေးတောင် တစ်ချက် ညည်းလိုက်သေးတယ်။ ဆေး တန်ခိုးပဲ ထင်ပါရဲ့ကွာ။ နောက်တစ်နေ့ကျတော့ မယ်အိ အတော် လန်း တယ်ကွ။ ဒါပေမဲ့ မီးစာကုန် ဆီခန်းဆိုသလို သူ့အကြောင်းက နည်းနေလေ တော့ လန်းသလိုလိုဖြစ်ပြီး နှစ်ရက်လောက်လည်း ကြာရော ခေါက်ခနဲ မယ်အိ ဆုံးရှာပါလေရော။ ငါ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာပေါ့။ အလောင်းကို လွှမ်းစရာမှ အဝတ်အစား မရှိဘူးကွ။ မျက်နှာစိမ်းတွေ ဆိုပေ

မဲ့ လူသစ်တွေက ကောင်းရှာပါတယ်ကွာ။ သူတို့ပဲ ဝိုင်းဝန်းကူညီကြလို့ သပိတ်လည်း သွတ်ရ၊ ရက်လည်ဆွမ်းလည်း ကျွေးရ၊ အမျှအတန်းလည်း ဝေရပါတယ်။ ဒါပေမဲ့ ရက်လည်ပြီး ဘာကြာသလဲကွာ။ ငါ့သား ကျော်ခေါင် ဟာ ကညင်ငူတိုက်ပွဲမှာ ကျတယ် ကြားရတာပဲ။ အို.... ငါဆိုတာ ပဌာ မြေလူးဓာတ် ခင်းတော့တာပေါ့။ ဘဲခေါင်းစိမ်းကြီးလည်း မရှိတော့ဘူး။ မယ်အိလည်း သွားရှာပြီ။ ကျော်ခေါင်လည်း ကောက်ကောက်ပါအောင် လိုက်သွားလေရဲ့။ ဝါးမျိုးသာ သဥ်းတာ မဟုတ်ဘူး၊ လူမျိုးလည်း သဥ်း တတ်တယ်လို့ လူကြီးတွေ ပြောတာကို အဲဒီတော့မှ သဘောပေါက်တာ ကိုးကွ။ တစ်ရပ်လုံး တစ်ရွာလုံး လိုက်ရှာရင် ငါတစ်ယောက်တည်းလောက်ပဲ ငါ့အမျိုးထဲက ရှိတော့တယ်။ အဲဒါနဲ့ကွာ စိတ်ရှုးပေါက်တိုင်း သွားမိ သွားရာ သွား၊ နေမိ နေရာ နေရင်း တစ်နေ့တော့ ဆန်ခေါင်း မောင်လှနဲ့ တွေ့ကြရော။ သူက "သူငယ်ချင်းရာ မင့်းကြည့်ရတာ တို့ စိတ်မကောင်းပါဘူး။ စိတ်ပြေ လက်ပျောက် ရန်ကုန်ကို သမ္ဗန်နဲ့ လိုက်ခဲ့ပါလား။ ဘုရားကလေး ဘာလေး ဖူးရတာပေါ့"တဲ့ ပြောရှာတယ်။ ရန်ကုန်ဆိုတော့ ငါ မရောက်ဘူးပေမဲ့ အကြားဖူးသားကိုကွ။ ကြည့်ချင်စရာတွေ မြင်ချင်စရာတွေ ရှိမှာပေါ့၊ စိတ်ပြေ လက်ပျောက် လိုက်ရရင် ကောင်းမှာပဲလို့ အောက်မေ့ပါရဲ့။ "ဒါပေမဲ့ မောင်လှ ရာ၊ လူချင်းတူအောင် ဝတ်စရာဆို ဘာမှ မရှိဘူးကွ"လို့ ငါက ပြောတော့ သူ ပေးပါမယ်တဲ့။ ဒါနဲ့ ငါ သူတို့ ဆန်သမ္ဗန်မှာ တို့ရန်ကုန် အခေါ်အတိုင်း တော့ "ဘော်ဒါ"လုပ်ပြီး လိုက်သွားတာပေါ့။ ထမင်းကလေး ဘာကလေး ဝိုင်းကူ ချက်ပေးရတယ်။ အဲဒီလိုနဲ့ ရန်ကုန်ရောက်ရော ဆိုပါတော့ကွာ။ ဘုရားတို့ ဘာတို့ ဖူးပြီးလို့လည်း သူ့ဆန်တွေက ရောင်းလို့ မကုန်သေးဘူး။ ဒီတော့ ငါလည်း ဇောတံတားပေါ်မှာ သွားသွားပြီး ထိုင်ရင်း သူများတကာ ကူလီထမ်းတာကို ကြည့်တယ်။ တံတားဦးမှာ ကူလီခေါင်းကြီးက ထီး ကလေး ဆောင်းပြီး ကျောက်သင်ပုန်းကလေးနဲ့ ရေးမှတ်နေတာကိုလည်း တွေ့ရတယ်။ တစ်နေ့တော့ ငါက သွားစုံစမ်းတာပေါ့။ သူက အလုပ်လိုချင်

ရင် ပေးမတဲ့။ ပထမ ခုနစ်ရက် လုပ်စာကိုတော့ သူ့ကို ကန်တော့ရမတဲ့။ ဒီတော့ ငါက ပြောတယ်။ "ဒီခုနစ်ရက်အတွင်းမှာ ကျွန်တော် ဘာစားနေရမလဲ" လို့ ပြောတော့ သူ့အိမ်မှာ ကျွေးထားမတဲ့။ အဲဒါနဲ့ ငါ သဘော်ကုလီဖြစ်သွားတာပဲ။ အလုပ်မှန်မှန်လုပ်ရင် ပိုက်ဆံ မှန်မှန်ရတာပဲကွ။ ဟောဟိုမှာ ထိုင်နေတဲ့ ကုလီခေါင်းပေါ့ကွ။ ငါ အခု သူ့အိမ်မှာ နေတာပဲ။ သူ့အိမ်မှုကိစ္စတွေကို ဝိုင်းကူလုပ်ပေးတော့ ငါ့ကို တစ်အိမ်သားလုံး ဝိုင်းခင်ပြီး အခုဖြင့် ထမင်းလခတောင် မပေးရပါဘူး။ ရသမျှငွေကို ခါးကြားထဲ လိမ်ထားရတာပဲ။ အခု ငါဖြင့် နိဗ္ဗာန် ရောက်နေတာပဲဟေ့။ သူများအိမ် ခွေးကတက်မှာ ဂုန်အိတ်ခင်း အိပ်ရပေမဲ့ စိတ်ချလက်ချ အိပ်ရတယ်ကွ။ သူများကျွေးတာ စားရပေမဲ့ အေးအေးဆေးဆေး စားရတယ်ကွ။ တောမှာ နေတုန်းကနဲ့တော့ နည်းနည်းမှ မတူဘူး။ တောကိုတော့ စိတ်ကုန်ပါပြီကွာ။ အခု ခြောက်လရှိပြီ။ ရန်ကုန်ရောက်တာ။ တစ်ခေါက်မှ ငါမပြန်ဘူး။ ပြန်ချင်စရာလည်း မရှိပါဘူး။ ဘဲခေါင်းစိမ်းကြီးလည်း မရှိတော့ဘူး။ မယ်အိလည်း သွားရှာပြီ။ ကျော်ခေါင်လည်း ကောက်ကောက်ပါအောင် လိုက်သွားလေရဲ့။ မိဘလက်ထက်က ကျန်ခဲ့တဲ့ အိမ်ကိုတော့ အလွမ်းသား။ ဒါပေမဲ့ တလောက သူပုန်တွေ အလစ်ဝင်ပြီး မီးရှို့တုန်းက တို့အပိုင်း ပါသွားသတဲ့။ ဒီတော့ ခင်တွယ်စရာ အိမ်လည်း မရှိတော့ဘူးကွ။ အခုနေ မယ်အိသာ ရှိရင် သိပ်ကောင်းမှာပဲ။ ဖျားနေတုန်းက ရေခဲနဲ့ ဘိလပ်ရည် သောက်ချင်တယ်လို့ ခဏ ခဏ ပြောတယ်။ တိုင်းပျက်ပြည်ပျက်ကြီးထဲ ဘယ်မှာ ရနိုင်ပါ့မလဲ။ တိုက်ချင်တယ်ကွာ။ ရန်ကုန်မှာတော့ သိပ်ပေါတာပဲ။ ကျော်ခေါင်ကိုလည်း သေသာသွားရော ရှင်မပြုလိုက်ရဘူးကွ။ စစ်ကြီးအတွင်းကလည်း ငါက မွဲ။ စစ်ပြီးတော့လည်း ငါက မွဲ။ အခု သင်္ကန်းဖိုး၊ ကန်တော့ပွဲဖိုးလည်း တတ်နိုင်ရော ကျော်ခေါင်လည်း မရှိတော့ဘူး' ဟု ပြောကာ နားရွက်ကြားတွင် ညှပ်ထားသော ဆေးပြင်းလိပ်တိုကို ယူ၍ အုန်းဆံခွေ မီးစကလေးနှင့် တို့ကာ ဖွာနေလေသည်။ စားပွဲပေါ်တွင် ချထားသော လက်ဖက်ရည်ခွက်

များမှာလည်း အေးစက်နေရုံမျှမက ယင်ကောင်ကလေးများကိုပင် ညှိခံထားကြလေပြီ။ ထိုအခါမှ ကျွန်တော်တို့ လက်ဖက်ရည် သောက်ကြ၍ လက်ဖက်ရည်ဖိုးပေးရန် ကျွန်တော်က ပိုက်ဆံထုတ်လေသည်။ ကောင်းစိန်က 'သူငယ်ချင်း ငါပေးပါရစေ၊ မင်းမိဘ ကျေးဇူး တို့အပေါ်မှာ အများကြီးရှိတယ်။ ကျေးဇူးကို မမေ့နဲ့လို့ အဖေ မသေခင်က ခဏခဏ ပြောတယ်ကွ။ ကျေးဇူးဆပ်ပါရစေကွာ' ဟု ဆိုကာ ခါးကြားတွင် လိမ်ထားသော ပိုက်ဆံကို ထုတ်ပေးလေသည်။

ထို့နောက် နေအတော်မြင့်ပြီဖြစ်၍ ကျွန်တော်က နေရပ် အိမ်လိပ်စာများကို ပေးကာ ဖိတ်ခေါ်ခဲ့ပြီးလျှင် မြို့ဘက်သို့ ထွက်ခဲ့သည်။ လမ်းပေါ်အရောက်တွင် ကျွန်တော် ပြန်၍ လှည့်ကြည့်မိသည်။ ထိုအခါ ကောင်းစိန်သည် ကျောပေါ်က နံငယ်ပိုင်းကို ဂိုဒေါင်ဘေး မြောင်းနှုတ်ခမ်း အရိပ်တွင် ခင်းကာ လဲလျောင်းလိုက်သည်ကို တွေ့မြင်လိုက်ရပါသည်။

[ သွေးသောက်၊ အောက်တိုဘာ ၁၉၅၁ ]

## အမှောင့် ပယောဂ

ထိုနေ့ ညဦးက ခပ်အိုက်အိုက် ရှိသည်နှင့် မောင်တုတ်တို့ အိမ်သို့ ကျွန်ုပ်တော် အလည်ရောက်သွားသည်။ မောင်တုတ် လယ်တောမှ ပြန်မရောက်သေး။ သူ့မိခင်မှာ ပုဏ္ဏားကွယ်တွင် ထိုင်၍ ဆေးလိပ်လိပ်နေသည်။ သူ့ဇနီး မသန်း မှာ အခန်းထဲတွင် ကလေးသိပ်နေသည်။ ကျွန်တော့်ကို လက်ဖက်ရည်ကြမ်း အိုးက ညှော်ခံနေ၏။

'အဒေါ်တို့ အိမ်မှာလည်း ခြင်ကိုက်တာပဲကို။ လေကြောင်းကျလို့ သက်သာမယ် ထင်မိတယ်'

'အခုလို အိုက်တဲ့အခါ ကိုက်တာပဲ မောင်ရဲ့။ လေငြိမ်တာကိုး။ ကွင်းဘက်က ခြင်တွေ ဝင်လာရင် သာပြီး ဆိုးတယ်'

'ဟော.... ချောင်းဘက်က မိုးသားတွေ တက်လာပြီ။ မောင်တုတ် တော့ မိုးလွတ်ပါ့မလား မသိဘူး'

ပြောတွင်းဆိုတွင်းပင် မိုးသားများ တရိပ်ရိပ် တက်လာရာ ကြယ်များ ပျောက်ကွယ် သွားလေတော့သည်။ မိုးလေကလေး တိုက်လာ၏။ ရွာတော့ မလိုလို။ လျှပ်စီးများ လက်လိုက်သောအခါ ချောင်းရိုးရှိ ခနိတောကို ဝင်းခနဲ ထင်းခနဲ မြင်လိုက်ရသည်။ မိုးချုန်းသံမှာလည်း နားကွဲမတတ်။ လေသံပြင်း လာပြီ။ လျှပ်ရောင်ထဲ၌ ခနိတောကြီး ယိမ်းထိုးနေသည်။ အိမ်ကလေးပင် သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားသည် ထင်မိ၏။ ထိုခဏ၌ မိုးကြီးသည်းစွာ ရွာတော့ သည်။ လေနှင့် မိုးမှာ ပက်၍ ပက်၍ ဝင်လာသဖြင့် ကဲလားကို ချလိုက်ရ၏။ ပုဏ္ဏားကွယ်ရှိ ရေနံဆီမီးခွက်ကို ကြမ်းကြားလေက တစ်ချက်တစ်ချက် မှုတ်လိုက်သောအခါ မီးလျှံပြတ်သွားတော့မည်ပင် ထင်ရသည်။ အပြင်က

လျှပ်ရောင်လည်း ထရံကြားမှ ဝင်လာ၍ ခြောက်လှန့်လျက် ရှိ၏။ ထိုကဲ့သို့ မိုးသံလေသံများ ဆူညံနေခိုက်တွင် အပြင်မှ တံခါးခေါက်သံနှင့် လူခေါ်သံကို ကြားလိုက်ရသည်။ ခွေးဟောင်သံလိုလိုလည်း ကြားလိုက်ရ၏။

'ဟော မောင်တုတ် ပြန်လာပြီ'

ကျွန်တော်က ထ၍ ကဲလားကို တွန်းလိုက်၏။ လေပြင်းထန်နေ၍ ကဲလားမှာ လေးနေသည်။ လယ်ထွန်အင်္ကျီအနက်နှင့် မိုး ရွှဲရွှဲစိုနေသော မောင်တုတ်ကို မီးအုပ်ဆောင်းကြီးနှင့် မြင်ရသည်။ ပလိုင်းတစ်ခုကို လွယ်လျက်လည်း တွေ့ရ၏။ ကဲလားကို တွန်း၍ မောင်တုတ် အတင်းတိုးဝင်လာရာ သူ့ခမောက်မှာ ကဲလားနှင့် ခိုက်၍ အပြင်တွင် ကျွတ်ကျန်ခဲ့သည်။

'ဟာ မင်းရောက်နေသကိုးကွ။ အတော်ပဲဟေ့၊ ဒီညတော့ မင်းကို ဟင်းကောင်း ချက်ကျွေးရဦးမယ်'

ပြောပြော ဆိုဆိုနှင့်ပင် မောင်တုတ် မီးဖိုဘက်သို့ ဝင်သွားသည်။ သူ့ပလိုင်းထဲမှာ ဘာတွေပါလာသည် မသိ။ သူ့ဇနီးသည်လည်း သူ့အသံကြား၍ အခန်းထဲမှ ထွက်လာပြီးလျှင် မီးဖိုသို့ လိုက်သွားသည်။

'မသန်းရေ ဖားတွေ ပါလာတယ်ဟေ့။ ဘခွေးတို့ ရှာပေးလိုက်တယ်။ သူတို့ကို စောင့်နေရတာနဲ့ မိုးချုပ်သွားတယ်။ မြန်မြန်ချက်ပါကွယ်၊ သူငယ်ချင်းကိုလည်း ကျွေးချင်လို့'

မောင်တုတ်၏ စကားသံမှ မဆုံးသေးခင် အခန်းထဲတွင် အိပ်နေသော ကလေးသည် ကျယ်ကျယ်လောင်လောင် ထ၍ ငိုလေတော့သည်။

'ဟဲ့ မသန်း၊ ကလေးကို ဘာများကိုက်သလဲ မသိဘူး၊ ငိုလိုက်တာက ငယ်သံပါလို့ပဲ'ဟု မောင်တုတ် အမေက ဆေးလိပ်ကို ကြမ်းမှာ ဆောင့်ရင်း ပြောလိုက်သည်။ မောင်တုတ်ကား ပုဆိုးလဲလျက် ရှိ၏။ မီးခွက်ကလေး မှိတ်တုတ် မှိတ်တုတ်နှင့် မသန်း မီးဖိုဝတွင် မီးအုပ်ဆောင်းကို ခလုတ်တိုက်လဲလေသည်။ ကလေးငိုသံမှာ ပို၍ သည်းလာသည်။ ကျွန်တော်တို့ အတော်စိတ်ရှုပ်သွားကြ၏။ လေသံရော၊ မိုးသံရော၊ ကလေးငိုသံရော ဆူနေသည်။

'လူကလေး အေ့အေတဲ့ အေ့အေ။ အေးသယ် အိမ်ကအေး၊ မငိုပါနဲ့ လူကလေး တိတ်ပါတော့လေး။ အေ....အေ....အေ....အေး'

မသန်း ကလေး ချော့ရှာသည်။ ငိုသံကား မစဲ။

'အိပ်ရာထဲမှာ ဘာမှလဲ မရှိပါဘူး အမေ၊ ဘာဖြစ်တာလဲ မသိဘူး။ ကော့ကော့ထိုးနေတယ်။ ဝမ်းများ နာသလား'

'တယ်ခက်သကိုး၊ မှန်းစမ်း.... ငါ ကြည့်စမ်းပါရစေ။ အင်း.... ကေ့ ့ တစ္ဆေ ပါလာပြီ။ မောင်တုတ် အိမ်ထဲ ဝင်တုန်းက ဖွိ ဖွမျှား လုပ်မလာဘူးလား ဟဲ့'

'မလုပ်မိဘူး အမေရေ့။ လေကတိုး၊ မိုးကသည်းနဲ့မို့ သတိမေ့ပြီး ဝင်လာမိတယ်'

'ကဲ ဒါဖြင့်လည်း စလောင်းစာပစ်မှ ဖြစ်မယ်။ ထမင်းကလေး၊ ဟင်းကလေးများ ကျန်သေးသလား မသန်း'

'ကျန်သေးတယ် အမေ၊ ကိုတုတ်ဖို့ ထမင်းနဲ့ဟင်း ကျပ်ခိုးစင်ပေါ်က အိုးတွေထဲမှာ ရှိပါတယ်။ အေ....အေ....တိတ်တိတ် လူကလေး'

လူကလေးကား ကော့ ကော့ ထိုးနေသည်။ တစ်ချက် တစ်ချက် မျက်ဖြူ လန်သွားသလို ရှိသည်။ ကက်များ တက်လေမလား။ သူ့အမေ၏ မျက်နှာမှာလည်း ပူပင်သောကဖြင့် သွေးမရှိတော့သကဲ့သို့ ဖြစ်သည်။ မောင်တုတ်နှင့် ကျွန်တော်တို့မှာ ဘာမျှ မလုပ်တတ်။ ဝမ်းနာသည် ဆိုလျှင်လည်း ထုံးနနွင်းမန်း၍ လိမ်းပေးရလေရဲ့။ အခုတော့ တစ္ဆေပါသတဲ့။ ဘယ်က တစ္ဆေလဲ။ သူ့သားသမီးကို ဒုက္ခပေးတတ် ပလေသည်။ ရိုက်ထုတ်ရ ကောင်းမလား။ ရိုက်လျှင် ကလေးကို ထိမည်။ လေးလုံး ခြောက်ဖက်နှင့် မောင်တုတ်မှာ လယ်လုပ်ရာတွင် လူစွမ်းကောင်းတစ်ယောက် ဖြစ်သည်။ ပြိုင်ထွန်လျှင် သူ အလျင်ပြီးသည်။ သူ့လယ်ခင်းက စပါးပိုထွက်သည်။ သို့သော်လည်း တစ္ဆေကို သူမနိုင်။ တစ္ဆေရှိသည်ဆိုသော သပြေပင်ကြီးတို့ ယယ်စဉ်က လောင်းတမ်း စားတမ်း ညကြီးမင်းကြီး သူ သွား၍ ဓားနှင့် ခုတ်ဖူးသည်။ ယခု

သူ့သားကို တစ္ဆေပူးတော့ သူ ဘာမျှ မလုပ်ရဲ။ သူ့ပါးစပ်မှာ ဒေါသအမြုပ် တွေ တစီစီနှင့်။ မခံချိ မခံသာ ဖြစ်နေဟန် ရှိသည်။ ထိုခဏ၌ မောင်တုတ်၏ အမေသည် စလောင်းဖုံးထဲတွင် ထမင်း ဟင်း ထည့်ကာ အခန်းထဲသို့ ဝင်လာသည်။ ကော့၍ ကော့၍ ငိုနေသော ကလေးဆီသို့ ရောက်သောအခါ သူသည် စလောင်းဖုံးကို ကလေးအပေါ်၌ စကောဝိုင်းလှည့်ကာ တတွတ် တွတ် ရွတ်ဆိုလေသည်။

'ခြေဦးက ပါတဲ့ တစ္ဆေ၊ လက်ဦးက ပါတဲ့ တစ္ဆေ၊ ကျားကိုက်လို့ သေတဲ့ တစ္ဆေ၊ ပိုးထိလို့ သေတဲ့ တစ္ဆေ၊ ရေနစ်လို့သေတဲ့ တစ္ဆေ၊ မယားနှစ် ယောက်ကြား ဗျာများပြီး သေတဲ့ တစ္ဆေ။ သူများ သားသမီးကို မဖမ်းရဘူး၊ မဆီးရဘူး။ မိမွေးတိုင်း ဖမွေးတိုင်း ရှိပစေ။ လာကြ လာကြ၊ နင်တို့ကို ကျွေးမယ် ကျွေးမယ်'

ဤသို့ တတွတ်တွတ် ကျယ်တစ်ချက် တိုးတစ်ချက် ရွတ်ဆိုနေခိုက် တကျူကျူ ငိုနေသော ကလေးသည် မျက်စိ ဖွင့်ကြည့်သည်။ မိမိအပေါ်တွင် ပျံဝဲသော စလောင်းဖုံးတွင် စိတ်ဝင်စားပုံ ရလာသည်။ ဟင်းနံ့ ကျွေးနံ့ဖြင့် လည်း လန်းဆတ်လာဟန် ရှိသည်။ မောင်တုတ်၏ အမေသည် တိုးလိုးတွဲလွဲ ကျနေသော ခြင်ထောင်ရှေ့ မိုးတိုးမိုက်တိုက် မီးရောင်ထဲတွင် ခပ်ကိုင်းကိုင်း ကိုယ်ကာယကို ယိမ်းထိုး၍ စလောင်းဖုံးကို စကောဝိုင်း လှည့်နေပုံမှာ ခပ်လှမ်း လှမ်းမှ မြင်ရသော ကျွန်တော့်အဖို့ လူနှင့်မတူ။ ငယ်စဉ်က စိတ်ကူးထဲတွင် လည်းကောင်း၊ အိပ်မက်ထဲတွင် လည်းကောင်း တွေ့ဖူးသယောင်ယောင် ရှိသော စုန်းမကြီး၊ ကဝေမကြီးများနှင့်သာ တူလေတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း စိတ်ဝင်စားလာသည်။ ကျည်ကျည်လောင်လောင် ငိုနေ သော ကလေး၏ အသံပင် မည်သည့်အခါက ရပ်စဲသွားသည်ကို သတိမထား လိုက်မိ။ အဒေါ်ကြီး ထွက်ခွာလာသောအခါ သူ၏ ရီဝေသော ကိုယ်ရိပ်သည် သူ့နောက်က လိုက်လာသည်၊၊ ကဲလားကို ဖွင့်၍ အပြင်ဘက် မိုးရွာထဲသို့ ထွက်သွားသောအခါ သူ့ကိုယ်ရိပ်မည်းကြီးသည် ရှေ့က ခေါင်းဆောင်သွား

လေသည်။ စကားစိမ်းပင်ရင်းသို့ ရောက်သောအခါ စလောင်းဖုံးကို မြေပေါ်တွင် ချ၍ 'ကဲ စားကြ စားကြ၊ သူများ သားသမီးကို မဖမ်းနဲ့ မဆီးနဲ့၊ မိမွေးတိုင်း ဖမွေးတိုင်း ရှိပစေ'ဟု ဆိုကာ ပြန်လာသည်။ အိမ်တံစက်မြိတ်အဝင်သို့ ရောက်သောအခါ အဒေါ်ကြီးသည် အိမ်အတွင်းသို့ လှမ်း၍ 'ကျွတ်ပြီလား၊ လွတ်ပြီလား'ဟု မေးလိုက်သည်။ အငိုတိတ်သွားသော ကလေးကို ချီ၍ ဝမ်းသာနေသော မသန်းက 'လွတ်ပြီ၊ ကျွတ်ပြီ'ဟု ပြန်ဖြေလိုက်သည်။ မိုးရေခါကာ အဒေါ်ကြီး ပြန်ဝင်လာ၏။

လူကလေးသည် အငိုတိတ်ရုံမျှမက မျက်စိကျယ်ကာ စကားများနေလေပြီ။ သူ့အမေ ထဘီကို ဆွဲ၍ တကောက်ကောက် လိုက်နေလေပြီ။

'ကဲ မီးဖိုထဲ ဝင်ကြဦးစို့'

ကျွန်တော်လည်း ပလိုင်းထဲက ပစ္စည်းများကို ကြည့်လို၍ ဝင်လိုက်သွားသည်။ ဒေါ်ပွနေသော မောင်တုတ်မှာ ယခုမှ သက်ပြင်းကို မှုတ်ထုတ်၍ ပလိုင်းကို အင်တုံထဲသို့ မှောက်ချလိုက်သည်။ ဖားကလေးတွေ ဝမ်းဖြူဖြူ ပေါင်ကားကားနှင့်။

'အမေ ဖားကြီးတွေနော်၊ ဖေဖေ ကောက်လာသလား'

မောင်တုတ်ကား သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ဖြစ်သော်လည်း လုံးဝ ကျေနပ်ပုံ မရသေး။ သူ၏ ရင်တွင်း မလင်းပုံကို သူ့မျက်နှာတွင် မြင်နိုင်သည်။

'ခဲခဲယဉ်းယဉ်း အသက်မွေးနေရတဲ့အထဲ ဒီ မကောင်းဆိုးဝါးတွေကလည်း တစ်မှောင့်ပဲကွာ'

လူကလေးကား ဖားပေါင်ကားကားကလေးတွေကို တစ်ကောင်ပြီး တစ်ကောင် ဆွဲမြှောက်ကာ မီးရောင်ထဲတွင် ဘယ်ပြန်ညာပြန် ကြည့်နေလေသည်။

[ သွေးသောက်၊ ဩဂုတ် ၁၉၅၁ ]

## ကိုရင်ဒုံးဗေ သရဲပူးတုန်းက

သူ့နာမည်မှာ ဒုံးဗေ ဖြစ်ပါသည်။ စာဖတ်သူက ထင်လိမ့်မည်။ ဤအမည်ကို ကျွန်တော် ထွင်သည်လို့ ထင်လိမ့်မည်။ မဟုတ်ပါ။ ဒုံးဗေ ဆိုသည်မှာ တကယ့်ကို သူ၏ နာမည် ဖြစ်ပါသည်။

ဒုံးဗေသည် အမည်နှင့် လိုက်အောင် ဉာဏ်တုံး၏။ လူကလည်း အလွန်ပေပါသည်။ သူ၏ ပုံသဏ္ဍာန်ကို ကြည့်ပါဦး။ တုတ်တုတ်ခိုင်ခိုင်၊ ပုပုကွကွ။ သူ၏ ခေါင်းခွံပေါ်၌ ဒက်ချေးများမှာ ပွေးကွက်ထနေသည်။ သူ၏ နေလောင်၍ ညိုမည်းသော အသားကို အကြေးအညှော်တို့က ထပ်ဆင့်ကာ ညစ်ထည်းသော အသွေးကို ပေးလျက် ရှိသည်။ သူ၏ ခိုင်မာသော မျက်နှာပေါ်တွင် အပြုံးကိုလည်း မတွေ့ရ။ အမဲ့ကိုလည်း မမြင်ရ။ သူ့မျက်နှာကို ကြည့်၍ "ဒုံးဗေတစ်ယောက် ပျော်နေတယ်ဟေ့"ဟု မပြောနိုင်သကဲ့သို့ပင် "စိတ်ညစ်နေတယ်ဟေ့"ဟုလည်း မပြောနိုင်။

သူ၏ ဉာဏ်အရာကို ကြည့်ကြဦးစို့။ သူနှင့် ကျွန်တော်မှာ အတန်းတူ ဖြစ်သည်။ အတန်းတူ ဆိုသော်လည်း စာဖတ်သူ နားလည်လွယ်အောင်သာ ပြောရခြင်း ဖြစ်ပါသည်။ အမှန်မှာ ကျွန်တော်တို့ကျောင်းမှာ ပထမတန်း၊ ဒုတိယတန်း စသည်ဖြင့် အတန်းမရှိ။ ကျက်မှတ်ရသော စာ တူသည်ကိုသာ စွဲ၍ အတန်းတူ ဟု ပြောလိုက်ရသည်။ ကကြီး၊ ကခွေးနှင့် ကကြီးရေက စသည်တို့ကို ကျွန်တော်တို့ အတူတူပင် ကျက်ခဲ့ကြသည်။ သို့ပါသော်လည်း ကကြီးရေ ကသတ်ကက်သို့ ရောက်သောအခါ ဒုံးဗေ ကျန်ရစ်ခဲ့သည်။

ရိုက်သင်၍သာ စာတတ်မည် ဆိုလျှင် ဒုံးဗေ ပို၍ကွတ်အိုး ကွဲရာ၏။ ဆရာလုပ်သူ ကိုရင်ကြီး၏ ဝါးခြမ်း ကျိုးပေါင်း များပြီ။ လက်နှစ်ဖက်နှင့်

ရင်ဘတ်ပေါ်တွင် ကြက်ခြေခတ်၍ နားရွက်ကို ဆွဲပြီးလျှင် ထိုင်လိုက် ထလိုက် လုပ်ရလွန်းသဖြင့် ဒုံးဗေသည် ထန်းတက်သမား ဘဝကို အခက်အခဲ မရှိဘဲ ယူနိုင်လောက်ပြီ။

တစ်ဖန် အကယ်၍သာ ဉာဏ်ထိုင်းသူအတွက် သင့်လျော်သော ဖတ်စာ၊ ကျွမ်းကျင်သော ဆရာ၊ ထက်သန်သော စေတနာများ ရှိပါမူ ဒုံးဗေသည် မောင်သင့်တင့် ဘဝသို့ ရောက်နိုင်ရာ၏။ သို့သော် ငါ့အခွင့်အရေး ကိုသာ တဖူးဖူးမှုတ်၍ သူ့အခွင့်အရေးကိုမူ မသိတတ်သော ကျွန်တော်တို့ ၏ အရပ်တွင်ကား ဒုံးဗေမှာ ဒုံးဗေ အဖြစ်နှင့် သာလျှင် သံသရာ လည်ရ ရှာလေသည်။

ဆွမ်းဒကာ၊ ကွမ်းဒကာ၊ ကျောင်းဒကာ၊ ကျောင်းအမများက ဒုံးဗေ ကို ဒက်ချေးဟု ရှုံ့ကြ၏။ ဆရာကလည်း ဒုံးဗေကို ဉာဏ်ထိုင်း၍ မုန်း၏။ ကျွန်တော်တို့ ကျောင်းသား အချင်းချင်းကား ဒုံးဗေကို ခင်ကြသည်။ ဒုံးဗေ သည် ဆဲမနာ ဆိုမနာ ဖြစ်၏။ ထုမနာ ရိုက်မနာ ဖြစ်၏။ ထို့ပြင် ဒုံးဗေသည် ကျွန်တော်တို့၏ ခိုင်းဖတ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်တို့ သည် တစ်လုံးရလျှင် ဒုံးဗေနှင့် တစ်ခြမ်းစီ ခွဲ၍ စားကြသည်။ တစ်ခြမ်းရလျှင် တစ်စိတ်စီ စိတ်၍ စားကြသည်။ ဒုံးဗေကား ကျွန်တော်တို့၏ ရဲဘော်ကြီး ပေတည်း။

ကိုရင် ဝတ်သောအခါ ကျွန်တော်တို့ ရဲဘော် လေး ငါးယောက်မှာ တိုက်ကျောင်းကလေးတွင် နေကြရသည်။ ကိုရင်ကြီး ပဏ္ဍိတ၊ ကိုရင်သြဘာ၊ ကိုရင်သိန်းမောင်၊ ကိုရင်ဒုံးဗေနှင့် ကျွန်တော် ဖြစ်ပါသည်။ ကျွန်တော်တို့ ကို ဦးပဥ္စင်း ဦးစက္ကိန်က အုပ်ချုပ်ပါသည်။ ဦးပဥ္စင်းကြီးနှင့် နေရသည်မှာ ကျွန်တော်တို့ အလွန် ချမ်းသာသည်။ ဦးပဥ္စင်းကြီးသည် စာလည်း မတတ်၊ မာနလည်း မကြီး၊ သဘောလည်း ကောင်းသည်။ ရယ်စရာ မောစရာ ပြော တတ်သည်။ ဆုံးမစရာ ရှိသောအခါ ရယ်စရာ [illegible]တစ ပြော၍သာ ဆုံးမသည်။ ရိုက်လေ့ ရိုက်ထ မရှိ။

ဝါတွင်းအချိန် တစ်ခုသော ညဦး၌ ကျွန်တော်တို့ တစ်စုသည် ဦးပဥ္စင်းကြီး ဝတ္ထုပြောသည်ကို နားထောင်နေကြသည်။ ဦးပဥ္စင်းကြီးသည် နိပါတ်များကို အများဆုံး ပြောလေ့ရှိသော်လည်း တောထွက်ကြီးဖြစ်သဖြင့် လူ့ဘဝက အတွေ့အကြုံများကိုလည်း သိစရာ မှတ်စရာ၊ ရယ်စရာ မောစရာ အဖြစ်ဖြင့် ပြောပြလေ့ ရှိသည်။ ထိုသို့ပြောနေခိုက် ကျွန်တော်တို့မှာ ဦးပဥ္စင်းကြီးကို အလှည့်ကျ တံတောင်နှင့် ကြိတ်ပေးကြရသည်။

'တို့ကလည်း လချောင်ကလေးအောက်မှာ ရေတက်နဲ့ လိုက်လာတာကိုကွ။ ချောင်းကလေးက ခပ်ကျဉ်းကျဉ်းပဲ။ ကမ်းပါးကို လှော်တက်နဲ့ လှမ်းရိုက်ရင် ထိတော့ မလောက်ပဲ။ အချိန်က လူခြေတိတ်လောက်ပေါ့။ လှေပေါ်မှာ တချို့လည်း တသမ်းသမ်း တဝေဝေနဲ့ ငိုက်ကုန်ကြပြီ။ ပဲ့က လူကသာ လှေကို ဖြောင့်ပေးပြီး ရေစီးနဲ့ လိုက်လာကြတာ။ ချောင်းကွေ့ကလေးနား ရောက်တော့ "ဟော့ ဟိုတစ်ဖက်ဆီက ဖန်းခနဲ ဖန်းခနဲ ရေပက်တဲ့ အသံမျိုးကို ကြားရတယ်။ ရွာနဲ့လည်း အဝေးကြီး၊ လူခြေလည်း တိတ်နေပြီ။ ဘာသံပါလိမ့်"လို့ တစ်ယောက်က ပြောလိုက်ရင်ပဲ တို့တစ်တွေမှာ ကြက်သီးဖြန်းခနဲ ထပြီး မျက်လုံးတွေလည်း ကျယ်ကုန်ကြတော့တယ်။ အဲဒီလို တစ်ယောက်တစ်ခွန်း ပြောရင်းနဲ့ ကွေ့ထဲကိုလည်း ရောက်ရော လား လား သရဲကြီးတစ်ကောင်ဟာဟော့၊ ဟိုဘက်ကမ်းက လမုပင်မှာ ခြေကို တွဲရရွဲချိတ်၊ သည်ဘက်ကမ်းက လမုပင်မှာ လက်ကို တန်းလန်းကိုင်ပြီး နားရွက်ကြီးနဲ့ ချောင်းထဲမှာ ငါးပက်နေတာကိုးကွ။ မျက်လုံးတွေက ဆိုတာလည်း'ဟု မျက်လုံးဒို့ကာ ဖွင့်ခါနီးတွင် ဆွမ်းစားကျောင်းဆီမှ ဝတ်တက် ကလတက် ခေါက်သံကို ကြားရပါသည်။

ဦးပဥ္စင်းကြီးသည် ပြောလက်စကို ဖြတ်၍ ထထိုင်ပြီးလျှင် သင်္ကန်းကို ပခုံးပေါ်သို့ ပင့်တင်လိုက်သည်။ ကျွန်တော်တို့လည်း တစ်ယောက်နှင့် တစ်ယောက် တိုးဖွေ့ကာ ဦးပဥ္စင်းကြီးနားသို့ ကပ်၍ ကြိတ်စည်ကြသည်။ ဒုံးဗေမှာကား ကြမ်းပေါ်တွင် ကားရားကြီး အိပ်ပျော်လျက်။

'ဟော့ နှိုးလိုက်ပါကွ'ဟု ဦးပဥ္စင်းကြီးက ပြောသဖြင့် ကျွန်တော်တို့က လှုပ်၍ နှိုးကြသည်။ ဒုံးဗေကား မလှုပ်။ ထူကြ မ ကြသည်။ ထူခိုက် မ ခိုက်သာ ဒုံးဗေ ခေါင်းငိုက်စိုက်နှင့် ကိုယ်ထောင်လာသည်။ လွှတ်လိုက်သော အခါ ပြန်လဲကျသွား၏။ ဦးပဥ္စင်းကြီး လှေကားသို့ ရောက်ပြီ။ ကျွန်တော်တို့ က ဒုံးဗေကို နှိုး၍ မရသေး။ 'ဆွဲခဲ့ကွာ'ဟု ကိုရင် ပဏ္ဍိတက ပြောသည်။ ကျွန်တော်တို့ ဒုံးဗေ လက်ကိုကိုင်၍ တရွတ်ဆွဲကြသည်။ လှေကားပေါက်သို့ ရောက်သော်လည်း ဒုံးဗေ မနိုး။ 'ခြေမျက်စိပေါ်ကို ဖယောင်းစက်ချကွာ'ဟု တစ်ယောက်က အကြံပေးသည်။ ဖယောင်းစက် ချ၍လည်း ဒုံးဗေ မနိုး။ ဒုံးဗေတော့ ဘုန်းကြီး အရိုက်ခံရတော့မှာပဲဟု ညည်းညူကာ ကျွန်တော်တို့ တစ်စု ဦးပဥ္စင်းကြီးကို အမီ ပြေးလိုက်သွားကြသည်။ လက်ထဲက ဖယောင်း တိုင်ကလေးမှာ မှိတ်တုတ် မှိတ်တုတ်နှင့် ငြိမ်းသွားတော့ မလို။

ဘုရားရှိခိုး ဝတ်တက်ပြီးသောအခါ ကျွန်တော်တို့ တိုက်ကျောင်းသို့ ပြန်ခဲ့သည်။ လှေကားပေါက်၌ ဒုံးဗေ တုံးလုံးကြီး အိပ်ပျော်လျက်ပင်။ တစ်ဖန် အိပ်ရာဆီသို့ သူ့ကို ကျွန်တော်တို့ တရွတ်ဆွဲ သွားကြပြန်သည်။ သူက ဆွဲထူ၊ ငါက ဆွဲထူနှင့် ခဏကြာသောအခါ ဒုံးဗေသည် မျက်စိကို မမှိတ် မဖွင့် လုပ်၍ ငိုပါတော့သည်။ 'ခက်ရချေရဲ့၊ ဘာဖြစ်ပါလိမ့်'ဦးပဥ္စင်းကြီးသည် ဒုံးဗေ အနားသို့ လာကြည့်သည်။ 'ဒုံးဗေ ဘာဖြစ်သလဲ'ဟု မေးသောအခါ ပို၍ ငိုပြန်တော့သည်။ ထိုအခါကျမှ ဦးပဥ္စင်းကြီးက 'ဒုံးဗေ သရဲပူးနေပြီဟေ့' ဟု ပြောလိုက်ရာ ကျွန်တော်တို့မှာ နေစရာ မရှိတော့ပြီ။ "မျက်လုံးကြီးတွေက ဆိုတာလည်း" ဆိုသော ဦးပဥ္စင်းကြီး၏ စကားကို သတိရ၍ ဒုံးဗေ့ မျက်စိ ကို ကျွန်တော်တို့ မကြည့်ဝံ့တော့။ ဒုံးဗေ နားရွက်ကြီး ချောင်းထဲမှာ ရေပက် နိုင်လောက်အောင် ကြီးလာမလား ဟုလည်း တစေ့တစောင်း ကြည့်မိသည်။

'ကိုရင်ပဏ္ဍိတ ဆရာတော်ကို သွားလျှောက်ချေ'ဟု ဦးပဥ္စင်းကြီးက ခိုင်းလိုက်သောအခါ ကိုရင်ကြီး မျက်စိ ဝိုင်းသွားတော့သည်။ သူတစ်ယောက် တည်း ဆရာတော့်ကျောင်းသို့ မန်ကျည်းပင်ကြီးအောက်က ဖြတ်၍ မသွားရဲ။

မတော်တဆ သရဲ နားရွက်ကြီးကို တွေ့ရလျှင် သူ့ လိပ်ပြာ လွင့်ရတော့မည်။ ထို့ကြောင့် ကျွန်တော်တို့လည်း သူနှင့် အဖော်လိုက်သွားရသည်။ ဒုံးဗေကား ငိုလျက် ကျန်ရစ်၏။

ဆရာတော်လည်း ကြိမ်လုံးကို ဆွဲ၍ စိပ်ပုတီးကို ကိုင်ကာ ဦးပဥ္စင်းငယ် နှစ်ပါးနှင့် လိုက်ခဲ့သည်။ ဒုံးဗေသည် ဆရာတော်ကို မြင်သောအခါ ပြင်၍လည်း မထိုင်၊ ဦးလည်း မချ၊ ခုခံလိုသော မျက်နှာထားနှင့်သာ ရင်ထဲက တဟီးဟီး မြည်လာသည်။ သူ၏ ကိုယ်မှာ မြောက်၍ မြောက်၍ နေသည် ဟု ထင်ရသည်။ ထိုအခါ ဦးပဥ္စင်းနှစ်ပါးက တစ်ဖက်တစ်ပါးစီ သူ့ပခုံးကို ကိုင်ကြသည်။ ဒုံးဗေသည် မျက်လုံးကို ကြောက်စရာကြီး လှန်ကြည့်၍ ထိုင်ရာမှ ရုန်းကန်လိုက်ရာ ဦးပဥ္စင်းနှစ်ပါး အတော်ကလေး လွင့်သွားတော့သည်။ ထိုအခါ ဆရာတော်က ဂ္ဂန္ထြကြီးစွာနှင့် တစ်ဖက်က ကြိမ်လုံး၊ တစ်ဖက်က စိပ်ပုတီးကိုင်၍ အနားသို့ ကပ်ပြီးလျှင် 'ငါ မေတ္တာနဲ့ မေးမယ်၊ မှန်မှန်ဖြေ၊ နင် ဘယ်သူလဲ' ဟု မေးလေသည်။ ဒုံးဗေ ငြိမ်ကျသွား၏။ ဘာမှ ပြန်မဖြေ။ နောက်တစ်ကြိမ် မေးပြန်သည်။ ပြန်၍ မဖြေ။ ဆရာတော်က အမှတ်တမဲ့ စိပ်ပုတီးနှင့် ဒုံးဗေကို စွပ်လိုက်ပြီးမှ မေးမြန်းသောအခါ ညှိုးငယ်သော မျက်နှာထားနှင့် 'တပည့်တော် အမည်ကို မပြောပါရစေနဲ့' ဟု လျှောက်လေသည်။ သည်တစ်ခါသာလျှင် ဒုံးဗေ၏ မျက်နှာထား ပြောင်းပုံကို ကျွန်တော်တို့ တွေ့ရဖူးသည်။

'ကဲ အမည်ကို မပြောချင်နေ၊ ဘယ်က လိုက်လာသလဲ'

'ရင်ကမ်းပင်ကြီးက လိုက်လာပါတယ်'

'ဘယ် ရင်ကမ်းပင်ကြီးလဲ၊ ဖိုးချမ်းသာ လမ်းချိုးထဲက ရင်ကမ်းပင်ကြီးလား'

'မှန်ပါတယ်'

'နင် ရင်ကမ်းပင်ကြီးမှာ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

'လေး ငါး လပဲ ရှိပါသေးတယ်'

'နင် ယောက်ျားလား၊ မိန်းမလား'

'ယောက်ျားပါ'

'အင်း.... ငါ သိပြီ၊ မင်းက မပြောစေချင်လည်း မပြောပါဘူး။ ဒါပေမဲ့ ဒီကို မင်း ဘယ့်နှယ် ရောက်လာသလဲ'

'ကောင်ကလေးတစ်ယောက်နဲ့ လိုက်လာပါတယ်။ ခေါင်းတုံးကလေးနဲ့ ကောင်ပုကလေးတစ်ယောက် အထုပ်ကလေး ထမ်းပြီး လာတာကို တွေ့တာနဲ့ လိုက်လာပါတယ်'

ထိုအခါ ဆရာတော်လည်း ကျွန်တော်တို့ဘက်သို့ လှည့်၍ ကြည့်သည်။ ကျွန်တော်လည်း ရုတ်တရက်တော့ ထိုကောင်ကလေး ဆိုသည်ကို မစဉ်းစားတတ်ပါ။ ကိုရင်ဩဘာက ဖြတ်ခနဲ 'တင်လှပေါ့၊ ညနေက တပည့်တော် အိမ်က သူ ထန်းလျက်ထုပ် ယူလာတယ်။ ဟုတ်ပါတယ် ဘုရား၊ တင်လှဟာ ခေါင်းတုံးနဲ့ပဲ' ဟု ပြောသော အခါကျမှ ကျွန်တော်တို့အားလုံး အာမဘာဋ္ဌေ လိုက်ကြသည်။

ဆရာတော်သည် တစ်ဖန် ဒုံးဗေဘက်သို့ လှည့်၍ 'ဘာကြောင့် လိုက်လာရတာလဲ' ဟု မေးပြန်သည်။

'စားချင် သောက်ချင်လို့ပါပဲ ဘုရား'

'တို့ကျောင်းမှာ ဘာစားစရာ ရှိမလဲ။ ထန်းလျက်ပဲ ရှိချင်ရှိမယ်၊ ရှိကြသေးသလား'

ကျွန်တော်တို့လည်း ထန်းလျက်ကို စောစောကပင် မလောက်မငန့် ဝေငှစားပြီး ကြလေပြီ။

'ကဲ.... ကဲ တို့မှာ ကျွေးစရာတော့ မရှိဘူး၊ မင်း အေးအေးပဲ ပြန်ပေတော့'

'တင်ပါ့ဘုရား၊ ပြန်ပါ့မယ်'

သို့သော်လည်း ဒုံးဗေသည် ခေါင်းငိုက်စိုက်နှင့် ဖက်ကျိုးလျက်သာ ရှိသေးသည်။ သရဲ ထွက်သွားပုံ မရသေး။

'ဟဲ့ ထွက်တော့လေ'

'တင်ပါ့၊ မထွက်နိုင်ပါဘူး ဘုရား'

ထိုအခါကျမှ ဆရာတော်လည်း သတိရကာ စိပ်ပုတီးကို ချွတ်လိုက်သည်။ ဒုံးဗေ နိုးလာပြီ။ ခေါင်းထောင်၍ မော့ကြည့်သည်။ သို့သော်လည်း သူ၏ အမူအရာမှာ ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန်သော ကြက်ကဲ့သို့ ဆိုသလို ဖြစ်နေ၍ ကပျာကသီ ဆောင့်ကြောင့်ထိုင်ကာ ဆရာတော်ကို ဦးချလေသည်။ သူ၏ မျက်နှာထားကား အခါတိုင်းကဲ့သို့ပင် မမဲ့ မပြုံး။ ဆရာတော် ပြန်သွားသောအခါ ဗုန်းခနဲ လှဲချ၍ တုံးကဲ့သို့ အိပ်ပြန်သည်။ ကျွန်တော်တို့ တစ်တွေမှာသာလျှင် တစ်ညလုံး မအိပ်နိုင်ဘဲ ကြမ်းပိုးဖမ်းတမ်း ကစားရင်း မိုးလင်းရပါတော့သည်။

[ သွေးသောက်၊ ဇူလိုင် ၁၉၅၁ ]

# မင်းသုဝဏ်

## ဘာသာပြန် ဝတ္ထုတိုများ



## ပေလဂေယ

**ပေလဂေယ**သည် စာမတတ်သော မိန်းမတစ်ယောက် ဖြစ်၏။ ကိုယ့်အမည်ကိုပင် မရေးတတ်ပေ။

သို့သော်လည်း ပေလဂေယ၏ လင်ယောကျ်ားမှာ ဩဇာရှိသော ဆိုဗီယက် အရာရှိကြီးတစ်ဦး ဖြစ်သည်။ ကျေးတောဓာတ် အညတရ အမျိုးမှ ပေါက်ဖွားလာသူပင် ဖြစ်သော်လည်း မြို့တွင် နေခဲ့သမျှ ငါးနှစ်အတွင်း၌ သိသင့်သမျှ အရာအသီးသီးတို့ကို တတ်သိလာလေသည်။ သူ မတတ် မသိသော အရာကို နတ်များ၊ သိကြားများသာ သိလေတော့မည်။

ၚင်းပြင် သူ၏ ဇနီးသည် စာမတတ် ပေမတတ် အနွကြီး ဖြစ်နေသည့် အတွက် များစွာ ရှက်မိလေသည်။

'ပေလဂေယ ယုသျှက၊ မင်းသာ စာရေးတတ်ရင် အယုတ်ဆုံး ပြောကြပါစို့ကွယ်။ တို့ရဲ့ မိရိုးဖလာ အမည်လောက်ကိုပဲ လက်မှတ် ထိုးတတ်တယ် ဆိုရင် အင်မတန် ကောင်းမှာပဲ။ အင်မတန် လွယ်တဲ့ အမည်ပါ။ စာလုံး နှစ်လုံးထဲရယ်။ ကွတ်ကင်ဆိုရင် ပြီးတာပဲ။ အဲဒါလောက်ကိုတောင် မရေးတတ်တော့ ရှက်စရာ ကောင်းလှတယ်ကွယ်'ဟု ပေလဂေယအား ယောကျ်ားဖြစ်သူက ပြောပြတတ်လေသည်။

သို့သော်လည်း ပေလဂေယကမူ ရှောင်တိမ်း၍ ဤသို့ ပြန်ဖြေလေ့ရှိသည်။ 'စာမတတ်လို့လည်း ကျွန်မအတွက် မထူးပါဘူး အိဗန်နိကို လယ်ဝစ်ရယ်။ ဒီလိုနဲ့လည်း နေလို့ အဖြစ်သားပဲ။ စာရေးဖို့ဆိုရင် ကျွန်မ လက်တွေကို ချိုးလို့ မရပါဘူး။ နောက်ပြီးတော့လည်း ကျွန်မရဲ့ အရွယ်ကြီး

ကျခါမှ ဘယ်လိုစာမျိုးကို စ သင်ပြီး ဘယ်စာလုံးကို ရေးရမှာတဲ့လဲလို့။ ငယ်ရွယ်တဲ့ သူတွေကိုသာ သင်ကြားပေးပါ။ ကျွန်မတို့တော့ ဒီလိုနဲ့ပဲ အေးအေး ဆေးဆေး နေထိုင်သွားနိုင်ပါပြီ'

ပေလဂေယ၏ လင်ယောကျ်ားသည် အလွန်အလုပ်များသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသောကြောင့် သူ့ဇနီးသည်အတွက် အချိန်များစွာ အကုန်မခံနိုင်ပေ။ ထို့ကြောင့် ဦးခေါင်းကို ညိတ်၍ 'ဪ ပေလဂေယ၊ ပေလဂေယ .... ရိုးလှချည့်' ဟုသာ ပြောတတ်လေသည်။

သို့ပင်ဖြစ်သော်လည်း တစ်နေ့သောအခါ အိဗန်နိုကို လယ်ဝစ်သည် အထူးတလည် ရေးသားထားသော စာအုပ်တစ်အုပ်ကို အိမ်သို့ ယူလာလေသည်။

'ဒီမှာ ကြည့်စမ်းပါဦး ပေလရဲ့။ နောက်ဆုံးပေါ် နည်းစနစ်များအရ စီစဉ် ရေးသားထားတဲ့ ဆရာလွတ် ဖတ်စာအုပ်ကလေးရယ်၊ ကျုပ်ကိုယ်တိုင် ကူညီပြီး ညွှန်ပြ သင်ကြားပေးမှာပေါ့' ဟု ပြောလေ၏။

ထိုအခါ ပေလဂေယသည် အသာအယာ ပြုံးရုံမျှ ပြုံး၍ ဖတ်စာအုပ်ကို လှမ်းယူပြီးလျှင် ဟိုဘက်သည်ဘက် လှည့်ကြည့်ပြီးနောက် ပန်းကန်စင်ပေါ်တွင် ထိုးထားလိုက်လေ၏။ ဤစာအုပ်သည် နောင်လာနောက်သားများအတွက် တစ်နေ့တွင် အသုံးကျကောင်း ကျပေလိမ့်မည်။ ထို့ကြောင့် ပန်းကန်စင်ပေါ်တွင် ငြိမ်ငြိမ် နေပေဦးတော့ဟု စိတ်ထဲတွင် ပြောဆိုမိလေ၏။

တစ်နေ့သောအခါ ပေလဂေယသည် အပ်ချုပ်နေ၏။ အိဗန်နိုကို လယ်ဝစ်၏ အင်္ကျီကို ဖာရန် ရှိ၏။ အင်္ကျီလက်သည် စုတ်ပြဲလျက် ရှိလေသည်။

ပေလဂေယသည် စားပွဲတွင် ထိုင်၏။ အပ်ကို နဖားထိုး၏။ အင်္ကျီ အနားပတ်များကို စမ်းသပ်ကြည့်၏။ စက္ကူညသံကို ကြားရလေသည်။

"ငွေစက္ကူများ ဖြစ်လေရော့သလား" ဟု ပေလဂေယ တွေးထင်မိ၏။ ကြည့်သောအခါ စာတစ်စောင်ကို တွေ့ရ၏။ အလွန်လှပ စင်ကြယ်သော

စာအိတ်ပေါ်တွင် သွယ်နွဲ့သော လက်ရေးကို တွေ့လေသည်။ စာရေးစက္ကူမှာလည်း ရေမွှေးနံ့လိုလို မွှေးထုံလျက် ရှိလေသည်။ ပေလဂေယ၏ နှလုံးသွေးမှာ ရပ်သွားလေတော့သည်။

"အိဗန်နီကိုလယ်ဝစ်ဟာ ငါ့ကို လှည့်စားနေလေရော့သလား။ ကလပ်ပျံ မိန်းမတွေနဲ့ စာပေးစာယူ လုပ်နေပြီး ငါ့ကို စာမတတ်တဲ့ အနွမို့ သရော်နေရော့သလား"ဟု တွေးထင်မိလေသည်။

ပေလဂေယသည် စာအိတ်ကို ကြည့်၏။ စာကို ထုတ်၍ ဖွင့်၏။ သို့သော်လည်း စာမတတ်သောကြောင့် ခေါင်း အမြီး မခွဲတတ်၊ နားမလည် ဖြစ်လေတော့သည်။

စာမတတ်သည့်အတွက် ဤအခါတွင်မှ ပထမဦးစွာ ဝမ်းနည်းမိလေတော့သည်။

"ဒီစာဟာ ငါ့စာ မဟုတ်ပေမဲ့ ဘာစာလဲ ဆိုတာကိုတော့ သိအောင် လုပ်ရမှာပဲ။ ဒီစာထဲမှာ ပါတဲ့ အကြောင်းအရာတွေဟာ ငါ့ဘဝကို ပြောင်းလဲစေလိမ့်မယ် ထင်ပါရဲ့။ ကိုယ့်ကျေးတောကိုပဲ ပြန်ပြီး ယာထဲမှာ အလုပ်လုပ်နေရတာ ကောင်းလိမ့်မယ် ထင်ပါရဲ့"ဟု တွေးတောနေမိလေ၏။

ထို့နောက် ပေလဂေယသည် ရှိုက်ကြီးတငင် ငိုလေ၏။ မကြာသေးမီ အတွင်းတွင် မိမိ၏ ယောက်ျားသည် အမူအရာ တစ်မျိုး ပြောင်းနေသည်ဟု ထင်မိလာ၏။ နှုတ်ခမ်းမွေး တသသနှင့် ကိုယ်ဟန်တပြင်ပြင် လုပ်နေသည်ဟု ထင်မိ၏။

ထို့ကြောင့် ပေလဂေယသည် စာကို ကြည့်၍ နွားမကြီးကဲ့သို့ အော်ပြီးလျှင် ထိုင်နေလေ၏။ ဖတ်လည်း မဖတ်တတ်။ သူတစ်ထူးကို ပြ၍ အဖတ်ခိုင်းရမှာလည်း ရှက်နေလေ၏။ ခဏမျှ ကြာသောအခါ ပေလဂေယသည် စာကို ပန်းကန်စင်တွင် ထားလိုက်၍ အင်္ကျီကို ဆက်လက်ဖာထေးပြီးနောက် အိဗန်နီကို လယ်ဝစ်ကို စောင့်မျှော်နေလေ၏။ သူပြန်လာသောအခါ ပေလဂေယသည် ဟန်မပျက်အောင် ကြန့်ဆောင်၍ ချိုသာအေးမြစွာ

စကားပြောပေ၏။ ထိုမျှမကသေး၊ စာမတတ်သော အနေအထားဝတွင် မနေချင်တော့၍ စာသင်လိုစိတ် ရှိလာကြောင်းကိုပင် အရိပ်အမြွက် ပြောပြလေ၏။

ထိုစကားကို ကြားသောအခါ အီဗန်နီကိုလယ်ဝစ်သည် များစွာဝမ်းသာ၏။ 'အမယ်လေး အံ့ဩစရာ ကောင်းပါဘိတော့၊ ကျုပ်ကိုယ်တိုင်ကူညီ သင်ကြားပေးမှာပေါ့'ဟုလည်း ပြောလေ၏။

'ဒါဖြင့် ကောင်းတာပေါ့၊ ကူညီပါ'ဟု ပေလဂေယက ပြောလေ၏။

ထို့နောက် ပေလဂေယသည် အီဗန်နီကိုလယ်ဝစ်၏ သပ်ရပ်စွာပြုပြင်ထားသော နှုတ်ခမ်းမွေးကို စိုက်ကြည့်နေမိ၏။

နှစ်လတိတိပင် ပေလဂေယသည် စာဖတ်သင်လေ၏။ စိတ်ရှည်စွာနှင့် တစ်လုံးစီ တစ်လုံးစီ ပေါင်းဖတ်၍၊ အချို့ဝါကျများကို အလွတ်ပင်ကျက်လေ၏။ ညနေတိုင်းလည်း ပန်းကန်စင်တွင် ဝှက်ထားသော အဖိုးတန်စာကလေးကို ယူ၍ စာတွင်ပါသည့် ဆန်းကြယ်သော အနက်အဓိပ္ပာယ်များကို နားလည်အောင် ဖတ်ဖို့ရန် အားထုတ်လေ၏။

သို့သော်လည်း လွယ်ကူသောကိစ္စ မဟုတ်ပေ။

သုံးလရာသီသို့ ရောက်ခါမှ စာဖတ်တတ်သော သိပ္ပံပညာကြီးကို နိုင်နင်းလာလေတော့သည်။

တစ်ခုသော နံနက်အချိန်၌ အီဗန်နီကိုလယ်ဝစ်သည် အလုပ်သို့ ထွက်သွားသောအခါ ပေလဂေယသည် ပန်းကန်စင်ထဲမှ စာကိုထုတ်၍ ဖတ်လေ၏။

ခက်ခဲစွာနှင့်သာလျှင် သွယ်နွဲ့သော လက်ရေးစာလုံးတို့ကို ဖတ်နိုင်လေ၏။ နမ်းနိုင်မှ အနံ့ရသော ရေမွှေးနံ့ကလေးကလည်း မဖတ်ချင် ဖတ်ချင်အောင် အားပေးတိုက်တွန်းလျက် ရှိလေသည်။

စာကို အီဗန်နီကို လယ်ဝစ်ထံသို့ လိပ်တပ်ထားခဲ့၏။

ပေလဂေယသည် အောက်ပါအတိုင်း ဖတ်ရလေသည်။

"မိတ်ဆွေကြီး ကွတ်ကင်၊ မိတ်ဆွေထံသို့ ကတိပေးထားသော သင်ပုန်းကြီး စာအုပ်ကို ပို့လိုက်ပါသည်။ ဤစာအုပ်၏ အကူအညီဖြင့် မိတ်ဆွေ၏ ဇနီးသည် ၂ လ၊ ၃ လ အတွင်းတွင် စာဖတ်တတ်လာလိမ့်မည်ဟု ထင်ပါသည်။ မိတ်ဆွေကလည်း ကြိုးစားတိုက်တွန်းပါ။ စာမတတ် ပေမတတ်နှင့် အကန်းကဲ့သို့ နေရခြင်းသည် စက်ဆုပ်ဖွယ် ကောင်းကြောင်းကိုလည်း ရှင်းလင်းပြောပြပါ။

ယခုအခါ ကျွန်မတို့သည် ဤသမ္မတနိုင်ငံအတွင်း၌ စာမတတ်သော လူဦးရေကို တတ်နိုင်သမျှ နည်းသွားအောင် အထူးကြိုးစားနေကြပါသည်။ သို့သော်လည်း ကျွန်မတို့နှင့် အနီးဆုံးဖြစ်သော ဆွေမျိုး အနွယ်များကို မေ့နေတတ်ပါသည်။ (ကြိုးစားပါ ချစ်ဆွေကြီး အိဗန်နီကို လယ်ဝစ်)

**မာရီယာဘာလို ဗ်နာ**

ပေလဂေယသည် ဤစာကို နှစ်ခေါက်ဖတ်၏။ ထို့နောက် သူ တစ်ပါး၏ စော်ကားချက်ကို ခံရသကဲ့သို့ သနားစဖွယ် နှုတ်ခမ်းကလေးများကို ကိုက်၍ ရှိုက်ကြီးတငင် ငိုကြွေးလေသတည်း။

(Michail Zoshchenko ၏ Pelageya ကို မြန်မာဆိုသည်)

[ ကြီးပွားရေး၊ ခုနှ် ၁၉၃၅ ]

## အယ်ဒီတာ

ကျုပ်မိန်းမ အသက်ရှင်နေတုန်းကတော့ဖြင့် သမီးကလေး **ပရောဘာ**ကို တယ်ပြီး သတိမထားမိဘူး။ အမှန်ကို ပြောရမှာဖြင့် ကလေးကို ဂရုစိုက်တာထက် ကလေးအမေကို ပိုပြီး ဂရုစိုက်မိတယ်။

သူ့အမေ ရှိတုန်းကတော့ ကျောကလေး သပ်ရုံ၊ ကလေးတို့ဘာဝ တွတ်တီးတွတ်တာ မပီကလာ ပီကလာ ပြောတာကို နားထောင်ရုံ၊ ရယ်ကာ မောကာနဲ့ ပြေးလွှား ကစားနေတာကို ကြည့်ရုံလောက်နဲ့ပဲ ပြီးတာပဲ။ ကျုပ်စိတ်ပါတုန်းလောက်တော့ ကလေးကို ချီပိုးပြီး ထိန်းပါသေးရဲ့။ ကလေးထိန်းလို့ ပျင်းစရာကောင်းတယ် ထင်လာရင်တော့ တစ်ခါတည်း သူ့အမေ လက်ထဲကို ထည့်လိုက်တာပဲ။

ဒါပေမဲ့ ...အမေ မရှိတဲ့ သမီးကို အထူးတလည် ဂရုစိုက်သင့်တယ်လို့ ကျုပ်ကပဲ ထင်မိသလား၊ ဒီလိုမှ မဟုတ်ရင်လည်း မယားမရှိတဲ့ အဖေကို အထူးဂရုစိုက်သင့်တယ်လို့ သမီးကပဲ ထင်မိသလား ဆိုတာကို အသေအချာ မပြောတတ်ပါဘူး။ ဘယ့်နှယ်ပဲဆိုဆို သမီးကလေးကတော့ဖြင့် ခြောက်နှစ် သမီးလောက် ရှိတယ်ဆိုရင်ပဲ အိမ်မှုကိစ္စတွေကို ထိန်းသိမ်းစောင့်ရှောက်စပြုတော့တယ်။ သူ့အဖေကို သူတစ်ယောက်ပဲ အုပ်ထိန်းမယ်ဆိုတဲ့ သဘောကို မွေးမိတယ် ထင်ပါရဲ့။

ကျုပ်ကတော့ စိတ်ထဲမှာ ပြုံးမိတာပေါ့။ ဒါပေမဲ့ ကျုပ်ကိုယ်ကို သူ့လက်ထဲမှာ တစ်ခါတည်း အပ်လိုက်တာပဲ။ ကျုပ် တုန်တုန်ယင်ယင် ချည့်ချည့်နဲ့နဲ့ ဖြစ်ပြီး မလုပ်နိုင် မကိုင်နိုင် ဖြစ်လေ၊ သမီးကလေးက သဘောကျလေပေါ့။ ဘယ်အထိ ဖြစ်သလဲဆိုရင် ကျုပ်အကျႌကို ကျုပ် ထယူတဲ့အခါ၊ ကျုပ်ထီးကို ကျုပ် ထ ရှာတဲ့ အခါမျိုးမှာတောင် သူ့ဂုဏ်ရည်ကို ဖျက်တယ်

ဆိုတဲ့ သဘောမျိုးနဲ့ မျက်နှာမကောင်း ဖြစ်တာပဲ။ သူ့အဖေလောက် ကောင်းတဲ့ ယမင်းရုပ်ကို တစ်ခါဖူးမှ သူ မရဖူးဘူး။ အဖေကို ကျွေးမွေး ပြုစုရမယ်၊ အဝတ်အစား ဆင်ယင်ပေးရမယ်၊ အိပ်ရာမှာ သိပ်ရမယ်ဆိုရင် သူ အပျော်ဆုံးပေါ့။ သူ့ကို ကျုပ်က အပေါင်း အနုတ် အတွက်အချက် ကလေးများ သင်ပေးတဲ့အခါ၊ ပထမတန်း ဖတ်စာကလေးကို သင်ပေးတဲ့ အခါလောက်မှာသာ ကျုပ်ရဲ့ မိဘတို့ ဝတ္တရားကို အသုံးပြုဖို့ အခွင့်ရတော့တာပဲ။

သင့်လျော်တဲ့ သတို့သား တစ်ယောက်ယောက်နဲ့ နေရာချပေးနိုင်လောက်အောင် အသွင်ဥစ္စာ လက်ဖွဲ့ပစ္စည်းများများကို ဘယ်လို ရှာရပါမလဲလို့ တွေးတောမိတဲ့ အခါများ ကျုပ် အင်မတန် စိတ်နှလုံး ပူပန်မိတယ်။ သမီးကို ပညာတော့ဖြင့် ကောင်းကောင်း သင်ပေးတာပဲ။ ဒါပေမဲ့ ပညာမရှိတဲ့ လူမိုက်လက်ထဲကို ရောက်သွားမှဖြင့် ကျုပ်သမီး ဒုက္ခ ရောက်နေရတော့မှာပေါ့။

ဒါကြောင့် ပစ္စည်းရအောင် ရှာမှပဲလို့ စိတ်ကို ဆုံးဖြတ်မိတယ်။ အစိုးရဘက်မှာ အလုပ်ရှာဖို့ကလည်း အသက်က ကြီးပြီ။ သူဌေးတိုက်တွေမှာ အလုပ်ရှာရအောင်ကလည်း ဩဇာမရှိဘူး။ ဒီတော့ စာအုပ်တွေ ရေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဝါးလုံးမှာ အပေါက်ဖောက်လိုက်ရင် ဆီထည့်လို့လည်း မရဘူး။ ရေထည့်လို့လည်း မရဘူး။ ဒါပေမဲ့ ပါးစပ်မှာ တပ်ပြီး မှုတ်လိုက်ရင်တော့ တူရိယာသံ ထွက်လာမှာပေါ့။ ဒီလိုပဲ လူတစ်ယောက်ဟာ တခြားဘက်မှာ အသုံးမကျတော့ဘူးပဲ ဆိုဦးတော့၊ အတင့်အတယ် အဆင့်တန်ဆာ သဖွယ်တော့ အသုံးကျသေးတာပဲ။ အခြားလုပ်ငန်းတွေမှာ ကြီးပွားဖြစ်ထွန်းအောင် မလုပ်နိုင်ပေမဲ့ စာပေလက်ာကိုတော့ဖြင့် ရေးသားနိုင်တာပဲလို့ သိလာတယ်။ အဲဒီလို တွေးပြီး အားတက်လာတယ် ဆိုရင်ပဲ ပြဇာတ်တစ်ခုကို ကောက်ရေးတာပဲ။ ကျုပ်ပြဇာတ်ကို လူတွေက ကောင်းပါပေတယ်လို့ ဩဘာပေးရုံမကဘူး၊ ဇာတ်ခုံပေါ်မှာတောင် တင်ပြီး ကပြကြတယ်။ နာမည်ကြီးတယ်

ဆိုတော့ ပြဇာတ်တွေကို ဆက်ပြီး မရေးဘဲ မနေနိုင်တော့ဘူးပေါ့။ ဒီတော့ နေ့ရော ညရော ဆက်ပြီး သဲသဲမဲမဲ ရေးတာပဲ။ သမီးလေး ပရောဘာလည်း ပြုံးပြုံး ပြုံးပြုံးနဲ့ လာပြီး 'ဖေဖေ ရေချိုးချိန် တန်ပါပြီ'လို့ အချိုအသာ သတိပေးတတ်တယ်။

ကျုပ်ကလည်း 'သွား သွား အလုပ်များနေတာကို မမြင်ဘူးလား၊ မနှောင့်ယှက်ပါနဲ့'လို့ အော်ပြီး လွှတ်တတ်တယ်။

ဒီလိုအခါများမှာ သမီးကလေးလည်း သနားစရာပါပဲ။ မီးတောက်ကလေးကို မှုတ်သတ်ပစ်လို့ မှောင်ကျသွားတဲ့ မီးခွက်ကလေးလို မျက်နှာကလေး ညိုပြီး မသိမသာ ထွက်သွားတော့တာပဲ။

ကျုပ်လည်း မိန်းမ အစေခံတွေကို မောင်းပစ်လို ပစ်၊ ယောကျ်ား အစေခံတွေကို ရိုက်လိုရိုက်၊ အိမ်ပေါက်မှာ သူတောင်းစားတွေ သီချင်းဆိုပြီး တောင်းခံလာရင် တုတ်ဆွဲပြီး လိုက်လိုလိုက်နဲ့ ဖြစ်နေခဲ့တယ်။

ကျုပ်အခန်းက လမ်းနားမှာ ကပ်နေတယ်ဆိုတော့ ခရီးသွားတွေဟာ ခဏ ခဏပဲ ရပ်ရပ်ပြီး လမ်းကို မေးကြတာပေါ့။ ဒါပေမဲ့ ကျုပ်ကတော့ ဂျယ်ရီချိုဆီမှာ သွားမေးပါလို့သာ ပြောလွှတ်လိုက်တာပဲ။ အင်မတန် အရေးကြီးတဲ့ ဇာတ်တွေကို ကျုပ် ရေးနေတာကို ဘယ်လူမှ သတိထားကြဟန် မတူပါဘူးဗျာ။

ဒါပေမဲ့ နာမည်ကြီးသလောက် ငွေမရပါဘူး။ ဒီလိုနဲ့လည်း ကျုပ် စိတ်မပျက်ဘူး။ ဒီအတွင်းမှာပဲ ပစ္စည်းရှိတဲ့ သတို့သားတွေဟာလည်း ပြဇာတ် မရေးတဲ့ မိဘများရဲ့ သမီးတွေနဲ့ ရရသွားကြတယ်။

ဒီအချိန်မှာပဲ အင်မတန် ကောင်းမြတ်တဲ့ အခွင့်အရေး တစ်ခုဟာ ပေါ်လာတယ်။ **ဂျဟီဂရဲ့**ဆိုတဲ့ ရွာက သူဌေးတစ်ဦးဟာ သတင်းစာ တစ်စောင် ထောင်ချင်လို့တဲ့။ ကျုပ်ကို အယ်ဒီတာ လုပ်ပါလို့ ပြောလာတယ်။ ကျုပ်ကလည်း သဘောတူလိုက်တယ်။

ပထမတော့ ကျုပ်က စိတ်ရှိလက်ရှိ သိပ်ရေးတာကိုး။ ဒီတော့ ကျုပ်

သွားလေရာ အရပ်မှာ လူတွေဟာ ကျုပ်ကို လက်ညှိုးထိုးထိုးပြီး တိုးတိုး တိတ်တိတ် ဩဘာပေးကြတယ်။ ဒီဘဝမှာတော့ဖြင့် ငါ ကောင်းစားတော့ မဟဲ့ လို့ ကျုပ်လည်း ထင်မိတာပေါ့။

ဂျဟီဂရံရွာနားမှာ **အဟီဂရံဆိုတဲ့** ရွာလည်း တစ်ရွာ ရှိသေးတယ်။ အဲဒီနှစ်ရွာက မြေပိုင်ရှင် နှစ်ဦးဟာ ဂုဏ်တုဂုဏ်ပြိုင်မို့ ဘယ်တော့မှ မသင့် မြတ်ကြဘူး။ ရှေးကဖြင့် ခဏခဏ လက်သီးလက်ရုံး တန်းပြီး ရန်ဖြစ်ကြ တယ်။ အခုတော့ တရားသူကြီးက ငြိမ်းငြိမ်းချမ်းချမ်း နေရမယ်လို့ အတင်း အကျပ် အမိန့်ထုတ်ထားလေတော့ ကျုပ်က သတင်းစာထဲက နေပြီး သူ့ရှေး အစား စာနဲ့ ရန်စစ် တိုက်ရတာပေါ့။ ကျုပ်တာဝန်နဲ့ ညီညွတ်အောင် ဆောင် ရွက်နိုင်ပါပေတယ်လို့ လူအများကလည်း ချီးမွမ်းကြတယ်။

ကျုပ်ရေးတဲ့ စာတွေက ထိလွန်း ခိုက်လွန်းတော့ အဟီဂရံ ရွာကလေး ဟာ ခေါင်းကို မထောင်နိုင်တော့ပါဘူး။ သူတို့ရဲ့ မျိုးကောင်း ဆွေကောင်း ဇာတ်ကြီး ဂုဏ်ကြီးတွေကို ကျုပ်က ကျုပ် မင်နဲ့ အိုးမည်း သုတ်တာပဲ။

အဲဒီအခါတုန်းက ကျုပ်ဘဝနဲ့ ကျုပ် အင်မတန် ကျေနပ်နေတာပေါ့။ အသားအရေတွေ စိုပြည်ပြီး ဝ များတောင် လာသေးတယ်။ အင်မတန် ထ မြောက်အောင်မြင်တဲ့ ကဝိကြီး တစ်ဆူပဲ ဆိုတဲ့ အတွေးနဲ့ ကျုပ်မျက်နှာ ဟာလည်း တရွှန်းရွှန်းတဝေဝေ တောက်ပနေတာပေါ့။ တစ်ခါတလေ အဟီ ဂရံ ရွာသားတွေကို ရွယ်ပြီး ရေးလိုက်တဲ့ ဆောင်းစာ ချိတ်စာ၊ ချိုးစာ နှိမ်စာ တွေကို ဖတ်ပြီး ဂျဟီဂရံ ရွာသားတွေဟာ အမှည့်လွန်နေတဲ့ ဖရဲသီးကြီးလို နံ့တောင်းများ ကွဲမတတ် ဟက်ဟက်ပက်ပက် ရယ်ကြတာကို မြင်ရရင် ကျုပ်ပညာကို ကျုပ် အင်မတန် ချီးမွမ်းမိတယ်။ အင်မတန်လည်း အားရတာ ပေါ့။

ဒါပေမဲ့ တစ်နေ့ကျတော့ အဟီဂရံကလည်း သတင်းစာတစ်စောင် ထောင်ပါလေရောဗျို့။ သူတို့ ရေးတဲ့ စာတွေက စာနဲ့ပေနဲ့ တစ်ချက်မှ မတူပါဘူး။ သုံးထားလိုက်တဲ့ စကားတွေဟာ အရပ်သုံး စကားရိုင်းတွေမို့

ဖတ်ရင်းနဲ့ မျက်နှာရှက်လာတော့တယ်။ ဒါပေမဲ့ သူတို့ဆိုလိုတဲ့ အဓိပ္ပာယ်တွေကိုတော့ ရွာနှစ်ရွာလုံးက ရွာသားတွေ ကောင်းကောင်းကြီး နားလည်တာပေါ့။

ကျုပ်ကတော့ ယဉ်ယဉ်ကျေးကျေး ဖွယ်ဖွယ်ရာရာ ရေးတာမို့ ကျုပ်ရေးတဲ့ ဆောင်းစာ ချိတ်စာတွေကို ကျုပ်ရဲ့ ရန်သူတွေရော၊ မိတ်ဆွေတွေရော တယ်ပြီး မကြိုက်ကြဘူး။ အခုလို ရိုင်းစိုင်း ယုတ်ညံ့မှု စစ်ပွဲမှာ ကျုပ်က စစ်အောင်နေပေမဲ့ အရပ်သားများကတော့ ကျုပ်ရဲ့ အောင်မြင်ခြင်း ဇေယျမင်္ဂလာကို မသိပါဘူး။ နောက်ဆုံးကျတော့ ကျုပ်လည်း အရပ်သားတို့ရဲ့ သဘောကို မလိုက်နိုင်တော့ဘဲ မကြောက်မရွံ့ တရားဟောရတော့တာပေါ့။ စာပေရဲ့ကောင်းသော အရသာကို ဘယ်လို အလိုရှိအပ်ကြောင်းနဲ့ ပတ်သက်ပြီး သတင်းစာထဲကနေပြီး တရားဟောရတာပေါ့။ အဲဒီအခါကျမှ မှားသည်ထက် မှားကုန်တော့တာပဲဗျို့။ လောကမှာ တကယ် ရယ်စရာ ကောင်းတဲ့ အရာထက် ခပ်တည်တည်အရာကို ပိုပြီး ရယ်ချင်ကြတဲ့ အလေ့က ရှိတာကိုး။ ဒါကြောင့် လူအများ အကျင့်တရား ကောင်းမြတ်လာပါစေ ဆိုတဲ့ စေတနာနဲ့ ကျုပ် ကြိုးစားရတာဟာ ကြိုးစားရာ မရောက်ဘဲ အကျင့်တရားတွေ ပျက်သထက် ပျက်ကုန်တာပေါ့။

ကျုပ်တို့ သတင်းစာပိုင်ရှင် သူဌေးကလည်း ကျုပ်ကို ရှေးကလို အရေးမပေး ဂရုမစိုက်တော့ဘူး။ ကျုပ်ဟာ ရှေးကလို အရိုအသေလည်း မခံရတော့ဘူး။ အရပ်သားတွေဆိုတာ ကျုပ်ကို လမ်းမှာတွေ့ရင် အရိုအသေ လမ်းဖယ်မပေးတဲ့ အပြင် ပခုံးကို ပုတ်တဲ့သူက ပုတ်ပြီး သရော်တော်တော် လုပ်တဲ့ လူက လုပ်ကုန်ပါရော။

ဒီအတောအတွင်းမှာပဲ ကျုပ်ကို နာမည်ကြီးအောင်လုပ်တဲ့ ကျုပ်ပြဇာတ်တွေကို ကျုပ်ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေက မေ့ပစ်လိုက်ကြတယ်။ အဲဒီတော့ အဆုံးထိအောင် မီးကျွမ်းနေတဲ့ မီးခြစ်ဆံလို ကျုပ်ကိုယ်ကို ကျုပ် ထင်မိတာပေါ့။

ကျုပ်စိတ်ဟာ အပျက်ကြီး ပျက်သွားတာမို့ ဘယ်လိုပဲ ခေါင်းကို ကုတ်ကုတ် စာတစ်ကြောင်းလောက် ရေးဖို့တောင် ဉာဏ်မထွက်တော့ပါဘူး။ ရှိသမျှ အားကလေးဟာ ကုန်ဆုံးပျောက်ပျက်သွားပြီလို့ကို ထင်မိတော့တာပဲ။

သမီး ပရော်ဘာကလည်း ကျုပ်ကို အလွန်ကြောက်လာတယ်။ ကျုပ်က မခေါ်ရင် အနားကို မကပ်ဝံ့ရှာဘူး။ သာမန် ယမင်းရုပ်ကလေးဟာ ရယ်စရာ ပြဇာတ်တွေကို ရေးတဲ့ အဖေ ကဝိကြီးထက် ပေါင်းရသင်းရ ကောင်းပါသေးကလားလို့လည်း နားလည်စ ပြုလာတယ်။

တစ်နေ့တော့ အဟီဂရံ သတင်းစာဟာ ကျုပ်တို့ရဲ့ သူဌေးကို ဘေးမှာ ချိတ်ထားပြီး ကျုပ်ကို တိုက်ရိုက် ဆဲရေး တိုက်ခိုက်ပါလေရောဗျာ။ ကျုပ်ကို မဟုတ်မတရား ကြောက်လန့်စရာ အမျိုးမျိုးနဲ့ စွပ်စွဲတော့တာပဲ။ အသိ မိတ်ဆွေတွေဟာ တစ်ယောက်ပြီး တစ်ယောက် ကျုပ်ဆီကို လာလာပြီး အဆိုးဆုံးဆိုတဲ့ ဆဲရေးစာတွေကို ဖတ်ပြကြတယ်။ ရယ်ကြမောကြ သရော်ကြတယ်။ ရေးတဲ့ စာသားကို ဘယ်လိုပဲ သဘောမကျသော်လည်း လိမ်လိမ်မာမာ ရေးထားတာကိုတော့ မပြင်နိုင်ကြဘူးတဲ့။ တစ်နေ့ကို ဆိုရင် အဖျင်းဆုံး လူနှစ်ဆယ်လောက် ကျုပ်ဆီကို လာပြီး ဒီအကြောင်းကို ထပ်တလဲလဲ ပြောကြတယ်။ တစ်ယောက်ပြောတဲ့ စကားနဲ့ အခြားတစ်ယောက် ပြောတဲ့ စကားဟာ နည်းနည်းပဲ ခြားနားတော့တယ်။

ကျုပ်အိမ်ရှေ့မှာ ဥယျာဉ်ကလေးတစ်ခု ရှိတယ်။ တစ်ညနေကျတော့ စိတ်နောက်နောက် ရှိတာနဲ့ ဥယျာဉ်ထဲ ဆင်းပြီး လမ်းလျှောက်တယ်။ ငှက်ကလေးတွေ အိပ်တန်းကို ကိုယ်စီပြန်ပြီး အေးအေးဆေးဆေး အိပ်ကြတော့ ကျုပ်စိတ်ထဲမှာ တွေးမိတယ်။ ငှက်ဘဝမှာတော့ သတင်းစာဆရာလည်း ရှိမှာ မဟုတ်ဘူး။ စာကောင်းပေကောင်းနဲ့ ပတ်သက်ပြီးတော့ အငြင်းအခုံ လည်း ရှိမှာ မဟုတ်ပါဘူးလို့ တွေးမိတယ်။

သူတို့တစ်တွေကို ခုခံပြီး ဘယ်လို အဖြေစာ ရေးရပါ့မလဲလို့သာ

တတွေးတွေး တွေးနေမိတာပဲ။ ယဉ်ယဉ်ကျေးကျေး ရေးရတဲ့အတွက် အပြစ်တစ်ခုကတော့ ယဉ်ကျေးတဲ့ စာကို လူတိုင်း နားမလည်နိုင်ဘူးဗျ။ ဒီတော့ သူတို့လိုပဲ ခပ်ရိုင်းရိုင်းနဲ့ တဲ့တိုး ရေးပါတော့မယ်လို့ စိတ်ကို ဆုံးဖြတ်လိုက်တယ်။ အရှုံးတော့ဖြင့် ဘယ်တော့မှ မခံဘူးလို့ ကြံတာပဲ။

အဲဒီလို စိတ်ကို ဆုံးဖြတ်လိုက်တဲ့ ခဏမှာပဲ ကြားနေကျ အသံကလေး တစ်ခုဟာ ညဦး မှောင်မိုက်ထဲက ဖြတ်ပြီး ပေါ်လာတာကို ကြားရတယ်။ နောက်ပြီးတော့ ပူနွေးတဲ့ လက်ကလေးတစ်ခုဟာ အသာအယာနဲ့ ကျုပ်လက်ဝါးကို လာကိုင်တယ်လို့ သိလိုက်ရတယ်။ အဲဒီအခါတုန်းက ကျုပ်ဟာ ဘယ်လောက် စိတ်နောက်ပြီး မေ့မောနေသလဲဆိုရင် အဲဒီ အသံကလေးနဲ့ လက်ကလေးကို မတွေ့ဖူး မကြုံဖူးသလို ဖြစ်နေတော့တယ်။

ဒါပေမဲ့ ဒီအသံကလေးနဲ့ လက်ကလေး ထွက်ခွာသွားပြီး မကြာခင်ပဲ ဒီအသံကလေးကို ကြားယောင်မိပြန်ပြီး ဒီလက်ကလေးကို သတိထားမိလာပြန်တယ်။ ကျုပ်သမီး ပရောဘဟာ ကျုပ်အနားကို နောက်တစ်ခါ ကပ်လာပြန်ပြီး ကျုပ်နားရွက်နားမှာ 'ဖေဖေ'လို့ တိုးတိုးကလေး ခေါ်တယ်။ ဒါပေမဲ့ ကျုပ်ဆီက တစ်ခွန်းမှ စကားပြန် မရလေတော့ ကျုပ် ညာလက်ကို မ ပြီး သူ့နဖူးကို စမ်းစေတယ်။ ပြီးတော့ အိမ်ထဲကို တိတ်တိတ်ကလေး ပြန်ဝင်သွားတာပဲပေါ့။

ပရောဘဟာ အခုလို ချစ်ချစ်ခင်ခင်နဲ့ ကျုပ်ကို မခေါ်တာ ကြာလှပြီ။ အခုလို ရဲရဲဝံ့ဝံ့နဲ့ ပွတ်သီးပွတ်သပ် မလုပ်တာလည်း ကြာလှပြီ။ ဒါကြောင့် အဲဒီနေ့မှာ အဲဒီလို ချစ်ခင်မှုရာနဲ့ လုပ်တော့ကာ ကျုပ်လည်း သမီးကို သနား လွမ်းဆွတ်လာတာပေါ့။ ခဏကြာလို့ အိမ်ထဲကို ပြန်ရောက်တော့ ပရောဘဟာ အိပ်ရာပေါ်မှာ လဲနေတာကို တွေ့ရတယ်။ သူ့မျက်စိကလေးတွေဟာလည်း မပွင့်တပွင့်နဲ့ ဒုက္ခခံစားနေရတဲ့ သဏ္ဍာန် ပေါ်နေတော့တယ်။ တစ်နေ့ကုန်အသွားမှာ ဖုတ်ထဲကို ကြွေကျတဲ့ ပန်းပွင့်ကလေးလို အိပ်ရာပေါ်မှာ လဲနေတော့တယ်။

သူ့နဖူးကို စမ်းကြည့်တော့ ဖျားနေတာကို သိတာပေါ့။ အသက်ရှူ ထုတ်လိုက်တဲ့ လေကလည်း သိပ်ပူတာပဲ၊ သွေးကလည်း တဆတ်ဆတ် ခုန်နေတယ်။ ဒီတော့မှ ကျုပ်လည်း သတိရတော့တယ်။ သူ့ခမျာမှာ ဖျားတယ်လို့ သိရင်ပဲ ဖခင်ရဲ့ မေတ္တာနဲ့ အယုအယကို ခံယူရမလားလို့ မွတ်သိပ်တဲ့ နှလုံးသားနဲ့ ဖခင်အနားကို ကပ်လာရှာတယ်။ ဖခင်ကတော့ဖြင့် သတင်းစာထဲမှာ ဘယ်လို ရမ်းရမ်းကားကား မိုက်မိုက်မဲမဲ ရေးရပါမလဲလို့ တွေးလုံး ထုတ်နေတာပဲ။

ကျုပ်လည်း သမီးအနားမှာ ထိုင်လိုက်တယ်။ ဒီတော့ ကျုပ်သမီး ကလေးဟာ စကားတစ်ခွန်းမှ မပြောဘဲနဲ့ ကျုပ်လက်ကို အဖျားသွေးနဲ့ ပူနေတဲ့ သူ့လက်ဝါးနှစ်ခု အကြားမှာ ထည့်ပြီး သူ့နဖူးပေါ်မှာ တင်တယ်။ နောက်ပြီး အသက်ပျောက်သွားတာပဲ။

ကျုပ်အိမ်ထဲမှာ ရှိသမျှ ဂျဟီဂရဲ့ သတင်းစာတွေ၊ အဟီဂရဲ့ သတင်း စာတွေကို တစ်ခါတည်း မီးတိုက်ပစ်လိုက်တာပဲ။ ကျုပ်ကို ဆဲရေးတဲ့ လူတွေကိုလည်း ပြန်လှန်ပြီး အဖြေစာ မရေးတော့ပါဘူး။ အဲဒီလို အရှုံးပေး လိုက်တဲ့ အခါကျမှ ခံစားရတဲ့ သုခမျိုးကိုတော့ တစ်ခါမှ မတွေ့ဖူးပါဘူး ဗျာ။ အရင်က သူ့အမေ သေတော့ သူ့ကို ကျုပ်ရင်မှာ ပိုက်ခဲ့တယ်။ အခု အမေရဲ့ ဂုဏ်ပြိုင်ဘက်ကို သင်္ဂြိုဟ်ပြီးတော့ သူ့ကို တစ်ဖန် နှလုံးတွင်းမှာ သွင်းထားမိပြန်တော့တယ်။

( Rabindranath Tagore ၏ The Editor ကို ပြန်ဆိုသည် )

[ ကြီးပွားရေး၊ နိုဝင်ဘာ ၁၉၃၅ ]

## လွတ်မြောက်ခြင်း

"ဘုရင်မင်းမြတ်၏ ဘဏ္ဍာတော်တိုက်ကို သူခိုးဖောက်လို့တဲ့" ဟူသော သတင်းသည် နေပြည်တော် လေးပြင်လေးရပ်တွင် ပျံ့နှံ့သွား၏။ ခိုးသူကို တွေ့အောင် ရှာရတော့မည်။ မတွေ့လျှင် ဝင်းမှူးကြီး မင်းဒဏ်သင့်တော့အံ့။

နိုင်ငံခြား သင်္ဘောဆိပ်တစ်ခုမှ အာဂန္တုတစ်ယောက်ဖြစ်သော ဝဇီရသေနသည် နေပြည်တော်သို့ မြင်းကုန်ကူးရန် ရောက်လာ၏။ သို့သော်လည်း ခိုးသားတစ်စုက ပါသမျှ ပစ္စည်းများကို တိုက်ခိုက် လုယူလိုက်သောကြောင့် ဝဇီရသေနမှာ မြို့ရိုးပြင်ဘက်ရှိ ဘုရားကျောင်းပျက်တစ်ခုတွင် လဲလျောင်းနေလေ၏။ ခိုးသူကို ရှာသော ရာဇဝတ်သားတို့သည် ဝဇီရသေနကို တွေ့သောအခါ မင်းဘဏ္ဍာကို ခိုးသူဟု စွပ်စွဲကြ၍ နှောင်ကြိုးတည်းပြီးလျှင် လမ်းကြီး လမ်းငယ်တို့ကို ကျော်ဖြတ်ကာ အကျဉ်းထောင်သို့ ယူဆောင်သွားကြလေ၏။

ကြောက်လန့်စဖွယ် မူရာကြွယ်၍ ခက်ထန်သော သမီးတော်သျှားမားသည် ဟိုသည် သွားလာနေကြသော ပြည်တော်သူ ပြည်တော်သားတို့ကို လေသာဆောင်ပြတင်းမှ ရှုစားနေလေသည်။ ထိုအခိုက်တွင် ရုတ်တရက် ကိုယ်ကလေးကို လှုပ်၍ အပျိုတော်တစ်ဦးအား ဤသို့ အော်ပြောလိုက်၏။ 'အလို အမိငယ်၊ သာမန်ခိုးသားကဲ့သို့ နှောင်ကြိုးတည်းပြီး ခေါ်ဆောင်လာခြင်းကို ခံရတဲ့ နတ်၏ အသရေကို ဆောင်တဲ့ လုလင်ပျိုပြာ

ဘယ်သူများပါလိမ့်။ သူ့ကို သခင်မရဲ့ ရှေ့တော်သို့ ခေါ်ဆောင်ခဲ့ရမယ်လို့ သခင်မ အမိန့်နဲ့ ပြောပါချေ'ဟု စေလိုက်၏။

ရာဇဝတ်မှူးသည် အကျဉ်းသမားကို ခေါ်လာ၍ သမီးတော် သျှားမား အား ဤသို့ သံတော်ဦးတင်၏။ 'သခင်မရဲ့ အမိန့်တော်ဟာ အခါမဟုတ် ဖြစ်ပါတယ်။ ဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း ကျွန်တော်မျိုးသည် အလျင်အမြန် စီရင်ရမည် ဖြစ်ပါ၍ ခိုးသူကို ခေါ်သွားပါရစေတော့'

ထိုခဏတွင် အကျဉ်းသား ဝဇီရသေနသည်လည်း လျှင်မြန်စွာ မော့ လိုက်၍ ဤသို့ ဆိုလေ၏။ 'ဟယ် မိန်းမ၊ ဘယ်လို စိတ်မျိုးနဲ့ ငါ့အား ယခုလို ခေါ်၍ သရော်ရပါသလဲ'

ထိုအခါ သျှားမားက ဤသို့ ပြန်ပြော၏။ 'သခင့်အား သရော်သည် မဟုတ်ပါ။ သခင့်လက်က နှောင်ကြိုးများကို ကျွန်တော်မလက်က ရတနာ များနဲ့ လဲလှယ်၍ နှောင်ကြိုးတည်းခြင်းကို ခံရဲတဲ့ နှမတော် ဖြစ်ပါတယ်'

ထိုနောက် ရာဇဝတ်မှူးဘက်သို့ လှည့်၍ သမီးတော် သျှားမားက ဤသို့ ပြောပြန်၏။ 'ငါ့မှာ ရှိသမျှ စည်းစိမ်အလုံးကို ယူ၍ ဤသခင်အား လွှတ်ပါလော့'

ရာဇဝတ်မှူးလည်း ဦးခေါင်းညွှတ်၍ ဤသို့ လျှောက်၏။ 'မဖြစ်နိုင် ပါဘူး သခင်မဘုရား၊ ဤအမှုသည် ရွှေနားတော်သို့ ရောက်ပါလျှင် ကျွန် တော်မျိုးများ မင်း၏ ကွပ်မျက်ခြင်းကို ခံရပါလိမ့်မယ်'

'အကျဉ်းသမားအား နှစ်ရက်တာမျှ နေခွင့်ပေးဖို့ကိုသာ ငါတောင်းဆို ပါတယ်'ဟု သျှားမားက ပြောပြန်၏။ ထိုအခါ ရာဇဝတ်မှူးလည်း ပြုံး၍ သဘောတူလိုက်လေ၏။

ထောင်အတွင်းတွင် နှစ်ညမျှ နေပြီးသောအဆုံး၌ ဝဇီရသေနသည် ဆုမွန်များ တောင်း၍ ကံစီမံရာကို စောင့်မျှော်လျက် ရှိလေသည်။ ထိုခဏ၌ အကျဉ်းထောင်တံခါးသည် ရုတ်တရက် ပွင့်လာ၍ သမီးတော် သျှားမား သည် မီးတိုင်ကို ကိုင်လျက် ဝင်လာလေ၏။ သျှားမားက လက်ရိပ်ပြလိုက်

သောအခါ ထောင်မှူးတို့သည်လည်း အကျဉ်းသမား ဝဇီရသေနအား နှောင်ကြိုးဖြုတ်၍ လွှတ်လိုက်လေ၏။

'အို ကြင်နာပြင်းစွာသော အမိ၊ အမိသည် ဤမီးတိုင်ကို ကိုင်စွဲ၍ ကျွန်ုပ်ထံသို့ ရောက်လာသည်မှာ တစ်ညလုံး အမိုက်မှောင်ကျပြီးနောက် ကြယ်နီကြီးနှင့်တကွ ပေါ်လာသော ငွေအရုဏ်နှင့် တူပါတော့တယ်'ဟု ဝဇီရသေနက ပြောလေ၏။

'ကြင်နာပြင်းတာတော့ အမှန်ပါပဲ မောင်မောင်'ဟု သျှားမားက ပြော၍ မျက်ရည်ဝဲလာသည့်တိုင်အောင် ဟက်ဟက်ပက်ပက် ရယ်လျက် ရှိုက်ကြီးတငင်နှင့် ဤသို့ ဆက်လက်ပြောပြန်၏။ 'ဤထောင်ကြီးရှိ ကျောက်အုတ်တို့သည် မိန်းမ၏ နှလုံးသားလောက် မခက်မာကြပါဘူး'ဟု သျှားမားက ပြောပြန်၏။

ထိုနောက် သမီးတော် သျှားမားသည် အကျဉ်းသမား၏ လက်ကို ဖမ်းကိုင်လျက် အကျဉ်းထောင် တံခါးမှ ဆွဲထုတ် ခေါ်ယူသွားလေ၏။

*

ဝရုဏာမြစ်ကမ်းတွင် နေမင်း ထွက်ပေါ်လေပြီ။ မြစ်ဆိပ်၌ လှေတစ်စင်းသည် စောင့်လင့်လျက် ရှိ၏။ 'ကျွန်တော်မနှင့်အတူ လှေသို့ လိုက်ခဲ့ပါ ချည့်သည်သခင်ရယ်။ ကျွန်တော်မဟာ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖြတ်၍ သခင်နှင့် အတူ ဤမြစ်ကြောတွင် မျှောပါတော့မယ်'ဟု သမီးတော် သျှားမားက ဝဇီရသေန လုလင်ကို ပြော၍ လှေသို့ တက်ကြလေ၏။

လှေသည် လျင်မြန်စွာ ထွက်ခွာသွားလေ၏။ ကျေးငှက်တို့သည် ပျော်မြူးစွာ သီဆိုနေကြလေ၏။ 'အို ချစ်သူနှမ၊ ကျွန်ုပ်၏ အသက်ကို ကယ်အံ့သောငှာ အဘယ်မျှလောက်သော ဖိုးထိုက်ရတနာတို့ကို ပေးခဲ့ရပါသလဲ။ ပြောပြစမ်းပါ'ဟု ဝဇီရသေနက မေးလေ၏။

'ဆိတ်ဆိတ်နေပါဦး မယ့်သခင်ရယ်၊ နောင်ခါမှ ဘုရာ့နှမကလေး သံတော်ဦးတင်ပါရစေ'ဟု သျှားမားက ပြောလေ၏။

*

ရာပြည့်စာအုပ်တိုက်

နံနက်ခင်းမှ နေ့လယ်ခင်းသို့ ရောက်ခဲ့လေပြီ။ ရွာသူတို့သည် ရေစက်စက် ကျသော ကိုယ်ဝတ်ရှိသည်ဖြစ်၍ ရေပြည့်အိုးကို ရွက်ချီလျက် ရေချိုးဆိပ်မှ အိမ်သို့ ပြန်ကြလေပြီ။ ဈေးချိန်လည်း ကုန်လေပြီ။ ရွာလမ်းကလေးလည်း နေမင်းအောက်တွင် တိတ်ဆိတ် တောက်ပြောင်လျက် ရှိလေသည်။

ပူနွေးသော နေ့ခင်းလေပြည်ထဲတွင် ထိပ်ခေါင်တင် သျှားမား၏ မျက်နှာဖုံးစာသည် လျှောကျသွားလေ၏။ ထိုအခါ ဝဇီရသေနသည် သျှားမား၏ နားတွင်ကပ်၍ ဤသို့ တိုးတိုးပြော၏။ 'အမိသည် ကျွန်ုပ်အား ခဏမျှ တည်သော ရာဇဝတ်နှောင်ကြိုးမှ ဖြေလွှတ်၍ အမြဲတည်သော အချစ်နှောင်ကြိုးဖြင့် ချည်နှောင်တော့တာပဲ။ ဒီရာဇဝတ်မှုကို ဘယ်လိုများ ဆောင်ကြဉ်းလာခဲ့တယ်ဆိုတဲ့ အကြောင်းကို ပြောပြစမ်းပါ'ဟု ဝဇီရသေနက မေးလေ၏။ ထိုအခါ သျှားမားသည် မျက်နှာဖုံးစာကို ပြန်အုပ်လိုက်၍ 'ယခု မပြောပါရစေနဲ့ဦး အချစ်ကယ်'ဟု ဆိုလေ၏။

*

နေလည်းနည်းခဲ့၍ မှောင်စ ပြုလေပြီ။ လေပြည် လေညင်းကလေးလည်း ငြိမ်သက်သွားလေပြီ။ လခြမ်းပက်လက်ကလေးသည်လည်း သံရောင် မည်းနက်သော ရေစပ်တွင် အားနွဲ့စွာ အရောင်ပြေးစ ပြုလေပြီ။

ထိပ်ခေါင်တင် သျှားမားသည် လုလင်ပျို၏ ပခုံးထက်တွင် ခေါင်းတင်၍ အမှောင်ထဲသို့ ထိုင်လျက် ရှိ၏။ ဆံပင်တို့သည်လည်း ဝဇီရသေန၏ လက်မောင်းထက်တွင် ဖိုးရိုးဖားရားကျလျက် ရှိလေသည်။

ထိုခဏ၌ တီးတိုးသော လေသံကလေးဖြင့် သျှားမားက ဤသို့ ပြော၏။ 'သခင့်အတွက် ကျွန်တော်မ ဆောင်ကြဉ်းခဲ့တဲ့ ကိစ္စဟာ အင်မတန်မှ ခဲယဉ်းပါတယ်။ ဒီအကြောင်းကို သခင့်အား ပြောပြရဖို့အရေးက ပိုမို၍ပင် ခဲယဉ်းပါသေးတယ်။ ကျွန်တော်မကို စွဲလမ်းသဖြင့် အချစ်ဝေဒနာ စွဲကပ်နေတဲ့ ဥတ္တိယအမည်နဲ့ လုလင်ပျိုကလေး[illegible]ဟာ ကျွန်တော်မထံမှာ အသက်လက်ဆောင် သွင်းပြီးတော့ ခိုးပြစ်ကို ခံယူလျက် မယ့်သခင်ရဲ့

ကိုယ်စား အကျဉ်းထောင်ထဲမှာ နေခဲ့ပါတယ်။ သခင့်ကို ချစ်သည့်အတွက် ဤမျှ ကြီးလေးသော အကုသိုလ်မှုကြီးကို ကျွန်တော်မ ပြုလုပ်ခဲ့ပါပြီ အချစ်ဆုံး မယ့်သခင်ရယ်'

ထိုသို့ ထိပ်ခေါင်တင် သျှားမားက ပြောပြနေစဉ် လခြမ်းကလေးလည်း ဝင်လေပြီ။ တော၏ တိတ်ဆိတ်ခြင်းသည်လည်း မရေတွက်နိုင်သော ကျေးငှက်တို့၏ အိပ်ပျော်ခြင်းဖြင့် လေးလံလျက် ရှိလေသည်။

လုလင်ပျို ဝဇီရသေန၏ လက်မောင်းသည် သျှားမား၏ ခါးတိုင်ကလေးမှ တဖြည်းဖြည်း လျှောကျသွားလေ၏။ ပတ်ဝန်းကျင်ရှိ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ကျောက်တုံး ကျောက်ခဲကဲ့သို့ ခက်မာ အေးစက် လာလေ၏။

ထိုခဏ၌ သျှားမားသည် ဝဇီရသေန၏ ခြေရင်းတွင် ပစ်လှဲလိုက်၍ ဒူးကို ဖက်ပြီးလျှင် ဤသို့ ပြော၏။ 'အို အချစ်မောင်ရဲ့၊ ကျွန်တော်မကို အပြစ်မှ ချမ်းသာပေးပါတော့။ ကျွန်တော်မ ပြုမှားမိတဲ့ အကုသိုလ်အဖို့ ဘုရားသခင်က ကျွန်တော်မအား ဒဏ်ခတ်ပါစေတော့'ဟု ပြော၍ တောင်းပန်လေ၏။

ဝဇီရသေနသည်လည်း ခြေကို ရုပ်၍ ခက်ထန်စွာ ဤသို့ ပြန်ပြော၏။ 'အကုသိုလ် အမှုဖြင့် ငါ့အသက်ကို ဝယ်ယူရသတဲ့လား။ ငါ့တစ်ကိုယ်လုံးဟာ အကုသိုလ်တုံးကြီး ဖြစ်နေပါပေါ့ကလား'

ဝဇီရသေနသည် ထိုင်ရာမှထ၍ လှေပေါ်မှ ကမ်းပေါ်သို့ ခုန်တက်ပြီးလျှင် တောထဲသို့ ဝင်သွားလေ၏။ ဆက်၍ ဆက်၍ လျှောက်သွားရာ နွယ်ပင် နွယ်တန်းတို့ဖြင့် ရောထွေးရှုပ်ပွေနေသော သစ်ပင်ကြီးတို့သည် တောလမ်းကလေးကို ပိတ်ဆီးထားသော အရပ်သို့ ရောက်လာလေ၏။

ထိုအခါ မောပန်းနွမ်းလျသဖြင့် မြေထက်တွင် ထိုင်လေ၏။ သို့သော်လည်း မှောင်သော တောလမ်းခရီးတစ်လျှောက်လုံး မိမိနောက်မှ ဆိတ်ဆိတ်ကလေး လိုက်လာ၍ ယခုအခါ မိမိ၏ ကျောဘက်တွင် တရွေ့သဖွယ်

ရပ်နေသော သူကား မည်သူပါနည်း။ ထိပ်ခေါင်တင် သျှားမားပင် ဖြစ်ပါသည်။

'မင်း ဒီက ထွက်မသွားဘူးလား' ဟု ဝဇီရသေနက အော်၍ ပြောလိုက်၏။

ထိုခဏ၌ သျှားမားသည် ဝဇီရသေန အပေါ်သို့ ပစ်လှဲလိုက်၍ ဖားလျားကျသော ဆံပင်၊ တရှုတ်တိုက်သော ကိုယ်ဝတ်တို့ဖြင့် လည်းကောင်း၊ ဖြိုးဝေသော နမ်းရှုပ်ခြင်း၊ မောဟိုက်သော အသက်ငွေ့တို့ဖြင့် လည်းကောင်း ဝဇီရသေန၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းလိုက်လေ၏။

ထိန်းချုပ်ထားသော မျက်ရည်တို့ကြောင့် တစ်ဆို့နေသော အသံဖြင့် သျှားမားက ပြော၏။ 'မသွားဘူး၊ မသွားဘူး၊ ဘယ်တော့မှ မသွားဘူး။ သခင့်အတွက် ကျွန်တော်မ ပြုမှားခဲ့မိပါတယ်။ ရိုက်လိုလျှင်လည်း ရိုက်ပါ၊ သတ်လိုလျှင်လည်း သခင့်လက်နှင့်ပင် သတ်ပါ' ဟု ထိပ်ခေါင်တင် သျှားမားသည် တောင်းပန်လေ၏။

တော၏ တိတ်ဆိတ်သော အမှောင်သည် ခဏမျှ ချောက်ချားသွား၏။ ကြောက်လန့်ဖွယ်သော အခြင်းအရာတို့သည် မြေတွင်း သစ်မြစ်တို့မှ သက်ဆင်းသွား၏။ ညည်းညူသံနှင့် မွန်းနစ်သော အသက်ရှူသံသည် ည၌ အချိန်ကို ဖြတ်၍ ပေါ်ပေါက်လာ၏။ ကိုယ်တစ်ခုသည် သစ်ရွက်ခြောက်များ အပေါ်သို့ လဲကျသွားလေ၏။ လုလင်ပျို ဝဇီရသေနသည် ထိပ်ခေါင်တင် သျှားမားအား လည်ကိုဖျစ်၍ မြေထက်တွင် ပစ်ချခဲ့ပြီးလျှင် တောတွင်းမှ ထွက်သွားလေသတည်း။

*

တောတွင်းမှ ဝဇီရသေန ထွက်လာသောအချိန်တွင် နံနက်နေမင်းသည် အဝေးရှိ ဘုရားတန်ဆောင်းထက်တွင် တောက်ပလျက် ရှိလေပြီ။ ဝဇီရသေနသည် တစ်ခဏမျှပင် ရပ်နားသည် မရှိ။ တစ်နေ့လုံးလုံး နေပူကျဲကျဲတွင် မြစ်ဘေးသဲသောင် တစ်လျှောက်၌ လှည့်ပတ် သွားလာနေလေ၏။

ညချမ်းချိန်တွင် အကြံအစည် မရှိဘဲနှင့်ပင် ခြေဦးလှည့်မိရာ လှေဆိပ်သို့ ပြန်လာခဲ့၏။ အိပ်ရာထက်၌ ခြေချင်းတစ်ဖက်ကို မြင်၍ ပြေးသွားကောက်ယူပြီးလျှင် မိမိရင်တွင် ပွန်းပဲ့ နာကျင်သည့်တိုင်အောင် ပိုက်ဖက်ဖိနှိပ်ထားမိ၏။ ထောင့်တစ်ခုတွင် ကျန်ရစ်ခဲ့သော အပြာရောင် ကိုယ်ရုံလွှာပေါ်သို့လည်း မိမိ၏ ကိုယ်ကို ပစ်လှဲလိုက်၍ ကိုယ်ရုံလွှာ ပိုးတွန့်တို့ဖြင့်မျက်နှာကို အုပ်ဖုံးလေ၏။ ပိုးလွှာ၏ နူးညံ့သော အတွေ့ကြောင့် လည်းကောင်း၊ ထုံကြိုင်နေသော နှင်းရည်နံ့ကြောင့် လည်းကောင်း ဝဇီရသေနသည်ထိပ်ခေါင်တင် သျှားမား၏ ချစ်ဖွယ်သော ကိုယ်ကာယကလေးကို ပြေး၍မြင်ယောင်မိလေတော့၏။

ညချိန်သည် တင်းမာ၍ နားအူဖွယ်သော တိတ်ဆိတ်ခြင်းဖြင့်လွှမ်းရှားသွား၏။ လမင်းသည်လည်း သစ်ပင်များနောက်တွင် ပျောက်ကွယ်သွား၏။ ဝဇီရသေနသည် ထိုင်ရာမှ ထ၍ တောဘက်သို့ လက်မောင်းတို့ကိုဆန့်တန်းပြီးလျှင် 'လာလော့၊ ကျွန်ုပ်၏အချစ် ...လာလော့'ဟု ခေါ်လေ၏။

ထိုခဏ၌ပင်လျှင် အမှောင်ထဲမှ သဏ္ဌာန်တစ်ခုသည် ထွက်ပေါ်လာ၍ ရေစပ်တွင် ရပ်လှာ၏။

'လာလော့၊ ကျွန်ုပ်၏အချစ် ... လာလော့'ဟု ဝဇီရသေနသည်ရော်ရမ်း၍ ခေါ်ပြန်၏။

'ကျွန်တော်မ လာပါပြီ ချစ်သခင်ရဲ့၊ သခင်၏ ချစ်ဖွယ်သော လက်တို့သည် ကျွန်တော်မအား သေအောင် မသတ်နိုင်ကြပါဘူး။ ကျွန်တော်မအသက်ရှင်ရခြင်းဟာ ကျွန်တော်မရဲ့ ကံအကြောင်းပါပဲ'ဟု ပြော၍ သျှားမားလည်း တောတွင်းမှ ထွက်လာလေ၏။

သျှားမားသည် လာ၍ လုလင်ပျို၏ ရှေ့၌ ရပ်၏။ လုလင်ပျိုသည်သျှားမား၏ မျက်နှာကို ကြည့်၍ လက်မောင်းတို့ဖြင့် ပိုက်ထွေးယူဖို့ရန်ခြေတစ်လှမ်းမျှ တက်လိုက်၏။ ထိုနောက် မိမိ၏ လက်နှစ်ဖက်ဖြင့် သျှားမားအား တွန်းပစ်လိုက်၍ 'ဘာကြောင့်မို့ ပြန်လာရသလဲ'ဟု ဆိုပြန်လေ၏။

ဝဇီရသေနသည် မျက်စိကို ပိတ်၍ မျက်နှာကို လှည့်ပြီးလျှင် ဤသို့လည်း ပြောပြန်၏။ 'သွားပါ၊ သွားပါ၊ ငါ့ကို ထားခဲ့ပါ'

ထိုအခါ သျှားမားသည် တစ်ခဏမျှ ရပ်နေ၍ ဝဇီရသေန၏ ခြေရင်းတွင် ဒူးထောက်ချလိုက်ပြီးလျှင် ဦးခေါင်းကို ညွှတ်လေ၏။ ထိုနောက် ထပြန်၍ မြစ်ကမ်းပေါ်သို့ တက်သွားပြီးလျှင် အိပ်မက်သည် အိပ်ပျော်ခြင်းဘဝသို့ ရောစပ်ကူးပြောင်းသွားသကဲ့သို့ ရှိဝေသော တောထဲတွင် ထိပ်ခေါင်တင် သျှားမားသည် ကွယ်ပျောက်သွားလေသတည်း။ ဝဇီရသေနသည်လည်း ကျင်သော နှလုံးသားဖြင့် လှေထဲတွင် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့လေသတည်း။

(ရာဘင်ဒြာနတ်တဂိုး၏ "ရွှေလှေ"မှ ထုတ်နုတ် ပြန်ဆိုသည်)

[ ငွေတာရီ၊ အမှတ် (၄)၊ အောက်တိုဘာ ၁၉၆၀ ]

## ဂျပန် ခင်ကြီးနှစ်ပါး၏ ပုံပြင်

**ကိုယာ**တောင်တန်းသည် နေပြည်တော်မှ အတော်လှမ်းလှမ်းတွင် တည်ရှိသည်။ အတော်ခေါင်၍ လူသံ သူသံ မကြားရသော အရပ်ဖြစ်သည်။ တောင်ထွတ်ကြီးများ မိုးနေ၍ ချောက်ကြား ချောင်လျှိုများကို တိတ်ဆိတ်ခြင်းက လွှမ်းခြုံလျက် ရှိသည်။ ခင်ကြီး **ကိုဗိုဒိုက်ရှိ** တောထွက်လာ၍ တရားထိုင်သည့်အခါမှ စပြီးလျှင် ကိုယာတောင်တန်းသည် အရိမေတ္တေယျ ဘုရားသခင်ကို စောင့်မျှော်ရာ နေရာမြတ် ဖြစ်ခဲ့လေသည်။ တရားထိုင်လိုသူများအတွက် ကမ္မဋ္ဌာန်းပလ္လင်များနှင့် **အမိဒ**သခင်ကို ကြည်ညိုရာ တန်ဆောင်းများကို နေရာတကာတွင် တွေ့ရသည်။ သူတော်သူမြတ်တို့ တောရ ဆောက်တည်ရာ ထိုကိုယာချောင်စခန်းတွင် တစ်ခါသော် ခင်ကြီးသုံးပါး ဆုံမိကြလေသည်။ စကားစမြည် ပြောဟောဆွေးနွေးကြစဉ် ခင်ကြီးတစ်ပါးက ‘တပည့်တော်တို့သည် ခင်ကြီးများ ဖြစ်ကြပါသည်။ တပည့်တော်တို့ လူ့ဘဝ စွန့်ခဲ့ကြသည့်အကြောင်းကို ထုတ်ဟာပြောဆို ဝန်ခံကြရလျှင် အပြစ်များ ယုတ်လျော့ နည်းပါးသွားစရာ ရှိပါလိမ့်မည်’ဟု ဆိုလေသည်။

တစ်ပါးသော ခင်ကြီးသည် အသက်အားဖြင့် လေးဆယ့်နှစ်နှစ်ခန့် ရှိသည်။ ဓူတင်အမျိုးမျိုးကို ဆောက်တည်နေသဖြင့် ကြုံလှီပျော့တော့သည်။ သို့သော် သူ၏ အမူအရာမှာ မင်းဟန်စိုးဟန် ပါလျက်ရှိ၍၊ သူ၏ သွားများမှာ

လည်း ဆေးအနက် ဆိုးထားလျက် ရှိသည်။ (ထိုအခါက ဂျပန်ပြည်တွင် အထက်လွှာ လူများသည် သွားကို ဆေးအနက် ဆိုးကြသည်) သူသည် ဖာထေး ချုပ်စပ်ထားသော သက်န်းပေါ်တွင် ခင်ကြီးသင်တိုင်းကို ဝတ်ထားသည်။ သူသည် အတွေးဖြင့် တွေလျက် နေပုံရသော်လည်း အထက်ပါ စကားကို ကြားရသောအခါ ရုတ်တရက် မော့ကြည့်၍ 'တပည့်တော် ဦးစွာ ပြောလိုပါသည်' ဟု ဆိုလေသည်။

'လူ့ဘဝက တပည့်တော့်အမည်မှာ **ကစုယာ** ဖြစ်ပါသည်။ **ရှိဂုန် တကာဥဂျိ** သခင်ကြီးထံတွင် အမှုထမ်းပါသည်။ ဆယ့်သုံးနှစ်အရွယ်က စပြီး လျှင် သခင်ကြီး၏ အိမ်တော်တွင် နေခဲ့၍ သခင်ကြီး ဘုရားဖူးသွားလျှင် လည်း အတူပါသည်။ နက္ခတ်ရှု ထွက်လျှင်လည်း အတူပါသည်။ ချယ်ရီပန်း သဘင် ရှုင်လျှင်လည်း အတူပါသည်။ သခင်ကြီး သွားလေရာတွင် တပည့် တော် အမြဲလိုက်၍ ခစားခဲ့ပါသည်။

'တစ်နေ့သောအခါ ရှိဂုန်သခင်ကြီးသည် **နီဂျိုနန်းတော်ပွဲ** သဘင် ကို တက်ရာသို့ တပည့်တော် လိုက်သွားပါသည်။ ပြန်ချိန်တန်၍ သခင်ကြီး အဆောင်တော်တွင်းမှ ထွက်မလာသောအခါ တပည့်တော်က အကြောင်းကို သိလို၍ အဆောင်တော်တွင်းကို ငဲ့စောင်းကြည့်မိပါသည်။ ထိုခဏမှာ နန်း တော်သူ သခင်မတစ်ဦးသည် ကလပ်ပေါ်တွင် ပိုးဝတ်လုံတစ်ခုကို တင်၍ ရှိဂုန်သခင်ကြီးအား ဆက်လာသည်ကို မြင်လိုက်ရပါသည်။ သခင်မ၏ အရွယ်မှာ နှစ်ဆယ်အောက် ဖြစ်ပါလိမ့်မည်။ ဆံပင်ကို နောက်တွဲ ထုံးထား ၍ သူ၏ ကျက်သရေရှိသော မျက်နှာမှာ တောက်ပလျက် ရှိပါသည်။ နတ် သမီး ရှုံးလောက်သည့် အလှသခင် ဖြစ်ပါသည်။ ထိုခဏမှ စပြီးလျှင် တပည့်တော်၏ စိတ်လည်း များစွာ ဖောက်ပြန်ပါတော့သည်။

'ရှိဂုန်သခင်ကြီး နန်းတော်က အိမ်တော်ကို ပြန်သည့်အခါ တပည့် တော်လည်း ကိုယ့်အိပ်ခန်း ကိုယ်ဝင်ပြီး အိပ်ရာပေါ်မှာ စဉ်လှဲလိုက်ရပါတော့ သည်။ သခင်မ၏ မျက်နှာသည် တပည့်တော်၏ မျက်စိရှေ့မှာ တဝဲဝဲ

ဖြစ်နေပြီး မေ့မရ ပျောက်မရနှင့် များစွာမှ နေရခက်ပါသည်။ ဤသို့ဖြင့် ရှိဂုန်သခင်ကြီးထံပါးမှာ မခစားနိုင်ဘဲ လေးငါးရက်ခန့် တာဝန် လစ်ဟင်း သွားပါသည်။ ရှိဂုန်သခင်ကြီးက တပည့်တော်ဆီကို လူလွှတ်ပြီး မေးမြန်းခိုင်း ပါသည်။ တပည့်တော်က နေမကောင်းကြောင်း စကားပြန်လိုက်သောအခါ သမားတော်ကို လွှတ်ပြီးလျှင် ဆေးကုခိုင်းပါသည်။ သမားတော်က တပည့် တော်ကို စစ်ဆေးမေးမြန်းပြီး ကိုင်တွယ် စမ်းသပ်ပါသည်။ မည်သည့်ရောဂါ ၏ လက္ခဏာကိုမျှ မတွေ့ရသောအခါ သမားတော်လည်း ရှိဂုန်သခင်ကြီး ထံမှာ အစီရင်ခံပါသည်။

"'သူငယ်၏ ရောဂါသည် သွေးရိုးသားရိုးရောဂါမျိုး မဟုတ်ပါ။ စိတ္တဇ ရောဂါ ဖြစ်ပါသည်"ဟု အစီရင်ခံပါသည်။ ထိုအခါ ရှိဂုန်သခင်ကြီးသည် တပည့်တော်၏ အရင်းနှီးဆုံး ငယ်သူငယ်ချင်းကို လွှတ်၍ စုံစမ်း ထောက် လှမ်းခိုင်းပါသည်။ တပည့်တော် သူငယ်ချင်းသည် နေ့စဉ်နေ့တိုင်း မိုးလင်း သည်နှင့် တစ်ပြိုင်နက် ရောက်လာ၍ တစ်နေ့လုံးလုံး တပည့်တော်ကို ရေပူ ရေချမ်း ကမ်းလှမ်းကာ ပြုစုသည်မှာ မိုးချုပ်မှ ရပ်နားပါတော့သည်။ နေ့တိုင်း လည်း တပည့်တော် စိတ်ဆင်းရဲနေရသည့် အကြောင်းကို မေးမြန်းပါသည်။ ရက်အတော်ကြာသောအခါ တပည့်တော်လည်း သူငယ်ချင်းကို အားနာ သဖြင့် ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ပြောလိုက်ပါသည်။

'တပည့်တော်၏ အဖြစ်မှန်ကို သိရသောအခါ ရှိဂုန်သခင်ကြီးက နန်းတော်ကို သွားပြီးလျှင် နန်းတွင်းသူ သခင်မနှင့် တပည့်တော် တွေ့နိုင် အောင် စီစဉ်ပါတော့သည်။ သူ စီစဉ်ပေးသည့်အတိုင်း တစ်ခုသော ညမှာ တပည့်တော် နန်းတော်ထဲကို သွားပါသည်။ အဆောင်တော်တစ်ခုမှာ သခင်မ သုံးဦးက တပည့်တော်ကို ဆီးကြို ညှိ့ခံပါသည်။ သူတို့သုံးဦးကို တွေ့ရ တော့ တပည့်တော် တွေ့လိုသည့် သခင်မ **အိုနို**ကို မည်သူများ ဖြစ်ပါမည် နည်းဟု စဉ်းစားမရ ဖြစ်နေပါသည်။ သခင်မ အိုနိုကို မျက်စိတစ်ပြက်မျှသာ မြင်ဖူးလိုက်ရ၍ တပည့်တော် မမှတ်မိပါ။ သို့သော်လည်း သခင်မတစ်ဦး

သည် ယမကာခွက်ကို ကိုင်၍ တပည့်တော် အနားကို ကပ်လာပြီးလျှင် သူက တစ်ကျိုက်သောက်၍ တပည့်တော်ကို တစ်ကျိုက်တိုက်သောအခါ ချက်ချင်းပင် သခင်မ အိုနီပဲ ဟူ၍ သိပါတော့သည်။

'ကြက်ဦးတွန်၍ ရောင်နီသမ်းလာပါပြီ။ ခေါင်းလောင်းသံများလည်း ဘုရားကျောင်းများမှ ပေါ်ထွက်လာပါပြီ။ တပည့်တော်တို့ နှစ်ဦးလည်း ရိုးမြေပြာကျ သစ္စာဆို၍ အပြီးတွင် သခင်မ အိုနီသည် လသာခန်းသို့ ထွက်သွားကာ ကဗျာတစ်ပိုဒ်ကို ဆိုလိုက်ပါသည်။

**"တစ်ယံဆံ တစ်ခါတွေ့ရယ်ကြောင့်**
**သည်ခင်မေ့ ဝတ်လွှာရုံ**
**နှင်းမှုန်နှင့် ဖွေး။"**

'သည်တော့ တပည့်တော်က ကျန်အပိုဒ်ကို ဤသို့ ဖြည့်ဆိုလိုက်ပါသည်။

**"နှင်းမှုန်ဖွေးတဲ့ ခင်လွှာရုံကို**
**လွှမ်းခြုံကာ သည်တစ်သက်မှာ**
**ဖုန်းစက်မယ်လေး။"**

'ထိုနေ့ ထိုညမှစ၍ တပည့်တော်တို့ နှစ်ဦးမှာ မကြာခဏ တွေ့ဆုံခွင့်ရပါသည်။ တစ်ခါတစ်ရံ တပည့်တော်က နန်းတွင်းသို့ သွား၍ တွေ့ပါသည်။ တစ်ခါတစ်ရံ သူက တပည့်တော်ရှိရာသို့ တိတ်တဆိတ် လာ၍ တွေ့ပါသည်။ ထိုအကြောင်းကို ရှိဂုန်သခင်ကြီး သိသွားသောအခါ "ကြာလျှင် လူအများ သိသွားတော့မည်" ဆို၍ အိုနီသခင်မအား မြို့ပြင်က ခြံကြီးတစ်ခုကို ပေးပါသည်။ ထိုခြံတွင် တပည့်တော်တို့ တွေ့ကြပါသည်။

'ထိုအခါက တပည့်တော်မှာ **တင်ဂျင်ရှင်ကြီး**ကို ယုံကြည်ကိုးစားသူ တစ်ဦးဖြစ်၍ တင်ဂျင်ရှင်ကြီး နတ်ကွန်းမှာ လစဉ် လတိုင်း ၂၄ ရက်နေ့ည ဆိုလျှင် ဆုတောင်းလေ့ ရှိပါသည်။ သို့သော်လည်း [illegible]သခင်မနှင့် ရည်ငံမိသည့် အခါကစ၍ နတ်ကွန်းကို မသွားနိုင်တော့ဘဲ ဝတ္တရား ပျက်ကွက်

နေပါတော့သည်။ ထို့ကြောင့် နှစ်ကုန်မည့် တစ်ဆယ့်နှစ်လ၏ ၂၄ ရက်နေ့ည ရောက်သောအခါ ဝတ္ထုရား ပျက်ကွက်ခဲ့သည်တို့ကို တိုးလျှိုးတောင်းပန်လို သဖြင့် တပည့်တော်မှာ နတ်ကွန်းကို သွား၍ ဆုတောင်းပါသည်။ ဆုတောင်း၍ အတော်ညဥ့်နက်ချိန်မှာ တပည့်တော်အနားရှိ လူတစ်ယောက်က "ဖြစ်မှ ဖြစ်ရပလေ၊ ဘယ်သူများပါလိမ့်" ဟု ပြောလိုက်သည်ကို ကြားရသဖြင့် "ဘာများ ဖြစ်လို့ပါလဲ"ဟု မေးကြည့်ပါသည်။ ထိုအခါ သူတို့က ပြောကြပါသည်။ "မြို့ပြင်မှာ အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ် နန်းတွင်းသူ တစ်ယောက် အဝတ်မဲ့ အစားမဲ့နှင့် အသတ်ခံထားရသည်"ဟု ပြောကြပါသည်။ သည်သတင်းကို ကြားရသောအခါ တပည့်တော်လည်း မနေနိုင် မထိုင်နိုင် ဖြစ်လာ၍ အချင်းဖြစ်ပွားရာ အရပ်ကို တစ်ခါတည်း ပြေးသွားမိပါတော့သည်။

'တပည့်တော် စိုးရိမ်မိသမျှ မှန်နေပါသည်။ အသတ်ခံရသူမှာ အိုနိသခင်မ ဖြစ်နေပါသည်။ ဓားပြလူဆိုးများက လက်ဝတ်တန်ဆာ အဝတ်အထည်များကိုသာ ချွတ်ယူသွားရုံမက သူ့ဆံပင်ကိုပင် ကတ်ကြေးနှင့် ညှပ်ယူသွားသည်ကို တွေ့ရပါသည်။ တပည့်တော်လည်း တကယ်ဖြစ်နေသည်မှ ဟုတ်ပါစဟု ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်ဘဲ ကြောင်တက်မိနေပါတော့သည်။ မည်သည့် ဂြိုဟ်ဆိုးမွှေ၍ အိုနိသခင်မ ဤအဖြစ်ဆိုးနှင့် ကြုံရပါသနည်း။ တပည့်တော် များစွာ ရင်ကွဲပက်လက် ဖြစ်ပါသည်။ သူ့ခမျာ ဤသို့ ပျက်စီးရသည်မှာ တပည့်တော်ကြောင့် မဟုတ်ပါလား။ အကယ်၍သာ ဤအဖြစ်ကို ကြိုတင်၍ သိရပါလျှင် ဘယ်အရှင်ကြီးကိုမျှ တပည့်တော် ကြောက်မည် မဟုတ်ပါ။ ရန်သူပေါင်း ရန်ချီ၍ လာစေဦးတော့လည်း တပည့်တော်တစ်ဦးတည်း အသက်စွန့်ကာ ခုခံဖို့ရန် အသင့်ပင် ဖြစ်ပါသည်။ ယခုမှာမူ တပည့်တော် မသိရဘဲနှင့် ဤသို့ ဖြစ်ရသည့်အတွက် တပည့်တော်မှာ ကြီးစွာ ယူကျုံးမရ ဖြစ်ရပါသည်။ ထို့ကြောင့် ထိုနေ့ညတွင်ပင် တပည့်တော်သည် ခေါင်းတုံးတုံး၍ သကန်းဝတ်ကာ ခင်ကြီးဘဝကို ယူလိုက်ပါ

တော့သည်။ ယခုဆိုလျှင် သည်တောင်တန်းနှင့် သည်ချောင်စခန်းမှာ အိုနိုသခင်မအတွက် ဆုတောင်းရင်း မေတ္တာပို့လာသည်မှာ နှစ်ပေါင်း နှစ်ဆယ်မျှ ရှိပါပြီ'

ဤသို့ ပထမခင်ကြီးက မိမိ၏ အဖြစ်သနစ်ကို ပြန်ပြောင်းပြောပြ၍ အဆုံး၌ နားထောင်နေသော ခင်ကြီးနှစ်ပါးမှာ သက်န်းနှင့် မျက်ရည်သုတ်ကြပါတော့သည်။

*

နောက်ပြောမည့် ခင်ကြီးမှာ အသက်ငါးဆယ်ခန့် ရှိသည်။ အရပ်ခြောက်ပေခန့်ရှိ၍ သူ၏ ညှပ်ရိုးများမှာ ငေါထွက်နေသည်။ မေးမှာ ထောင့်ချွန်းဖြစ်၍ ပါးရိုးများမှာ မြင့်မောက်သည်။ နှုတ်ခမ်းထူ၍ နှာခေါင်းချွန်သည်။ အသားညို၍ ခန္ဓာကိုယ် တောင့်တင်း ကြံ့ခိုင်သည်။ သူသည် စကားပြောရင်း ပုတီးကိုလည်း စိပ်သည်။ 'ယခု တပည့်တော်ကို ပြောခွင့်ပေးပါ'ဟု သူက ခွင့်တောင်းသည်။ ခင်ကြီးနှစ်ပါးက ခွင့်ပေးသည်။ 'ပြောရမည်ဆိုလျှင် အံ့ဩဖွယ်ပါပဲ။ အဘယ့်ကြောင့်ဆိုပါလျှင် နန်းတွင်းသူကို သတ်သောယောကျ်ားမှာ တခြားသူ မဟုတ်ပါ။ တပည့်တော် ဖြစ်သောကြောင့် ဖြစ်ပါသည်' ထိုစကားကို ကြားလျှင် ကစုယာမှာ ချောက်ချားသွားပုံ ရပါသည်။ သူ၏ မျက်နှာရောင် ပြောင်းသွားပါသည်။ စိတ်သန္တာန် ချလိုက်ပုံလည်း ပေါ်လာပါသည်။

ထိုအခါ ဒုတိယခင်ကြီးက 'သတိထားပါ ခင်ကြီး၊ ဘယ်သို့ဘယ်ပုံဖြစ်ရသည့်အကြောင်းကို တပည့်တော် ရှင်းပြပါရစေဦး'ဟု ဆိုသည်။ ကစုယာသည် ဣန္ဒြေဆည်လိုက်၍ အဖြစ်အပျက်ကို ချက်ချင်း ပြောပြရန် တိုက်တွန်းလေသည်။ ထို့ကြောင့် ဒုတိယ ခင်ကြီးက ပြောသည်။ 'ခင်ကြီးတို့နှစ်ပါးက နေပြည်တော်သားတွေဆိုတော့ တပည့်တော်၏ သတင်းကို ကြားဖူးကြမည် ဖြစ်ပါသည်။ တပည့်တော်၏ အမည်မှာ အနောက်ပြင်က **အရာဂေါ်ရို** ဖြစ်ပါသည်။ တပည့်တော်သည် အသက်ရှစ်နှစ်အရွယ်တွင် ဓားပြ

စ တိုက်၍ ဆယ့်နှစ်နှစ်အရွယ်တွင် ပထမဆုံး လူသတ်ဖူးပါသည်။ ထို နန်းတွင်းသူမှာ တပည့်တော် လူသတ်ရာတွင် သုံးရာ့ရှစ်ဆယ် ပြည့်သူ ဖြစ်ပါသည်။ တပည့်တော်မှာ ဓားပြတိုက်မှု၊ လူသတ်မှုနှင့် အလွန် အကျိုးပေး ပါသည်။ သို့သော်လည်း ဘယ်သို့သော အကုသိုလ် နှိပ်စက်၍ မသိပါ။ ထိုနှစ်က တစ်ခါမျှ ဓားပြတိုက်၍ မဖြစ်ဘဲ ရှိပါသည်။ ထို့ကြောင့် တောင်ပေါ် တက်၍ တောပုန်းဓားပြ လုပ်ပြန်ပါလည်း အကျိုးမပေးပါ။ ဘာကိုပဲ ကြံစည် ကြံစည် အကြံအောင်သည် မရှိဘဲ အကျိုးသာလျှင် နည်းရပါသည်။ အိမ်မှာ လည်း စားစရာ မရှိပါ။ သားမယားများ ငတ်ပြတ်နေသည်ကို မကြည့်ရက် သဖြင့် တပည့်တော် အိမ်က ထွက်သွားပြီး ဘုရားတန်ဆောင်းများမှာ ပုန်းခို နေပါသည်။ ထိုသို့ ရက်အတန်ကြာ နေမိသောအခါ သားသမီးနှင့် ဇနီး အိမ်သည်တို့၏ အဖြစ်ကို သိချင်သဖြင့် အိမ်သို့ ပြန်သွားပါသည်။ အိမ်ထဲ ကို ခြေချမိလျှင်ပင် ဇနီးသည်က တပည့်တော်ကို ဖက်ပြီးလျှင် ငိုပါတော့ သည်။

"'လူစိမ်းကားကြီး ဘာကြောင့် ပြန်လာပါသနည်း။ ကျုပ်တို့ အိမ်မှာ ငတ်ပြတ်နေတာကို ကြည့်ရက်လျှင် ကြည့်ပါတော့။ ယခု နှစ်သစ်ကူးပါ တော့မည်။ ကလေးများမှာ လှလှဝတ်ဖို့ ဝေးစွ။ ထမင်းကို နပ်မှန်အောင်မျှ မစားရပါဘူး။ ရှင်ကတော့ တော်ရာရှောင်ပြီး နေနိုင်၍ ကောင်းပါသည်။ ကျုပ်မှာတော့ မုဆိုးမကြီးလို သည်သားသမီးတွေအတွက် တစ်ယောက်တည်း ရှာဖွေရသည်။ ယခု သုံးလေးရက်မှာ ရှာလို့ဖွေလို့ တစ်ပြားတစ်ချပ်မျှ မရ သည့်အတွက် ချက်စရာ ဆန်တစ်စေ့မျှ မရှိပါ။ ကလေးတွေ ထမင်းငတ်၍ ငိုနေသည်ကို ကျုပ် ဘယ်သို့ ရှုနိုင်ပါမည်လဲ"ဟု ပြောပါသည်။

'သူ ပြောပြီးသောအခါ တပည့်တော်က ဆိုလိုက်ပါသည်။ "ရှေးဘဝ တွေက အကုသိုလ်တွေစုပြီး အကျိုးပေးသလား မသိဘူး။ ကျုပ်လုပ်သမျှ ဘာမျှ မအောင်မြင်ပါ။ ကျုပ် တခြားသွား၍ ရှောင်ပုန်းနေသည်မှာ မှန်ပါ သည်။ သို့သော်လည်း ယခု သားသမီးတို့ကို အောက်မေ့၍ ပြန်လာပါပြီ။

ရှင်မ ခဏလောက် သည်းခံ၍ စောင့်ပါဦး။ ယနေ့ နက်ဖြန် ဆိုသလို တစ်ခုခု ဖြစ်ပါလိမ့်မည်”ဟု ဆိုလိုက်ပါသည်။

‘ထိုနေ့ညတွင် တစ်ခုခုဖြစ်မှာ အမှန်ပင်ဟု တပည့်တော် စိတ်တွင် ထင်နေပါသည်။ ထို့ကြောင့် မိုးချုပ်မည်ကိုပင် မစောင့်နိုင်ဘဲ နေလုံး မပျောက် တပျောက်အချိန် ခေါင်းလောင်းသံတွေ အဆူတွင် ဓားကိုဆွဲလျက် တပည့်တော် ထွက်ပါတော့သည်။ ဝင်းထရံရိပ် တစ်ခုကို ရောက်သောအခါ လူ အလာကို အငမ်းမရ စောင့်မျှော်မိပါသည်။ မည်သူပင် လာလာ၊ ကြောက်ဖွယ် သူရဲကောင်းကြီးမျိုးပင် လာလာ တပည့်တော် ဓားနှင့် တစ်ချက်တည်း ပိုင်းဖို့ရန်ကို စိတ်ကူး နေမိပါသည်။ လက်သီးကို မြဲမြဲဆုပ်၍ တပည့်တော် စောင့်နေပါသည်။ ထိုခဏမှာပင် လုလင်တချို့ စကားတပြောပြောနှင့် ထမ်းစင်တစ်ခုကို ထမ်း၍ တပည့်ပော် မှောင်ခိုနေရာ အနီးသို့ ရောက်လာပါ သည်။ သူတို့ဆီမှာ ရစရာ ကောင်းကောင်း ပါလိမ့်မည် မထင်၍ သူတို့ကို အမှတ်မဲ့ပင် လွှတ်လိုက်ပါသည်။ သူတို့ လွန်သွား၍ မကြာခင်ပင် အလံ အစိတ် သုံးဆယ်လောက်ဆီက အလွန်ထူးခြတ်သည့် နံ့သာနံ့ တစ်ခုကို ရပါသည်။ ထိုက်ထိုက်တန်တန် ပုဂ္ဂိုလ်တစ်ဦးဦးဖြင့် လာပြီဟု တပည့်တော် မှတ်လိုက်ပါသည်။ ကံထလာပြီဟု တွေးကာ ဝမ်းအမြောက်ကြီး မြောက်မိပါ သည်။

‘သို့ဖြင့် တပည့်တော် လှမ်းကြည့်လိုက်သောအခါ ပိုးဝတ်ရုံ တရှင်း ရှင်းနှင့် နန်းတွင်းသူတစ်ဦး တောက်တောက်ပြောင်ပြောင်နှင့် လမ်းလျှောက် လာသည်ကို မြင်ရပါသည်။ သူ့ရှေ့ ခပ်လှမ်းလှမ်းမှာ မိန်းမပျိုတစ်ယောက်၊ သူ့နောက်မှာ ကပ်လျက် ဘဏ္ဍာအိတ်ကိုင်သော မိန်းမပျိုတစ်ယောက် စောင့် ရှောက် လိုက်ပါလာကြပါသည်။ တပည့်တော်ကို သူတို့ သတိမမူမိကြပါ။ သူတို့ အနည်းငယ် လွန်သွားခါမှ တပည့်တော် ပုန်းရာက ထွက်၍ အပြေး လိုက်ပါသည်။ မိန်းမပျိုနှစ်ဦးမှာ ငယ်သံပါအောင် အော်၍ ထွက်ပြေး ကြပါသည်။ ဘဏ္ဍာအိတ်ကိုလည်း ပစ်ချခဲ့ပါသည်။ သို့သော်လည်း နန်း

တွင်းသူမှာ ဣန္ဒြေမပျက်ပါ။ တည်ငြိမ်စွာပင် ရပ်နေပါသည်။ တပည့်တော်လည်း ဓားကို ဝင့်၍ သူ့ဆီကို ပြေးသွားပြီးလျှင် သူ့အဝတ်များကို ရက်ရက်စက်စက် ဆွဲဆုတ်လုယူပါသည်။ "အတွင်းခံ ဝတ်ရုံကိုပါ ချွတ်ပေး"ဟု တောင်းပါသည်။ ထိုအခါ နန်းတွင်းသူက ပြောပါသည်။ "အတွင်းခံကိုတော့ သည်းခံပါ။ အတွင်းခံမှ မကျန်တော့လျှင် မိန်းမများအဖို့ တစ်သက်လုံး အရှက်ကွဲစရာ ဖြစ်ပါလိမ့်မည်"ဟု ပြောပြောဆိုဆိုနှင့်ပင် သူ့လည်ပင်းတွင် ဆွဲထားသော ရတနာကြုတ်ငယ်ကို ဖြုတ်၍ တပည့်တော်ဆီကို ပစ်ပေးပြီးလျှင် "အတွင်းခံအစား ဤရတနာကြုတ်ကို ယူပါ"ဟု ပြောပါသည်။ သူ့ကိုယ်က နံ့သာမှာ မွှန်မြတ်လွန်း၍ တပည့်တော် အလျှော့ပေးတော့မည် သို့ပင် ဖြစ်ပါသည်။ သို့သော်လည်း တပည့်တော်၏ ယုတ်မာရိုင်းစိုင်းမှုမှာ ပြင်းထန်လှသဖြင့် အတွင်းခံကိုသာလျှင် မရမက တောင်းဆိုမိပါသည်။ ထိုအခါ သူက "အတွင်းခံကို ယူမည်ဆိုလျှင် ကျွန်ုပ်ကို အသက်နှင့် ချန်မထားပါနှင့်။ သတ်လိုက်လျှင် မြတ်ပါလိမ့်မည်"ဟု ပြောပါသည်။ တပည့်တော်က "သတ်ဆိုလျှင်လည်း ဝန်မလေးပါ၊ သတ်ပါမည်"ဟု ဆိုလျက် တစ်ချက်တည်း ဓားနှင့်ထိုး၍ အဆုံးစီရင်လိုက်ပါသည်။ ထို့နောက် အလျင်စလိုပင် အတွင်းခံဝတ်ရုံကို သွေးမစွန်းခင် ချွတ်ယူပါသည်။ ဘဏ္ဍာအိတ်ကိုလည်း ကောက်ယူပါသည်။ ငါ့သားမယားများ အလွန် အားရကြလိမ့်မည်ဟု တွေးကာ အိမ်ဘက်သို့ အပြေးသွားပါတော့သည်။

'အိမ်ကိုရောက်၍ တံခါးကို ခေါက်လိုက်သောအခါ တပည့်တော်၏ ဇနီးသည် ယခုလောက် စောစော ပြန်လာသည်ကို အံ့ဩခါဖြင့် "နေရာကျခဲ့ပါသည်လား"ဟု တံခါးတွင်းမှ အလျင်တဆော မေးပါသည်။

' "ဖွင့်မှာကို မြန်မြန်ဖွင့်ပါ"ဟု ပြောပြောဆိုဆိုနှင့်ပင် ဘဏ္ဍာအိတ်ကို ပစ်ချလိုက်ပါသည်။ "မြန်လှပါပေသည်"ဟု ပြောလျက် ဇနီးသည်သည် ဖြေရမည်ကိုပင် စိတ်မရှည်သဖြင့် ဘဏ္ဍာအိတ်ကြိုးများကို အတင်းဖြတ်ပါတော့သည်။ အိတ်ထဲတွင် နံ့သာဖြင့် လှိုင်နေသော ဝတ်လဲ ဆယ့်နှစ်ထည်

ကို တွေ့ရပါသည်။ နံ့သာနံ့ ပြင်းလှ၍ လမ်းထဲက လူများပင် တပည့်တော် အိမ်ရှေ့ ရောက်သောအခါ ရပ်တန့် အံ့အားသင့်ကြပါသည်။

'တပည့်တော်၏ ဇနီးနှင့် ကလေးတို့မှာ ဝမ်းအသာကြီး သာနေကြပါသည်။ ပြောရမည်ပင် ရှက်ပါသည်။ တပည့်တော်၏ ဇနီးမှာ အတွင်းခံဝတ်ရုံကို ဝတ်ကြည့်ပါသည်။ "သည်ဝတ်ရုံမျိုး တစ်သက်မှာ တစ်ခါပဲ တွေ့ဖူးရပါသည်။ ရှင် သတ်လိုက်သော အမျိုးသမီးသည် ခပ်ငယ်ငယ် ဖြစ်မည် ထင်ပါသည်။ အသက် မည်မျှရှိမည် ထင်ပါသနည်း" ဟု သူက မေးပါသည်။

'သနား၍များ မေးနေလေသလားဟု ထင်မှတ်ကာ တပည့်တော်က ပြန်ဖြေပါသည်။ "မှောင်ထဲမှာဖြစ်၍ ကောင်းကောင်း မမြင်ရပါ။ သို့သော်လည်း အသက် တစ်ဆယ့်ရှစ်နှစ်လောက်တော့ ရှိလိမ့်မည် ထင်ပါသည်" ဟု ပြန်ဖြေလိုက်ပါသည်။

'"သည်လောက် ရှိလိမ့်မည်ဟုပင် ကျုပ်လည်း ထင်ပါသည်" ဆိုကာ ဘာအကျိုးအကြောင်းကိုမျှ မပြောဘဲနှင့် တပည့်တော် ဇနီးသည် မှောင်ထဲသို့ ပြေးထွက်သွားပါသည်။ ခဏကြာသောအခါ သူ အိမ်ထဲကို ပြန်ဝင်လာ၍ "ရှင်တို့များ လူဆိုးလုပ်နေပြီးလျှင် အလွန် သဘောထား ကြီးပါပေသည်။ ရာဇဝတ်မှု ကျူးလွန်မိမှဖြစ်လျှင် အမြတ်ထုတ်နိုင်သမျှ ထုတ်သင့်သည် မဟုတ်ပါလား။ ကျုပ် ယခု ထွက်သွားသည်မှာ ဆံပင်ကို ဖြတ်ယူဖို့ပါ။ ကျုပ်ဆံပင်က ပါးလေတော့ သူ့ဆံပင်ကို ဆံစုလုပ်ပြီး ပေါင်းလိုက်လျှင် အတော်ပါပဲ။ ကျုပ်တော့ သည်ဆံပင်ကို ဘယ်ဝတ်ရုံနှင့်မှ မလဲနိုင်ပါဘူး" ဟု အားပါးတရ လောဘတကြီး ပြောပါသည်။

'ထို့နောက် ဆံပင်ကို ရေနွေးနှင့် ဆေး၍ ကြိုးတန်းတွင် လှန်းပါသည်။ သူ့တစ်ကိုယ်လုံးမှာလည်း တကျိုးကျိုး တကြွကြွနှင့် အားရမဆုံး၊ ဝမ်းသာမဆုံး ဖြစ်နေသည်ကို တွေ့ရပါသည်။

'တပည့်တော်လည်း သူ့ကို စူးစိုက်ကြည့်ရင်း စက်ဆုပ်လာပါတော့

သည်။ တပည့်တော်သည် ရှေးဘဝက ကုသိုလ်ရှိ၍ ယခုဘဝမှာ လူဖြစ်လာရပါသည်။ လူဖြစ်လာရပါလျက် လူ့စိတ် မရှိနိုင်ဘဲ ယခုကဲ့သို့ အလွန်ဆိုးယုတ်သော အမှုများကို ပြုမိလျက် ရှိပါသည်။ နေ့မအား ညမလပ် တပည့်တော် ကြံစည်နေသည်မှာ တိုက်ဖို့ ခိုက်ဖို့၊ သတ်ဖို့ ဖြတ်ဖို့သာ ဖြစ်ပါသည်။ ထိုအကုသိုလ်များမှ တပည့်တော် မည်သို့ ရုန်းထွက်နိုင်ပါမည်နည်း။ အဆုံးတွင် ငရဲမှာ ကြီးစွာ ခံရပေလိမ့်မည်။ ဤသို့ ဒုစရိုက်ဘဝကြီးကို ဆက်လက် မွေးမြူသွားရမည်ကို တွေးမိ၍ ကိုယ့်ကိုယ်ကိုယ်ပင် စက်ဆုပ်လာပါသည်။ ထိုအထဲတွင် တပည့်တော်ဇနီး၏ ရက်စက်ပုံက တပည့်တော်ကို နှိပ်စက်ပြန်သည်။ ထိုအခါ သူနှင့် အကြင်လင်မယားဘဝတွင် ကျင်လည်မိခဲ့သည်ကို နောင်တကြီးစွာ ရမိပါသည်။ သူ့ကြောင့် အပြစ်မဲ့သော နန်းတွင်းသူကို ရက်ရက်စက်စက် သတ်မိပါသည်။ ယုတ်မာလေစွ၊ ယုတ်မာလေစွဟု တွေးမိကာ အူများ၊ အသည်းများ ပြိုကွဲကြေမွ သွားသကဲ့သို့ ဖြစ်လာပါသည်။ ထိုခဏ၌ပင် တပည့်တော်သည် ခင်ကြီးဘဝသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပြီးလျှင် ခင်ကြီးတစ်ပါးထံသွားကာ သင်္ကန်းဆီးပါတော့သည်။ ထို့နောက် မကြာခင်ပင် ဤတောင်ပေါ်သို့ လာ၍ တရားကျင့်ပါတော့သည်။

'ကိုယ်တော်သည် တပည့်တော်ကို မုန်းတီးလိမ့်မည်ဟု တပည့်တော် သိပါသည်။ မုန်းတီးသဖြင့် တပည့်တော်ကို သတ်လိုပါလျှင် အပိုင်းပိုင်း ဖြတ်၍ သတ်ပါလော့။ တပည့်တော် ခံဖို့ရန် အသင့်ပင် ဖြစ်ပါသည်'ဟု ပြောကာ သူ၏ အဖြစ်အပျက်ကို နိဂုံးချုပ်လိုက်လေသည်။

ထိုအခါ ခင်ကြီး ကစုယာက ဆိုပြန်သည်။ 'အို… ခင်ကြီး၊ လူသားချင်း မည်သို့ မုန်းနိုင်ပါမည်နည်း။ တစ်ဦးတည်းသော အမျိုးသမီးအတွက် ခင်ကြီးလည်း တောထွက်ရသည်။ တပည့်တော်လည်း တောထွက်ရသည်။ ယခုကဲ့သို့ ကံတူ အကျိုးပေးချင်းဖြစ်၍ အထူးပင် မမုန်းနိုင်ဖြစ်ပါသည်။ ထိုအမျိုးသမီးသည် အလောင်းအလျာဖြစ်၍ တပည့်တော်တို့ နှစ်ဦးကို ချွတ်လိုသဖြင့် လူ့ဘဝကို ယူကာ ဤသို့ ဖန်တီးသွားခြင်း ဖြစ်ပါလိမ့်မည်။

သူ့ကြောင့် တပည့်တော်တို့ နှစ်ဦးမှာ မဂ်လမ်းဆီသို့ ရည်မှန်းကာ တရားကျင့်ကြ ရပါပြီ။ ထို့ကြောင့် တပည့်တော်တို့သည် အနာဂတ်ကို မျှော်မှန်းလျက် အတိတ်ကို မေ့လိုက်ကြပါစို့'ဟု ဆိုပြီးလျှင် သကၤန်းစဖြင့် မျက်ရည်သုတ်လိုက်လေသတည်း။

(တတိယ ခင်ကြီး၏ အတ္ထုပ္ပတ္တိမှာ ဤအတ္ထုပ္ပတ္တိ နှစ်ခုနှင့် မဆိုင်သဖြင့် မဖော်ပြတော့ပါ။)

[ မြဝတီ၊ ဇန်နဝါရီ ၁၉၆၁ ]

# ကုလားထိုင် ပြင်သူ

အချိန်သည်ကား ဥယျာဉ်ကစားပွဲ ဖွင့်ခြင်းအတွက် မာကွစ်ဒီ ဘာတာရန်က တည်ခင်းကျွေးမွေးသော ညစာစားပွဲကြီး ပြီးဆုံးခါနီးအချိန် ဖြစ်လေသည်။ သစ်သီး ပန်းမန်တို့ဖြင့် ဆင်ယင်ထား၍ ထိန်လင်းစွာ မီးထွန်းထားသော စားပွဲကြီးကို ဝိုင်း၍ အပျော်အပါး အမဲလိုက်သူ ၁၁ ယောက်၊ မိန်းမငယ် ၈ ယောက်၊ အရပ်ဆရာဝန် တစ်ယောက်တို့ ထိုင်နေကြလေသည်။

သူတို့သည် ထွေရာလေးပါး စကားပြောဆိုနေကြရာ ပြောနေသော စကားသည် အချစ်ဘက်သို့ ရောက်သွားလေ၏။ လူတစ်ယောက်သည် အကြိမ်ပေါင်းများစွာ တကယ်တမ်း ချစ်နိုင်သည်၊ တစ်ကြိမ်သာလျှင် ချစ်နိုင်သည် ဟူသော ကမ္ဘာတည်သည့် ပြဿနာနှင့် ပတ်သက်၍ အထန်အပြင်း အငြင်းပွားလျက် ရှိကြလေသည်။ တစ်ကြိမ်သာလျှင် တကယ်တမ်း စွဲစွဲလမ်းလမ်း ချစ်ဖူးသော သာဓကတို့ကိုလည်း ထုတ်ဆောင်ကိုးကားပြကြ၏။ ယေဘုယျအားဖြင့်ဆိုလျှင် အချစ်တရားသည် ရောဂါများကဲ့သို့ လူတစ်ဦးတစ်ယောက်ကို အကြိမ်ပေါင်းများစွာ တိုက်ခိုက်တတ်၍ အတားအဆီးအနှောင့်အယှက်များနှင့် တွေ့ကြုံရလျှင် အသက်ကိုပင် ရန်ရှာတတ်သည်ဟု ယောကျ်ားများက အခိုင်အမာ ပြောဆိုကြလေသည်။ ဤဝါဒကို ချေဆိုဖို့ရန် ခဲယဉ်းသည် မှန်သော်လည်း မိန်းမများကမူ တကယ့်အဖြစ်အပျက်တို့ကို မသုံးသပ် မစီစစ်ဘဲနှင့် ကဗျာဆန်သော အတွေးအခေါ်တို့ကိုသာလျှင် အားကိုးပြု၍ အချစ်၊ တကယ့်အချစ်၊ သူရဲကောင်းအချစ် မှန်လျှင် လူတစ်ယောက်တွင် တစ်ကြိမ်သာလျှင် ပေါ်ပေါက်နိုင်သည်ဟု ယူဆကြလေ

သည်။ ဤအချစ်မျိုးသည် မိုးကြိုးသွားနှင့် တူ၏။ အချစ်မိုးကြိုးသွား အထိခံရသော နှလုံးသည် လုံးလုံးကြီး ကွဲပြိုပျက်စီးသွားပြီဖြစ်၍ တကယ့် အချစ်တရားကို မဆိုနှင့်ဦး၊ သာမန်ချစ်သော အပျော်ချစ်မျိုးပင် ၎င်းနှလုံးတွင် အမြစ်မတွယ်နိုင်တော့ပြီဟု အယူရှိကြလေသည်။ မာကွစ်အမတ်ကြီးမှာမူ မိမိကိုယ်တိုင်ကပင် အကြိမ်ပေါင်းများစွာ ချစ်ခဲ့ဖူးသည် ဖြစ်လေသောကြောင့် မိန်းမတို့၏ တစ်သက်တစ်ခါ ချစ်ဝါဒကို တွန်းလှန်ဖြိုဖျက်လေသည်။

'လူတစ်ယောက်ဟာ ခဏခဏပဲ အလိုက် အသည်းလှိုက် ချစ်ကြိုက်နိုင်ကြောင်းကို ကျုပ်က ဝန်ခံပြောဆိုရဲပါတယ်။ ရည်းစားဦးပျက်လို့ အသက်ကို သတ်သေတဲ့ လူတွေအကြောင်းကို ခင်ဗျားတို့က အကိုးအကား ထုတ်ဆောင်ပြကြတယ်။ အဲဒါကို ပြန်ပြီး ချေပပြောဆိုချင်တာကတော့ ဒီလိုပါ။ ဒီလူတွေဟာ အသက်ကို သတ်မသေကြဘဲနဲ့ ဒီအချစ်ဒုက္ခကို ကျော်လွှားနိုင်အောင် ကြိုးစားနိုင်ကြရင် နောက်ထပ်တစ်ကြိမ်တောင် မကပါဘူး၊ သေသည့်နေ့ တိုင်အောင် ထပ်တလဲလဲ အချစ်ဇာတ် ခင်းနိုင်ကြမှာ မုချပါပဲ။ ချစ်သူတွေဟာ အရက်သမားများနဲ့ တူပါတယ်။ အရက်မူးနေတဲ့ လူတစ်ယောက်ဟာ ထပ်သောက်တာပဲ။ ချစ်ဖူးတဲ့ လူတစ်ယောက်ဟာလည်း ထပ်ချစ်တာပဲ။ နောက်ဆုံးတော့ လူ့သဘောကို လိုက်ပြီး ဖြစ်တဲ့ ကိစ္စပါပဲဗျာ'

ထိုဝါဒကို ပါရစ်မြို့တော်တွင် ဆေးကုနေခဲ့ပြီးနောက် ကျေးတောဘက်တွင် အေးအေးချမ်းချမ်း အငြိမ်းစား လာရောက်နေထိုင်သော ဆရာဝန်ဆီသို့ လွှဲလိုက်၍ သူ၏ ဝါဒကို ထုတ်ဖော်ပြောပြရန် တောင်းပန်ကြလေ၏။ သို့သော်လည်း ဆရာဝန်မှာ အစွဲအလမ်း ယူဆချက် မရှိပေ။

'အမတ်ကြီး ပြောသလို ဒီကိစ္စဟာ လူ့သဘောကို လိုက်ပြီး ဖြစ်တာပါပဲ။ ဒါပေမဲ့ တစ်ရက်မှ ပြတ်တယ်မရှိဘဲ သေသည့်တိုင်အောင် ၅၅ နှစ်လုံးလုံး တည်တံ့ ခိုင်မြဲသွားတဲ့ အချစ်ဇာတ်လမ်း တစ်ခုကိုတော့ ကျွန်တော်သိတယ်'

အမတ်ကတော်ကြီးသည် လက်ခုပ်တီးလေ၏။

'ဘယ်လောက် အားရစရာ ကောင်းသလဲ။ ဒီလို အချစ်ခံရတဲ့ ဘဝဟာ အင်မတန် ကံကောင်းတဲ့ ဘဝပေါ့။ ၅၅ နှစ် လုံးလုံး ရှုံးမတတ် ဖြစ်တဲ့ အချစ်မျိုးနဲ့ အချစ်ခံပြီး နေရတာဟာ အင်မတန် ကုသိုလ်ကြီးတာပေါ့။ ဒီလိုစွဲမြဲတဲ့ မြတ်နိုးခြင်းမျိုးကို လှဲ့ဆော်ပေးနိုင်တဲ့ အစွမ်းရှိတဲ့ ယောကျ်ားဟာဖြင့် ကိုယ့်ဘဝနဲ့ကိုယ် အင်မတန်ကျေနပ်ပြီး အင်မတန် ပျော်မှာပဲ'

ဆရာဝန်သည် ပြုံး၏။

'အမတ်ကတော်ကြီး ပြောတဲ့အထဲမှာ တစ်ချက်တော့ မှန်ပါတယ်။ အမတ်ကတော်ကြီး ထင်တဲ့ အတိုင်းပဲ။ ဒီလို မြတ်နိုးခြင်းကို ခံရသူဟာ ယောကျ်ား ဖြစ်ပါတယ်။ အားလုံးပဲ ဒီလူကို သိကြပါလိမ့်မယ်၊ အရပ်ထဲက ပရဆေးသည် မွန်ရှာချော်ကေးပေါ့။ မိန်းမကြီးကိုလည်း သိကြပါလိမ့်မယ်။ အမတ်ကြီးအိမ်ကို နှစ်တိုင်း လာတတ်တဲ့ ကုလားထိုင်ပြင်တဲ့ မိန်းမကြီးဟာပေါ့။ သူတို့ရဲ့ အကြောင်းကို စုံစုံလင်လင် ပြောပြပါ့မယ်'

နားထောင်နေသော ဂုဏ်သရေရှိ မိန်းမများ၏ စိတ်အားထက်သန်ခြင်းမှာ ရုတ်တရက် လျော့ကျသွားလေ၏။ စက်ဆုပ်ရွံရှာသော အသွင်သည် သူတို့၏ မျက်နှာ၌ ပေါ်လာလေ၏။ သူတို့က ဤဂုဏ်သရေရှိသော အထက်တန်းစား အမျိုးအနွယ်များတွင်သာ အချစ်တရား ရှိသကဲ့သို့ ထင်မှတ်ကြဟန် တူလေသည်။

ဆရာဝန်သည် ဇာတ်လမ်းကို ပြန်၍ ကောက်လေ၏။

'သုံးလလောက်တုန်းက အဲဒီ အမယ်ကြီး သေလုနီးပါး အခါမှာ ကျွန်တော့်ကို အခေါ်လွှတ်လို့ သွားရတယ်။ ဒီမိန်းမကြီးဟာ အရင်တစ်ရက်ကပဲ လှည်းကြီးနဲ့ ရောက်လာတယ်။ မြင်းပိန်ကြီး ဆွဲတဲ့ အဲဒီလှည်းဟာ သူ့အိမ်ပါပဲ။ သူ့မိတ်ဆွေနဲ့ ကာကွယ်စောင့်ရှောက်သူများ ဖြစ်ကြတဲ့ ခွေးနက်ကြီး နှစ်ကောင်ဟာလည်း သူနဲ့ အတူတူပဲ ပါလာတယ်။ ကျွန်တော် သွားတော့ ခင်ကြီးလည်း ရောက်နေပါပြီ။ ကျွန်တော်တို့ကို သူ့သေတမ်းစာအတွက် အမှုဆောင်များအဖြစ်နဲ့ ခန့်ပြီးတော့ သူ့ဆန္ဒများကို ကျွန်တော်တို့

နားလည်ရအောင် သူ့အဖြစ်အပျက်အားလုံးကို ပြောပြသွားတယ်။ ဒီလောက် ထူးဆန်းတဲ့၊ နစ်နာတဲ့ ကိစ္စမျိုးကို ဒီတစ်ခါပဲ ကြားဖူးပါတယ်။

'သူ့အမိအဖများဟာ အရုပ်လှည့်ပြီး ကုလားထိုင်ပြင်တဲ့ လူများမို့ သူ့ခမျာမှာ တစ်ခါမှ အိုးအိမ်တည်ကျ မနေခဲ့ရပါဘူး။ ငယ်ငယ်ကလေးတုန်းက ညစ်ညစ်ပတ်ပတ် ပေပေကျံကျံနဲ့ ဟိုရောက် ဒီရောက် လျှောက်လည်နေတာပဲ။ သူတို့တစ်တွေဟာ ရွာအပြင်က လမ်းဘေးမှာ စခန်းချပြီး မြင်းကို လွှတ်ထားကြတာပဲ။ ခွေးကြီးကလည်း လက်ပေါ် ခေါင်းတင်လျက်နဲ့ ခွေပြီး အိပ်သွားတာပဲ။ ကလေးမလေးဟာလည်း မြက်ခင်းပေါ်မှာ ခုန်ပေါက် ကျွမ်းထိုးနေတာပဲ။ မိဘတွေကတော့ လမ်းဘေးက သစ်ပင်ကြီးတွေရဲ့ အရိပ်ထဲမှာ ထိုင်ရင်း အရုပ်ထဲက ရှိသမျှ ကုလားထိုင်ပျက်တွေကို ပြင်ကြတာပဲ။ အလဟဿ စကားတွေကိုလည်း တယ်ပြီး မပြောကြဘူး။ "ကုလားထိုင်ပြင်မလား" ဆိုတဲ့ အော်နေကျအသံကို အော်ရင်း အိမ်စဉ်ကို လျှောက်တဲ့ အခါ လျှောက်ကြတယ်။ မျက်နှာချင်းဆိုင် ထိုင်တဲ့အခါ ထိုင်၊ ဘေးချင်းယှဉ် ထိုင်တဲ့အခါ ထိုင်ရင်း ကောက်ရိုးကျစ်ကြတယ်။ အဲဒီအခါမှာ ကလေးမလေးဟာ ခပ်ဝေးဝေး လျှောက်လည်မိသည် ဖြစ်စေ၊ ရွာသားကလေးတွေနဲ့ အသိဖွဲ့သည် ဖြစ်စေ သူ့အဖေကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်ခေါ်တာပဲ။

""ဟဲ့ အယုတ်မာကလေး၊ ချက်ချင်းပြန်လာခဲ့" တဲ့။

ချစ်ခင်ကြင်နာတဲ့ စကားဆိုလို့ ဒီစကားတွေလောက်ကိုပဲ သူ့ခမျာမှာ ကြားဖူးရတယ်။ အတော်ကလေး ကြီးလာတော့ အရုပ်ထဲမှာ လျှောက်ပြီး ကုလားထိုင်ပျက်တွေကို စုရသတဲ့။ အတန်ကြာရင်ပဲ လည်ရင်းပတ်ရင်းနဲ့ အခြားကလေးတွေနဲ့ အသိအကျွမ်း ဖြစ်လာတာပေါ့။ ဒီတစ်ခါတော့ သူ့မိတ်ဆွေသစ်တွေရဲ့ မိဘတွေက သူတို့ သားသမီးတွေကို ရိုင်းရိုင်းစိုင်းစိုင်း ပြောပြီး ပြန်ခေါ်ကြတယ်။

""ဟဲ့ ပြန်လာခဲ့ အယုတ်မာကလေး၊ ဒီလို ပေါက်လွှတ်ပဲစားတွေနဲ့ ပေါင်းသင်းနေတာကို နောက်တစ်ခါ မတွေ့ရစေနဲ့" တဲ့။

'ယောက်ျားကလေးတွေက ခဏခဏ သူ့ကို ကျောက်ခဲနဲ့ ပေါက်ကြသတဲ့။ မိန်းမကြီးတွေကတော့ တစ်ခါတလေ ကြေးပြားကလေးတွေ ပေးလို့ သူ့ခမျာ တရိုတသေ သိမ်းထားရှာသတဲ့။

'တစ်နေ့ သူ ၁၁ နှစ်သမီး အရွယ်လောက်မှာ သူတို့မိသားတစ်စု ဒီရွာနားကို ရောက်လာကြတယ်။ သချိုင်းနောက်ဖေးမှာ ပိုက်ဆံ နှစ်ဖာသင်ကို ကစားဖော်ချင်းက လုသွားလို့ ငိုနေတဲ့ ချော်ကေးကို သွားတွေ့သတဲ့။ မြို့သားကလေး ငိုယိုနေတာကို တွေ့တော့ သူ့ခမျာမှာ စိတ်မကောင်း ဖြစ်မိတာပေါ့။ ချော်ကေးတို့လို အတန်းအစား ကလေးများဟာ အမြဲ ပျော်ရွှင်ကျေနပ်နေတယ်လို့ ကလေးစိတ်နဲ့ ထင်မိသတဲ့။ ချော်ကေးဆီကို သွားပြီး ဒုက္ခရောက်ရတဲ့ အကြောင်းမျိုးစုံကို ကြားရတော့ သူ စုဆောင်းထားတဲ့ ရှိသမျှ ငွေကလေး ၇ ဆောင်းကို ချော်ကေးလက်ထဲ အကုန် ထည့်လိုက်တာပဲတဲ့။ ချော်ကေးကလည်း မျက်ရည်ကို သုတ်ပြီး ပိုက်ဆံတွေကို ယူတာပေါ့။ ဒီတော့ သူ့ခမျာမှာ ဝမ်းသာလွန်းလို့ မဝံ့မရဲနဲ့ ကောင်ကလေးကို နမ်းသတဲ့။ ဘသားကလည်း ပိုက်ဆံရလို့ ကြည်နေတဲ့အတွက် ဘယ်လိုမှ မကန့်ကွက်ဘူးပေါ့။ ကောင်ကလေးက ခါလည်းမပစ်၊ ရိုက်ပုတ်ပြီးတော့လည်း မလွှတ်ဘူး ဆိုတာကို သိတော့ တစ်ခါတည်းဖက်ပြီး နမ်းတာပဲတဲ့။ နောက်ပြီးတော့ ထွက်ပြေးခဲ့ရောတဲ့။

'ကလေးမလေးရဲ့ ဦးခေါင်းထဲမှာ ဘာအတွေးများ ပေါ်လာသလဲ။ ချော်ကေးကလေးနဲ့ ဘယ်လို သံယောဇဉ်ကြိုးက ဆက်သွယ်ပေးလိုက်သလဲ။ သူ့မှာ ရှိသမျှ ငွေကလေးကို မတွယ်မတာဘဲ ဆက်သလိုက်ရလို့ ဒီလို ဖြစ်ရသလား။ ဒီလိုမှ မဟုတ်ရင်လည်း ပထမဆုံး မေတ္တာငွေ့ကို ချော်ကေးအား ပေးလိုက်ရတဲ့ အတွက်လား။ အို ဒီပြဿနာဟာ လူကြီးအတွက်၊ ကလေးအတွက်ရယ်လို့ ထူးခြားတာ မဟုတ်ပါဘူး။ တစ်မျိုးတစ်စားတည်းပါပဲ။

'ဒီလိုနဲ့ပဲ သူဟာ တစ်လပြီးတစ်လ ဒီသချိုင်းထောင့်ကွေးကလေး

နဲ့ ဒီကောင်ကလေး ချော်ကေးကို သတိရပြီး တွေးတော မြင်ယောင်နေမိသတဲ့။ ချော်ကေးကို နောက်တစ်ခါ တွေ့ရဦးမလား မသိဘူးဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ ခမျာမှာ သူ့မိဘထံက ပိုက်ဆံခိုးသတဲ့။ ကုလားထိုင်ပြင်ခ ရတဲ့ ငွေထဲက နည်းနည်းခိုးပြီး ဖွက်ထားလိုက်၊ အစားအစာ အဝယ်ခိုင်းတဲ့ ငွေထဲက ခိုးပြီး ဖွက်ထားလိုက်နဲ့ ငွေစုရှာသတဲ့။

‘နောက်တစ်ကြိမ် ဒီအရပ်ကို ရောက်လာပြန်တော့ သူ့အိတ်ထဲမှာ နှစ်ဖရင့် ပါလာသတဲ့။ ဒါပေမဲ့ ချော်ကေးကို အရိပ်အယောင်လောက်သာ မြင်ရသတဲ့။ ချော်ကေးတို့ရဲ့ ဆေးဆိုင် ပြတင်းပေါက်က ချောင်းကြည့်လိုက်တော့ ဆေးရည်ပုလင်း အနီကြီးတွေ အကြားမှာ ချော်ကေးကို သစ်သစ်လွင်လွင်နဲ့ မြင်ရသတဲ့။ ဖန်ဘူး ဖန်ခွက်တွေ၊ ရောင်စုံ ဆေးရည်တွေရဲ့ အရောင်နဲ့ တောက်ပြောင်နေတဲ့ ချော်ကေးကို မြင်တော့ ပိုပြီး ချစ်မိရှာသတဲ့။ ဘယ်တော့မှာလည်း မေ့တယ် မရှိဘူးတဲ့။ နောက်တစ်နှစ် စာသင်ကျောင်း အနားမှာ ကျောင်းသားကလေးနဲ့ ဂေါ်လီရိုက်နေတဲ့ ချော်ကေးကို မြင်တော့ဖြင့် သူငယ်မကလေးဟာ အတင်းပြေးဖက်ပြီး ကြောက်လန့် ဟစ်အော်တဲ့တိုင်အောင် နမ်းတာပဲတဲ့ဗျ။ ဒီတော့ ကောင်ကလေးကို ကျေနပ်အောင်ဟာ သူ့အိတ်ထဲမှာ ရှိသမျှ သုံးဖရင့်နဲ့ လေးဆောင်းကို ထုတ်ပြီး ပေးရှာသတဲ့။ ဘသားကလည်း မျက်လုံးကို ပြူးကြည့်ပြီး ငွေကို လက်ခံလိုက်သတဲ့။ နောက်ပြီးတော့ နမ်းချင်သလောက် နမ်းဖို့လည်း အခွင့်ပြုသတဲ့။

‘နောက် လေးနှစ်အတွင်းမှာဖြင့် ဒီသူငယ်မကလေးဟာ စုလို့ ရသမျှ ငွေကလေးတွေကို ကောင်ကလေးကိုချည်း ပေးတာပဲတဲ့။ ကောင်ကလေးကလည်း ကျေးဇူးတင်တဲ့ သဘောမျိုးနဲ့ အနမ်းခံတာပဲတဲ့။ တစ်ခါတော့ ဆောင်းပေါင်း သုံးဆယ်၊ နောက်တစ်ခါတော့ နှစ်ဖရင့်၊ နောက်တစ်ခါတော့ ၁၂ ဆောင်း ပေးသတဲ့။ ၁၂ ဆောင်းပေးတုန်းက သူ့ခမျာမှာ စိတ်မကောင်းဖြစ်ပြီး မျက်ရည်များတောင် ကျမိသေးသတဲ့။ ဒါပေမဲ့ နှစ်ကာ နှစ်ကျပ်ကြီးမို့ ဒီထက်လည်း ပိုမပေးနိုင်ဘူးပေါ့။ နောက်ဆုံးအကြိမ်မှာတော့ ၅ ဖရင့်တန်

ဒင်္ဂါးဝိုင်းကြီးကို ပေးသတဲ့။ ဘသားကလည်း ငွေရလို့ ပျော်ပြီး အားရပါးရ ရယ်သတဲ့။

'ကလေးမ ကလေးဟာ ချော်ကေးကိုပဲ သတိတရရ ဖြစ်နေတာပဲ။ ချော်ကေးကလည်း ကလေးမလေး ပြန်အလာကို တမျှော်မျှော် ဖြစ်နေတာပဲ။ ကလေးမကလေးကို မြင်ရရင် ချော်ကေးဟာ အတင်းပြေးလာတာပဲတဲ့။ ဒီလိုဆိုရင် ကလေးမကလေးဟာ အင်မတန် ဝမ်းသာသတဲ့။

'နောက်တော့ဖြင့် ချော်ကေးဟာ ပျောက်ခြင်းမလှ ပျောက်သွားရောတဲ့။ မေးမြန်းထောက်လှမ်းကြည့်တော့ ကျောင်းကို ပို့လိုက်တယ်လို့ သိရသတဲ့။ ဒီတော့ ကလေးမကလေးဟာ ကျောင်းပိတ်ရက်ကျမှ ချော်ကေးတို့ အရပ်ကို လာချင်တဲ့အတွက် သူတို့ သွားနေကျ ခရီးစဉ်ကို မပြောင်းပြောင်းအောင် သူ့မိဘတွေကို သွေးဆောင် ပြောဆိုခဲ့သတဲ့။ တစ်နှစ်လုံးလုံး ကြိုးစားကြံစည်ပြီးခါမှ သူ့အကြံ အောင်ရှာသတဲ့။ ဒီလိုနဲ့ပဲ ချော်ကေးကို မတွေ့ရတာ ၂ နှစ် ကြာသွားရော။ ချော်ကေးကလည်း အဝတ်အစား၊ အနေအထိုင်၊ လူပုံလူပန်း တစ်မျိုးပြောင်းသွားလို့ မမှတ်မိလောက်အောင် ဖြစ်ရသတဲ့။ လူကလည်း ထွားကျိုင်းပြီးလာ၊ ရုပ်ကလည်း တစ်မျိုးပြောင်းသွား၊ ရွှေကြယ်သီး တပ်တဲ့ အင်္ကျီနဲ့လည်းဆိုတော့ အင်မတန် ကြည့်လို့ကောင်းသတဲ့။ ကလေးမကလေးကို မြင်ပေမဲ့ မသိချင်ယောင် ဆောင်ပြီး မျက်နှာတမော့မော့နဲ့ ဘေးချင်းတိုက်သွားတာပဲတဲ့။ ဒီတော့ သူ့ခမျာကလေးမှာ နှစ်ညတိတိ ငိုရှာသတဲ့။ အဲဒီကစပြီး ဘယ်တော့မှ အဆုံးမသတ်တဲ့ စိတ္တဇ ဝေဒနာကြီးဟာ ပေါ်လာတော့တာပဲ။

'နှစ်တိုင်း ဒီမြို့ကို သူပြန်လာတာပဲ။ လမ်းမှာ ချော်ကေးကို တွေ့ပေမဲ့ နှုတ်မဆက်ရဲဘဲ ရှောင်ကွင်း သွားရသတဲ့။ ဘသားကတော့ လှည့်ကြည့်ဖို့တောင် သတိမရဘူးပေါ့။ သူ့ခမျာကတော့ ရူးမတတ် ချစ်တာပါပဲ။

'သေခါနီးမှာတောင် ပြောသွားသေးတယ်။'

'ဆရာဝန်ရယ်တဲ့၊ တစ်လောကလုံးမှာ ကျွန်မ မျက်စိကျမိတာဟာ

ဒီလူတစ်ယောက်ပဲ ရှိပါတယ်။ တခြား ယောက်ျားတွေကို ရှိတယ်လို့တောင် မထင်မိပါဘူးတဲ့။

'သူ့မိဘများ ဆုံးပါးသွားတော့ မိဘလက်ငုတ်ဖြစ်တဲ့ အလုပ်ကို သူပဲ ဆက်လုပ်တာပဲ။ ဒါပေမဲ့ ရှိရင်းစွဲ ခွေးတစ်ကောင်သာ မကဘဲ ဘယ်သူမှ မကပ်ဝံ့လောက်အောင် ကြမ်းတဲ့ ခွေးကြီး နှစ်ကောင်ကို မွေးထားတယ်။ တစ်နေ့တော့ သူ့နှလုံးသားရှိရာ အရပ်ဖြစ်တဲ့ ဒီမြို့ကို သူ ရောက်လာပြန်တော့ ပရဆေးဆိုင်ထဲက ချော်ကေးနဲ့ တွဲပြီး ထွက်လာတဲ့ မိန်းမငယ်တစ်ဦးကို မြင်ရသတဲ့။ အဲဒီမိန်းမဟာ ချော်ကေးရဲ့ ဇနီးပေါ့။ ချော်ကေး အိမ်ထောင်ကျမှကိုး ဗျ။

'အဲဒီညနေက အနားမှာရှိတဲ့ ရေကန်ထဲကို သူ ခုန်ချတာပဲတဲ့။ ဒါပေမဲ့ သေကံမရောက် သက်မပျောက် ဆိုသလို လူတစ်ယောက် လာဆယ်ယူပြီး ပရဆေးဆိုင်ထဲကို ထမ်းသွားသတဲ့။ ဒီတော့ မောင်ချော်ကေး ထွက်လာပြီး မသိကျိုးကျွန်ပြုရင်းနဲ့ နှိပ်နယ် ပြုစုသတဲ့။

'"မင်းဟာ ရူးနေသလား၊ ဒီလိုအလုပ်မျိုးကို အင်မတန် မိုက်လို့သာ လုပ်တာပဲ"လို့လည်း ချော်ကေးက ကြမ်းကြမ်းတမ်းတမ်း ပြောသေးသတဲ့။

'ဒီလောက်ကလေး ပြောရင်ပဲ ခမျာကလေးဟာ လန်းလာသတဲ့။ ချော်ကေးဟာ စကားပြောဖော် ရသေးပါလားလို့ တွေးပြီး အတော် ကာလကြာကြာ ပျော်နေရှာသတဲ့။ ဒီလို ပြုစုတဲ့အတွက် ဆေးဖိုးဝါးခကို အတင်းပေးပေမဲ့ ချော်ကေးက မယူချင်ဘူးလို့ ငြင်းဆန်သတဲ့။

'ဒီလိုနဲ့ပဲ သူ့ဘဝဟာ တဖြည်းဖြည်း ကုန်ကျွမ်းလာတာပဲ။ ချော်ကေးကို သတိတရရနဲ့ပဲ ထိုင်ပြီး ကုလားထိုင် ပြင်တာပဲတဲ့။ နှစ်တိုင်းလိုပဲ ပြတင်းက ချောင်းချောင်းပြီး ချော်ကေးကို ကြည့်သတဲ့။ မြင်ရသတဲ့။ ချော်ကေးဆီက ဆေးတွေကိုလည်း ဝယ်ယူ သုံးစွဲတာပဲတဲ့။ ဒီလိုနည်းနဲ့ ချော်ကေးကို အနားကပ်ပြီး ကြည့်သတဲ့။ ချော်ကေးကို စကားပြောသတဲ့။ ရှေးကလို ချော်ကေးကို ငွေပေးသတဲ့။

'အဲ ကျွန်တော် ပြောတဲ့အတိုင်းပဲ မိုးဦးက ဒီမိန်းမကြီး ဆုံးသွားရှာတယ်။ ကြေကွဲဖွယ်ကောင်းတဲ့ သူ့အတ္ထုပ္ပတ္တိကို ပြောပြပြီးတဲ့နောက် သူ တစ်သက်လုံး ရှာဖွေ စုဆောင်းထားတဲ့ ငွေရှိသမျှကို သူ ဒီလောက်တောင် စွဲစွဲမြဲမြဲ ချစ်တဲ့သူ လက်ထဲကို ထည့်လိုက်ပါလို့ မှာသွားတယ်။ ဒီလူ့အတွက်ပဲ သူ အလုပ်လုပ်သတဲ့။ ငွေရှာသတဲ့။ တစ်ခါတလေများ စုငွေကလေး ပိုပြီး များလာအောင် ထမင်းတောင် အငတ်ခံသတဲ့။ ဒီလိုမှပဲ အဖျင်းဆုံး သူ့သေတော့ သူ့အကြောင်းကို ချော်ကေးဟာ တစ်ကြိမ် သတိရလိမ့်ဦးမယ်လို့ အယူရှိနေရှာသတဲ့။ နောက်ပြီးတော့ သူဟာ ဖရင့်ပေါင်း ၂၃၂၇ ကို ကျွန်တော့်လက်ထဲ ထည့်လိုက်တာပဲ။ အစွန်းငွေကလေး ၂၇ ဖရင့်ကိုတော့ အသုဘ စရိတ်အတွက် ခင်ကြီးကို ပေးပြီး ကျန်တဲ့ ငွေတွေကိုတော့ သူ ဆုံးတာနဲ့ တစ်ပြိုင်နက် ကျွန်တော် ယူပြီး ထွက်လာခဲ့တာပဲ။

'နောက်တစ်နေ့တော့ ချော်ကေးတို့ဆီကို ကျွန်တော် သွားတယ်။ သူတို့လင်မယားဟာ ပျော်ကာ ပါးကာ၊ ရယ်ကာ မောကာနဲ့ မျက်နှာချင်းဆိုင် ထိုင်ပြီး စကားပြောနေတာကို တွေ့ရတယ်။ သူတို့က ထိုင်ပါ ပြောတာနဲ့ ဝင်ထိုင်ပြီး သူတို့တည်တဲ့ အဖျော်ရည်ကို ကျွန်တော် သောက်တယ်။ သောက်ပြီးတော့ သူတို့ မျက်ရည် ကျလောက်အောင်ကို ကျွန်တော်က အကြောင်းမျိုးစုံကို စိတ်ရောကိုယ်ပါ ပြောပြတာပါပဲ။

'ဒါပေမဲ့ အရပ်လျှောက်ပြီး ကုလားထိုင် ပြင်နေတဲ့ မိန်းမသွမ်းက သူ့ကို မေတ္တာရှိနေတယ် ဆိုတာကို ကြားတော့ မောင်ချော်ကေး ဘသားက ဒေါသတွေ  မာန်တွေနဲ့ ထိုင်နေရာက ထ ခုန်လိုက်တာပဲဗျို့။ ဟိုမိန်းမဟာ သူ့နာမည်ကို တမင်ဖျက်ချင်လို့ ပြောတာပါတဲ့။ အသက်ထက်ချစ်တဲ့ နာမည်ကို ဖျက်ရပါမလို့လားလို့ အများကြီး ဒေါသထွက်တာပေါ့လေ။ သူ့ဇနီးသည် မချောကလည်း ဒေါသတွေ မာန်တွေနဲ့ ပြောမိပြောရာ ပြောတာပဲဗျ။

'"ဒီဖက်ခွက်စား သူတောင်းစားမကလား။ ရာ[illegible]၊ တယ်လေ... ငါ ပြောလိုက်ရ မကောင်းပါဘူး"

'ချော်ကေးဟာလည်း နားရွက်မှာ ချိတ်ကျနေတဲ့ ထိပ်ကပ်ဦးထုပ်ကလေးနဲ့ စားပွဲဝိုင်းကြီး ပတ်လည်မှာ ခြေဆောင့်ရင်း ဒေါသဖြစ်နေတာပဲ။

'"ဒီလိုဟာမျိုးကို ကြားဖူးရဲ့လား ဆရာဝန်ရဲ့။ အင်မတန် ယုတ်မာတဲ့ အကြံပါပဲ။ ကျွန်တော် ဘာလုပ်ရမလဲ။ ဒီအကြောင်းကို သူမသေခင်ကသာ သိရရင် သူ့ကို ကျွန်တော် ထောင်ချပစ်မှာပဲ။ ထောင်ထဲမှာ စံနေရမှာမုချပေါ့" တဲ့။

'ဒီအခါ ကျွန်တော့်မှာ အကျိုးလိုလို့ ပြောမိပေမဲ့ ဒုက္ခနဲ့ တွေ့ရလေတော့ အံ့အားကြီးသင့်ပြီး ဘာပြောလို့ ဘာလုပ်ရမယ်ကို မစဉ်းစားတတ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်တာဝန်ကိုတော့ ပြီးမြောက်အောင် ဆောင်ရွက် ရတော့မှာပဲ ဆိုပြီး ပြောပြရပြန်တယ်။

'"မိန်းမကြီးကတော့ သူ စုဆောင်းထားတဲ့ ငွေ ၂၃၀၀ ကို ခင်ဗျာ့လက်ထဲ အပ်လိုက်ရမယ်လို့ မှာသွားတာပဲ။ ဒါပေမဲ့ ခင်ဗျားတို့က ဒီအကြောင်းကို ကြားမှလည်း မကြားချင်ကြလေတော့ ဒီငွေတွေကို ဆင်းရဲသားတွေ အတွက် အလှူပြုလိုက်ရတော့မှာပဲ"

'ဒီအခါကျတော့ သူတို့လင်မယား နှစ်ယောက်စလုံးဟာ အံ့အားသင့်ပြီး စကားမပြောနိုင်ဘဲ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေကြတယ်။ ကျွန်တော်ကလည်း ငွေတွေကို အိတ်ထဲက နှိုက်ထုတ်တာပဲ။ ရွှေဒင်္ဂါးတွေရော၊ ကြေးပြားတွေရော အရောရော အနှောနှောပါပဲဗျာ။ များလည်း အများကြီးပါပဲ။

'"ကဲ...ခင်ဗျားတို့ ဘယ့်နှယ်သဘောရသလဲ"

'အဲဒီအခါကျတော့ ဒေါ်ချော်ကေးကြီးက ပထမဆုံး စကားစရှာပြီး ပြောတာပေါ့။

'"ဟုတ်ကဲ့၊ မိန်းမကြီးရဲ့ နောက်ဆုံး ဆန္ဒဆိုတော့ ကျွန်မတို့လည်း မပယ်နိုင်ဘူးပေါ့"

'သူ့ယောက်ျားကလည်း ရှက်တက်တက် မျက်နှာမျိုးနဲ့ ဝင်ပြီး ပြောပြန်တယ်'

'"ဒီငွေတွေကို ကလေးတွေအတွက် တစ်မျိုးမျိုးနဲ့ သုံးရတာပေါ့"

'"ဒါတော့ ခင်ဗျားတို့ သဘောပေါ့"လို့ ကျွန်တော်က ခြောက်ကပ် ကပ်ပဲ ပြန်ပြောလိုက်တယ်'

'"ဒါဖြင့်လည်း ကောင်းပါပြီလေ၊ သူ မှာသွားတဲ့ အတိုင်းပဲ အဲဒီငွေ တွေကို ကျွန်တော့်ထံမှာ အပ်ပါတော့။ သင့်တော်သလို ကျွန်တော်တို့ ကြည့်ပြီး အသုံးချမှာပေါ့"

'ကျွန်တော်လည်း ငွေတွေကို အပ်ပြီး ထွက်ခဲ့တာပဲ။

'နောက်တစ်နေ့ကျတော့ ချော်ကေး ကျွန်တော့်ဆီလာပြီး ဆတ် တောက်တောက် ပြောပြန်တယ်'

'"ဒီမိန်းမကြီးမှာ လှည့်တစ်စီး ရှိသေးတယ် မဟုတ်လား။ ဒီလှည်း ကို ခင်ဗျားတို့ ဘယ်လို စီမံကြမလဲ"

'"ဘယ်လိုမှ မစီမံပါဘူး၊ ခင်ဗျား ယူချင် ယူသွားပါလား"

'"ကော်တာပဲ။ ကျွန်တော့် ဥယျာဉ်ထဲမှာ အမိုးကလေးတစ်ခုလုပ်ဖို့ ဒီလှည်းကို အသုံးပြုရမှာပဲ"

'နောက် သူထွက်သွားတော့ ကျွန်တော်က ပြန်ခေါ်ပြီး ပြောပြန် တယ်။

'"မြင်းအိုကြီးတစ်ကောင်နဲ့ ခွေးနှစ်ကောင်လည်း ရှိသေးတယ်။ ဒါတွေကိုကော လိုချင်သေးသလား"လို့။

'အဲဒီတော့ ချော်ကေးဟာ အံ့အားသင့်ပြီး ငြိမ်သွားတာပဲ။

'"ဘုရားရေ၊ မလိုချင်ပါဘူး။ ဒါတွေကို ဘယ်လို အသုံးချရမှာတဲ့ လဲ။ ခင်ဗျားတို့ လုပ်ချင်သလိုသာ လုပ်ပစ်လိုက်ပါ" [redacted]'

'ဒီလိုပြောပြီး ချော်ကေးက ရယ်တော့ ကျွန်တော့်မှာလည်း လက်

ဆွဲပြီး နှုတ်ဆက်လိုက်ရတာပေါ့။ အခုလို ကျေးတောမှာဆိုတော့ ပရဆေး သည်နဲ့ ဆေးဆရာဝန် ဆိုတာဟာ သင့်မြတ်ကြမှ ကောင်းတာကိုးဗျ။

'ခွေး နှစ်ကောင်ကိုတော့ ကျွန်တော် မွေးထားတယ်။ ခင်ကြီးက တော့ သူ့မှာ ခြံကျယ်ကျယ်ရှိလို့ မြင်းကြီးကို ယူသွားတယ်။ လှည်းကြီးကို ချော်ကေး အသုံးချတယ်။ ငွေတွေကိုတော့ မီးရထား ကုမ္ပဏီတစ်ခုမှာ အစုစပ်ရှယ်ယာ ၅ ခု ချော်ကေးတို့ လင်မယား ဝယ်လိုက်တယ်။

'ကျွန်တော် ကြားဖူးတဲ့ အထဲကဖြင့် ဒီတစ်ခါပဲ တကယ့်သစ္စာနဲ့ စွဲစွဲမြဲမြဲ ချစ်တာကို ကြားဖူးတာပဲ'

ဆရာဝန်သည် တိတ်သွားလေ၏။ အမတ်ကတော်ကြီးသည် မျက်ရည်လဲ့လဲ့နှင့် သက်မကြီးချ၍ 'မိန်းမများသာ စွဲစွဲမြဲမြဲ ချစ်တတ်ပါ ကလား'ဟု ညည်းညူလိုက်လေသတည်း။

(Guy de Maupassant၏ The Chairmender ကို ပြန်ဆိုသည်)

[ ကြီးပွားရေး၊ နှလိုင် ၁၉၃၅ ]

## တစ်ကိုယ်ကောင်းနိုင်သော ဘီလူးကြီး

ညနေတိုင်း ညနေတိုင်း ကျောင်းသူ ကျောင်းသားကလေးတို့သည် ကျောင်းမှ အပြန်တွင် ဘီလူးကြီး၏ ဥယျာဉ်သို့ သွား၍ ကစားလေ့ ရှိကြသည်။

ဥယျာဉ်တွင်း၌ နူးညံ့စိမ်းမြသော မြက်များ ပေါက်နေ၍ အလွန်လှပ ကျယ်ဝန်းလေသည်။ မြက်ခင်းထဲတွင် ဟိုတစ်ကွက် သည်တစ်ကွက်နှင့် လှသော ပန်းကလေးများသည် ကြယ်ပွင့်ကလေးများပမာ ပွင့်နေကြသည်။ မက်မန်းပင် တစ်ဆယ့်နှစ်ပင်တို့လည်း နွေဦးပေါက်တွင် နူးညံ့သော ပန်းရောင်၊ ပုလဲရောင် ပန်းများဖြင့် ပွင့်ကြ၍ သရဒ ရာသီတွင် သီးကြသည်။ သစ်ပင်များပေါ်တွင် နား၍ ငှက်ကလေးများသည် သာယာ ကြည်နူးဖွယ်ရာ သီဆို ကြွေးကြော်ကြသောကြောင့် ကလေးများသည် ကစားရပ်ကာ နားစိုက် ထောင်တတ်ကြသည်။ 'ဥယျာဉ်ထဲမှာ ငါတို့ သိပ်ပျော်တာပဲ' ဟုလည်း ကလေးများ ပြောကြသည်။

တစ်နေ့သောအခါ ဘီလူးကြီး ခရီးသွားရာမှ ပြန်လာသည်။ သူသည် အခြား ဘီလူးကြီးတစ်ဦးထံသို့ အလည်သွား၍ ခုနစ်နှစ်ကြာသောအခါ သူ့မှာ ပြောစရာစကား ကုန်ပြီဖြစ်၍ သူ့ရဲတိုက်သို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။ ဥယျာဉ်ထဲသို့ ရောက်သောအခါ ကလေးများ ကစားနေသည်ကို သူ မြင် သည်။

'မင်းတို့ ဘာလုပ်နေကြသလဲ' ဟု သူက အသံကြီးမ်းကြီးဖြင့် မေးရာ ကလေးများ ထွက်ပြေးကြသည်။

'သည်ဟာ ငါ့ဥယျာဉ်ဆိုတာ လူတိုင်းသိတယ်။ ငါကလွဲရင် ဘယ်သူမှ မလာရဘူး' ဟု ဘီလူးကြီးက ပြောပြီး ဥယျာဉ်ကို ပတ်[illegible] အုတ်တံတိုင်းကြီး ခတ်၍ ကြော်ငြာတစ်ခုကိုလည်း ရေးထားသည်။

## "ဖြတ်သန်းသွားလာသူတို့ကို တရားစွဲဆိုမည်။"

ဘီလူးကြီးသည် အလွန် တစ်ကိုယ်ကောင်း နိုင်သည်။

ယခုအခါ သနားစရာကောင်းသော ကလေးတို့မှာ ကစားရန် နေရာ မရှိတော့ပြီ။ သူတို့သည် လမ်းပေါ်မှာ ကစားကြည့်ကြသည်။ သို့သော် လမ်းမှာ အလွန်ဖုန်ထူ၍ ကျောက်ခဲများ စူးသောကြောင့် သူတို့သည် မကြိုက်ကြ။ သူတို့သည် ကျောင်းဆင်းသောအခါ အုတ်တံတိုင်းကြီးကို ပတ်ချာလှည့် လျှောက်၍ ဥယျာဉ်ထဲ၌ ကစားခဲ့ရသည့် အကြောင်းကို ပြောလေ့ ရှိကြသည်။ 'ဥယျာဉ်ထဲမှာ ငါတို့ သိပ်ပျော်ကြတာပဲ' ဟု တစ်ယောက်ကို တစ်ယောက် ပြောကြသည်။

ထို့နောက် နွေဦးပေါက်လေသည်။ တစ်နယ်လုံးတွင် ပန်းများပွင့်ကြ၍ ငှက်ကလေးများ မြူးပျော်ကြသည်။ တစ်ကိုယ်ကောင်းနိုင်သော ဘီလူးကြီး၏ ဥယျာဉ်သာလျှင် နွေဦးမပေါက်ဘဲ ဟေမန္တ ဆောင်းရာသီ ရှိနေလေသည်။ ဥယျာဉ်ထဲ၌ ကလေးများ မရှိတော့သဖြင့် ငှက်များ တေးမဆိုကြတော့။ ပန်းများလည်း မပွင့်ကြတော့။ တစ်ခါသော် ပန်းကလေး တစ်ပွင့်သည် မြက်ထဲမှ ခေါင်းပြူ၍ ထွက်လာသည်။ သို့သော် ကြော်ငြာကြီးကို မြင်ရသော အခါ ကလေးများအတွက် ဝမ်းနည်းလှသောကြောင့် မြေကြီးထဲသို့ ပြန်ဝင်သွားပြီးလျှင် အိပ်မြဲ အိပ်ပြန်လေသည်။ ဥယျာဉ်ထဲတွင် မွေ့လျော်နေသူတို့မှာကား နှင်းပွင့်နှင့် နှင်းခဲများသာ ဖြစ်ကြသည်။ 'ဤဥယျာဉ်ကို နွေဦးသည် မေ့သွားပြီ။ ထို့ကြောင့် ငါတို့သည် ဤအရပ်၌ တစ်နှစ်ပတ်လုံး နေကြမည်' ဟု သူတို့ ကြွေးကြော်ကြသည်။ နှင်းပွင့်သည် မြက်များကို သူ၏ ထူလှသော ဆောင်ဖြူကြီးဖြင့် လွှမ်းခြုံထားသည်။ သစ်ပင်များကို ငွေရောင်တောက်အောင် ရေးခြယ်ထားသည်။ ထို့နောက် သူတို့သည် မြောက်လေကို သူတို့နှင့် အတူ လာနေရန် ဖိတ်ခေါ်၍ မြောက်လေလည်း လာလေ[illegible]။ မြောက်လေသည် သားမွေးကို ခြုံ၍ ဥယျာဉ်ထဲတွင် တစ်နေ့လုံး ဆူညံစွာ မြည်ဟည်းပြီးလျှင်

မီးဖိုခေါင်းတိုင် ပြွန်များကို တိုက်ခတ်ပစ်ချသည်။ 'ဤအရပ်သည် ပျော်ဖွယ်ကောင်းသော အရပ်ဖြစ်သည်။ မိုးသီးကိုလည်း အလည်ခေါ်ရလျှင် ကောင်းမည်'ဟု သူက ပြောသည်။ ထို့ကြောင့် မိုးသီး အလည်လာသည်။ နေ့တိုင်းနေ့တိုင်း မိုးသီးသည် ၃ နာရီ၊ ၃နာရီကြာမျှ ရဲတိုက်ကြီး ခေါင်းမိုးပေါ်တွင် တဖြောင်းဖြောင်းကျရာ အုတ်ကြွပ်များ ကျိုးပျက်သည်။ ထို့နောက် သူသည် ဥယျာဉ်ကို လှည့်ပတ်၍ မြန်မြန်ကြီး ပြေးလေသည်။ သူသည် အဝတ်ဖြူကို ဝတ်သည်။ သူ အသက်ရှူထုတ်လိုက်သော လေသည် ရေခဲနှင့် တူလေသည်။

တစ်နေ့သောအခါ ဘီလူးကြီးသည် ရဲတိုက်ပြတင်းဝ၌ ထိုင်ကာ ချမ်းအေး၍ ဖြူဖွေးသော သူ၏ ဥယျာဉ်ကြီးကို ကြည့်ကာ 'သည်နှစ် နွေဦးပေါက်ခဲလှသည်။ ဘာကြောင့်ပါလိမ့်။ မကြာမီ ရာသီဥတု ပြောင်းလဲကောင်းပါ၏'ဟု ညည်းညူလေသည်။

သို့သော် နွေဦးကား မပေါက်၊ နွေရာသီလည်း မလာ။ သရဒရာသီတွင် ဥယျာဉ်တိုင်း၌ ရွှေပမာ သစ်သီးများ မှည့်ဝင်းကြသည်။ သို့သော်လည်း ဘီလူးကြီး၏ ဥယျာဉ်၌ကား တစ်လုံးမျှ မသီး။ 'ဘီလူးကြီးသည် တစ်ကိုယ်ကောင်း နိုင်လှသည်'ဟု သရဒရာသီက ဆိုလေသည်။ ထို့ကြောင့် ဥယျာဉ်တွင်း၌ ဟေမန္တ ဆောင်းရာသီ အမြဲတည်ရှိ၍ မြောက်လေ၊ မိုးသီး၊ နှင်းခဲ၊ နှင်းပွင့်တို့သည် သစ်ပင်များ အကြား၌ ကခုန်မြူးထူးကြသည်။

တစ်နေ့နံနက်သော် ဘီလူးကြီးသည် အိပ်ရာထဲ၌ နိုးနေ၍ သာယာသော တူရိယာသံတစ်ခုကို ကြားသည်။ တူရိယာသံသည် သာယာငြိမ့်ညောင်းလှသောကြောင့် ဘုရင့်တူရိယာသည်များ တီးမှုတ်ကြရော့သလားဟုပင် ဘီလူးကြီး ထင်မိသည်။ သို့သော် ထိုအရာကား လင်းနက်ငှက်ကလေး သီဆိုသော သီချင်းသံမျှ ဖြစ်သည်။ တူရိယာသံကို မကြားရသည်မှာ ကြာလှပြီဖြစ်၍ လင်းနက်ငှက်ကလေး၏ သီချင်းသံကိုပင် ဘီလူးကြီးသည် ကမ္ဘာပေါ်တွင် အသာယာဆုံးသော တူရိယာသံဟု ထင်မိသည်။ ထိုခဏ၌ မိုးသီးများသည် အက အခုန်ကို ရပ်ကြသည်။ မြောက်လေလည်း ကြွေးကြော်

မြည်ဟည်းခြင်းကို ရပ်လိုက်လေသည်။ ပွင့်နေသော တံခါးမှလည်း အလွန်မွေးကြူသော ရနံ့ကလေးတစ်ခုသည် ဘီလူးကြီးဆီသို့ ရောက်လာသည်။ ထိုအခါ ဘီလူးကြီးက 'နွေဦးပေါက်လာပြီ ထင်သည်'ဟု ဆိုကာ အိပ်ရာမှ ခုန်ထ၍ အပြင်သို့ လှမ်းကြည့်သည်။

ဘာကို သူ မြင်ရပါသလဲ။

အလွန်အံ့ဩဖွယ် ကောင်းသော အခြင်းအရာကို သူ မြင်ရသည်။ အုတ်တံတိုင်း အပေါက်ကလေးတစ်ခုမှ ကလေးများသည် ဥယျာဉ်ထဲသို့ တိုးဝင်လာကြ၍ သစ်ကိုင်းများပေါ်တွင် သူတို့ ထိုင်နေကြသည်။ ဘီလူးကြီး မြင်နိုင်သော သစ်ပင်ဟူသမျှတွင် ကလေးတစ်ယောက်စီ ရှိလေသည်။ သစ်ပင်များသည်လည်း ကလေးများ ပြန်လာသည့်အတွက် ဝမ်းသာလှသောကြောင့် ပင်လုံးကျွတ် ဖူးပွင့်ကြကာ ယိမ်းကနေကြသည်။ ငှက်များလည်း ဟိုသည် လူးလာ ပျံသန်းကာ ပျော်ရွှင်စွာ အော်မြည်နေကြ၍၊ ပန်းပွင့်များလည်း မြက်ကြားမှ ပေါ်ထွက်လာကာ ရယ်နေကြသည်။ ထောင့်ကွေးကလေးတစ်ခုထဲတွင်မှတစ်ပါး ဥယျာဉ်တစ်ခုလုံးသည် အလွန်သာယာလေသည်။ ထိုထောင့်ကွေးကလေးထဲတွင် ဟေမန္တ ဆောင်းရာသီ ရှိနေသေးသည်။ ထောင့်ကွေးကလေးထဲ၌ လူကလေးတစ်ယောက် ရပ်နေသည်။ သူသည် ငယ်လွန်း၍ သစ်ကိုင်းပေါ်သို့ မတက်နိုင်။ ထို့ကြောင့် သူသည် ငိုယိုကာ သစ်ပင်ကို လှည့်ပတ်နေလေသည်။ သစ်ပင်ကို နှင်းခဲနှင်းပွင့်များ ဖုံးအုပ်ထားဆဲဖြစ်၍ မြောက်လေသည် အော်မြည်ကာ တိုက်ခတ်နေဆဲ ဖြစ်သည်။ သစ်ပင်က 'တက်ပါ တက်ပါ'ဟု ပြော၍ အကိုင်းများကို ညွှတ်ပေးသော်လည်း လူကလေးမှာ တက်ဖို့ရန် ငယ်လွန်းနေသည်။

ထိုအခြင်းအရာကို မြင်ရသော ဘီလူးကြီး၏ စိတ်မှာ ညွှတ်နူးကြေကွဲလာသည်။ 'ငါ ဘယ်လောက် တစ်ကိုယ်ကောင်း နိုင်နေသလဲ၊ နွေဦး ပေါက်လာသည့် အကြောင်းရင်းကို ယခုမှ ငါ[illegible]သည်။ ထိုလူကလေးကို သစ်ပင်ထိပ်ဖျားပေါ်မှာ ငါတင်ပေးမည်။ ထို့နောက် တံတိုင်းကြီးကို

ငါ ဖြိုလိုက်မည်။ ထို့နောက် ငါ့ဥယျာဉ်ကို ကလေးများ ကစားကွင်း တစ်သက်လုံး ဖြစ်စေမည်'ဟု ဘီလူးကြီး ဆိုသည်။ ဘီလူးကြီးသည် သူ တစ်ကိုယ်ကောင်း နိုင်ခဲ့မိသည့်အတွက် တကယ်ပင် ဝမ်းနည်းသည်။

ထို့ကြောင့် သူသည် ရဲတိုက်ကြီးပေါ်မှ ဆင်းခဲ့၍ အရှေ့တံခါးကို ညင်သာစွာ ဖွင့်ပြီးလျှင် ဥယျာဉ်ထဲသို့ ထွက်သွားလေသည်။ သို့သော် ကလေးများသည် သူ့ကို မြင်သောအခါ အလွန်ကြောက်ကြသည်။ ထွက်ပြေးကြသည်။ ဥယျာဉ်ထဲတွင် ဟေမန္တ ဆောင်းဥတု ဖြစ်ပြန်လေသည်။ ထောင့်ကျွေးထဲက လူကလေးသာလျှင် ထွက်မပြေးဘဲ နေရစ်သည်။ အကြောင်းသော်ကား သူ့မှာ ငိုနေရ၍ ဘီလူးကြီး လာနေသည်ကို မမြင်ရပေ။ ဘီလူးကြီးသည် သူ့ကျောဘက်သို့ ဖြည်းညင်းစွာ သွား၍ သူ့ကို ညင်သာစွာ ချီပြီးလျှင် သစ်ပင်ပေါ်တွင် တင်လေသည်။ ထိုခဏ၌ သစ်ပင်သည် ပန်းတို့ဖြင့် ပွင့်လာ၍၊ ငှက်များလည်း သစ်ပင်ပေါ်တွင် နားကာ သီဆိုကြသည်။ လူကလေးလည်း ဘီလူးကြီး၏ လည်ပင်းကို ဖက်ကာ နမ်းလေသည်။ အခြား ကလေးများသည် ဘီလူးကြီး၏ ရှေးကကဲ့သို့ မဆိုးတော့သည်ကို မြင်ရသောအခါ ပြန်လာကြ၍ သူတို့နှင့် အတူ နွေဦးလည်း ပါလာလေသည်။ 'အို...ကလေးတို့၊ ဤဥယျာဉ်ကား ယနေ့မှစ၍ သင်တို့၏ ဥယျာဉ်ဖြစ်ပြီ'ဟု ပြောကာ ဘီလူးကြီးသည် ပေါက်ချွန်းကြီးတစ်ခုကို ယူ၍ တံတိုင်းကြီးကို ဖြိုပစ်လိုက်သည်။ နေ့လယ်ချိန် ရွာသူရွာသားများ ဈေးသွားသောအခါ ဘီလူးကြီးသည် ကလေးများနှင့်အတူ အလှဆုံးသော ဥယျာဉ်ကြီးထဲတွင် ကစားနေသည်ကို မြင်ကြရသည်။

ကလေးများသည် ဥယျာဉ်ထဲ၌ တစ်နေ့လုံး ကစားကြ၍ ညချမ်းသို့ ရောက်သောအခါ ဘီလူးကြီးကို နှုတ်ဆက်ပြီးလျှင် အိမ်ကို ပြန်ကြသည်။

ထိုအခါ 'ကျွန်ုပ် သစ်ပင်ပေါ်ကို တင်ပေးရသည့် လူကလေး တစ်ယောက်ကော မမြင်ပါလား'ဟု ဘီလူးကြီးက မေးသည်။ ဘီလူးကြီးသည် သူ့ကို နမ်းသွားသော လူကလေးကို အလွန်ချစ်လေသည်။

ထိုအခါ ကလေးများက 'ကျွန်တော်တို့လည်း မသိပါ။ သူ ထွက်သွားပါသည်'ဟု ပြန်ပြောကြသည်။

'သူ့ကိုတွေ့လျှင် မနက်ဖြန် လာဖြစ်အောင် လာပါလို့ ပြောလိုက်ပါ'ဟု ဘီလူးကြီးက မှာလေသည်။ သို့သော် ထိုလူကလေး ဘယ်မှာ နေသည်ကိုလည်း မသိကြ။ သူ့ကို ဈေးကလည်း မမြင်ဖူးပါဟု ကလေးများက ပြန်ပြောသည်။ ထို့ကြောင့် ဘီလူးကြီး အလွန် စိတ်မကောင်းဖြစ်သည်။

ညနေတိုင်း ညနေတိုင်း ကလေးများသည် ကျောင်းလွှတ်သောအခါ ဘီလူးကြီးနှင့် လာ၍ ကစားကြသည်။ သို့သော် ဘီလူးကြီး ချစ်သော လူကလေးကိုကား မမြင်ကြရတော့။ ဘီလူးကြီးသည် ကလေးများအပေါ်၌ အလွန်ကြင်နာသည်။ သို့သော်လည်း သူ၏ ပထမမိတ်ဆွေ ကလေးကို တမ်းတနေ၍ သူ့အကြောင်းကို မကြာခဏ ပြောလေသည်။ 'သူ့ကို ငါ တွေ့ချင်ပါဘိတော့သည်'ဟု ပြောလေ့ ရှိသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကုန်ကျွမ်းသွားရာ ဘီလူးကြီးလည်း အိုမင်းမစွမ်း ဖြစ်လာသည်။ ကလေးများနှင့် အတူလည်း မကစားနိုင်တော့ပြီ။ ထို့ကြောင့် သူသည် ပက်လက်ကုလားထိုင်ကြီး တစ်ခုတွင် ထိုင်ကာ ကလေးများ ကစားသည်ကို ကြည့်၍ ဥယျာဉ်ကိုလည်း သဘောကျ နေလေသည်။ 'ငါ့မှာ ပန်းတွေ များစွာ ရှိသည်။ သို့သော်လည်း ကလေးများသည် အလှဆုံးသော ပန်းပွင့်ကလေးများ ဖြစ်သည်'ဟု ဘီလူးကြီး ပြောတတ်သည်။

တစ်ခုသော ဟေမန္တ ဆောင်းရာသီ နံနက်ခင်းတွင် ဘီလူးကြီးသည် အဝတ်ဆင်ယင်နေခိုက် ပြတင်းမှ ကြည့်မိသည်။ သူသည် ဟေမန္တ ဆောင်းရာသီကို မမုန်းတော့ပြီ။ ဆောင်းရာသီကား နွေဦးရာသီ ခဏအိပ်ချိန်၊ ပန်းပွင့်များ ခဏ အနားယူချိန်မျှ ဖြစ်သည်ကို သူ သိပြီ။

ထိုသို့ ကြည့်နေခိုက် သူသည် မျက်စိကို ပွတ်လိုက်ရာ သေသေချာချာ ကြည့်ပြန်သည်။ သူ မြင်ရသော အရာကား အံ့သြဖွယ်တစ်ခု ဖြစ်သည်။

ဥယျာဉ်၏ ထောင့်ကွေးကလေး အတွင်း၌ ဖွေးဖွေးဖြူ ပွင့်နေသော သစ်တစ်ပင်ကို သူ မြင်သည်။ သစ်ကိုင်းများသည် ရွှေရောင် တောက်နေ၍ ငွေသစ်သီးများသည် တွဲလဲကျနေပြီးလျှင် သစ်ပင်အောက်၌ ဘီလူးကြီး ချစ်သော လူကလေး ရပ်နေသည်။

ဘီလူးကြီးသည် ရဲတိုက်ပေါ်မှ ပြေးဆင်းလာ၍ ဥယျာဉ်ထဲသို့ ဝမ်းသာအားရ သွားလေသည်။ ဘီလူးကြီးသည် မြက်ခင်းကို ကျော်ဖြတ်၍ လူကလေးဆီသို့ အပြေးသွားသည်။ လူကလေး အနီးသို့ ရောက်သောအခါ ဘီလူးကြီး၏ မျက်နှာသည် ဒေါသဖြင့် နီမြန်းလာ၍ 'ငါ့သားကို ဘယ်သူ ရိုက်လိုက်သနည်း' ဟု မေးသည်။ အကြောင်းသော်ကား လူကလေး၏ လက်ဖဝါးများနှင့် ခြေထောက်တွင် လက်သည်းရာ နှစ်ခု ရှိနေသည်ကို သူ မြင်သည်။

'ငါ့သားကို ဘယ်သူ စော်ကားလိုက်သနည်း၊ ပြောပါ။ ငါ သွားပြီး သန်လျက်ဖြင့် ခုတ်သတ်မည်' ဟု ဘီလူးကြီး ပြောသည်။

'အဘ၊ ဆိုင်းပါဦး။ ဤအရာများကား မေတ္တာ၏ ဒဏ်ရာများသာ ဖြစ်ပါသည်' ဟု လူကလေးက ပြန်ပြောသည်။

'အသင် မည်သူဖြစ်သနည်း' ဟု ဘီလူးကြီးသည် မေးပြီးလျှင် အံ့ဩ လွန်းသဖြင့် လူကလေး၏ ရှေ့တွင် ဒူးထောက်လိုက်သည်။

ထိုအခါ လူကလေးသည် ဘီလူးကြီးကို ပြုံးကြည့်ကာ 'အသင်သည် ကျွန်ုပ်အား ဥယျာဉ်ထဲတွင် ကစားရန် တစ်ခါ အခွင့်ပြုဖူးသည်။ ယနေ့ကား အသင်သည် နတ်ပြည်ဖြစ်သော အကျွန်ုပ်၏ ဥယျာဉ်သို့ လိုက်ခဲ့ရမည်' ဟု ဆိုလေသည်။

ထိုနေ့ညနေ ကလေးများ ကျောင်းမှ ပြန်လာ၍ ဥယျာဉ်ထဲသို့ ပြေးဝင် သွားကြသောအခါ ဖြူဖွေးသော ပန်းများ ဖုံးအုပ်လျက် သေနေသော ဘီလူးကြီးကို တွေ့ကြရလေသည်။

(Oscar Wilde ၏ The Selfish Giant ကို ပြန်ဆိုသည်)

[ ငွေတာရီ၊ အမှတ် (၂၀)၊ ဖေဖော်ဝါရီ ၁၉၆၂ ]

# နောက်ဆုံး သင်ခန်းစာ

[ အောက်ပါ "နောက်ဆုံးသင်ခန်းစာ"(The Last Lesson)ခေါ် ဝတ္ထုကလေးမှာ ပြင်သစ်စာရေးဆရာကြီး ဒူဒေး( Daudet)၏ နာမည်ကျော်ဝတ္ထုကလေးတစ်ပုဒ် ဖြစ်ပါသည်။ ပြင်သစ်–ဂျာမန် ရန်စစ်ကား ရှေးပဝေသဏီကပင် ရှိခဲ့ရင်း ဖြစ်သည်။ ဤဝတ္ထုကလေးတွင်လည်း ပြင်သစ်–ဂျာမန် ရန်မီးအကြောင်းသည်ပင် အဓိကအချက် ဖြစ်ပါသည်။

တိုပင်တိုသော်လည်း မှတ်သားဖွယ်၊ နောင်တရဖွယ်၊ သံဝေဂယူဖွယ် အချက်တို့ဖြင့် ပြည့်လျက်ရှိသော ဝတ္ထုကလေး ဖြစ်ပါသည်။ အာလစနှင့် လော်ရိန်းနယ်များသည် ဂျာမန့်လက်အောက်သို့ ရောက်ခါစ။ အာလစနှင့် လော်ရိန်းနယ်သားများသည် ပြင်သစ်မျိုးရိုးဖြစ်လျက်နှင့် ပြင်သစ်စာကို မသင်ရ၊ ဂျာမန်စာကိုသာ သင်ရမည်ဟု ဘာလင်မြို့က အမိန့်ထုတ်ပုံ၊ အာလစနှင့် လော်ရိန်းနယ်သားများသည် ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ သတိလစ်ဟင်း ပျင်းရိမိခဲ့သည့်အတွက် ဤသို့ ကျွန်ဘဝသို့ ရောက်ရပုံတို့မှာ မြန်မာလူမျိုးများ အတွက်လည်း သတိသံဝေဂရဖွယ် သင်ခန်းစာများ ဖြစ်လေသည်။ ၎င်းပြင် "ကျွန်ဘဝသို့ ရောက်နေသော လူတစ်မျိုးသည် ကိုယ့်စကား ကိုယ့်စာပေကို မမေ့လျော့သမျှ သူ့ကျွန်ဘဝ တည်းဟူသော အကျဉ်းထောင်ကို ဖွင့်ရန် သော့ကို သိမ်းဆည်းထားသည်

မည်လေသည်” ဟူသော စာပိုဒ်ကလေးသည်လည်း ကျွန်ုပ်တို့အား များစွာ ကျေးဇူးပြုလျက် ရှိလေသည်။

စာရေးကျော် ဒူဒေးသည် ခရစ်သက္ကရာဇ် ၁၈၄၀ တွင် ဖွား၍ ၁၈၉၇ ခုနှစ်တွင် အနိစ္စရောက်သည်။ ]

---

ထိုနေ့နံနက်က ကျွန်တော် ကျောင်းသွား အတော် နောက်ကျသည်။ ကျွန်တော်မှာ တထိတ်ထိတ်နှင့်။ အထူးသဖြင့် ကျွန်တော် တစ်လုံးမျှ မသိသော ကိတ်နာမ်များအကြောင်းကို ဆရာကြီးဟာမ်လ်က မေးမည်ဟု ပြောထား၍ ကျွန်တော် ထိတ်မိသည်။ တစ်ခဏတာမျှကား ကျောင်းပြေး၍ လွတ်ရာတွင် အချိန်ဖြုန်းတော့မည်ဟု ကြံမိပါသေးသည်။ နေကလေး က လည်း အလွန်သာသည်။ နွေးလည်း အလွန်နွေးသည်။ တောစပ်တွင် ငှက် ကလေးများကလည်း မြည်တွန် ကြွေးကြော်နေကြသည်။ သစ်စက် နောက် ဖေး ကွင်းပြင်ထဲတွင် ပြတ်ရှင် စစ်သားများလည်း စစ်ရေးပြနေကြသည်။ ကိတ်နာမ်တွေအကြောင်းကို သင်ကြားနေရမည်ထက် ကျောင်းပြေးရသည်က ပို၍ ပျော်ဖွယ် ကောင်းပေမည်မှာ မုချဖြစ်ပါသည်။ သို့သော် ထိုဆန္ဒကို ချိုးနှိမ်၍ ကျောင်းဆီသို့သာ အသော့ ပြေးသွားပါသည်။

တောင်းဟောလ်ရှေ့သို့ ရောက်သောအခါ ကြော်ငြာဘုတ်ကြီးကို ဝိုင်း၍ လူအုပ်ကြီး ရပ်ကြည့်နေသည်ကို တွေ့ရပါသည်။ လွန်ခဲ့သော နှစ်နှစ် အတွင်းမှာ ဖြစ်လျှင် သတင်းဆိုးမှန်သမျှ ထိုကြော်ငြာဘုတ်ကြီးဆီကသာ ထွက်ပေါ်လာပါသည်။ စစ်ရှုံးသည့် သတင်း၊ စစ်ဗိုလ်၏ အမိန့်များသည် ထိုကြော်ငြာဘုတ်က ထွက်ပေါ်လာသည်ချည်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် လမ်းသွားမရပ်ဘဲ “ဘာများ အထူးအထွေ ဖြစ်ပြန်ပါလိမ့်” ဟု ကျွန်တော် တွေးမိပါသည်။

ထိုသို့ အသော့ ကျွန်တော် သွားနေခိုက် လူအုပ်ထဲတွင် သူ့တပည့် နှင့် အတူ ကြော်ငြာဖတ်နေသော ပန်းပဲဆရာကြီး ဝပ်ရှာတ်က ကျွန်တော့်ကို လှမ်းအော်၍ ပြောလိုက်ပါသည်။

'ဟော့ သားငယ်၊ သည်လောက် အလျင်မလိုပါနဲ့။ ကျောင်းတက်ဖို့ အချိန် အများကြီး ကျန်ပါသေးတယ်'

ပန်းပဲဆရာကြီးသည် ကျွန်တော့်ကို တမင် နောက်လိုက်သည်ဟုသာ ထင်မိကာ ပြေးသွားရာ ဆရာကြီး ဟာမ်လ်၏ ခြံထဲသို့ မောကြီးပန်းကြီး ရောက်သွားပါသည်။

အခါတိုင်း ဆိုပါလျှင် ကျောင်းတက်စ အချိန်သည် အလွန်ဆူညံသော အချိန်ဖြစ်ပါသည်။ လမ်းထဲကပင် ကြားနိုင်ပါသည်။ ခုံဖွင့်သံ၊ ခုံပိတ်သံ၊ သင်ခန်းစာများကို အားလုံး ညီတူညာတူ ပြိုင်ဆိုသံ၊ ဆရာကြီး၏ မျဉ်းတံနှင့် စားပွဲကို ခေါက်သံတို့မှာ အလွန်ဆူညံပါသည်။ သို့သော် ယခုမှာမူ ငြိမ်ချက်သား ကောင်းလှပါသည်။ ကျွန်တော့်မှာ အတန်းထဲသို့ မည်သူမျှ မမြင်အောင် ဝင်နိုင်ဖို့ရန် ဆူညံနေပါစေ ဟုသာ ဆုတောင်းမိခဲ့ပါသည်။ ယခုမှာမူ ငြိမ်ချက်သားကောင်းလှစွ။ ငြိမ်လည်း ငြိမ်ရပေမည်။ တနင်္ဂနွေနေ့ နံနက်ကဲ့သို့ပင် ငြိမ်ရန် အကြောင်းရှိပေသည်။ ကျွန်တော့်အတန်းသားများ သူတို့နေရာတွင် ရောက်နေကြသည်ကို ပြတင်းမှ မြင်ရပါသည်။ ဆရာကြီး ဟာမ်လ်မှာလည်း သံမျဉ်းတံကြီးကို ချိုင်းကြားတွင်ညှပ်၍ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံလျှောက်နေပါသည်။ ကျွန်တော့်မှာ တံခါးကိုဖွင့်၍ လူတိုင်း ရှေ့က ဖြတ်ပြီးလျှင် ကျွန်တော့်နေရာသို့ သွားရပါမည်။ ကျွန်တော် မည်မျှ မျက်နှာပူ၍ မည်မျှ ကြောက်နေမည်ကို စဉ်းစား၍သာ ကြည့်ပါတော့။

သို့သော် ဘာမျှ အထူးအထွေ မဖြစ်ပါ။ ဆရာကြီးသည် ကျွန်တော့်ကို မြင်သောအခါ ကြင်ကြင်နာနာနှင့်ပင် ဤသို့ ပြောလိုက်ပါသေးသည်။

'ဖရန့်၊ နေရာကို မြန်မြန်သွားပါ။ မင်း မရှိဘဲ အတန်းကို စ နေရတယ်'

ကျွန်တော်လည်း ခုံတန်းလျားကို ကျော်၍ နေရာတွင် ထိုင်လိုက်ပါသည်။ အကြောက် နည်းနည်းပြေလာသောအခါ ဆရာကြီးသည် ခါတိုင်း ကဲ့သို့ မဟုတ်၊ အဝတ်သစ်များ ဝတ်ထားသည်ကို သတိပြုမိပါသည်။ ခါတိုင်း

မှာမူ ဆရာကြီးသည် ပညာဝန် လာသောနေ့များနှင့် ဆုပေးသော နေ့များ မှာသာ အဝတ်သစ်များကို ဝတ်တတ်ပါသည်။ ထိုမှတစ်ပါးလည်း ကျောင်း တစ်ခုလုံးမှာ ငြိမ်ချက်သား ကောင်းလှသည်။ ဣန္ဒြေကြီးချက်သား ကောင်းလှ သည်။ ကျွန်တော် အံ့အားအသင့်မိဆုံး အကြောင်းမှာကား အခါတိုင်းမှာမူ မည်သူမျှ မထိုင်သော ခုံတန်းလျား အနက်ကြီးများပေါ်တွင် ကျွန်တော်တို့ နည်းတူ ရွာသားများ ထိုင်နေသည်ကို မြင်ရချက် ဖြစ်ပါသည်။ သုံးထောင့် ဦးထုပ်ကြီးနှင့် အဘိုးကြီးဟော်ဇာ၊ မြို့ဝန်ဟောင်း၊ စာတိုက်ဗိုလ်ဟောင်းနှင့် အခြား လူအများကြီး ထိုင်နေကြပါသည်။ လူတိုင်း ဝမ်းနည်းနေပုံ ရပါသည်။ အဘိုးကြီး ဟော်ဇာသည် ထောင့်များ စုတ်ပြတ်နေသော ပရိုင်မာ စာအုပ် ကလေးကို ယူလာ၍ ဒူးပေါ်တွင် ဖွင့်ထားပြီးလျှင် သူ့မျက်မှန်ကို စာအုပ် ပေါ်တွင် ချထားပါသည်။

"ဘာများ ဖြစ်လို့ပါလိမ့်" ဟု ကျွန်တော် အံ့သြနေခိုက် ဆရာကြီး ဟာမ်လ်သည် သူ့ခုံပေါ်သို့ တက်၍ ကျွန်တော့်ကိုပြောသော နူးညံ့ဆေးလေး သော အသံမျိုးဖြင့်ပင် အောက်ပါအတိုင်း ပြောပါသည်။

'တပည့်တို့၊ သည် သင်ခန်းစာဟာ ဆရာ နောက်ဆုံးသင်ရမယ့် သင်ခန်းစာပဲ။ အာလစနဲ့ လော်ရိန်းနယ်များမှာ ပြင်သစ်စာကို မသင်ရ၊ ဂျာမန်စာကိုသာ သင်ရမယ်လို့ ဘာလင်မြို့က အမိန့်လာတယ်။ မင်းတို့ အတွက် ဂျာမန် ဆရာသစ်လည်း မနက်ဖြန် လာတော့မယ်။ အခု ဆရာ သင်မယ့် သင်ခန်းစာဟာ မင်းတို့ရဲ့ နောက်ဆုံး ပြင်သစ်ဘာသာ သင်ခန်းစာ ပဲ ကွယ့်။ ဒါကြောင့် ကောင်းကောင်း ဂရုစိုက် နားထောင်ကြပါ'

ထိုစကားတို့ကား ကျွန်တော့်အတွက် မိုးကြိုးပစ်သံပင် ဖြစ်တော့ သည်။ အို သည်တိရစ္ဆာန် ဂျာမန်တွေဟာ အလွန်ဆိုးပါကလား။ တောင်း ဟောလ်၌ သူတို့ကပ်ထားသော ကြော်ငြာသည် ဤအမိန့်ပင် ဖြစ်ရာသည်။

ကျွန်တော့်အဖို့ နောက်ဆုံး ပြင်သစ်သင်ခန်းစာတဲ့။ ကျွန်တော့်မှာ စာမျှ ကောင်းကောင်း မရေးတတ်သေးပါ။ နောက်ထပ်လည်း သင်ရတော့

မည် မဟုတ်။ ကျွန်တော် စာသင်ရပ်ရတော့မည်။ စာကို ကြိုးစား၍ မသင်ခဲ့မိသည်မှာ မှားလေခြင်း။ ငှက်ဥနှိုက်၍ အချိန်များကို ဖြုန်းခဲ့မိသည်မှာ မှားလေခြင်း။ ဟိုခဏတုန်းက ကျွန်တော် အလွန်မုန်းမိသော သဒ္ဒါစာအုပ်၊ ရာဇဝင် စာအုပ်များမှာ ကျွန်တော် မစွန့်နိုင်သော မိတ်ဟောင်းကြီးများ ဖြစ်လာသည်။ ဆရာကြီး ဟာမ်လ်နှင့်လည်း မည်သို့ ခွဲခွာနိုင်ပါမည်လဲ။ သူ သွားတော့မည်။ သူ့ကို ကျွန်တော် နောက်ထပ် မြင်ရတော့မည် မဟုတ် ဆိုသော အကြောင်းများကို တွေးမိသောအခါ သူ့မျဉ်းတံကြီးနှင့် သူ ခွကျ နေပုံတို့ကို ကျွန်တော် မေ့သွားပါတော့သည်။

သြော် ဆရာကြီး၊ သနားစရာပဲ။ ဤနောက်ဆုံးသင်ခန်းစာကို အထူး သင်ပေးချင်၍ ဝတ်ကောင်းစားလှများကို ဝတ်လာပေသကိုး။ ရွာထဲက လူကြီးများ ကျောင်းခန်းထဲ ရောက်နေသည်မှာလည်း ဤအကြောင်းကြောင့် ပေကိုး။ အနှစ်လေးဆယ် ကာလပတ်လုံး ရွာသား ကလေးများကို ပညာသင် ပေးခဲ့သော ဆရာကြီးအား ကျေးဇူးတင်သည်ကို ပြလို၍ တစ်ကြောင်း၊ ကျွန်နိုင်ငံ ဖြစ်သွား၍ သူတို့အပိုင် မဟုတ်တော့သော အာလစနှင့် လော်ရိန်း နယ်များအား အရိုအသေ ပေးလို၍ တစ်ကြောင်း သူတို့ ဤကျောင်းခန်း တွင်းသို့ လာရောက် ထိုင်နေကြခြင်း ဖြစ်ပေသည်။

ဤအကြောင်းများကို တွေးနေခိုက် ကျွန်တော့်အမည် ခေါ်သံကို ကြားရပါသည်။ စာပြန်ရန် ကျွန်တော့်အလှည့် ရောက်လာပြီ။ မုန်းစရာ ကောင်းသော ကြိယာဝိသေသနများကို အမှားတစ်လုံးမျှ မပါစေရဘဲ ကျယ်ကျယ် နှင့် ရှင်းရှင်း ပြန်ပြနိုင်ရအောင် လုပ်ပေးနိုင်သူများရှိလျှင် ကျွန်တော့်မှာ ရှိသမျှ ပစ္စည်းများကို အကုန် ပုံပေးလိုက်ချင်လောက်အောင် ဖြစ်မိပါသည်။ သို့သော်လည်း စာပြန်စမှာပင်လျှင် ထစ်ထစ်ငေါ့ငေါ့ ရောရောနှောနှော ဖြစ်၍ စာခုံကိုကိုင်ကာ နှလုံးတထိတ်ထိတ်နှင့် ရပ်နေရပါသည်။ ဆရာ့ကို လည်း မော်၍ မကြည့်ဝံ့တော့။ ထိုအခါ ဆရာကြီးဟာမ်လ်က ပြောပါသည်။

"ဖရန့်၊ မင့်ကို ဆရာ မကြိမ်းပါဘူး၊ မင်းလည်း အတော် နေရခက်

မှာပဲ။ တို့အဖြစ်အပျက်တွေကို ကြည့်ပါဦး။ နေ့တိုင်းနေ့တိုင်း အချိန်တွေ အများကြီး ရှိပါသေးတယ်၊ နက်ဖြန်မှ သင်တာပေါ့၊ သန်ဘက်မှ သင်တာပေါ့နဲ့ ဆရာတို့ ရက်တွေ ရွှေ့ခဲ့ကြတာပဲ။ ဟော အခုတော့ ဆရာတို့ ဘယ်ဘဝ ရောက်နေပြီလဲ။ မြင်ရဲ့လား၊ အဲဒါဟာ အာလစနယ်ရဲ့ ချို့ယွင်းချက်ကြီးပဲ။ နက်ဖြန် သန်ဘက် ရက်ရွှေ့ခဲ့တာနဲ့ ကိစ္စတုံးတာပဲ။ အခုတော့ ဟောဟိုကွင်းထဲမှာ စစ်ရေးပြနေတဲ့ ဂျာမန်ကောင်တွေက ပြောကြလိမ့်မယ်။ “ကဲ ဘယ့်နှယ်လဲ၊ မင်းတို့ကိုယ်ကို မင်းတို့ ပြင်သစ်ဆို။ အခုတော့ ကိုယ့်စကားလည်း ကိုယ်မပြောတတ်၊ ကိုယ့်စာလည်း ကိုယ်မရေးတတ်” လို့။ ဒါပေမဲ့ မင်းတစ်ယောက်တည်း မိုက်တာ မဟုတ်ပါဘူး၊ ဆရာတို့ အားလုံးဟာလည်း အပြစ်မကင်းကြဘူးကွယ့်။

‘မင့်မိဘများက မင်း ပညာတတ်ရေးနဲ့ ပတ်သက်ပြီး သိပ်ဂရုမစိုက်ကြဘူး။ သူတို့သဘောကတော့ အိမ်မှာ ငွေအဝင်နည်းနည်းဖြစ်ဖြစ် ပိုစေတော့ဆိုပြီး မင့်ကို ယာတဲမှာဖြစ်ဖြစ်၊ စက်ထဲမှာဖြစ်ဖြစ် အလုပ်လုပ်စေချင်တာပဲ။ ငါကော ...ငါလည်း အပြစ်မကင်းဘူးပဲ။ မင်းတို့ကို စာကျက်ခိုင်းရမည့်အစား ပန်းပင်တွေကို ရေအလောင်းခိုင်းခဲ့တာဟာ ငါပဲ မဟုတ်လား။ နောက်ပြီး ငါ ငါးမျှားသွားချင်တဲ့အခါ မင်းတို့ကို အိမ်ပြန်လွှတ်ပြီး ကျောင်းပိတ်လိုက်တာလည်း ငါပဲ မဟုတ်လား’

ဤသို့ဖြင့် အကြောင်းတစ်ခုမှ အကြောင်းတစ်ခုသို့ ကူးစက်သွားကာ ဆရာကြီး ဟာမ်လ်သည် ပြင်သစ်စကား အကြောင်းကို ဆက်၍ ပြောနေလေတော့သည်။ ပြင်သစ်စကားသည် လောကတွင် အလှဆုံး ဖြစ်သည်။ အရှင်းလင်းဆုံး၊ အကြောင်းအကျိုး အသင့်ဆုံး ဖြစ်သည်။ ပြင်သစ်စကားကို ကျွန်တော်တို့တစ်စု စောင့်ရှောက်ရမည်။ မည်သည့်အခါမျှ မမေ့မပစ်ရ။ အကြောင်းသော်ကား သူ့ကျွန်ဘဝသို့ ရောက်နေသော လူတစ်မျိုးသည် ကိုယ့်စကား၊ ကိုယ့်စာပေကို မမေ့သေးသမျှ သူ့ကျွန်ဘဝ တည်းဟူသော အကျဉ်းထောင်ကိုဖွင့်ရန် သော့ကို သိမ်းဆည်းထားသည် မည်လေသည်။

ထို့နောက် ဆရာကြီးသည် သဒ္ဒါစာအုပ်ကို ဖွင့်၍ ကျွန်တော်တို့ သင်နေရသော သင်ခန်းစာကို ဖတ်ပြသည်။ ထိုအခါကျမှ သဒ္ဒါကို မည်မျှ ကျွန်တော် နားလည်နေသည်ကို သိရ၍ အံ့ဩမိပါသည်။ သူ ပြောသမျှတွေသည် အလွန် ရှင်းလင်းလွယ်ကူလှပါဘိတောင်း။ ကျွန်တော် ဤကဲ့သို့ တစ်ခါဖူးမျှ ဂရုစိုက် ကာ နားမထောင်ခဲ့ဖူးသည်ကိုလည်း တွေးမိပါသည်။ ၎င်းပြင် ဆရာကြီး သည်လည်း တစ်ခါဖူးမျှ ဤကဲ့သို့ စိတ်ရှည်လက်ရှည် သင်မပေးခဲ့ဖူး သည်ကိုလည်း တွေးမိပါသည်။ ဆရာကြီးသည် မသွားခင် သူ တတ်သမျှ ပညာအားလုံးကို ကျွန်တော်တို့အား ပေးခဲ့ချင်တော့သလို ရှိပါသည်။ တစ်ချက်တည်းနှင့် ကျွန်တော်တို့ ခေါင်းထဲသို့ ရိုက်သွင်း ပေးခဲ့ချင်တော့သလို ရှိပါသည်။

သဒ္ဒါ ပြီးသောအခါ လက်ရေး သင်ရပါသည်။ ထိုနေ့က ကျွန်တော် တို့ အဖို့ ဆရာကြီးသည် လက်ရေးခင် စာရွက်အသစ်ကလေးများကို ယူခဲ့ပါသည်။ ထိုစာရွက်များတွင် "ပြင်သစ်နိုင်ငံ အာလစနယ်၊ ပြင်သစ်နိုင်ငံ အာလစနယ်" ဟူ၍ လှပဝိုင်းစက်စွာ ရေးထားပါသည်။ ထိုစာလုံးကလေး များသည် ကျောင်းခန်းထဲတွင် ဆွဲထား၍ လေထဲတွင် လွင့်နေသော ကြက်လျှာ အလံကလေးများနှင့် တူပါတော့သည်။ ထိုအခါက ကျောင်းသား များ အားလုံး ဘယ်ကဲ့သို့ အားကြိုးအန်ကြိုး အလုပ်လုပ်ရသည်ကို မြင်စေ ချင်ပါဘိသည်။ တစ်ကျောင်းလုံး ငြိမ်နေပါတော့သည်။ စာရွက်ပေါ်တွင် ကလောင်သွားနှင့် ရေးခြစ်သလောက်ကိုသာ ကြားရပါသည်။ တစ်ခါသော် ခွဲထူ ပိုးကောင်တွေ အခန်းထဲသို့ ပျံဝင်လာပါသည်။ သို့သော် မည်သူမျှ သူတို့ကို ဂရုမစိုက်ကြပါ။ ငါးမျှားချိတ်ပုံကို ပြင်သစ်စာ အထင်နှင့် လက်ထပ် ရေးနေကြသော အငယ်ဆုံး ကျောင်းသားကလေးများပင် ဂရုမစိုက်ကြပါ။ ခေါင်မိုးပေါ်တွင် ခိုများ ညည်းနေသံကို ကြား၍ "ခိုးများကိုတောင် ဂျာမန်လို အညည်း ခိုင်းကြဦးမှာလား" ဟု ကျွန်တော် တွေးမိသည်။

စာရေးရာမှ မော့၍ကြည့်မိတိုင်း ဆရာကြီး ဟာမ်လ် ကုလားထိုင်တွင်

မတုန်မလှုပ် ထိုင်နေသည်ကို မြင်ရပါသည်။ သူသည် အခန်းထဲတွင် ဟိုဘက် လှမ်းကြည့်လိုက်၊ သည်ဘက် လှမ်းကြည့်လိုက်နှင့် တစ်ခန်းလုံးကို ကြည့်ကာ ထိုအခန်းကလေးထဲတွင် မည်သို့ တည်ရှိနေကြသည့် အခြင်းအရာကို မှတ်သားနေသည်နှင့် တူပါတော့သည်။ စဉ်းစားကြည့်ပါဦး၊ ဆရာကြီးသည် အနှစ် ၄၀ ပတ်လုံး ထိုနေရာတွင်ပင် နေထိုင်ခဲ့ပါသည်။ ထိုနေ့တွင်ကဲ့သို့ပင် အပြင်မှာ ဥယျာဉ်ကလေး၊ သူ့အရှေ့မှာ ကျောင်းသားတွေနှင့် အနှစ် လေးဆယ် သူ ထိုနေရာတွင် နေခဲ့သည်။ စာသင်ခုံများ၊ ခုံတန်းလျားများသာ ကြာ၍ ချောမွတ်လာကြသည်။ ဥယျာဉ်ထဲတွင် သစ်ကြားပင်များ အတော် မြင့်လာပြီ။ သူကိုယ်တိုင် စိုက်သော ပန်းနွယ်များလည်း ပြတင်းများမှ ကပ်တွယ်ကာ အမိုးသို့ပင် ရောက်နေလေပြီ။ ဤနေရာကို စွန့်ထားခဲ့ရလျှင် ရင်ကွဲစရာသာ ဖြစ်တော့သည်။ သူ့နှမသည် အိမ်ပေါ်တွင် ပစ္စည်းများကို သိမ်းဆည်း၍ သေတ္တာများကို စီစဉ်နေသံကို ကြားရသောအခါလည်း သူ ရင်ကွဲချင်ပေလိမ့်မည်။ သူတို့ နက်ဖြန် ဤကျောင်းမှ ထွက်ခွာသွားရ တော့မည်။

သို့သော် ဆရာကြီးကား သတ္တိရှိသူဖြစ်၍ သင်ခန်းစာများကို တစ်ခု မကျန် သင်ပေးနေလေသည်။ လက်ရေး သင်ပြီးသောအခါ ရာဇဝင် သင်ရပါ သည်။ ကလေးငယ်များမှာမူ "ဘာဘေဘီဘော–ဘူ" ဟု သင်ပုန်းကြီး အံကြပါသည်။ အခန်းချောင်ထဲတွင် အဘိုးကြီး ဟော်ဇာသည်လည်း ပရိုင်မာ စာအုပ်ကလေးကို ဖွင့်၊ မျက်မှန်ကို တပ်ကာ ကလေးများနှင့်အတူ စာလုံး လိုက်ပေါင်းနေပါသည်။ အဘိုးကြီးသည်လည်း ငိုနေပါသည်။ သူ့အသံသည် ဝမ်းနည်းမှုဖြင့် တုန်ယင်နေပါသည်။ သူ့အသံကို ကြားရသော ကျွန်တော် တို့မှာ ရယ်လည်း ရယ်ချင်၊ ငိုလည်း ငိုချင် ဖြစ်မိပါသည်။ ထိုနေ့က ဆရာကြီး သင်သွားသော နောက်ဆုံး သင်ခန်းစာကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိပါသည်။

ရုတ်ခနဲ ဘုရားကျောင်းမှ နာရီကြီးသည် ၁၂ ချက် တီးလိုက်ပါသည်။

ထိုခဏဌ်ပင်လျှင် စစ်ရေးပြရာမှ ပြန်လာသော ပြတ်ရှင် စစ်သားများ၏ ခရာတုတ်သံကို ကျောင်းပြတင်းအောက်တွင် ကြားလိုက်ရပါသည်။ ဆရာကြီး ဟာမ်လ်သည် မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ကုလားထိုင်မှ ထ ရပ်လိုက်ပါသည်။ ဆရာကြီး ဤမျှ အရပ်မြင့်ပုံ ရသည်ကို တစ်ခါဖူးမျှ ကျွန်တော် မမြင်ဖူးခဲ့ပါ။

'မိတ်ဆွေတို့၊ ကျွန်ုပ်... ကျွန်ုပ်' ဟု စကား စပြီး လည်ချောင်းတွင် ဆို့လာသဖြင့် စကားကို သူ မဆက်နိုင်ပါ။

ထို့နောက် ဆရာကြီးသည် ကျောက်သင်ပုန်းကြီးဘက်သို့ လှည့်၍ မြေဖြူတစ်ခဲကို ကောက်ယူကာ ရှိသမျှ အားကလေးကို စုရုံး၍ စာလုံးကြီးများနှင့် "ပြင်သစ်နိုင်ငံကြီး အသက်ရာကျော် ရှည်ပါစေ" ဟု ရေးလိုက်ပါသည်။

ထို့နောက် ဆရာကြီးသည် နံရံတွင် ခေါင်းကို မှီထားကာ စကားတစ်ခွန်းမျှ မပြောဘဲ လက်ဖြင့် ပြလျက်–

'ကျောင်းလွှတ်ပြီ၊ သွားကြပေတော့' ဟု အမှတ်ပေးလိုက်ပါသည်။

(Alphonse Daudet ၏ The Last Lesson ကို ပြန်ဆိုသည်)

[ ကြီးပွားရေးမဂ္ဂဇင်း၊ ဇန်နဝါရီ ၁၉၄၁ ]

# ရာပြည့်စာအုပ်တိုက်တွင် ရနိုင်သော စာအုပ်များ

| | | |
|---|---|---|
| ၁။ ပါရဂူ | သိဒ္ဓတ္ထ | ၂၀၀ ကျပ် |
| ၂။ ပါရဂူ | စိတ္တရလေခါ | ၃၅၀ ။ |
| ၃။ ပါရဂူ | နိဗ္ဗာန် | ၂၀၀ ။ |
| ၄။ ပါရဂူ | ဗုဒ္ဓဒိုင်ယာရီ | ၁၃၅ ။ |
| ၅။ ပါရဂူ | ဓါမ္မ ဒဿနပညာရှင် | ၁၇၅ ။ |
| ၆။ ပါရဂူ | ပဏ္ဍိတ ကထာ | ၂၀၀ ။ |
| ၇။ ပါရဂူ | အမ္ဗပါလီ | ၂၅၀ ။ |
| ၈။ ပါရဂူ | ဗုဒ္ဓစကား | ၃၀၀ ။ |
| ၉။ ပါရဂူ | တမ္မပဏ္ဏိ | ၃၇၅ ။ |
| ၁၀။ ပါရဂူ | စရက | ၁၇၅ ။ |
| ၁၁။ ပါရဂူ | သားတော်ရာဟုလာ | ၂၀၀ ။ |
| ၁၂။ ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၃၅၀ ။ |
| ၁၃။ ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၂၅၀ ။ |
| ၁၄။ ဒေါက်တာကျော်စိန် | သင် သိလိုသမျှ စိုးရိမ်သောကအကြောင်း | ၁၅၀ ။ |
| ၁၅။ ဒေါက်တာကျော်စိန်(နှင့်-) | မသိစိတ်၏အစွမ်းသတ္တိနှင့် စိတ်ပညာပဒေသာ | ၂၀၀ ။ |
| ၁၆။ ဒေါက်တာကျော်စိန်(နှင့်-) | စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ | ၃၅၀ ။ |
| ၁၇။ မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၂၅၀ ။ |
| ၁၈။ မောင်ပေါ်ထွန်း | အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ | ၁၅၀ ။ |
| ၁၉။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၁) | ၁၅၀ ။ |
| ၂၀။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၂) | ၁၂၅ ။ |
| ၂၁။ မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၄၀၀ ။ |
| ၂၂။ မောင်ပေါ်ထွန်း | စံပြ အရောင်းသမား | ၃၀၀ ။ |
| ၂၃။ မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ | ၃၀၀ ။ |
| ၂၄။ မောင်ပေါ်ထွန်း | ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး | ၂၅၀ ။ |
| ၂၅။ မောင်ပေါ်ထွန်း | စွန့်စားမှ အောင်မြင်မည် | ၃၀၀ ။ |
| ၂၆။ မောင်ပေါ်ထွန်း | စီးပွားတက်အောင် လုပ်နည်း | ၂၀၀ ။ |
| ၂၇။ မောင်ပေါ်ထွန်း | ယက်ဗ်တူရှင်ကို (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ) | ၄၀၀ ။ |
| ၂၈။ သက်လုံ | ဘဝအောင်မြင်ရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင် | ၁၅၀ ။ |
| ၂၉။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ | ၂၀၀ ။ |
| ၃၀။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ(၂) | ၂၀၀ ။ |
| ၃၁။ ကြည်အေး | နှမ်းလျှအိမ်ပြန် | ၁၀၀ ။ |

| | | |
|---|---|---|
| ၃၂။ ကြည်အေး | ကောဖွဲ့ဆိုသိ | ၁၅၀ ။ |
| ၃၃။ ကြည်အေး | ဖူးငုံပွင့်သစ် | ၁၃၅ ။ |
| ၃၄။ ကြည်အေး | မေတ္တာမီးအိမ် | ၃၀၀ ။ |
| ၃၅။ ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုရ | ၄၀၀ ။ |
| ၃၆။ ရွှေဥဒေါင်း | ပထမ ဆရာသိန်း | ၃၅၀ ။ |
| ၃၇။ ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၃၀၀ ။ |
| ၃၈။ ရွှေဥဒေါင်း | ရတနာသိုက် | ၆၅၀ ။ |
| ၃၉။ ရွှေဥဒေါင်း | သူတော်စိန် | ၄၀၀ ။ |
| ၄၀။ ရွှေဥဒေါင်း | ဂမုန်းနက် | ၂၀၀ ။ |
| ၄၁။ ရွှေဥဒေါင်း | ဓားလမုန်သိုက် | ၂၅၀ ။ |
| ၄၂။ ရွှေဥဒေါင်း | ဘတ်စကာဗျိုလ် ခွေးကြီး | ၃၀၀ ။ |
| ၄၃။ ရွှေဥဒေါင်း | စေတစ်လုံးပိုင်ရှင် | ၅၀၀ ။ |
| ၄၄။ ရွှေဥဒေါင်း | စန္ဒာဒေဝီ | ၂၀၀ ။ |
| ၄၅။ ရွှေဥဒေါင်း | ဆင်စွယ်မင်းသမီး | ၂၅၀ ။ |
| ၄၆။ ရွှေဥဒေါင်း | ကာလယန္တရား | ၄၀၀ ။ |
| ၄၇။ ရွှေဥဒေါင်း | သူရဲကောင်းသုံးယောက် | ၈၀၀ ။ |
| ၄၈။ ရွှေဥဒေါင်း | ဝသုံးလုံး | ၃၀၀ ။ |
| ၄၉။ ရွှေဥဒေါင်း | ရုပ်ခွဲနာမ်ခွဲနှင့် အခြားဝတ္ထုတိုများ | ၆၀၀ ။ |
| ၅၀။ ရွှေဥဒေါင်း | ကိုယ်ရံတော် | ၄၅၀ ။ |
| ၅၁။ ရွှေဥဒေါင်း | သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ | ၅၀၀ ။ |
| ၅၂။ ဇော်ဂျီ | မိုးကြယ်မို့လားနှင့် နိဗဲဆုရ ဝတ္ထုတိုများ | ၃၀၀ ။ |
| ၅၃။ ဇော်ဂျီ | လမ်းသစ်နှင့် နိုဗဲဆုရ ဝတ္ထုတိုများ | ၂၅၀ ။ |
| ၅၄။ ဇော်ဂျီ | နင်လားဟဲ့ ချစ်ဒုက္ခနှင့် နိုဗဲဆုရ ဝတ္ထုတိုများ | ၂၅၀ ။ |
| ၅၅။ ဇော်ဂျီ | ဝတ္ထုတိုပေါင်းချုပ် | ၂၀၀ ။ |
| ၅၆။ ဇော်ဂျီ | မဟာဆန်ချင်သူ | ၃၅၀ ။ |
| ၅၇။ ခင်မောင်ညို | ကိုယ့်နောက်က လိုက်နေသည့်ငွေ | ၁၅၀ ။ |
| ၅၈။ ခင်မောင်ညို | ဘဝတစ်လျှောက် အောင်မြင်ပျော်ရွှင်နည်း | ၂၅၀ ။ |
| ၅၉။ ထွန်းသစ် | ထင်ပေါ်ကျော်ကြား၊ ကမ္ဘာ့ခေါင်းဆောင်များ | ၃၅၀ ။ |
| ၆၀။ ထွန်းသစ် | ခေါင်းဆောင်ကမ္ဘာ၊ ရုပ်ပုံလွှာ | ၃၀၀ ။ |
| ၆၁။ ထွန်းသစ် | ဇာတ်ခုံကမ္ဘာ၊ ဇာတ်ဆောင်ကမ္ဘာ | ၅၅၀ ။ |
| ၆၂။ မောင်ထင် | မုန်တိုင်းထဲက နဖူးစာနှင့် အခြား ဝတ္ထုတိုများ | ၇၀ ။ |
| ၆၃။ မောင်ထင် | မိုပါဆွန်း ဝတ္ထုတိုများ | ၃၅၀ ။ |
| ၆၄။ မောင်ထင် | ဝတ္ထုတိုပေါင်းချုပ် | ၄၀၀ ။ |

| | | |
|---|---|---|
| ၆၅။ မောင်ထင် | ကမ္ဘာ့ဝတ္ထုတိုများ | ၉၀၀ ။ |
| ၆၆။ မောင်ထင် | ဂါလီဗာ၏ ခရီးစဉ် | ၇၀၀ ။ |
| ၆၇။ ဦးရွှေအောင် | အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် | ၁၀၀၀ ။ |
| ၆၈။ ကျော်အောင် | နေဝင်ဘုရင်များ | ၅၀၀ ။ |
| ၆၉။ ကျော်အောင် | အကောင်းမြင်သမား | ၂၅၀ ။ |
| ၇၀။ ကျော်အောင် | ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ | ၈၀၀ ။ |
| ၇၁။ တိုက်စိုး | မင်းတုန်းမင်း | ၁၅၀ ။ |
| ၇၂။ တိုက်စိုး | မင်္ဂလာပါ ဆရာမ | ၁၅၀ ။ |
| ၇၃။ တိုက်စိုး | ဇေယျ | ၂၅၀ ။ |
| ၇၄။ အောင်နိုင်(တက္ကသိုလ်) | လူတောသား၏ စကားအလင်္ကာ ပေါင်းချုပ် | ၃၀၀ ။ |
| ၇၅။ တက်တိုး | အေဗရာဟင် လင်ကွန်း | ၄၀၀ ။ |
| ၇၆။ တက်တိုး | အာဇာနည်စိတ်နှင့် အညွန့်တလူလူ | ၁၇၅ ။ |
| ၇၇။ တက်တိုး | ဘဝပညာ | ၄၅၀ ။ |
| ၇၈။ တက်တိုး | ကျွန်တော့် အတွေးအခေါ် မှတ်စုများ | ၅၀၀ ။ |
| ၇၉။ သိန်းဖေမြင့် | ဝတ္ထုတိုပေါင်းချုပ်သစ် | ၁၂၀၀ ။ |
| ၈၀။ သိန်းဖေမြင့် | တစ်ခုသောငွေရတုသဘင်နှင့် ဘိုးဘိုးနှင့်ဘွားဘွား အချစ်ပွား | ၃၀၀ ။ |
| ၈၁။ ဂျာနယ်ကျော်မမလေး | လက်ရွေးစင် ဝတ္ထုတိုများ | ၆၀၀ ။ |
| ၈၂။ ဂျာနယ်ကျော်မမလေး | သွေး | ၆၀၀ ။ |
| ၈၃။ ဂျာနယ်ကျော်မမလေး | သူလိုသူ | ၁၂၀၀ ။ |
| ၈၄။ ဂျာနယ်ကျော်မမလေး | ရင်နင့်အောင်မွေး | ၁၃၀၀ ။ |
| ၈၅။ ဂျာနယ်ကျော်မမလေး | ဘဝပုံရိပ်များ | ၁၅၀၀ ။ |
| ၈၆။ မြသန်းတင့် | မရဏ အိပ်မက်တစ်ခု၏ မှတ်တမ်း | ၁၅၀ ။ |
| ၈၇။ ဒေါက်တာနန်းဥမ္မာ | ဆယ်ကျော်သက် အမျိုးသမီးလမ်းညွှန် | ၂၅၀ ။ |
| ၈၈။ စာရေးဆရာများ | ပုဂံ | ၃၅၀ ။ |
| ၈၉။ ညွန့်ကြူး | ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်နှင့် – | ၂၅၀ ။ |
| ၉၀။ ညွန့်ကြူး | ပင်လယ်ဝံပုလွေ | ၃၀၀ ။ |
| ၉၁။ ကောင်းသာ | ကနဲ့သတ်မဲ့ အောင်မြင်ရေး | ၂၀၀ ။ |
| ၉၂။ ဘာသာပြန်ဆရာများ | မြေနှင့် နိုင်ငံတကာ ဝတ္ထုတိုများ | ၃၅၀ ။ |
| ၉၃။ နွယ်သစ် | ကမ္ဘာကျော် စာအုပ် ၁၀၀ | ၆၅၀ ။ |
| ၉၄။ လင်းယုန်မောင်မောင် | မာသာထရီဆာ | ၄၀၀ ။ |
| ၉၅။ လင်းယုန်မောင်မောင် | ထောင်ပြေးစပိုင် | ၉၀၀ ။ |
| ၉၆။ မောင်ဆုရှင် | ပင်လယ်ပြာနှင့် တံငါအို | ၄၀၀ ။ |
| ၉၇။ ဒေါက်တာဇော်သန်း | ဖန်ွမ်းပင် ဒိုင်ယာရီ | ၃၀၀ ။ |
| ၉၈။ ဘာသာပြန်ဆရာများ | ဂျိမ်းဂျွိုက်(စ်)၏ ဝတ္ထုတိုများ | ၂၇၅ ။ |

| | | |
|---|---|---|
| ၉၉။ ရာပြည့်စာတည်းအဖွဲ့ | ၂၀ ရာစု အကြီးကျယ်ဆုံး ပုဂ္ဂိုလ်များ | ၁၂၀၀ ။ |
| ၁၀၀။ နတ်နွယ် | မိမိနှင့် စာရေးဆရာများ | ၆၅၀ ။ |
| ၁၀၁။ ဒဂုန်ရွှေမျှား | မြို့ဝန်မင်း၏ ဘဝခရီး | ၂၅၀ ။ |
| ၁၀၂။ ရဲမြလွင် | ခြေမစုံလက်မစုံ ကျန်တော့်ဘဝအတွေ့အကြုံ | ၃၇၅ ။ |
| ၁၀၃။ ရဲမြလွင် | ကြိုးကြာတစ်ထောင် | ၃၀၀ ။ |
| ၁၀၄။ မောင်သာချို | သမီးဖတ်ဖို့ | ၂၅၀ ။ |
| ၁၀၅။ တက္ကသိုလ်ဘုန်းနိုင် | သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် နိုင် | ၇၀၀ ။ |
| ၁၀၆။ ဗိုလ်အေးမောင် | လူလော နာနာဘာဝလော | ၂၅၀ ။ |
| ၁၀၇။ တင်မောင်မြင့် | မဒမ်ကျူရီ | ၃၅၀ ။ |
| ၁၀၈။ တင်မောင်မြင့် | လက်ထပ်ထိမ်းမြားခြင်း အနုပညာ | ၃၀၀ ။ |
| ၁၀၉။ ဒေါက်တာခင်လေးမြင့် | မင်းသားလေး | ၃၅၀ ။ |
| ၁၁၀။ မြတ်ငြိမ်း | တီထွင်တွေး | ၅၅၀ ။ |
| ၁၁၁။ ခင်မျိုးချစ် | မိုင်ကယ်အိန်ဂျယ်လို | ၇၀၀ ။ |
| ၁၁၂။ မြင့်သန်း | ဖရန့်(စ) ကာ(ဖ)ကာ၏ စာ | ၂၀၀ ။ |
| ၁၁၃။ ကြယ်နီ | ဝတ္ထုတိုပေါင်းချုပ် | ၁၂၀၀ ။ |
| ၁၁၄။ မောင်သိန်းအောင် | ဟာစ်တလာ၏ အမာခံလက်ရုံး ဒေါက်တာဂိုးဘဲလ် | ၆၀၀ ။ |
| ၁၁၅။ မောင့်ရဲနိုင် | ဆည်းဆာ | ၂၅၀ ။ |
| ၁၁၆။ မောင်သန်းဆွေ(ထားဝယ်) | ကုန်းဘောင်ရှင်းတမ်း | ၇၀၀ ။ |
| ၁၁၇။ သခင်ဘသောင်း | တစ်ထောင့်တစ်ည ပုံပြင်များ | ၁၂၀၀ ။ |
| ၁၁၈။ မောင်ခင်မင်(ဓနုဖြူ) | နှစ်လေးဆယ် ဘဝမှတ်တိုင်များ | ၅၀၀ ။ |
| ၁၁၉။ စာရေးဆရာများ | ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ | ၄၀၀ ။ |
| ၁၂၀။ ကိုကို | ဟဲမင်းဝေး၏ ခေါင်းလောင်းသံ | ၇၅၀ ။ |
| ၁၂၁။ ဇော်ဂျီ၊ မင်းသုဝဏ် | ခရီးသည် | ၇၀၀ ။ |
| ၁၂၂။ စိုးမြိုင် | မရဏတောင်ကြား | ၅၀၀ ။ |
| ၁၂၃။ ကျော်လှိုင်ဦး | ရေပေါ်က လ နှင့် နိုဗဲဆုရ ဝတ္ထုတိုများ | ၅၀၀ ။ |
| ၁၂၄။ ဥတ္တရလမင်း | ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၁၉၉၉) | ၅၀၀ ။ |
| ၁၂၅။ ချစ်ဝင်းမောင် | အယ်ဒီတာ့စကား | ၅၀၀ ။ |
| ၁၂၆။ ဦးရွှေအောင် | ဘဝအကျဉ်းသား | ၂၀၀ ။ |
| ၁၂၇။ ဦးရွှေအောင် | အမြင်များ ပြောင်းလဲခြင်း | ၄၀၀ ။ |
| ၁၂၈။ ဦးရွှေအောင် | ကုသိုလ်နှင့် အကုသိုလ် | ၃၀၀ ။ |
| ၁၂၉။ ဦးရွှေအောင် | ဘဝအမြင်သစ် | ၃၅၀ ။ |
| ၁၃၀။ ဦးရွှေအောင် | ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း | ၃၀၀ ။ |
| ၁၃၁။ ဦးရွှေအောင် | ထေရဝါဒအုတ်မြစ် | ၃၀၀ ။ |
| ၁၃၂။ ဦးရွှေအောင် | ဗုဒ္ဓ သို့မဟုတ် အနိုင်းမဲ့ | ၇၀၀ ။ |

# မင်းသုဝဏ်

## ဝတ္ထုတိုများ

(ပင်ကိုရေးနှင့် ဘာသာပြန် ဝတ္ထုတိုများ)



*2330123*
K 1000.00